one reason

# The Eternal Challenge

# ကျမ်းတော်မြတ်ကုရ်အာန်၏ သွန်သင်ရာ

Known Islam အဖွဲ့သားများမှ ဘာသာပြန်ဆိုသည်

Abu Zakariya

# မာတိကာ

## ကျမ်းတော်မြတ် ကုရ်အာန်၏ သွန်သင်ရာ


ဘာသာပြန်သူ၏ အမှာစာ.......3
ကုရ်အာန်ကျမ်းဆိုတာ ဘာလဲ?.......5
ကုရ်အာန်က ကျွန်တော်တို့ကို ဘာတွေ သင်ပေးလဲ?.......8
ကုရ်အာန်ရဲ့ အဓိက အကြောင်းအရာတွေက ဘာတွေလဲ?.......18
တမန်တော်များ နှင့် ရှေးကလူမျိုးစုများ၏အတ္ထုပ္ပတ္တိများ.......27
နောင်တမလွန်.......33
ကုရ်အာန်ကို ဘာကြောင့် ယုံကြည်သင့်တာလဲ?.......45
ဘုရားသခင်ဖန်ဆင်းရှင်နှင့် ပတ်သက်သည့်အယူအဆ.......47
မူရင်းမပျက် ထိန်းသိမ်းထားရှိခြင်း.......51
အချိန်ကာလတိုင်းအတွက် မှန်ကန်ခြင်း.......69
စာပေအင်္ဂါရပ်များ.......81
ဖွဲ့စည်းတည်ဆောက်ထားပုံ.......91
အနာဂတ်နဲ့ ပတ်သက်ပြီး တိကျတဲ့ ခန့်မှန်းချက်များ.......105
တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အတိတ်ဖြစ်ရပ်များကို ဖော်ထုတ်ခြင်း.......119
တုပ၍ မရနိုင်ခြင်း.......127
တမန်တော်မုဟမ္မဒ်(ﷺ) ၏ ဘဝ.......137
လူ့အသိုင်းအဝိုင်းအပေါ်အကျိုးသက်ရောက်မှု.......151
ကျမ်းတော်မြတ်ကုရ်အာန်ကို ဆင်ခြင်သုံးသပ်ခြင်း.......180
ကုရ်အာန်ကို ဘယ်သူရေးသားခဲ့ပါသလဲ?.......183
နောက်ဆုံးအတွေးတချို့.......205

# ဘာသာပြန်သူ၏ အမှာစာ

အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏။

အလ္လာဟ်ရှင်မြတ်၏ ကျေးဇူးတော်ကြောင့် Eternal Challenge ဟုခေါ်သော စာအုပ်လေးကို မြန်မာဘာသာပြန်နိုင်ပြီး မြန်မာစာဖတ်ပရိတ်သတ် လက်ထဲသို့ ပို့ဆောင်ပေးနိုင်ခဲ့ပါပြီ။ ဒီစာအုပ်လေးက ကုရ်အာန်ကျမ်းတော်မြတ်ဟာ လူသားတို့ တရားရယူရန်၊ စိတ်အေးချမ်းမှုရရန်၊ လောကီ လောကုတ္တရာ နှစ်ဌာနစလုံးမှာ အောင်မြင်ရန် ဘုရားသခင် ဖန်ဆင်းရှင်ထံမှ ပို့ချပေးခဲ့သော လမ်းညွှန်ဖြစ်ကြောင်းကို သက်သေပြပေးသော စာအုပ်ငယ်ကလေး ဖြစ်ပါတယ်။

ကုရ်အာန်ကျမ်းတော်မြတ်ဟာ လက်ရှိ ကမ္ဘာ့လူဦးရေ ၅ပုံ ၁ပုံခန့်သော လူထု အလွန်အလေးထား၊ အလွန်မြတ်နိုးသော ကျမ်းဖြစ်ပါတယ်။ ဒီကျမ်းကို ဘာကြောင့် မွတ်စလင်မ်တွေ မြတ်နိုးတန်ဖိုးထားသလဲ၊ ဒီကျမ်းဟာ ဘာကြောင့် မွတ်စလင်မ်တွေ အတွက် အလွန်အရေးကြီးတဲ့ ကျမ်းတစ်စောင် ဖြစ်နေရသလဲဆိုတာ ဒီစာအုပ်ငယ်လေး ကနေ လေ့လာသိရှိနိုင်ပါတယ်။ အစ္စလာမ်သာသနာကို လေ့လာသိရှိလိုသူတိုင်းအတွက် အလွန်အကျိုးရှိမယ့် စာအုပ်ငယ် ဖြစ်ပါတယ်။

အစ္စလာမ်သာသနာကို ဘာသာခြားများ နားလည်အောင် ရှင်းပြလိုသူများ အတွက်လည်း အလွန်ကောင်းမွန်တဲ့ အချက်အလက်များ ဒီစာအုပ်မှာ ပါဝင်ပါတယ်။ ကုရ်အာန်ကျမ်းဟာ ဘုရားသခင်ထံမှ ကျရောက်ခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိ ကြောင်းနှင့် တမန်တော် မုဟမ္မဒ်(ဆွ)ဟာ ဘုရားသခင်ဖန်ဆင်းရှင် အလ္လာဟ်အရှင်၏ နောက်ဆုံးတမန်တော်ဖြစ်ကြောင်းကို သမိုင်းဆိုင်ရာ အချက်အလက်များနှင့်ရောကြိုးကြောင်းဆင်ခြင်မှုနှင့်ပါ သက်သေပြထားပါတယ်။

ဒီစာအုပ်ပါ အချက်အလက်များကို ထပ်မံသိရှိလို၍သော်လည်းကောင်း၊ ဆွေးနွေးချင်၍သော်လည်းကောင်း ဆက်သွယ်လိုပါက အောက်ပါ Known Islam အဖွဲ့၏ social media လိပ်စာများမှ ဆက်သွယ်နိုင်ပါတယ်။

Knownislam1@gmail.com

info@knownislam.com

https://www.facebook.com/knownislam.info

Known Islam အဖွဲ့သားများ

31.12.2023

# ကုရ်အာန်ကျမ်းဆိုတာ ဘာလဲ?

ကုရ်အာန်ကျမ်းဆိုတာ စကြဝဠာကြီးရဲ့ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်က ကောင်းကင်တမန်တော် ဂျီဗရာအီလ် မှတစ်ဆင့် တမန်တော်မုဟမ္မဒ်(ﷺ)ထံသို့ ချပေးတော်မူခဲ့တဲ့ကျမ်းစာ ဖြစ်တယ်လို့ မွတ်စလင်မ်တွေက ယုံကြည်ကြပါတယ်။ အလ္လာဟ်အရှင်မြတ်ဟာ တမန်တော်မုဟမ္မဒ်(ﷺ) မတိုင်မီ တမန်တော်အီဗရာဟီမ်၊ တမန်တော်မူဆာ၊ တမန်တော်အီဆာတို့အပါအဝင် များစွာသော တမန်တော်တို့ကို စေလွှတ်တော်မူခဲ့ပါတယ်။ ၎င်းတမန်တော်များစွာအနက်မှ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ နောက်ဆုံးတမန်တော်ဖြစ်ကြောင်း ကုရ်အာန်ကျမ်းမှာ ဖော်ပြထားပါတယ်။ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူခဲ့တဲ့ တမန်တော်များကို ကုရ်အာန်ကျမ်းမှာ ဖော်ပြထားတာကလည်း ဤကျမ်းရဲ့ ထူးခြားပြောင်မြောက်မှု များစွာထဲမှ တစ်ခုဖြစ်ပါတယ်။ တမန်တော် ဆိုတာဟာ ဘုရားသခင်ဖန်ဆင်းရှင်က လူသားတွေထဲမှ ရွေးချယ်ပြီး ကျမ်းစာနှင့်တရားဓမ္မတွေ ချပေးခြင်းခံရတဲ့ လူသားတစ်ဦးပဲ ဖြစ်ပါတယ်။ လူတို့ကို ဘုရားသခင် ဖန်ဆင်းရှင်ရှိကြောင်း သိရှိစေရန်နှင့် လူ့လောကတွင် မည်သို့မည်ပုံ နေထိုင်ရမည်ဟူသော ဘုရားသခင်၏ လမ်းညွှန်ချက်များကို သင်ကြား ပြသရန် တာဝန်ပေးအပ်ခြင်း ခံရသူဖြစ်ပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ ကုရ်အာန်ကျမ်းရဲ့ ဩဇာလွှမ်းမိုးမှုဟာ မတိုင်းတာနိုင်လောက်အောင် ကြီးမားနေပြီ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းဟာ ၇ ရာစုကတည်းက အာရေဗျနိုင်ငံမှာကျရောက်ခဲ့တာဖြစ်ပေမယ့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်များ၊ သတင်းစကားများ ပါရှိပါတယ်။ ကုရ်အာန်ကျမ်းကျရောက်ခဲ့ခြင်းကြောင့် ယနေ့ကမ္ဘာ့လူဦးရေ၏ ၄ပုံ၁ပုံနီးပါး၊ လူပေါင်း၁.၅ဘီလီယံခန့်ဟာ မွတ်စလင်မ် အဖြစ် ခံယူထားကြပါတယ်။ ဒါကြောင့် ယနေ့ကမ္ဘာပေါ်ရှိ လူ၄ယောက်မှာ ၁ယောက်က အစ္စလာမ်ဘာသာဝင် မွတ်စလင်မ်ဖြစ်ပါတယ်။ မွတ်စလင်မ်တွေထဲမှာ လူမျိုးပေါင်းစုံ၊ နိုင်ငံသားပေါင်းစုံ၊ လူတန်းစားအလွှာမျိုးစုံ ပါဝင်ကြပါတယ်။ ဘယ်နေ့ဘယ်အချိန်မှာမဆို

ကမ္ဘာ့တစ်နေရာမှာ ကုရ်အာန်ကျမ်းကို ရွတ်ဖတ်နေတဲ့သူ တစ်ဦးတစ်ယောက်တော့ ကေန်မုချရှိနေပါတယ်။ ယနေ့ အသက်ရှင်လျှက်ရှိနေတဲ့ မွတ်စလင်မ်တွေထဲမှာ ကုရ်အာန်ကျမ်းကို အစအဆုံးအာဂုံဆောင်ထားသူ သန်းပေါင်းများစွာရှိနေပါတယ်။ ဘာကြောင့်များ ဒီကျမ်းဟာ ကုဋေချီရှိတဲ့ မွတ်စလင်မ်များရဲ့ နှလုံးသားများအပေါ် ဤမျှလွှမ်းမိုးနိုင်စွမ်း ရှိနေတာပါလဲ? အံ့သြဖွယ် မကောင်းပေဘူးလား?

ကုရ်အာန်ကျမ်းဟာ ကမ္ဘာမှာအဖတ်အများဆုံး စာအုပ်တစ်အုပ်ဖြစ်သကဲ့သို့ မကြာခဏနားလည်မှုလွဲခြင်း၊ အဓိပ္ပာယ်ပြန်ဆိုမှုလွဲမှားခြင်းများ အဖြစ်အများဆုံး စာအုပ်လည်းဖြစ်ပါတယ်။ ယနေ့ခေတ်မှာ လူတိုင်း၊ မီဒီယာတိုင်းက ကုရ်အာန်ကျမ်းအကြောင်း ပြောနေကြတာပဲလို့ ထင်မြင်ယူဆရပါတယ်။ သို့ပေမယ့် လူဘယ်လောက်ကများ ဤကျမ်းကို သေချာတိကျစွာ ဖတ်ပြီးကြပြီလဲ? လူဘယ်လောက်ကများ ဤကျမ်းရဲ့ ပကတိ အဓိပ္ပါယ်အစစ်အမှန်ကို နားလည်သိရှိပြီးကြပြီလဲ? မိတ်ဆွေဟာ ကုရ်အာန်ကျမ်းကို ဖတ်ရွတ်ဖူးသည်ဖြစ်စေ၊ မဖတ်ဖူးသေးသည်ဖြစ်စေ၊ နားထောင်ဖူးသည်ဖြစ်စေ၊ နားမထောင်ဖူးသည်ဖြစ်စေ ဤကျမ်းဟာ မိတ်ဆွေ စိတ်ပင်မကူးဖူးတဲ့ နည်းလမ်းတွေနဲ့ မိတ်ဆွေရဲ့ဘဝမှာ လွှမ်းမိုးသက်ရောက်မှု ရှိနေပါတယ်။

စိတ်ကူးယဉ်ဆန်တဲ့ ပြောဆိုမှုတွေက ဘာသာတရားတိုင်းမှာ ရှိနေတာပဲလို့ မိတ်ဆွေ တွေးကောင်းတွေးနေပါလိမ့်မယ်။ ဘာသာရေးကျမ်းစာတွေဆိုတာ ရှေးယခင်က ရေးသားခဲ့တာ၊ ကျမ်းစာမှာပါတဲ့ အဖြစ်အပျက်တွေကို လက်တွေ့ကြုံဖို့ ငါတို့က အဲ့ဒီအချိန်တုန်းကမှ မရှိခဲ့တာ၊ ဒါတွေအားလုံးဟာ မျက်ကန်းယုံကြည်မှုကနေ ဆင်းသက်လာတာပဲလို့ မိတ်ဆွေ ထင်ကောင်းထင်နေပါလိမ့်မယ်။ ကုရ်အာန်ကျမ်းဟာ ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်ထံမှ ကျရောက်လာတယ်ဆိုတဲ့ မွတ်စလင်မ်တွေရဲ့ ယုံကြည်ချက်ဟာ မျက်ကန်းယုံကြည်ချက် မဟုတ်ပါဘူး။ ကုရ်အာန်ဟာ ယနေ့ အသက်ရှင်နေတဲ့သူအားလုံး ကိုယ်တိုင်တွေ့ကြုံခံစားနိုင်တဲ့ အံ့ဖွယ်ရာတစ်ပါးဖြစ်ပါတယ်။ ဒီကျမ်းစာမှာပါရှိတဲ့ ရှင်းလင်းပြတ်သားတဲ့ မိန့်ကြားချက်များဟာလည်း ခိုင်လုံတဲ့ အထောက်အထားများပေါ်မှာ တည်ရှိနေပါတယ်။ ကုရ်အာန်ကျမ်းဟာ လူသားတို့ စမ်းသပ်အတည်ပြုနိုင်တဲ့ သက်သေများကိုပေးစွမ်းပြီး ဖတ်ရွတ်သူများရဲ့ ဉာဏ်စွမ်းနဲ့တွေးတောနိုင်စွမ်းကို မြှင့်တင်ပေးပါလိမ့်

မယ်။ လွဲမှားတဲ့ ထင်မြင်ယူဆချက်တွေကို စိန်ခေါ်ပါလိမ့်မယ်။ ခိုင်မာတဲ့ မိန့်ကြားချက်များကိုလည်း တွေ့မြင်ရပါလိမ့်မယ်။ စိတ်ကူးယဉ်ဆန်ဆန် ပြောဟောချက်များနဲ့ မခိုင်လုံတဲ့ အထောက်အထားများကြောင့် ဘာသာရေးစာအုပ်များကို သံသယဝင်နေသူတွေကို ကုရ်အာန်က အံ့အားသင့်စေမှာပါ။ တကယ်လို့ မိတ်ဆွေအနေနဲ့ ကုရ်အာန်ကျမ်းကို ဖတ်ရှုတ်ပြီးပြီ၊ ၎င်းကျမ်းစာမှ ပေးစွမ်းသမျှကိုလည်း သိရှိနားလည်ပြီလို့ ထင်နေရင်တော့ နောက်တစ်ခေါက်လောက် လေးလေးနက်နက် ပြန်စဉ်းစားကြည့်ဖို့ တိုက်တွန်းလိုပါတယ်။

# ကုရ်အာန်က ကျွန်တော်တို့ကို ဘာတွေ သင်ပေးလဲ?

ကျွန်တော်တို့တစ်ယောက်ချင်းစီတိုင်း ဘဝမှာကိုယ့်ကိုယ်ကိုယ် လေးလေးနက်နက် မေးဖူးတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ အဲ့ဒီမေးခွန်းကတော့ "ကျွန်တော်တို့ လောကကြီးမှာ လူသားတွေအဖြစ် ရောက်လာရတာ ရည်ရွယ်ချက်တစ်ခုခု ရှိလား?"

ကျွန်တော်တို့ရဲ့ ဖြစ်တည်လာမှုကို ပြန်ကြည့်မယ်ဆိုရင် အချိန်တစ်ခုမှာ ကျွန်တော်တို့ လူသားတွေ စတင်တည်ရှိလာတယ် ဆိုတာကို သိရှိပါလိမ့်မယ်။ တစ်ချိန်က မရှိခဲ့တဲ့ ကျွန်တော်တို့ အခုတည်ရှိနေပါတယ်။ ဒါဟာ ကျွန်တော်တို့ တည်ရှိလာဖို့ မူလအစတစ်ခု ရှိခဲ့ရမယ် ဆိုတာကို ဖော်ပြနေပါတယ်။ ကျွန်တော်တို့ရဲ့ မူလဇာတ်မြစ်နဲ့ ပတ်သက်ပြီး ရိုးရှင်းသော်လည်း ထိရောက်မှုရှိလှတဲ့ မေးခွန်းတစ်ခု ကုရ်အာန်ကျမ်းတော်မြတ်မှာ ပါဝင်ပါတယ်။

**"သို့တည်းမဟုတ် ၎င်းတို့သည် (ဖန်ဆင်းသူ) တစ်စုံတစ်ယောက်မျှ မရှိဘဲ မိမိအလိုအလျှောက် ဖြစ်ပေါ်လာခဲ့ကြပါသလော။ သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် (မိမိတို့ကိုယ်ကို) ဖန်ဆင်းသူများ ဖြစ်လေသလော။ သို့တည်းမဟုတ် ထိုသူတို့သည် မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းခဲ့ကြလေသလော။" (ကုရ်အာန် ၅၂း၃၅၊၃၆)**

ကုရ်အာန်ဟာ ဖတ်ရှုတ်သူတွေကို ယုတ္တိရှိရှိ စဉ်းစားဆင်ခြင်ပြီး လူသားတွေရဲ့ မူလဇာတ်မြစ်ကိုသာမက စကြဝဠာတစ်ခုလုံးရဲ့ မူလဇာတ်မြစ်ကိုပါ ဆင်ခြင်တွေးတောနိုင်ဖို့ လမ်းဖွင့်ပေးပါတယ်။

စကြဝဠာကြီးဖြစ်ပေါ်လာဖို့ စတင်ခြင်းတစ်ခုရှိခဲ့တယ်ဆိုတာ အထောက်အထားများစွာရှိပါတယ်။ စကြဝဠာဗေဒပညာရှင် အများစုကလည်း ဒီအချက်ကို လက်ခံထားကြပါတယ်။ အထက်မှာ ဖော်ပြထားတဲ့ ကုရ်အာန်ကျမ်းမှ မေးခွန်းများဟာ စကြဝဠာကို ရည်ညွှန်းတယ်ဆိုရင် စကြဝဠာရဲ့ မူလဇာတ်မြစ်နဲ့ ပတ်သက်ပြီး ဖြစ်နိုင်ခြေ ၃ခုရှိကြောင်း တွေးတောစေပါတယ်။

၁. စကြဝဠာကို မည်သူကမျှ ဖန်ဆင်းထားခြင်းမဟုတ်ပါ။

၂. စကြဝဠာကြီးကိုယ်တိုင်က သူ့ဘာသာသူ ဖန်ဆင်းထားခြင်းဖြစ်တယ်။

၃. ပြင်ပအကြောင်းရင်း တစ်စုံတစ်ရာကြောင့် စကြဝဠာပေါ်ပေါက်လာရခြင်း ဖြစ်တယ်။

ပထမဖြစ်နိုင်ခြေအရ စကြဝဠာကို မည်သူကမျှ မည်သည့်အရာနှင့်မျှ ဖန်ဆင်းထားတာမဟုတ်ဘူးလို့ ယူဆတယ်။ တစ်စုံတစ်ခုက တကယ်ပဲ ဘာမှမရှိရာကနေ ရောက်လာနိုင်ပါသလား? ဒါဟာမဖြစ်နိုင်ပါဘူး။ အရာဝတ္ထုတွေဟာ ဘာမှမရှိတာကနေ ရုတ်တရက် ပေါ်မလာနိုင်ကြောင်း ကျွန်တော်တို့ရဲ့ ဘဝအတွေ့အကြုံများမှလည်း သိရှိနိုင်ပါတယ်။ ဘာမျှမရှိတာကနေ ဘာမျှ ဖြစ်မလာနိုင်ပါဘူး။ From nothing, nothing comes. Something cannot come from nothing.

ဒုတိယတစ်ခုကို စဉ်းစားကြည့်ရအောင်။ စကြဝဠာကြီးက သူ့ကိုယ်သူ ဖန်ဆင်းလိုက်တယ်ဆိုတာ ဖြစ်နိုင်မလား? အရာဝတ္ထုတွေက ကိုယ့်ကိုယ်ကိုယ် ဖန်ဆင်းနိုင်ပါသလား? ဒါဟာ မိမိကိုယ်ကို ဆန့်ကျင်ခြင်းပါပဲ။ ကိုယ့်ကိုယ်ကို ဖန်ဆင်းဖို့ မဖန်ဆင်းခင် နဂိုမူလကတည်းက တည်ရှိနေရမှာဖြစ်တယ်။ အရာဝတ္ထုတစ်ခုဟာ တစ်ချိန်တည်းမှာ တည်ရှိနေတာရော၊ မတည်ရှိနေတာရော မဖြစ်နိုင်ပါဘူး။ အဲဒီလိုဆိုရင် သင့်အမေက သူ့ကိုယ်သူမွေးဖွားခဲ့တာလို့ပြောသလို ဖြစ်နေပါလိမ့်မယ်။

ဒီတော့ ဘာမှမရှိတာကနေ တစ်ခုခုဖြစ်မလာနိုင်ပါဘူး။ သူဘာသာသူ ကိုယ်တိုင် ဖန်ဆင်းတယ်ဆိုတာကလည်း ယုတ္တိမရှိပါဘူး။ ဒါဆိုရင် တစ်ခြားဘာဖြစ်နိုင်သေးလဲ? နောက်ဆုံးဖြစ်နိုင်ခြေတစ်ခုကတော့ ပြင်ပအကြောင်းရင်းတစ်ခုကြောင့် စကြဝဠာကြီး ပေါ်လာရခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့လူသားတွေအပါအဝင် စကြဝဠာကြီး အတွင်းမှာရှိတဲ့အရာအားလုံး စတင်ဖြစ်ပေါ်လာခြင်းရဲ့ အကောင်းဆုံးအဖြေပါပဲ။ အရာရာတိုင်းဟာ အကြောင်းရင်းတစ်ခုကြောင့် စတင်ဖြစ်ပေါ်လာရတယ်ဆိုတာ ကျွန်တော်တို့ အလိုလိုသိပြီးသားဖြစ်တယ်။ ပြီးတော့ဒါဟာ သဘာဝကျတဲ့အဖြေ ဖြစ်တယ်။ စကြဝဠာကြီး ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကဘာလဲ? စဉ်းစားစရာပဲ… အလို

အလျှောက် ကျပန်းဖြစ်ရပ်တစ်စုံတစ်ရာကြောင့် ပေါ်ပေါက်လာတာလား? ဒါမှမဟုတ် ဖန်ဆင်းရှင်တစ်ပါးကြောင့်လား? လူသားတွေရဲ့အတွေ့အကြုံအရ ဥပဒေနည်းစနစ်တွေနဲ့ အညီ အလုပ်လုပ်နေတဲ့ အရာတွေရဲ့နောက်ကွယ်မှာ အဲ့ဒီ ဥပဒေနည်းစနစ်တွေကို တီထွင်တဲ့ ဉာဏ်ရည်မြင့်မားတဲ့တစ်စုံတစ်ရာရှိနေတယ်လို့ ပြောကြပါတယ်။

ဥပမာအနေနဲ့ ကျွန်တော်တို့အားလုံး အသုံးပြုနေတဲ့ မိုဘိုင်းလ်ဖုန်းကို ကြည့်ရအောင်။ မိုဘိုင်းဖုန်းတွေဟာ ပလပ်စတစ်၊ မှန်၊ ဆီလီကွန်၊ သတ္တု စတဲ့ အခြေခံ ပစ္စည်းတစ်ချို့နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ပလပ်စတစ်ကို ဆီကရတယ်။ မှန်နဲ့ ဆီလီကွန်ကို သဲကရတယ်။ ဒီတော့ သင့်လက်ထဲမှာကိုင်ထားတာက ဆီနဲ့သဲပဲလို့ ပြောလိုက်လို့ရပါတယ်။ တကယ်လို့သင်က သဲတွေဆီတွေပေါများတဲ့ ကန္တာရထဲမှာ လမ်းလျှောက်နေရင်း ဖုန်းတစ်လုံးကို ကောက်တွေ့ရမယ်ဆိုပါစို့။ ဒီဖုန်းဟာ နှစ်သန်းပေါင်းများစွာ ထပ်ခါတလဲလဲဖြစ်ပေါ်ခဲ့တဲ့ အလိုအလျောက် ကျပန်းဖြစ်ရပ်တွေ ကြောင့် ဖြစ်လာတယ်ဆိုတဲ့အတွေး သင့်ခေါင်းထဲရောက်လာပါ့မလား? ကန္တာရထဲမှာ လေတွေတိုက်လိုက်၊ သဲတွေလွင့်လိုက်၊ မိုးတွေရွာ၊ လျှပ်စီးတွေလက်လိုက်၊ ဆီတွေက အမြှုပ်ထလိုက်၊ ကုလားအုတ်တွေနင်းလိုက်နဲ့ နှစ်သန်းပေါင်းများစွာ ကြာတဲ့အခါ မိုဘိုင်းလ်ဖုန်းတစ်လုံး အလိုအလျောက် ဖြစ်ပေါ်လာတယ်လို့ တွေးမိပါ့မလား? လက်တွေ့မှာရော အဲဒီမိုဘိုင်းလ်ဖုန်းက သူ့အလိုလိုဖြစ်လာနိုင်ပါ့မလား? စိုးစဉ်းမျှလောက် ဖြစ်နိုင်ခြေလေးရှိတယ်လို့ပြောနိုင်ပေမယ့် ကျွန်တော်တို့အားလုံး ဒါကိုဆီလျှော်တဲ့ အကြောင်းပြချက်တစ်ခုလို့ ဘယ်သူမှ လက်ခံနိုင်မှာမဟုတ်ပါဘူး။

ဒါဆိုရင် ဒီလိုအကြောင်းပြချက်မျိုးကို မိုဘိုင်းလ်ဖုန်းတစ်လုံးထက် သိသိသာသာ အများကြီး ပိုပြီးရှုပ်ထွေးဆန်းကြယ်တဲ့ စကြဝဠာကြီးအတွက် ဘာကြောင့် လက်ခံနိုင်စရာရှိလဲ? ဂြိုဟ်တွေ၊ နေအဖွဲ့အစည်း၊ နဂါးငွေ့တန်း၊ ကြယ်တွေနဲ့ စကြဝဠာအတွင်းရှိ အခြားအရာအားလုံးဟာ အင်မတန်အနုစိတ်တဲ့ နည်းစနစ်တွေ၊ နိယာမတွေနဲ့ နေရာတကျ အစီအစဉ်တကျရှိနေတယ်ဆိုတာ တွေ့နိုင်ပါတယ်။ စကြဝဠာကြီးအတွင်းက မယုံနိုင်လောက်အောင် အသေးစိတ်တိကျတဲ့ ချိန်ကိုက်မှုတွေကို ဒီနေရာမှာ ဥပမာအနေနဲ့ ကြည့်နိုင်ပါတယ်။ ကျွန်တော်တို့ ရူပဗေဒပညာရပ်မှာ

အသုံးပြုရတဲ့ ကိန်းသေတွေဟာ အလွန့်အလွန်အသေးစိတ်ချိန်ကိုက်ထားခြင်း ဖြစ်ကြောင်း အထောက်အထားတွေကနေ တွေ့ရှိရပါတယ်။ အလိုအလျှောက် အဖြစ်အပျက်တွေကနေ မဆိုထားနှင့်၊ အမြင့်ဆုံး အင်ဂျင်နီယာနည်းပညာနဲ့တောင် ရရှိဖို့ မဖြစ်နိုင်လောက်တဲ့အထိ အသေးစိတ်တိကျလွန်းပါတယ်။

ဥပမာအနေနဲ့ cosmological constant (စကြဝဠာကိန်းသေ)ကို ကြည့်ကြရအောင်။ နိုဘယ်လ်ဆုရှင် ရူပဗေဒပါမောက္ခ Steven Weinberg ဟာ စကြဝဠာကိန်းသေနဲ့ ပတ်သက်ပြီး တွက်ချက်မှု တစ်ခု ပြုလုပ်ခဲ့ပါတယ်။

"ကိန်းသေတစ်ခုဟာ အံ့သြဖွယ်ကောင်းလောက်အောင် အသေးစိတ်တိကျတဲ့ ချိန်ကိုက်မှုကို လိုအပ်ပုံရပါတယ်။ ဒီစကြဝဠာမှာ သက်ရှိတွေ ရှင်သန်နေထိုင်နိုင်လောက်တဲ့ လေဟာနယ်ဖြစ်ပေါ်လာဖို့ အမျိုးမျိုးသောစွမ်းအင်တွေ ပေါင်းစည်းဖို့လိုအပ်ပါတယ်။ အဲဒီလို ပေါင်းစည်းမှုတွေတင်မဟုတ်ဘဲ သူတို့ကြားမှာ ဖျက်သိမ်းမှု(စွမ်းအင်ပြိုကွဲမှု)တစ်ခုလည်း လိုအပ်ပုံရပြီး အဲဒီပြိုကွဲမှုရဲ့ကိန်းသေက ဒသမ၁၂၀နေရာခန့်အထိ တိကျပါတယ်။ အဲဒီကိန်းသေဟာ အဲဒီလောက်မတိကျဘဲ နည်းနည်းလေး လွဲသွားမယ်ဆိုရင်တောင် စကြဝဠာကြီးဟာ သက်ရှိတစ်စုံတစ်ရာ မပေါ်ပေါက်လာမီ သူ့ရဲ့ပြန့်ကားခြင်း၊ကျုံ့ခြင်း သံသရာကို ပြီးမြောက်သွားမှာဖြစ်ပါတယ်။ နောက်ထပ်ဖြစ်နိုင်တာက ကြယ်တွေ၊ နဂါးငွေ့တန်းတွေ မဖွဲ့စည်းနိုင်လောက်အောင်ထိ စကြဝဠာကြီးရဲ့ ပြန့်ကားနှုန်းက လျင်မြန်လာမှာ ဖြစ်ပါတယ်။"

ကိန်းသေရဲ့ တိကျမှုကို ဂဏန်းနဲ့ ဖော်ပြရလျှင် -
၁,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀ ပုံမှာ ၁ပုံဖြစ်ပါတယ်။

အဲဒီကိန်းသေက အဲဒီလို ၁၂၀ပုံ၁ပုံလေး လွဲခဲ့ရင်တောင် စကြဝဠာမှာ သက်ရှိဖြစ်တည်လာဖို့ အခွင့်အရေး မရှိတော့ပါဘူး။ ဒီလောက်ထိ အသေးစိတ်တိကျစွာ ချိန်ကိုက်ထားတာဟာ လူ့ဦးနှောက်နဲ့စဉ်းစားဖို့တောင် ခက်ခဲပါတယ်။ ဒီကိန်းသေရဲ့

တိကျမှုဟာ စကြဝဠာပေါ်မှာ သက်ရှိတွေတည်ရှိနေနိုင်ဖို့ လိုအပ်တဲ့ လေဟာနယ်ရဲ့ Equilibrium(မျှခြေ)ဟာ အင်မတန်မှထိခိုက်လွယ်ကြောင်း၊ အနည်းငယ်သာလွဲသွားခဲ့ရင် သက်ရှိတွေဖြစ်တည်လာစရာ အကြောင်းမရှိတော့ကြောင်း ပြသနေပါတယ်။ ပိုပြီး နားလည်လွယ်အောင် ရှင်းပြရလျှင် ကမ္ဘာပေါ်မှာ ရှိသမျှကန္တာရတွေ၊ ကမ်းခြေတွေက သဲတွေ တစ်မှုန်မှမကျန်အောင် ကွန်တိန်နာကြီးတစ်ခုထဲ ထည့်လိုက်မယ်ဆိုပါစို့၊ ပြီးတော့ အဲဒီသဲတွေထဲက တစ်မှုန်ကိုယူပြီး အနီရောင်ဆိုးလိုက်ပါ။ ပြီးရင်ကျန်တဲ့ သဲတွေအားလုံးနဲ့ ပြန်ရောလိုက်ပါ။ သင့်သူငယ်ချင်းတစ်ယောက်ကို ခေါ်ပြီး မျက်စိကိုအဝတ်စနဲ့စည်းပြီး အဲ့ဒီအနီရောင်သဲမှုန်ကို ကောက်ခိုင်းလိုက်ပါ။ သူအဲဒီသဲကို ကောက်မိဖို့ ဖြစ်နိုင်ခြေ ရှိပါသလား? အဲဒီလိုသဲအနီကိုကောက်မိဖို့ ဖြစ်နိုင်လောက်တဲ့အထိ စကြဝဠာကလည်း အသေးစိတ်ချိန်ကိုက်ထားတဲ့အတွက်ကြောင့် စကြဝဠာအတွင်းမှာ သက်ရှိတွေ ဖြစ်တည် လာဖို့ အလွန်တိကျစွာ ဒီဇိုင်းပြုလုပ်ထားတဲ့ ဖန်ဆင်းရှင်ရှိမှသာ ဖြစ်နိုင်ပါတယ်။ ဖန်ဆင်း ရှင်မရှိဘဲ ဒီလိုတိကျတဲ့ ကိန်းသေတွေဟာ အလိုအလျောက်ဖြစ်ပေါ်လာစရာ အကြောင်း မရှိပါ။

စကြဝဠာကိန်းသေအပြင် အခြားဥပမာများစွာလည်း ရှိပါသေးတယ်။ အီလက်ထရွန်နဲ့ပရိုတွန်တွေရဲ့အချိုး၊ လျှပ်စစ်သံလိုက်စွမ်းအင်နဲ့ ကမ္ဘာမြေကြီး၏ ဆွဲအားအချိုး၊ စကြဝဠာရဲ့ ထုထည်သိပ်သည်းဆ စတာတွေမှာလည်း အသေးစိတ် ချိန်ကိုက်မှုတွေ ရှိနေပါတယ်။ သူတို့အတူတကွ ပေါင်းစည်းပြီး အနုစိတ်စွာညီမျှနေတဲ့ စနစ်တစ်ခု ဖြစ်နေပါတယ်။ သူတို့ထဲကတစ်ခုခုကို ပြောင်းလဲပစ်လိုက်ဖို့ လုံးဝ မဖြစ်နိုင်သလောက်ပါပဲ။ တကယ်လို့ ပြောင်းလဲပစ်လိုက်မယ်ဆိုရင် စကြဝဠာကြီး တည်ရှိဖို့ မဖြစ်နိုင်တော့တာ သို့မဟုတ် မည်သည့် သက်ရှိမျှ စကြဝဠာပေါ်မှာ တည်ရှိနေဖို့ မဖြစ်နိုင်တော့တာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါကသဲတွေထဲက တစ်မှုန်ကိုအပြာ၊ တစ်မှုန်အစိမ်း၊ တစ်မှုန်ကိုအဝါခြယ်ပြီး ခုန အနီရောင်သဲကိုကောက်ပြီး နောက်ဒီ ၃ရောင်ကိုလည်း အစဉ်အတိုင်းကောက်ရတာနဲ့ သွားတူပါလိမ့်မယ်။ စကြဝဠာကြီး ဖြစ်ပေါ်လာဖို့ အခုလိုအနုစိတ် တည်ဆောက်ထားမှုတွေ လိုအပ်ပါတယ်။ ဒီလိုအနုစိတ် တည်ဆောက်ထားမှုတွေဟာ တည်ဆောက်သူမရှိဘဲ အလိုလိုဖြစ်လာတယ်လို့ တွေးတာ

ယုတ္တိရှိရဲ့လား? သဘာဝကျရဲ့လား? စကြဝဠာကြီးကို အင်မတန် ဉာဏ်ပညာမြင့်မားသူ တစ်ဦးက ဆန္ဒရှိရှိ သေသေချာချာ ဖန်ဆင်းထားတာဖြစ်တယ်လို့ နိဂုံးချုပ်စဉ်းစားမယ် ဆိုရင် ပိုပြီးတော့မဆီလျော်ဘူးလား? ရူပဗေဒဥပဒေများရဲ့ အသေးစိတ်ချိန်ကိုက်မှုတွေ ဟာ ဒီစကြဝဠာကြီးကိုဖန်ဆင်းတဲ့ ဖန်ဆင်းရှင်ရဲ့ ဉာဏ်ပညာနဲ့စွမ်းရည်တွေကို သရုပ်ပြနေခြင်းပဲ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမှာ ဤသို့ ပါရှိပါတယ်။

**“(အလ္လာဟ်အရှင်မြတ်သည်) မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကို စတင် ဖန်ဆင်းတော်မူသော အရှင် ဖြစ်တော်မူ၏။” (ကုရ်အာန် ၂:၁၁၇)”**

ယခုကျွန်တော်တို့ဟာ ဖန်ဆင်းရှင်တစ်ပါးရှိတယ်ဆိုတာ သိရှိသွားပြီဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ဖြစ်တည်လာရတဲ့ ရည်ရွယ်ချက်ကဘာလဲဆိုတာကို သိအောင် လုပ်ဖို့လိုပါတယ်။ စကြဝဠာအတွင်းမှာရှိတဲ့ အရာတိုင်းဟာ ရည်ရွယ်ချက်ရှိပါတယ်။ ခုံတစ်လုံး၊ ပန်းကန်လုံးတစ်လုံး၊ ပြီးတော့ သင့်လက်ထဲမှာကိုင်ထားတဲ့ စာအုပ်တစ်အုပ် စတဲ့ ရိုးရှင်းတဲ့အရာဝတ္ထုလေးတွေမှာပါ သူတို့ဖြစ်တည်လာရခြင်းရဲ့ ရည်ရွယ်ချက်တစ်ခုစီ ရှိပါတယ်။ ဆိုတော့ ကျွန်တော်တို့လူသားတွေမှာ ရည်ရွယ်ချက်မရှိဘူးဆိုရင် ဝမ်းနည်းစရာ မကောင်းဘူးလား? ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့မှာ ရည်ရွယ်ချက်တွေ ရှိတယ်ဆိုတာ သိရှိနိုင်ပါတယ်။ သန်းနဲ့ချီတဲ့ နဂါးငွေ့တန်းတွေ၊ သိန်းသန်းပေါင်းများစွာသော ဂြိုဟ်တွေနဲ့ဖွဲ့စည်းထားတဲ့ ဒီစကြဝဠာကြီးရဲ့ကျယ်ပြန့်မှုကို စဉ်းစားကြည့်ပါ။ ဖန်ဆင်းရှင်ဟာ ဒီအရာတွေ အားလုံးကို အကြောင်းပြချက်မရှိဘဲ ဖန်ဆင်းထားတာမဟုတ်ဘူးလို့ ကုရ်အာန်ကျမ်းတော်မြတ်မှာ လာရှိပါတယ်။

**“စင်စစ် ငါအရှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ယင်း(မိုးကောင်းကင်နှင့်ပထဝီမြေ) နှစ်ခု၏အကြား၌ ရှိသည်တို့ကို လည်းကောင်း၊ ကစားစရာအဖြစ် (အပျင်းပြေ) ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။” (ကုရ်အာန် ၂၁:၁၆)**

နေမင်းကြီးဟာ ကျွန်တော်တို့ကို နွေးထွေးမှုပေးတယ်၊ မိုးတိမ်တွေက မိုးရေတွေ ပေးတယ်၊ အပင်တွေ၊ တိရစ္ဆာန်တွေက အစားအစာတွေပေးတယ်။ ဖန်ဆင်းရှင်ဟာ ဂေဟစနစ်တွေကို နေရာတကျ ဖန်ဆင်းပေးထားပြီး ဒီကမ္ဘာမြေပေါ်မှာ ကျွန်တော်တို့ ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ဖို့ အာမခံပေးထားပါတယ်။ ဒီအရာတွေကို ကျွန်တော်တို့အားလုံး အလကားရနေတာပါ။ ဒီတော့ ဖန်ဆင်းရှင်ထံမှာ ကျွန်တော်တို့ကို ဖန်ဆင်းရတဲ့ ရည်ရွယ်ချက်တစ်ခုရှိနေမှာ အသေအချာပါပဲ။ ကုရ်အာန်ကျမ်းမှာ ဤကဲ့သို့ မိန့်ထားတော်မူပါတယ်။

**"အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့လေသည်။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုရေဖြင့် အသင်တို့အဖို့ သစ်သီးဝလံများကို ရိက္ခာအဖြစ် ထွက်စေတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ် သည် ရွက်သင်္ဘောများကို၊ ထိုရွက်သင်္ဘောများသည် ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ပင်လယ်သမုဒ္ဒရာ၌ သွားလာအံ့သောငှာ၊ အသင်တို့၏ အမိန့်ကို လိုက်နာစေတော်မူခဲ့လေ သည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် အသင်တို့အကျိုးငှာ၊ မြစ်ချောင်းများကိုလည်း နိုင်နှင်းစေတော်မူခဲ့၏။ ၎င်းပြင် ထိုအရှင်မြတ်သည် သူရိယနေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ အမြဲမပြတ်သွားလာစေလျက် အသင်တို့အကျိုးငှာ လိုက်နာ စေတော်မူခဲ့လေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ အသင်တို့အကျိုးငှာ အမိန့်ကို လိုက်နာစေတော်မူခဲ့ပေသတည်း။ " (ကုရ်အာန် ၁၄:၃၂-၃၄)**

ဒီတော့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကရောဘာလဲ? ဒီအတွက် ကုရ်အာန်မှာ အဖြေ ရှိပါတယ်။

**“စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်န်သတ္တဝါတို့အားလည်းကောင်း၊ မနုဿ လူသားတို့အား လည်းကောင်း၊ ငါအရှင်မြတ်အား ဆည်းကပ်ကိုးကွယ် ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့၏။” (ကုရ်အာန် ၅၁:၅၆)**

ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး မိတ်ဆွေတို့အနေနဲ့ ဘယ်လိုနားလည်ပါသလဲ? အများစုက ဝတ်ပြုဆုတောင်းခြင်းလို့ ဖြေပါလိမ့်မယ်။ မှန်ပါတယ်။ သို့ပေမယ့် ကုရ်အာန်က ပြဆိုထားတဲ့ ခဝပ်ကိုးကွယ်ခြင်းဟာ ဝတ်ပြုဆုတောင်းခြင်းထက် များစွာ သာပိုကျယ်ပြန့်ပါတယ်။ ဖန်ဆင်းရှင်ကိုကျေနပ်စေမည့် နာခံကျိုးနွံသော အပြုအမူ အားလုံး ပါဝင်ပါတယ်။ ကျန်းမာပြီး အားအင်ပြည့်ဝစွာနေထိုင်နိုင်ဖို့ ရည်စူးပြီး စားသောက်ခြင်းနဲ့အားကစားလုပ်ခြင်းများပင်လျှင် ခဝပ်ကိုးကွယ်ခြင်းမှာ အကျုံးဝင် ပါတယ်။ ဒါကြောင့် မိမိကျန်းမာအောင် Gymသွားပြီး လေ့ကျင့်ခန်းလုပ်ခြင်းကလည်း အစ္စလာမ်ဘာသာဝင်များအတွက် ခဝပ်ကိုးကွယ်ဆည်းကပ်ခြင်းပါပဲ။

ဘာအတွက်ကြောင့် ခဝပ်ကိုးကွယ်ဖို့ လိုအပ်ပါသလဲ? ဒီနေရာမှာ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ထံမှ ခဝပ်ဆည်းကပ်မှုကို မလိုအပ်ဘူးဆိုတာ နားလည်ထားဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့လူသားတွေကသာ ဖန်ဆင်းရှင်ကို ခဝပ်ကိုးကွယ်ဖို့ လိုအပ်တာဖြစ်တယ်လို့ ကုရ်အာန်မှာ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ဟာ အရိုး၊ အသွေး၊ အသားနဲ့ပဲ ဖြစ်တည်နေတာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ စိတ်ဝိညာဉ်ကိုလည်း အာဟာရဖြည့်ဖို့ လိုအပ်ပါတယ်။ အများစုသောလူတွေဟာ ချမ်းသာကြွယ်ဝကြတယ်။ ရုပ်ရည်ဂုဏ်သရေလည်း ရှိကြတယ်။ ဒါပေမယ့် မပျော်ရွှင်နိုင်ကြတာဘာကြောင့်လဲ? သူတို့စိတ်ဝိညာဉ်ရဲ့ ကျန်းမာရေးကို လျစ်လျူရှုထားကြလို့ပါပဲ။ စစ်မှန်တဲ့ငြိမ်းချမ်းခြင်းကို ခံစားနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ရော၊ စိတ်ဝိညာဉ်ရောကိုပါ ဖန်ဆင်းရှင်ရဲ့ ညွှန်ကြားမှုနဲ့ တစ်သားတည်းရှိနေအောင် ကျင့်ကြံရမှာဖြစ်ပါတယ်။

**အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့၏ စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် ငြိမ်းအေးကြည်နူး၍ သွားလေသည်။ ကောင်းစွာ မှတ်ယူကြလေကုန်။ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် စိတ်နှလုံးများသည် ငြိမ်းအေးကြည်နူး၍ သွားသည်ချည်းသာ တည်း။ (ကုရ်အာန် ၁၃:၂၈)**

ဘဝရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေကို ဖန်ဆင်းရှင် ကျေနပ်နှစ်သက်စေဖို့ ကြိုးစားအားထုတ်မယ်ဆိုရင် ဖန်ဆင်းရှင်ကို အမြဲမပြတ် သတိရလျှက်ရှိနေမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ နှလုံးသားများဟာလည်း ငြိမ်းချမ်းနေမှာဖြစ်ပါတယ်။ လူတစ်ဦးဟာ ဒီအချက်တွေကို လက်တွေ့ကျကျလိုက်နာမယ်ဆိုရင် သူ့ရဲ့အပြင်ပန်း အပြုအမူတွေ ကတော့ ချက်ချင်းသိသိသာသာ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ သို့ပေမယ့် အရေးကြီးတာက အဲ့ဒီသူလုပ်တဲ့ အပြုအမူတွေရဲ့နောက်ကွယ်က အတွေးဖြစ်စဉ်တွေ ပြောင်းလဲသွားပါလိမ့်မယ်။ အဲဒီအခါ လူတိုင်းရရှိဖို့ကြိုးစားနေတဲ့၊ ကျွန်တော်တို့ အားလုံးအတွက် အင်မတန်လိုအပ်နေတဲ့ စိတ်တွင်းငြိမ်းချမ်းမှုကို တွေ့ရှိသွားပါလိမ့်မယ်။

ဖန်ဆင်းရှင်ကိုခဝပ်ဆည်းကပ်ဖို့ အကောင်းဆုံးနည်းလမ်းကဘာလဲ? ဒါကိုစဉ်းစားဖို့ မိုဘိုင်းလ်ဖုန်း ဥပမာကို ပြန်သွားကြမယ်။ လူတွေဟာ မိုဘိုင်းလ်ဖုန်းတွေထက် အများကြီး ပိုမိုရှုပ်ထွေးဆန်းကြယ်တယ်ဆိုပေမယ့် တူညီတဲ့အချက်တွေ ရှိနေပါတယ်။ လူတွေမှာရော ဖုန်းတွေမှာရော သက်တမ်းရှိပါတယ်။ ကောင်းမွန်စွာအလုပ်လုပ်နိုင်ဖို့ စွမ်းအင် လိုအပ်ပါတယ်။ သေချာဂရုမစိုက်ဘဲ ပစ်ထားရင်လည်း ပျက်စီးသွားနိုင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ ဖုန်းမှာ ပြဿနာတစ်ခုခုရှိလာရင် ကျွန်တော်တို့ လမ်းညွှန်စာအုပ်ကို ကြည့်ကြတယ်မဟုတ်လား? ဘာကြောင့်လဲဆိုရင် လမ်းညွှန်စာအုပ်မှာ ကျွမ်းကျင်သူတွေ က ဒီဖုန်းကို အကောင်းဆုံး အဆင်အပြေဆုံးဖြစ်အောင် အသုံးပြုနိုင်မယ့် နည်းလမ်းတွေကို ရေးထားလို့ပါပဲ။ ဖုန်းကို တီထွင်ခဲ့တဲ့သူဟာ ဖုန်းကို အကောင်းဆုံး ဘယ်လိုအသုံးပြုရမလဲ သိရှိပြီး သူ့ရဲ့အသိပညာကို  လမ်းညွှန်စာအုပ်ကတဆင့် ကျွန်တော်တို့ကို မျှဝေပေးထား ပါတယ်။ အလားတူပါပဲ၊ ကုရ်အာန်ကျမ်းမြတ်ဟာ လူသားတွေအတွက် ဖန်ဆင်းရှင်ထံမှ

ကျရောက်လာခဲ့တဲ့ လမ်းညွှန်စာအုပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဖန်ဆင်းခဲ့တဲ့ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ကိုယ်တိုင်ထက် ကျွန်တော်တို့ကို ပိုပြီးတော့ သိရှိနားလည် ပါတယ်။ ဒါကြောင့်ဖန်ဆင်းရှင် ချမှတ်ထားတဲ့ ဘဝနေထိုင်နည်း လမ်းညွှန်ချက်တွေဟာ လူသားတို့ရဲ့ အတွေးအခေါ်တွေနဲ့ လူသားတို့ တီထွင်ဖန်တီးထားတဲ့ လမ်းစဉ်များထက် အမြဲသာလွန်ပြည့်စုံနေမှာ ဖြစ်ပါတယ်။

တန်ခိုးဉာဏ်ပညာနဲ့ပြည့်စုံတော်မူတဲ့ ဖန်ဆင်းရှင်က ကျွန်တော်တို့အတွက် ဘာကြောင့် လမ်းညွှန်ချပေးပါသလဲ? ဘာအတွက်ကြောင့် ကျွန်တော်တို့ကို လျစ်လျူရှု မထားတာပါလဲ? ကုရ်အာန်ကျမ်းမြတ်က ကျွန်တော်တို့ကို ပြောပြပါတယ်။ ကျွန်တော်တို့ ရဲ့ ဖန်ဆင်းရှင်ဟာ တန်ခိုး၊ဂုဏ်ရည်၊ဉာဏ်ပညာနဲ့ ပြည့်စုံတော်မူသည့်အပြင် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသောအရှင် ဖြစ်နေတာ ကြောင့်ပဲ ဖြစ်ပါတယ်။

**“၎င်းပြင် ထိုအရှင်မြတ်သည်သာလျှင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနား တော်မူသော အရှင်၊ အလွန်တရာ ချစ်မြတ်နိုးတော်မူသော အရှင်၊ "အရ်ရှ်" ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်၊ အထူးဂုဏ်ကျက်သရေနှင့် ပြည်စုံတော်မူသော အရှင်မြတ် ဖြစ်တော်မူ၏။” (ကုရ်အာန် ၈၅:၁၃-၁၅)**

ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ကို ဂရုတစိုက်ရှိတော်မူပါတယ်။ ကျွန်တော်တို့ အတွက် ကျမ်းတော်မြတ်ကုရ်အာန်ကို ပို့ချပေးခြင်းဟာလည်း ထိုအရှင်ရဲ့ မဟာကရုဏာ တော်ပဲ ဖြစ်ပါတယ်။

# ကုရ်အာန်ရဲ့ အဓိက အကြောင်းအရာတွေက ဘာတွေလဲ?

## တစ်ပါးတည်းသော ဖန်ဆင်းရှင်အား ယုံကြည်ခြင်း


ကုရ်အာန်ရဲ့ အနှစ်သာရဖြစ်တဲ့ ဖန်ဆင်းရှင်တစ်ပါးတည်းရှိကြောင်းကို ယုံကြည်ခြင်းနဲ့ ပတ်သတ်ပြီး ယင်းကျမ်းမြတ်ရဲ့ ၁၁၂ခုမြောက်ကဏ္ဍမှာ ဤသို့ တွေ့ရှိရပါတယ်။

**"အသင်ပြောပါ။ ထိုအလ္လာဟ်အရှင်သည် တစ်ပါးတည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းဟူသမျှမှ ကင်းတော်မူသောအရှင် (သူတစ်ပါးတို့၏ မှီခိုအားထားရာအရှင်၊ အမြဲထာဝရအရှင်) ဖြစ်တော်မူသည်။ အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ မွေးဖွားတော်မူခဲ့သည်မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုမှလည်း ခံခဲ့ရတော်မမူပေ။ ထို့ပြင် အရှင်မြတ်တွင် ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပေ။" (ကုရ်အာန်၁၁၂ | စူရဟ် အိခ်လားစ်)**


ကုရ်အာန်ရဲ့ ဒီအခန်းကဏ္ဍက အစ္စလာမ်မှာ ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းသာ တည်ရှိတော်မူပြီး အဲ့ဒီဖန်ဆန်းရှင်ကိုသာ ယုံကြည်ကိုးကွယ်သင့်ကြောင်း ကြေညာချက်ဖြစ်တယ်လို့မှတ်ယူနိုင်ပါတယ်။ ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းတည်ရှိတယ်လို့ ဆိုခြင်းမှာ တစ်ပါးကနေနှစ်ပါး၊ နှစ်ပါးကနေသုံးပါး စသဖြင့် ဖြစ်ပေါ်လာနိုင်တယ်လို့ ဆိုလိုခြင်းမဟုတ်ကြောင်း ကျွန်တော်တို့ သိရှိထားရပါမယ်။ တစ်ပါးတည်း တုဖက်ယှဥ်တွဲမှု ကင်းစွာ တည်ရှိနေခြင်းဖြစ်ပါတယ်။ ဘာကြောင့် နှစ်ပါး သို့မဟုတ် သုံးပါး မရှိနိုင်ရတာလဲ? တစ်ပါးတည်းသာရှိတယ်လို့ ကောက်ချက်ချရတဲ့ အကြောင်းရင်းရှိပါတယ်။ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့နေထိုင်ရှင်သန်ရာ စကြဝဠာကြီးကို ကြည့်ရှုတွေးတောဆင်ခြင်ပြီး ကောက်ချက်ချနိုင်ဖို့ အခွင့်အရေးပေးထားပါတယ်။ ဒါဟာ ဖန်ဆင်းရှင်က ချီးမြှင့်တော်မူထားတဲ့ လက်ဆောင်တစ်ခုပါပဲ။ အနုပညာသမိုင်းကို လေ့လာသူတစ်ဦးဟာ

ပန်းချီကားအချို့ကို ကြည့်လိုက်တဲ့အခါ အဲ့ဒီပန်ချီကားတွေရဲ့ ကိုယ်ပိုင်ဟန်ကြောင့် ပန်းချီဆရာရဲ့အမည်ကို မဖော်ပြထားပေမယ့်လည်း ဘယ်သူဆွဲထားကြောင်း ခန့်မှန်း သိရှိနိုင်သကဲ့သို့ ဖြစ်ပါတယ်။

စကြဝဠာကြီးကိုကြည့်ပြီး ဘာတွေ ကောက်ချက်ချနိုင်သလဲ? သဘာဝလောကမှာ တသမတ်တည်းဖြစ်တဲ့ ဒီဇိုင်းတွေ ရှိနေပါတယ်။ ဖီဘိုနာချီကိန်းစဥ်လိုမျိုး ထပ်တလဲလဲ ဖြစ်ပေါ်နေတဲ့ ကိန်းဂဏန်းတွေ များစွာရှိပါတယ်။ ဒီလို သင်္ချာကိန်းစဥ်တွဲတွေကို (Nature’s code)"သဘာဝရဲ့ကုဒ်"လို့ ခေါ်ပါတယ်။ ဖီဘိုနာချီကိန်းစဥ်တွေဟာ သဘာဝရဲ့ ဆက်စပ်မှုမရှိတဲ့ ဖြစ်ရပ်များစွာမှာ ထပ်ခါထပ်ခါဖြစ်ပေါ်တာကို တွေ့ရပါတယ်။ ဇီဝစနစ်များကစပြီး သက်မဲ့အရာများအထိ၊ အသေးငယ်ဆုံး အရာတွေကနေ အကြီးဆုံး အရာတွေထိ ဒီကိန်းတွေကို တွေ့ရပါတယ်။ Golden Spiralလို့ခေါ်တဲ့ ခရုပုံရစ်ခွေနေတဲ့ ပုံစံဟာ ဒီလိုကိန်းဂဏန်းတွေပေါ်မှာ အခြေခံတဲ့ ပုံသဏ္ဍာန်တစ်ခုဖြစ်ပါတယ်။



သဘာဝပတ်ဝန်းကျင်မှာရှိနေတဲ့ အရာတွေနဲ့ ဥပမာပေးရမယ်ဆိုရင် ခရုခွံ၊ ဂလက်စီတွေရဲ့ ပုံစံ၊ ဟာရီကိန်း မုန်တိုင်းတွေရဲ့ ရစ်ပတ်နေတဲ့ပုံသဏ္ဍာန်၊ ပန်းပွင့်တွေနဲ့ ကျွန်တော်တို့ရဲ့ လက်ဗွေရာတွေမှာပါ တွေ့ရပါတယ်။ သဘာဝလောကမှာ တွေ့ရတဲ့ တသမတ်တည်း ဖြစ်နေတဲ့ ဒီဇိုင်းတွေဟာ ဒီအရာတွေအားလုံးကို ဖန်ဆင်းထားတဲ့ ဖန်ဆင်းရှင်ရဲ့ တစ်ပါးတည်း တည်ရှိမှုကို သက်သေပြနေပါတယ်။



နောက်ထပ် သဘာဝတရားတစ်ခုလုံးမှာ တည်ရှိနေတဲ့ တသမတ်တည်းဒီဇိုင်း ဥပမာတစ်ခုကတော့ DNAပဲဖြစ်ပါတယ်။ DNAဆိုတာက သက်ရှိတွေအားလုံးရဲ့ ဆဲလ်တစ်လုံးချင်းစီတိုင်းမှာ ပါဝင်တဲ့ မျိုးရိုးဗီဇအချက်အလက် ဖြစ်ပါတယ်။ သက်ရှိတိုင်းမှာရှိတဲ့ မျိုးရိုးဗီဇအချက်အလက်တွေအားလုံးဟာ အဲဒီသက်ရှိရဲ့ ဖွဲ့စည်းထားပုံကို ပြသထားတဲ့ ကုဒ်(ဝှက်စာ)တွေပဲ ဖြစ်ပါတယ်။ အသေးစိတ် နမူနာပုံစံလို့ မှတ်ယူလို့လည်း ရပါတယ်။ သက်ရှိတွေဟာ အပြင်ပန်းသဏ္ဍာန်မှာ အလွန် ကွာခြားပေမယ့်လည်း မျိုးရိုးဗီဇအဆင့်မှာတော့ အတော်လေးဆင်တူနိုင်ကြပါတယ်။ ဥပမာအနေနဲ့ လူသားတွေရဲ့ DNA ၅၀ရာခိုင်နှုန်းခန့်ဟာ ငှက်ပျောပင်တွေရဲ့ DNA နဲ့ထပ်တူကျပါတယ်။ DNAရဲ့ဒီဇိုင်းဟာ သဘာဝလောကအတွင်းရှိ သက်ရှိတွေအားလုံးမှာ ထပ်တူကျနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီလိုတူညီတဲ့ ဒီဇိုင်းတွေက ဖန်တီးသူဟာလည်း တူတူပဲဆိုတာကို ညွှန်ပြနေပါတယ်။ ဒီအရာတွေအားလုံးရဲ့ နောက်က ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ဘုရားသခင်တွေ အများအပြားရှိမယ်၊ ဖန်ဆင်းရှင်တွေ အများအပြားရှိမယ်ဆိုရင် ဒီအတိုင်း ဘယ်လိုဖြစ်နိုင်မလဲ? ဘုရားအများအပြားကို ကိုးကွယ်တဲ့ ဘာသာတရားတွေမှာ

အဲ့ဒီဘုရားတွေကို ထူးခြားတဲ့တန်ခိုး ကိုယ်ရည်ကိုယ်သွေးတွေနဲ့ ဖော်ကျူးကြတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် အဲ့ဒီဘာသာတရားတွေမှာ ဘုရားတွေအချင်းချင်း တန်ခိုးပြိုင်ကြတဲ့အခါ ဖြစ်ပေါ်လာတဲ့ ဇာတ်လမ်းတွေကိုသီဖွဲ့ထားတဲ့ ပုံပြင်တွေနဲ့ ပြည့်နှက်နေပါတယ်။

တကယ်လို့ ဖန်ဆင်းရှင်ဘုရားသခင်က တစ်ပါးတည်းမဟုတ်ဘဲ များစွာ ရှိမယ်ဆိုရင် ကျွန်တော်တို့ရဲ့ပတ်ဝန်းကျင် လက်တွေ့ကမ္ဘာမှာ သက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ဘုရားတစ်ပါးချင်းစီက သူတို့ရဲ့တန်ခိုး၊ ထူးခြားတဲ့ကိုယ်ရည် ကိုယ်သွေးတွေနဲ့ ကိုယ်ပိုင်ဒီဇိုင်း ဖန်တီးမှုတွေကို ပြုလုပ်မှာဖြစ်တာကြောင့်၊ ဒီဖန်ဆင်းထားတဲ့ လောကဟာ ဖရိုဖရဲဖြစ်နေပြီး သဘာဝတရားရဲ့ အသေးစိတ် နမူနာတွေဟာလည်း ကွဲပြားနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့မြင်တွေ့နေရတဲ့ မတူညီတဲ့အရာတွေဟာ များစွာသော ဘုရားသခင်တွေက ဖန်ဆင်းထားတယ်လို့ဆိုရင်၊ သာမန်မျက်စိနဲ့ကြည့်ရင် ဆင်တူတဲ့အရာတွေတောင် မိုက်ခရိုစကုပ်နဲ့ကြည့်ရင် ကွဲပြားမှုတွေ များစွာရှိနေမယ်လို့ ယူဆမှသာ ကျိုးကြောင်းဆီလျော်မှာ ဖြစ်ပါတယ်။ သို့ပေမယ့် လက်တွေ့မှာ ဆင်တူတဲ့အရာတွေက မိုက်ခရိုစကုပ်နဲ့ကြည့်တဲ့အခါမှာလည်း ဆင်တူတဲ့ဖွဲ့စည်းပုံတွေရှိနေတာကို တွေ့ရပါတယ်(DNAဥပမာ)။ ဒါ့ကြောင့် သဘာဝ တရားရဲ့ သက်သေလက္ခဏာတွေအရ ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းသာ ဖြစ်နိုင်တယ်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

ဝေဖန်ရေးသမားတစ်ယောက်အနေနဲ့ ဒီနေရာမှာ အင်ဂျင်နီယာနည်းပညာနဲ့ ပြုလုပ်ထားတဲ့ ဥပမာ-ကားတွေလိုအရာတွေဟာ ယေဘုယျအားဖြင့် ဖန်တီးရှင် တစ်ဦးမကလိုအပ်တယ်လို့ ထောက်ပြနိုင်ပါတယ်။ ကားတွေထုတ်လုပ်တဲ့နေရာမှာ အင်ဂျင်ဒီဇိုင်းဆွဲတာက တစ်ယောက်၊ ဘရိတ်ဒီဇိုင်းဆွဲတာက တစ်ယောက် စသဖြင့် လိုအပ်ပါတယ်။ လူလောကမှာတော့ ကားထုတ်လုပ်တဲ့ ဥပမာအရ ဒီဇိုင်နာတွေ ဖန်တီးရှင်တွေ ပူးပေါင်းဖန်တီးတာက ဖြစ်နိုင်ပါတယ်။ သို့ပေမယ့် ဖန်ဆင်းရှင် ဘုရားသခင်ကတော့ တစ်ပါးထက်ပိုပြီးတော့ မရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ဘုရားသခင်လို့ စဉ်းစားလိုက်တာနဲ့ လူသားတွေထက် သာလွန်

မြင့်မြတ်တဲ့ အရှင်တစ်ပါးအဖြစ် ယူဆကြပါတယ်။ ဘုရားသခင်ဟာ စိတ်အလိုတော် အတိုင်း ဘယ်အရာကိုမဆို စွမ်းနိုင်တော်မူတယ်။ နောက်တစ်နည်းဆိုလျှင် ဘုရားသခင်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရကိုက စိတ်အလိုရှိရာကို အကန့်အသတ်မဲ့ စွမ်းနိုင်သော အရှင်သခင် ဖြစ်နေပါတယ်။ အထက်ကငြင်းခုံမှုအရ ဘုရားသခင် ဖန်ဆင်းရှင် နှစ်ပါးရှိပြီး ၎င်းတို့ကြားမှာ သဘောထားကွဲလွဲမှုတစ်ခု ဖြစ်လာတယ်ဆိုပါစို့၊ နှစ်ပါးစလုံးရဲ့ အလိုတော်နဲ့ တန်ခိုးတွေကို တားဆီးလို့ မရတာကြောင့် ဖြစ်နိုင်ခြေ နှစ်ခုပဲ ရှိပါတယ်။

၁။ တစ်ပါးနှင့်တစ်ပါး အလိုဆန္ဒများကို ထပ်တူဖြစ်အောင် ညှိနှိုင်းရပါမယ်။ ဒီလိုအခြေအနေအရ နှစ်ပါးစလုံးရဲ့ စိတ်တန်ခိုးတွေဟာ ကန့်သတ်မှု၊ လွှမ်းမိုးခံရမှု ရှိသွားပြီ ဖြစ်တာကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဘုရားသခင်တွေ မဖြစ်နိုင်တော့ပါဘူး။

၂။ တစ်ပါးက နောက်တစ်ပါးကို အနိုင်ယူလိုက်မယ်။ ဒါဆိုရင် အနိုင်ယူလွှမ်းမိုးနိုင်တဲ့ တစ်ပါးကသာ စစ်မှန်တဲ့ ဘုရားသခင်ဖန်ဆင်းရှင် ဖြစ်ပါတယ်။

ဒီဥပမာအရ ဖန်ဆင်းရှင်များစွာရှိဖို့က လုံးဝ မဖြစ်နိုင်ပါဘူး။ ဒါဟာ ကျွန်တော်တို့ နေထိုင်ရှင်သန်ရာ စကြဝဠာကြီး အစီအစဉ်တကျ တည်ရှိနေမှုရဲ့ အရိုးရှင်းဆုံးနှင့် အဆီလျော်ဆုံး ရှင်းပြချက်ပဲဖြစ်ပါတယ်။ အနန္တတန်ခိုးတော်ရှင် ဖန်ဆင်းရှင်ဟာ တစ်ပါးတည်းသာရှိတော်မူပြီး ကျွန်တော်တို့ဟာ ထိုဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ ကိုးကွယ်သင့်ပါတယ်။

ကုရ်အာန်ကျမ်းမှာ ဘုရားသခင်ဖန်ဆင်းရှင်သည် ထာဝရတည်ရှိတော်မူကြောင်း ဖော်ပြထားပါတယ်။ ဆိုလိုတာက ဖန်ဆင်းရှင်ဟာ အစမရှိခဲ့သလို အဆုံးလည်းရှိလာမှာ မဟုတ်ပါဘူး။ လူအများမေးတဲ့ မေးခွန်းတစ်ခုကတော့ “ဖန်ဆင်းရှင်ကို မည်သူက ဖန်ဆင်းခဲ့တာလဲ?” ဒီမေးခွန်းကို အကြောင်းသင့်အကျိုးသင့် စဉ်းစားကြည့်တဲ့အခါ ဖန်ဆင်းရှင်ဘုရားသခင်ဟာ ဖန်ဆင်းခြင်းမခံရပါဘူး။ အကျယ်တဝင့်ရှင်းပြရမယ်ဆိုရင် စကြဝဠာကို ဖန်ဆင်းခဲ့တဲ့ ဖန်ဆင်းရှင်မှာ ဖန်ဆင်းရှင်ရှိမယ်၊ အဲ့ဒီဖန်ဆင်းရှင်ကို ဖန်ဆင်းခဲ့တဲ့ နောက်ထပ် ဖန်ဆင်းရှင်ရှိမယ်၊ အဲ့ဒီလို ထပ်ဆင့်ထပ်ဆင့် ဖန်ဆင်းရှင်တွေ ရှိနေရမယ်ဆိုရင် ဒီစကြဝဠာက တည်ရှိလာမှာတောင် မဟုတ်တော့ဘူး။ စဉ်းစားကြည့်ပါ။

တကယ်လို့ မိတ်ဆွေဟာစာအုပ်တစ်အုပ်ကို အခြားသူတစ်ယောက် မဖတ်ရသေးခင် ဖတ်လို့မရဘူး၊ အဲ့ဒီလူကလည်း နောက်ထပ်သူ့ရှေ့မှာ လူတစ်ယောက် မဖတ်ရသေးခင် ဖတ်လို့မရဘူး၊ အဲဒီလို ဆက်သွားနေမယ်ဆိုရင် ဘယ်သူမှအဲဒီစာအုပ်ကို ဖတ်လိုက်ရမှာ မဟုတ်ပါဘူး။ စကြဝဠာအကြောင်းကိုလည်း ဒီနည်းနဲ့စဉ်းစားမယ်ဆိုရင် စကြဝဠာကို ဖန်ဆင်းတဲ့အရှင်ဟာ ဖန်ဆင်းခြင်းမခံရဘူးလို့ ကောက်ချက်ချမှသာ ကျိုးကြောင်းသင့် ပါတယ်။ ဘာကြောင့်လဲဆိုတော့ "ဒီစကြဝဠာကြီးကို ဖန်ဆင်းတဲ့အရှင်က ဖန်ဆင်းခံ ဖြစ်နေမယ်ဆိုရင် "သူ့ကိုရော ဘယ်သူက ဖန်ဆင်းထားတာလဲ?" လို့ သေချာပေါက် မေးရမှာပါ။ "သူ့ကိုနောက်ထပ် ဖန်ဆင်းခံက ဖန်ဆင်းထားတယ်" ဆိုရင် "အဲဒီ နောက်ထပ် ဖန်ဆင်းခံကိုရော ဘယ်သူဖန်ဆင်းထားတာလဲ" လို့ ထပ်ပြီး မေးမှာပါပဲ။ ဒီမေးခွန်းချည်းပဲ ထပ်တလဲလဲမေးရင်း နောက်ဆုံးမှာ ဖန်ဆင်းထားခြင်းမခံရတဲ့ ဖန်ဆင်းရှင်တစ်ဦး လိုအပ်တယ်ဆိုတဲ့ အဖြေထွက်လာပါတယ်။ စကြဝဠာကြီး တည်ရှိလာဖို့ မရေမတွက်နိုင်တဲ့ ဖန်ဆင်းရှင်ကွင်းဆက်ကြီး ရှိနေဖို့မလိုအပ်ပါဘူး။ ထာဝရတည်ရှိနေတဲ့ ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ လိုအပ်ပါတယ်။

နောက်ကျမ်းပိုဒ်မှာ ဖန်ဆင်းရှင်ထံ သားသမီးဟူ၍လည်းကောင်း၊ မိဘဟူ၍ လည်းကောင်း မရှိကြောင်း ဖော်ပြထားပါတယ်။ **"အရှင်မြတ်သည်မည်သူ့ကိုမှ မွေးဖွားတော်မူခြင်းမရှိသကဲ့သို့ မည်သူ၏မွေးဖွားခြင်းကိုမှလည်း မခံခဲ့ရပေ။"** ဘာ့ကြောင့် အရာရာ သာလွန်ထူးကဲနေတဲ့ ဖန်ဆင်းရှင်ထံမှာ သားသမီး၊ မိဘ မရှိရတာလဲ? နောက်ဆုံး ကျမ်းပိုဒ်က အဖြေပါပဲ။ **"အရှင်မြတ်နှင့်ဂုဏ်ရည်တူ၊ တန်းတူဟူ၍လည်း မည်သူမျှ မရှိပေ။"** ဖန်ဆင်းခံရသော အရာအားလုံးဟာ မျိုးဆက်ဆက်လက်ရှင်သန်ဖို့ မျိုးပွားရပါတယ်။ နောက်တနည်းဆိုရရင် သားသမီးအမျိုးအနွယ် ရှိရပါတယ်။ လူတွေဟာ အသက်ကြီးပြီး အိုမင်းမစွမ်းချိန်မှာ ပြုစုစောင့်ရှောက်ခံလိုခြင်း စသဖြင့် အကြောင်း အမျိုးမျိုးကြောင့် သားသမီးမွေးဖွားကြပါတယ်။ ဒါကလည်း လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ဖန်ဆင်းရှင်ဟာ အဖန်ဆင်းခံတွေနဲ့မတူပါဘူး၊ ဖန်ဆင်းရှင်မှာ လိုအပ်ချက် မရှိပါဘူး၊ ဒါကြောင့် သားသမီး မမွေးဖွားပါဘူး။

ဖန်ဆင်းရှင်ဟာ အဖန်ဆင်းခံများနှင့်မတူ ထူးခြားကွဲပြားသည့် သဘောတရားကို ရှင်းလင်းပြရန် နောက်တစ်ချက်ရှိပါတယ်။ ဥပမာအနေနဲ့ လူတစ်ယောက်ဟာ ထိုင်ခုံတစ်လုံး သို့မဟုတ် စားပွဲတစ်လုံး ပြုလုပ်တယ်ဆိုပါစို့၊ သူဟာ အဲ့ဒီ ထိုင်ခုံ သို့မဟုတ် စားပွဲ ဖြစ်လာမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဖန်တီးပြုလုပ်တဲ့ အရာတွေနဲ့ ကွဲပြားခြားနားပါတယ်။ အလားတူပါပဲ၊ ဖန်ဆင်းရှင်ဟာ စကြဝဠာကို ဖန်ဆင်းခဲ့ပြီး သူဟာ ဒီစကြဝဠာနဲ့ ၎င်းအတွင်းရှိ အရာအားလုံးနဲ့မတူ ကွဲပြားခြားနား ပါတယ်။

စိတ်ဝင်စားဖွယ်ကောင်းတဲ့ အချက်တစ်ခုက ဖန်ဆင်းရှင်ကို ယုံကြည်ခြင်းဟာ လူသားတိုင်းရဲ့ ပင်ကိုယ် သဘာဝဖြစ်တယ်လို့ ကုရ်အာန်က ဆိုထားပါတယ်။

**“သို့ဖြစ်ရာ အသင်သည်မိမိ၏မျက်နှာကို ဖြောင့်မတ်မှန်ကန်သော သာသနာဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ထားပါလေ။ ဤသည် လူသားတို့ကို အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသော သဘာဝဓမ္မနှင့် ကိုက်ညီသော သာသနာပင် ဖြစ်လေသည်။” (ကုရ်အာန် ၃၀:၃၀)**

တကယ်တော့ ဒီအယူအဆကိုထောက်ခံနေတဲ့ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်း ဆိုင်ရာနှင့် မနုဿဗေဒဆိုင်ရာ အထောက်အထားတွေ ရှိနေပါတယ်။ ဘာသာရေး စိတ်ပညာတွင် အလွန်ကျွမ်းကျင်သော အောက်စဖို့ဒ်တက္ကသိုလ်မှ စိတ်ပညာရှင် အိုလီဗရာပက်ထရိုဗစ်ချ် (Olivera Petrovich) က ဖန်ဆင်းရှင်တည်ရှိမှုနှင့် လူသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုကို လေ့လာခဲ့တဲ့အခါ မွေးကင်းစကလေးတွေမှာ ဘုရားသခင် ဖန်ဆင်းရှင်ကို ယုံကြည်မှုဟာ ပါလာပြီးသားဖြစ်ပြီး ဘုရားမဲ့ဝါဒမှာမူ သင်ယူမှသာ ရနိုင်ကြောင်းကို တွေ့ရှိခဲ့ပါတယ်။

ပါမောက္ခ ဂျပ်စ်တင်ဘာရတ် (Justin Barrett) က ကလေးတွေရဲ့ အပြုအမူနဲ့ အပြောအဆိုတွေကို သုတေသနတချို့ ပြုလုပ်ခဲ့ပြီးနောက် ကလေးတွေဟာ “သဘာဝရဲ့ ဘာသာတရား”လို့ ခေါ်တဲ့အရာကို ယုံကြည်ကြတယ်လို့ ကောက်ချက်ချပါတယ်။

အဲဒီအရာကတော့ စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်တစ်ပါးရှိပြီး အဲ့ဒီပုဂ္ဂိုလ်ဟာ လူမဟုတ်၊ လူသားတွေနဲ့လည်းမတူဘဲ သာလွန်မြင့်မြတ်တဲ့အရှင်၊ သဘာဝလွန်စွမ်းအား တစ်ခု ဖြစ်ပါတယ်။

**“ကလေးတွေရဲ့ ဖွံ့ဖြိုးဆဲ ဉာဏ်နဲ့ သဘာဝလွန်ယုံကြည်မှုတွေကို သိပ္ပံနည်းကျ လေ့လာသုတေသနလုပ်တဲ့အခါ ကလေးတွေဟာ ပုံမှန်အားဖြင့် သဘာဝလွန် စေတမန်တွေကို ယုံကြည်ဖို့ အထောက်အကူဖြစ်စေတဲ့ ဉာဏ်တွေကို လျှင်မြန်စွာပဲ ရရှိလာတယ်လို့သိရပါတယ်။ သူတို့တစ်နှစ်ပြည့်ပြီး မကြာခင်မှာပဲ အစီအစဉ်တကျ မရှိတာတွေကို အစီအစဉ်တကျဖြစ်အောင် စွမ်းနိုင်တာဟာ သဘာဝစွမ်းအားတွေ၊ သာမန် အရာဝတ္ထုတွေမဟုတ်နိုင်ဘူး။ စေတမန်တွေ ရှိရမယ်ဆိုတာကို နားလည်လာပုံရပါတယ်၊ ဖန်ဆင်းရှင်ဟာ ဘယ်သူလဲ?... လူတွေဟာ အဲ့ဒီလောက် စွမ်းနိုင်တဲ့သူတွေ မဟုတ်ဘူးဆိုတာ ကလေးတွေကသိပါတယ်။ ဖန်ဆင်းရှင် ဘုရားသခင်တစ်ပါး ရှိရမယ်... ကလေးတွေဟာ “သဘာဝရဲ့ဘာသာတရား” လို့ ကျွန်တော် အမည်ပေးထားတဲ့ အယူအဆကို မွေးရာပါ ယုံကြည်ကြတာ ဖြစ်ပါတယ်။”**

ရုရှားကွန်မြူနစ်နဲ့ တရုတ်ကွန်မြူနစ်ရဲ့ ဘုရားမဲ့ဝါဒကို ပြန်ကြည့်ရအောင်။ ဆိုဗီယက် ပြည်ထောင်စုဟာ ဘာသာတရားယုံကြည်မှုကို ချေမှုန်းပြီး ဘုရားမဲ့ဝါဒကို အစားထိုးဖို့ ကြိုးစားခဲ့တဲ့ ပထမဆုံးနိုင်ငံ ဖြစ်ပါတယ်။ ရုရှားအင်ပါယာရဲ့ လူအများစုဟာ ကွန်မြူနစ်တော်လှန်ရေးကာလမှာ ဘာသာတရား ယုံကြည်သူများ ဖြစ်ကြပါတယ်။ အဲဒီနောက် ကွန်မြူနစ်တွေဟာ ဘာသာရေးအဖွဲ့အစည်းတွေအားလုံးရဲ့ အာဏာကို ချိုးဖျက်ပြီး နောက်ဆုံးမှာ ဘာသာမဲ့၊ ဘုရားမဲ့ဝါဒကို အစားထိုးဖို့ ရည်ရွယ်ခဲ့ပါတယ်။ အဲ့ဒီရည်ရွယ်ချက်နဲ့ ကွန်မြူနစ် အစိုးရဟာ ဘုရားကျောင်းပိုင်ဆိုင်မှုတွေကို သိမ်းယူခြင်း၊ ဘာသာရေးကို လှောင်ပြောင်သရော်ခြင်း၊ ဘာသာတရား ယုံကြည်သူများကို နှောင့်ယှက်ခြင်း စတာတွေ ပြုလုပ်ပြီး စာသင်ကျောင်းတွေမှာ ဘုရားမဲ့ဝါဒဖြန့်မှုတွေ လုပ်ခဲ့ကြပါတယ်။ ဘုရားမဲ့ဝါဒနှင့် ပတ်သက်ပြီး ဝေဖန်ခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့ပြီး တစ်ခါတရံ ထောင်သွင်းအကျဉ်းချတာတွေအထိ ရှိခဲ့ပါတယ်။ အဲဒီလောက်

ဘာသာရေးကို ဆန့်ကျင်နေပေမယ့်လည်း ဘုရားမဲ့ဝါဒီတွေမှာ ကုရ်အာန်က ဟောကြားထားတဲ့ သဘာဝအခြေအနေနှင့် ဆက်နွယ်နေတဲ့ ခဝပ်ကိုးကွယ်မှုဗီဇလို့ ခေါ်တဲ့ အရိပ်အယောင်တွေ ရှိနေပါသေးတယ်။ ဥပမာအနေနဲ့ သူတို့ဟာ သူတို့ရဲ့ စတာလင်နဲ့ လီနင် ရုပ်ထုကြီးတွေကို ရှိခိုးမတတ် အလေးပေးကြတာ တွေ့ရပါတယ်။ မတူညီတဲ့ ယဉ်ကျေးမှုတွေကို လေ့လာကြည့်တဲ့အခါ ဒီကိုးကွယ်မှုဗီဇက ပါလာစမြဲဆိုတာ သင်တွေ့နိုင်ပါတယ်။ ဘာသာမဲ့ဝါဒမှာတောင် ဒီဗီဇက လွှမ်းမိုးနေကြောင်း ထင်ရှား ပါတယ်။

ကွန်မြူနစ်ဝါဒ ကျဆုံးချိန်ကစပြီး ယနေ့အချိန်ထိ ရုရှားမှာ ဘာသာတရား ကိုးကွယ်ယုံကြည်မှုဟာ လျှင်မြန်စွာ ပြန်လည်ရှင်သန်လာတာကို တွေ့ရပါတယ်။ ဖန်ဆင်းရှင်ကို ယုံကြည်မှုဟာ အယူအဆတစ်ခုထက် မပိုဘူးဆိုရင်၊ ယုံကြည်ကိုးကွယ်မှု တွေဟာ မိဘတွေရဲ့ မှိုင်းတိုက်ခံရခြင်းသာ ဖြစ်မယ်ဆိုရင် ကွန်မြူနစ်တွေရဲ့ မျိုးဆက် လေး၊ငါး၊ခြောက်ခုအထိ ကြိုးစားအားထုတ်မှုတွေက ဒီအချိန်မှာ ဘာသာတရားယုံကြည်မှု တွေကို အဆုံးမသတ်နိုင်ပဲ ရှိပါဦးမလား?

ဒီအထောက်အထား အားလုံးဟာ နောက်ဆုံး သုံးသပ်ချက် တစ်ခုတည်းကိုပဲ ဦးတည်သွားပါတယ်။ ဖန်ဆင်းရှင်ရှိကြောင်း ယုံကြည်ဖို့အတွက် လူသားတွေကို သင်ပေးဖို့ မလိုအပ်ပါဘူး။ ဒီဗီဇဟာ လူသားတွေမှာ သဘာဝအလျှောက် ပါလာပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ဖန်ဆင်းရှင်အကြောင်း တွေးတောဆင်ခြင်တဲ့အခါ မေးခွန်းဟာ **"ဖန်ဆင်းရှင် တည်ရှိသလား?"** မဟုတ်ဘဲ "**ဖန်ဆင်းရှင် တည်ရှိတယ်ဆိုတာကို ငြင်းဆန်ဖို့ ကျွန်တော်တို့မှာ ဘာအကြောင်းပြချက်ရှိလဲ?"**လို့ ဖြစ်သင့်ပါတယ်။ ဘာကြောင့်လဲဆို တော့ ဖန်ဆင်းရှင်ရဲ့တည်ရှိမှုဟာ မှန်ကန်ကြောင်း ကိုယ်တွေ့မျက်မြင် ထင်ရှားနေလို့ပါပဲ။

# တမန်တော်များ နှင့် ရှေးကလူမျိုးစုများ၏အတ္တုပ္ပတ္တိများ

ခေတ်ကာလတိုင်းမှာ ကမ္ဘာပေါ်ရှိ လူမျိုးစုအသီးသီးဆီကို ဖန်ဆင်းရှင်ထံက တမန်တော်တစ်ပါး စေလွှတ်ခြင်း ခံခဲ့ရကြောင်း ကုရ်အာန်မှာ ဖော်ပြထားပါတယ်။

**“စင်စစ်သော်ကား ငါအရှင်မြတ်သည် လူမျိုးတိုင်းတွင် တမန်တော်တစ်ပါးကို စေလွှတ်တော်မူပြီး အသင်တို့သည် အခြားကိုးကွယ်ရာ များကို စွန့်လွှတ်ပယ်ရှား၍ (တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်ဟု ဟောကြားစေတော်မူခဲ့လေသည်။” (ကုရ်အာန် ၁၆:၃၆)**

အထက်ပါ ကျမ်းပိုဒ်က ဘုရားသခင်ရဲ့ ဗျာဒိတ်တော်များကို လူသားတွေဆီ ပို့ချတဲ့အခါမှာ တမန်တော်များရဲ့ အခန်းကဏ္ဍဟာ အရေးပါကြောင်း ညွှန်ပြနေပါတယ်။ ဖန်ဆင်းရှင် ပထမဆုံးစေလွှတ်တော်မူခဲ့တဲ့ တမန်တော်အာဒမ်မှ စပြီး နောက်ဆုံး တမန်တော်မုဟမ္မဒ်အထိ လူတို့ကို ဖန်ဆင်းရှင်တစ်ပါးတည်းသာရှိကြောင်း ယုံကြည် လက်ခံဖို့၊ တစ်ပါးတည်းသော စစ်မှန်သည့် ဖန်ဆင်းရှင်ကိုသာ ကိုးကွယ်ကြဖို့၊ ရုပ်တု၊ နတ် အစရှိတဲ့ အဖန်ဆင်းခံတွေကို မကိုးကွယ်ကြဖို့ အဓိကထား ပြောကြားခဲ့ကြပါတယ်။

မွတ်စလင်မ်တွေဟာ တမန်တော်အီဗရာဟီမ်(Abraham)၊ တမန်တော်မူဆာ (Moses)၊ တမန်တော်အီဆာ(Jesus) တို့ကို ဖန်ဆင်းရှင်ရဲ့ မြင့်မြတ်သော တမန်တော်တွေ အဖြစ် အထွတ်အမြတ်ထား လေးစားကြကြောင်း အခြားဘာသာဝင် အများစုက မသိကြပါဘူး။ အဲ့ဒီတမန်တော်တွေဟာ လူသားတွေထဲမှာ အမွန်မြတ်ဆုံးသော သူတွေဖြစ်ပြီး သူတို့အားလုံးကို တန်းတူ ဂုဏ်ပေးလေးစားကြဖို့ ကုရ်အာန်ကျမ်းမြတ်မှာ ဆုံးမထားပါတယ်။

**“(အို-မွတ်စလင်မ်အပေါင်းတို့) အသင်တို့သည် ဤသို့ပြောဆိုကြပါ။ ကျွန်တော်တို့ သည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ကြပါသည်။ အကျွန်တော်တို့ထံ ချပေးခြင်း**

**ခံရသော (ကုရ်အာန်ကျမ်းမြတ်)ကိုလည်း ယုံကြည်ကြပါသည်။ ထို့ပြင် တမန်တော် အိဗ်ရာဟီမ်၊ တမန်တော်အစ္စမာအီလ်၊ တမန်တော်အစ္စဟာကဲ၊ တမန်တော်ယအ်ကူဗ်နှင့် ၎င်း၏ အမျိုးအနွယ်သားမြေးတို့ထံ ထုတ်ပြန်ပို့ချခြင်းခံရသော တရားဒေသနာတော်များကိုလည်း ယုံကြည်ကြပါသည်။ ထို့ပြင် တမန်တော်မူစာနှင့် တမန်တော်အီစာတို့အား ပေးသနားတော်မူခြင်း ခံရသော တရားဓမ္မများကိုလည်း ယုံကြည်ကြပါပြီ။ သို့သာမက အကျွန်တော်တို့သည် တမန်တော်အပေါင်းတို့ထံသို့ ထိုတမန်တော်များကို မွေးမြူတော်မူသော အရှင်၏ထံတော်မှ ပေးသနားတော်မူခြင်းခံရသော တရားဒေသနာတော်များကိုလည်း ယုံကြည်ကြပါပြီ။ (ထိုသို့ယုံကြည်ရာ၌) <u>အကျွန်တော်တို့သည် ၎င်းတမန်တော်များကို တစ်ဦးနှင့်တစ်ဦး လုံးဝ ခွဲခြားခြင်းလည်း မပြုကြပါ၊</u> အမှန်သော်ကား ကျွန်တော်တို့သည် ထိုအလ္လာဟ်အရှင်မြတ်၏ ဒေသနာတော်ကိုသာလျှင် လိုက်နာသူ မွတ်စလင်မ်များပင် ဖြစ်ကြပါသည်။” (ကုရ်အာန် ၂:၁၃၆)**

ကုရ်အာန်နှင့် အခြားကျမ်းစာများမှာ တူညီတဲ့ အချက်တစ်ခု ရှိပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ကို ဗျာဒိတ်တော်ချပေးခဲ့တဲ့ ဖန်ဆင်းရှင်ဟာ တမန်တော် အီဗရာဟီမ်၊ တမန်တော်မူဆာ၊ တမန်တော်အီဆာတို့ကို ဗျာဒိတ်တော်များ ချပေးတော်မူခဲ့တဲ့ အရှင်သာဖြစ်တော်မူကြောင်း ထင်ရှားနေပါတယ်။ ဒီပုဂ္ဂိုလ်မွန်တွေဟာ ရိုးသားဖြောင့်မတ်မှု၊ မှန်ကန်မှု၊ သမာဓိရှိမှုတို့ကြောင့် လူသားတို့ထဲမှာ အကောင်းဆုံးသော သူများအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ သို့ပေမယ့် သူတို့ဟာ လူသားများသာ ဖြစ်ပြီး ဖန်ဆင်းရှင်ရဲ့ တန်ခိုးဂုဏ်ရည်တော်တွေ သူတို့မှာ မရှိကြပါဘူး။

ကုရ်အာန်မှာ ဖော်ပြထားတဲ့ အရေးအကြီးဆုံး ပုဂ္ဂိုလ်တွေထဲက တစ်ဦးဟာ တမန်တော်အီဆာ(အ) (ယေရှုခရစ်တော်) ဖြစ်ပါတယ်။ အမှန်တော့ အစ္စလာမ်ဟာ ကမ္ဘာ့ကိုးကွယ်ရာ ဘာသာတရားတွေထဲမှာ ပြိုင်စံကင်းတဲ့ နေရာမှာရှိနေတယ်၊ ဘာကြောင့်ဆို ခရစ်ယာန်ဘာသာကလွဲလို့ ခရစ်တော်ကို ဘုရားသခင်ရဲ့ မွန်မြတ်လှတဲ့ စေတမန်တော်(မေရှိယ) အဖြစ် အသိအမှတ်ပြုတဲ့ တစ်ခုတည်းသော ဘာသာတရားဖြစ်နေတာကြောင့်ပါ။ မေရှိယ(Messiah)ဆိုသည်မှာ ဂျူးလူမျိုးတွေကို ဘုရားသခင်

ဘက်တော်သို့ တရားပြမယ့်သူ၊ ကယ်တင်မယ့်သူကို ခေါ်ဆိုတာဖြစ်ပါတယ်။ အစ္စလာမ်နှင့် ခရစ်ယာန်မှာ တူညီမှုများစွာ ရှိနေပေမယ့် ကုရ်အာန်က ပြဆိုထားတဲ့ ခရစ်တော်ရဲ့ သဘောသဘာဝနှင့် ပတ်သက်တဲ့ အယူအဆမှာ အဓိကအားဖြင့် ကွဲလွဲနေပါတယ်။ ခရစ်တော်ဟာ ဖန်ဆင်းရှင်စေလွှတ်တော်မူခဲ့တဲ့ လူသားတမန်တော် တစ်ပါးသာဖြစ်ကြောင်း၊ ဘုရားသခင် ဖန်ဆင်းရှင်မဟုတ်ကြောင်း ကုရ်အာန်မှာ ရှင်းလင်းပြထားပါတယ်။

**"မရ်ယမ်၏သားတော် မစီဟ်သည် တမန်တော်တစ်ပါးမျှသာ ဖြစ်၏။ ၎င်း၏အရင်လည်း (အခြားသော) တမန်တော်တို့ မုချ ပွင့်ခဲ့ကြလေသည်။ ထို့ပြင် ၎င်း၏မိခင် (မရ်ယမ်)သည် သစ္စာသမာဓိနှင့် အထူးပြည့်စုံသော မိန်းမမြတ်တစ်ဦး ဖြစ်သည်။ ၎င်းတို့(သားအမိ) နှစ်ဦးလုံးသည် (အခြားလူသားများကဲ့သို့ပင်) အစားအစာကို စားသုံးလေ့ရှိခဲ့ကြ၏။ (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် ထို(ခရစ်ယာန်)တို့ရှေ့ဝယ် သက်သေသာဓကများကို မည်ကဲ့သို့ ရှင်းလင်းဖော်ပြတော်မူသည်ကို အသင်ရှုပါလေ။ ထို့နောက်တစ်ဖန် ယင်းသူတို့သည် (မှန်ကန်သော တရားလမ်းစဉ်ကိုစွန့်၍) အဘယ်သို့ပြန်လှည့်သွားကြသည်ကိုလည်း အသင်ရှုပါလေ။" ( ၅ : ၇၅ )**

ကုရ်အာန်ရဲ့ လှပတဲ့ အရည်အသွေးများစွာထဲက တစ်ခုဖြစ်တဲ့ ရိုးရှင်းမှုကို ဒီကျမ်းပိုဒ်မှာတွေ့ရပါတယ်။ ကုရ်အာန်ကျမ်းမှာ ကလေးကနေ အရွယ်ရောက်ပြီးသူတွေအထိ၊ ပညာရှင်တွေကနေ နောက်လိုက်တွေအထိ အသက်အရွယ်အမျိုးမျိုး၊ နောက်ခံအခြေအနေအမျိုးမျိုးက လူတိုင်းအတွက် သတင်းစကားတစ်ခု ပါဝင်ပါတယ်။ ခရစ်တော်ဟာ အစားစားဖို့လိုအပ်ကြောင်း ကုရ်အာန်ရဲ့ဥပမာဟာ သေချာ စဉ်းစားကြည့်မယ်ဆိုရင် အမှန်တကယ် လေးနက်လှပါတယ်။ အစားစားခြင်းကဲ့သို့ လိုအပ်ချက်ရှိသူတစ်ဦးဟာ ဖန်ဆင်းရှင်ဘုရားသခင် မဖြစ်နိုင်ဘူး။ မိမိရဲ့လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သူဟာ ဘုရားသခင်ဖန်ဆင်းရှင် ဘယ်လိုဖြစ်နိုင်မလဲ? ခရစ်တော်ဟာ ဆာလောင်ခြင်းကြောင့် အသက်သေဆုံးနိုင်ပါတယ်။ သို့ပေမယ့် ဖန်ဆင်းရှင် ဘုရားသခင်

ဟာ အရာအားလုံးကို စွမ်းနိုင်တော်မူတဲ့ အရှင်ဖြစ်ပြီး သေဆုံးခြင်းမရှိ၊ အမြဲထာဝရ ရှင်သန်နေပါတယ်။

အရာရာကို စွမ်းနိုင်တယ်ဆိုရင် ဖန်ဆင်းရှင်ဟာ တမန်တော်တွေကို စေလွှတ်ဖို့ ဘာကြောင့် ရွေးချယ်ခဲ့တာပါလဲ? ကျမ်းစာတော်တွေကို ကောင်းကင်ဘုံကနေ လူသားတွေဆီ တိုက်ရိုက် ဘာကြောင့်ချမပေးခဲ့တာလဲ? လူသားတွေအတွက် တမန်တော်တွေဟာ မရှိမဖြစ် အရေးကြီးတဲ့ ဆရာတွေဖြစ်ကြတယ်။ ဗျာဒိတ်တော်ကို ရရှိပြီးသည့်မှန်သော်လည်း အဲ့ဒီဗျာဒိတ်တော်ရဲ့ မှန်ကန်တဲ့ သရုပ်ဖော်ရှင်းလင်းချက် ဥပမာတွေကို သင်ပြပေးမယ့် ဆရာလိုအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ လူသားတွေဟာ အဲ့ဒီကျမ်းစာပါ မိန့်ဆိုချက်တွေကို လက်တွေ့ဘဝမှာ သေချာစွာ လိုက်နာကျင့်သုံးနိုင်မှာ ဖြစ်တယ်။ စဉ်းစားကြည့်ပါ၊ ကလေးတွေကို အလ်ဂျီဘရာလို ရှုပ်ထွေးတဲ့ဘာသာရပ် ပြဋ္ဌာန်းစာအုပ်တွေပေးပြီး ဆရာတွေမရှိတဲ့ ကျောင်းကို ပို့လိုက်မယ်ဆိုပါစို့၊ အများစုဟာ စာအုပ်ထဲမှာပါတဲ့ အချက်အလက်တွေကို နားလည်ဖို့အတွက် အတော်ခက်ခက်ခဲခဲ ရုန်းကန်ကြိုးစားရမှာ သေချာပါတယ်။

တမန်တော်များရဲ့ အကြောင်းအရာတွေနဲ့အတူ၊ ကုရ်အာန်ကျမ်းမြတ်ထဲမှာ ရှေးယခင်က ဖန်ဆင်းရှင်ကို လက်ခံလိုက်နာခဲ့ကြတဲ့ လူမျိုးစုတွေအပြင် ဖန်ဆင်းရှင်နဲ့ တမန်တော်တွေကို လက်ခံရန် ငြင်းဆန်ပုန်ကန်ခဲ့ကြတဲ့ လူမျိုးစုတွေရဲ့ အကြောင်းအရာ တွေလည်း ပါဝင်ပါတယ်။ အဲ့ဒီစိတ်ဝင်စားဖွယ် အကြောင်းအရာတွေကို ဆင်ခြင်သုံးသပ် တဲ့အခါ အသိပညာနဲ့ သင်ခန်းစာယူစရာများစွာ ရရှိပါတယ်။

**"မုချကေန် ၎င်းတို့၏ အကြောင်းအထွေထွေပြုတ္တိများထဲတွင် ဆင်ခြင်သိမြင် နားလည်သူတို့အဖို့ (အကြီးအကျယ်) သင်ခန်းစာ ရှိပေသည်..." (ကုရ်အာန် ၁၂:၁၁၁)**

ကုရ်အာန်မှာပါဝင်တဲ့ အကြောင်းအရာတွေဟာ ကျွန်တော်တို့ကို ဖျော်ဖြေဖို့ ရည်ရွယ်ထားတာ မဟုတ်ပါ၊ ရှေးယခင်က လူသားတို့ပြုခဲ့သော အမှားတွေကိုကြည့်ပြီး အလားတူမကျူးလွန်မိဖို့၊ သင်ခန်းစာယူကြရမယ့် ဥပမာများအဖြစ် ဖော်ပြထားတာ ဖြစ်တယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ နောက်ဆုံးတမန်တော် ဖြစ်ကြောင်း ကုရ်အာန်က ကျွန်တော်တို့ကို ပြောပြပါတယ်။

**“(တမန်တော်)မုဟမ္မဒ်သည် အသင်တို့ ယောကျာ်းများအနက်မှ မည်သူ၏ဖခင်မှ မဟုတ်ပေ။ ထို့ပြင် တမန်တော်မုဟမ္မဒ်(ﷺ)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့် တမန်တော်အားလုံးကို အဆုံးသတ်သူ (နောက်ဆုံးပိတ်တမန်တော်) ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် အရာအားလုံးကို အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူသည်။” (၃၃ :၄၀)**

ဖန်ဆင်းရှင်ဟာ တမန်တော်မုဟမ္မဒ်(ﷺ) မတိုင်မီအရင်က တမန်တော်များစွာကို စေလွှတ်တော်မူခဲ့ပြီး တမန်တော်မုဟမ္မဒ်(ﷺ)ကို စေလွှတ်ပြီးတဲ့နောက်မှာတော့ နောက်ထပ်တမန်တော် စေလွှတ်ခြင်းမရှိတော့ပါဘူး။ အနာဂတ်မှာလည်း စေလွှတ်တော့မှာမဟုတ်ဘူးလို့ မိန့်ထားပါတယ်။ ဒါဟာ ဘာကြောင့်လဲ? တမန်တော်မုဟမ္မဒ်(ﷺ) မတိုင်မီက စေလွှတ်ခဲ့တဲ့ တမန်တော်တိုင်းဟာ သူတို့ရဲ့လူမျိုးစုအတွက်သာ စေလွှတ်ခံခဲ့ရခြင်းဖြစ်ခဲ့ပြီး လူသားထု တစ်ရပ်လုံးအတွက် မဟုတ်ခဲ့ပါဘူး။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ လူသားထုတစ်ရပ်လုံးအတွက် စေလွှတ်ခြင်းခံခဲ့ရတဲ့ တစ်ပါးတည်းသော တမန်တော် ဖြစ်ပါတယ်။

**“(အို-နဗီတမန်တော်) ငါအရှင်သည် အသင့်အား လူခပ်သိမ်းတို့အဖို့ ဝမ်းမြောက်ဖွယ်ရာ သတင်းပြောကြားသူအဖြစ်၊ သတိပေး နှိုးဆော်သူ အဖြစ် စေလွှတ်တော်မူခဲ့ခြင်း ဖြစ်သည်…” (၃၄း၂၈)**

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ သတင်းစကားဖြစ်တဲ့ ကုရ်အာန်ကျမ်းမြတ်ဟာ လူသားတို့ ဘဝနေထိုင်နည်းအတွက် ပြီးပြည့်စုံတဲ့ လမ်းပြဖြစ်ပါတယ်။ ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ် အမိန့်ရှိတော်မူတယ်။

**“ယနေ့သော်ကား ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ သာသနာကို ပြည့်စုံစေတော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်သည် မိမိ၏ကျေးဇူးတော်များကို အသင်တို့အဖို့ အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်သည် အစ္စလာမ်သာသနာကို အသင်တို့အဖို့ ‘ဒီန်’သာသနာတော်အဖြစ် သဘောတူ နှစ်မြို့တော်မူခဲ့လေပြီ။” (၅:၃)**

ပြည့်စုံသွားပြီဖြစ်တဲ့ အရာတွေကို ထပ်မံတိုးတက်လာအောင် ပြုပြင်ဖို့ မလိုအပ်ပါဘူး။ ဒါကြောင့် လူသားတို့ဆီကို နောက်ထပ် တမန်တော်တွေ စေလွှတ်ဖို့လည်း မလိုအပ်တော့ပါဘူး။

# နောင်တမလွန်

လူသားတွေမှာ ဒီလောကရဲ့ ဘဝသက်တမ်းကို ကျော်လွန်ပြီး နောင်တမလွန် ဘဝတည် ရှိနေကြောင်း ကုရ်အာန်မှာပါရှိပါတယ်။ ကျွန်တော်တို့အားလုံးဟာ သေဆုံးပြီးနောက် ဖန်ဆင်းရှင်ထံ ပြန်ကြရမှာ ဖြစ်ပါတယ်။

**"သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏ အရသာကို မြည်းစမ်းရမည့်သူများ ဖြစ်ကြသည်။ စင်စစ် ငါအရှင်မြတ်သည် အသင်တို့အား ဆိုးသော အခြေအနေဖြင့် လည်းကောင်း၊ ကောင်းသောအခြေအနေဖြင့် လည်းကောင်း (ကြုံဆုံစေ၍ကောင်းစွာ) စမ်းသပ်တော်မူမည်။ ထို့ပြင် အသင်တို့သည် ငါအရှင်မြတ် အထံတော်သို့သာ ပြန်လည်ရောက်စေခြင်းကို ခံကြရပေမည်။" (ကုရ်အာန် ၂၁:၃၅)**

ဒါဆိုရင် ဒီလောကမှာ လူသားရဲ့မတည်မြဲတဲ့ ခဏတာဖြစ်တည်မှုဟာ ဘာအတွက်လဲ? လက်ရှိကျွန်တော်တို့ နေထိုင်ရှင်သန်နေရတဲ့ ဘဝရဲ့ ရည်ရွယ်ချက်က ဘာလဲ? ဖန်ဆင်းရှင်က ကျွန်တော်တို့ကို အမြဲထာဝရနေရမယ့် နောင်တမလွန်မှာပဲ ဘာကြောင့် မဖန်ဆင်းခဲ့တာလဲ? ဒီကမ္ဘာပေါ်မှာ ရှိနေစဉ် ကျွန်တော်တို့ဟာ စမ်းသပ်ခံနေရခြင်း ဖြစ်တယ်လို့ ကုရ်အာန်က ပြောပါတယ် :

**"ငါအရှင်မြတ်သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်စရာ အနည်းငယ်ဖြင့်၊ ငတ်မွတ်မှုဖြင့်၊ ပစ္စည်းဥစ္စာ၊ အသက်နှင့် သစ်သီးဝလံများ လျော့နည်းစေခြင်းတို့ဖြင့် မုချ စမ်းသပ်တော်မူမည်။ ထို့ပြင် ကြံ့ကြံ့ခံ ရပ်တည်ကြ သူများကို သတင်းကောင်းပေးလိုက်ပါလေ။ ထိုကြံ့ကြံ့ခံရပ်တည်ကြသူများ၏ အခြေအနေမှာ သူတို့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာ ကျရောက်လာလျှင် ကျွန်တော်တို့သည် အလ္လာဟ်၏ ပိုင်ဆိုင်မှုသာဖြစ်ပြီး အမှန်ပင် ကျွန်တော်တို့သည် ထိုအရှင်မြတ်ထံတော်သို့ ပြန်လည် သွားကြရမည့် သူများ ဖြစ်ကြပါသည်ဟု ပြောလေ့ရှိကြသည်။" (ကုရ်အာန် ၂:၁၅၅-၁၅၆)**

တွေးကြည့်မယ်ဆိုရင် စမ်းသပ်မှုတစ်ခု ပြုလုပ်ခြင်းရဲ့ ရည်ရွယ်ချက်ဟာ စမ်းသပ်သူက စမ်းသပ်ခံရသူ၏ အခြေအနေ တစ်ခုခုကို သိရှိဖို့ ဖြစ်ပါတယ်။ သို့ပေမယ့် ဘုရားသခင် ဖန်ဆင်းရှင်ဟာ လူသားတွေလို မဟုတ်ပါဘူး၊ အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့စိတ်တွေရဲ့ အတွင်းအကျဆုံး အတွေးတွေကိုပါ သိရှိတော်မူပါတယ်။ အမှန်ပင် ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ ကိုယ်တိုင်ထက် ကျွန်တော်တို့ကို ပိုးပြီးတော့ သိတော်မူပါတယ်။

**“ကေန်စင်စစ် ငါအရှင်သည် လူသားကို ဖန်ဆင်းထားတော်မူခဲ့သည် ဖြစ်ရာ သူ့စိတ်တွင်မသိမသာ ပေါ်ပေါက်သော စကားများကိုပင် ငါအရှင်သိတော်မူသည်။ ငါအရှင်သည် သူ၏ လည်ချောင်းသွေးကြောထက်ပင် သူနှင့်ပို၍ နီးကပ်စွာ ရှိတော်မူသည်။” (ကုရ်အာန် ၅၀:၁၆)**

ဒါကြောင့် အစမှာ မေးခဲ့တဲ့ “ကျွန်တော်တို့ဟာ ဘာကြောင့် ဖန်ဆင်းရှင်ကို ခဝပ်ဆည်းကပ်ဖို့ ဖန်ဆင်းခြင်း ခံရတာလဲ?”ဆိုတဲ့ မေးခွန်းအတွက် အဖြေကတော့ ဖန်ဆင်းရှင်ကို ခဝပ်ဆည်းကပ်ခြင်းဟာ ဖန်ဆင်းရှင်ရဲ့ အကျိုးထက် ကျွန်တော်တို့ရဲ့ အကျိုးအတွက် ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ကို စမ်းသပ်ခြင်း၊ ဘေးဒုက္ခ အခက်အခဲများနှင့် ရင်ဆိုင်စေခြင်းမှာ အကြောင်းအရင်းများ ရှိပါတယ်။ အဲဒီ စမ်းသပ်မှုတွေက ဘယ်သူတွေဟာ စစ်မှန်တဲ့ ယုံကြည်သူတွေဖြစ်ပြီး ဘယ်သူတွေဟာ အတုအယောင်ဖြစ်သလဲ ဖော်ထုတ်ရန်အတွက် ဖန်ဆင်းရှင်ရဲ့ အမြော်အမြင်ကြီးမားတဲ့ အစီအစဉ်တွေပဲ ဖြစ်ပါတယ်။

**“လူတို့က ‘ကျွန်တော်တို့သည် သက်ဝင်ယုံကြည်ခဲ့ကြပါပြီ’ဟု ပြောကြသောကြောင့် မိမိတို့မှာ စမ်းသပ်ခြင်း မခံကြရဘဲ လွှတ်ထားခံကြရမည်ဟု ထင်မှတ်ကြလေသလော။ မုချကေန် ငါအရှင်မြတ်သည် ၎င်းတို့အလျင် ရှိခဲ့ကြကုန်သော သူတို့အား စမ်းသပ်တော်မူခဲ့၏။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် မှန်ကန်စွာ ပြောဆိုကြသော သူတို့အား ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။ ထိုမှတစ်ပါး**

**ကောန်မုချ ထိုအရှင်မြတ်သည် မုသာဝါဒီတို့အားလည်း ခွဲခြားသိမြင်အောင် ပြုလုပ်တော်မူပေမည်။ "(ကုရ်အာန် ၂၉း ၂-၃)**

ဒုက္ခ၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရခြင်းဟာ လူသားတို့ကို ဒီလောကရဲ့ စည်းစိမ်တွေထဲမှာပဲ နစ်မွန်းမနေဘဲ အရှင်မြတ်ထံတော်က ကောင်းချီးမင်္ဂလာတွေကို တန်ဖိုးထားတတ်၊ ကျေးဇူးတင်တတ်ဖို့ သတိပေးရာ ရောက်ပါတယ်။ ဥပမာအနေနဲ့ မိတ်ဆွေရဲ့လက်ထဲမှာ ဒီစာအုပ်ရှိနေခြင်းဟာ မိတ်ဆွေ ဒီစာအုပ်ကို ဖတ်နိုင်ဖို့ ကောင်းချီးပေးခံရခြင်း ဖြစ်ပါတယ်။

**"စင်စစ် ငါအရှင်မြတ်သည် လူသားတို့အပေါ်၌ ကျေးဇူးပြုတော်မူသောအခါ သူသည် မျက်နှာလွှဲ၍ အဝေးသို့ ရှောင်ဖယ်သွားလေ့ရှိ၏။ သို့သော် ၎င်း၌ ဘေးဒုက္ခတစ်စုံတစ်ရာ သက်ရောက်လာသောအခါ ၎င်းသည် ရှည်လျားကျယ်ဝန်းစွာ တောင်းဆုဒိုအာပြုသူ ဖြစ်သွားလေ့ ရှိပေသတည်း။" (ကုရ်အာန် ၄၁း၅၁)**

ဘာကြောင့်လဲဆိုတော့ လူသားဟာ ယေဘုယျအားဖြင့် စိတ်မရှည်သူဖြစ်တယ်။ ရေရှည်ကို မမြင်တတ်ဘူး။ ကျွန်တော်တို့ဟာ စမ်းသပ်ခံရမှုတစ်ခုကို ခံနေရချိန်မှာ အဆိုးလို့ ထင်မှတ်နေပေမယ့် အမှန်စင်စစ် အဲဒီစမ်းသပ်မှုက ကျွန်တော်တို့ကောင်းဖို့အတွက် ဖြစ်လာတာ ဖြစ်နေနိုင်ပါတယ်။

**"သို့ရာတွင် အသင်တို့သည် တစ်စုံတစ်ရာကို ရွံရှာစက်ဆုပ်သော်လည်း စင်စစ်မှာထိုအရာသည် အသင်တို့အဖို့ အကောင်းဖြစ်တန်ရာ၏။ ထိုနည်း တူပင် အသင်တို့သည် တစ်စုံတစ်ရာကို နှစ်သက် သော်လည်း စင်စစ်မှာ ထိုအရာသည် အသင်တို့အဖို့ အဆိုးဖြစ်တန်ရာသည်။ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ် သည်သာလျှင် (အကောင်း နှင့်အဆိုးကို တပ်အပ်သေချာစွာ) သိရှိတော်မူ၏။ အသင်တို့မှာမူ မသိကြပေ။" (ကုရ်အာန် ၂း၂၁၆)**

နောက်ဆုံးတချက်က ဒုက္ခနှင့် အခက်အခဲ တွေအားလုံးဟာ ဖန်ဆင်းရှင်ထံက မဟုတ်ကြောင်း သိရှိမှတ်သားထားရပါမယ်။ ကျွန်တော်တို့ ကြုံတွေ့ရတဲ့ အချို့သော စမ်းသပ်ခံရမှုတွေဟာ ကျွန်တော်တို့ အပြုအမူတွေရဲ့ တိုက်ရိုက် အကျိုးသက်ရောက်မှု တွေပဲ ဖြစ်တယ်။ ဥပမာ- လူတစ်ဦးဟာ ညမှာ အရက်အလွန်အကျွံသောက် မယ်ဆိုရင် နောက်နေ့မနက်မှာ အရက်နာကျနေမှာကို သေချာပေါက် မျှော်လင့်ထားရမှာပါပဲ။

**"စင်စစ် အသင်တို့၌ သက်ရောက်လေ့ရှိသော ဘေးဒုက္ခဟူသရွေ့သည် အသင်တို့၏ လက်များကရှာ ဖွေခဲ့သော အပြုအမူတို့ကြောင့်ပင် သက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုပြင်အရှင်မြတ်သည် များစွာသော ပြစ်မှုများကိုမူ ခွင့်လွှတ်တော်မူ၏။" (ကုရ်အာန် ၄၂:၃၀)**

ဒီလောကမှာ ကြုံတွေ့ရတဲ့ စမ်းသပ်ခံရမှုတွေဟာ လူတွေရဲ့ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက်အဓိကဖြစ်ကြောင်း သိမြင်နိုင်ပါတယ်။ ပူပြင်းသောမီးက သဘာဝ အလျောက် ပေါင်းစည်းတည်ရှိနေတဲ့ သတ္တုရိုင်းကနေ ရွှေစင်ကို ခွဲထုတ်ပေးသလို ကျွန်တော်တို့သာ စိတ်ရင်းမှန်ကန်ပါက စမ်းသပ်မှုများဟာ ကျွန်တော်တို့ရဲ့ စိတ်ဝိညာဉ်ကို သန့်စင်ပေးမှာဖြစ်ပါတယ်။

မိတ်ဆွေ တွေးတောနေပါလိမ့်မယ်၊ ဒီစမ်းသပ်မှုတွေ အပြီးမှာ ဘာဖြစ်မလဲ? ကျွန်တော်တို့ရဲ့ ဘဝတွေ ပြီးဆုံးသွားရင် ဘာဖြစ်မလဲ? ကျွန်တော်တို့ကျောင်းမှာ စာမေးပွဲတွေ ဖြေရသလိုပါပဲ။ ကျွန်တော်တို့ရဲ့ ဖြေဆိုနိုင်မှုကို တွက်ချက်ပြီး ရလဒ်များကို ထုတ်ပေးပါတယ်။ ကုရ်အာန်ကျမ်းမြတ်ထဲမှာ အဆုံးအဖြတ်ပေးမည့်နေ့ဟု ရည်ညွှန်းဖော်ပြထားတဲ့ နေ့တစ်နေ့ဟာ မုချ ဆိုက်ရောက်လာပါလိမ့်မယ်။ အဲ့ဒီနေ့ဟာ အင်မတန် အရေးကြီးတဲ့ နေ့ဖြစ်ပြီး အဲ့ဒီနေ့မှာ လူသားမျိုးနွယ်တစ်ခုလုံးဟာ သေဆုံးပြီးရာမှ တဖန်ရှင်ပြန်ထကြရမှာ ဖြစ်တယ်။

**"(အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည်ပင် အသင်တို့အား ရှင်စေတော်မူသည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင် အသင်တို့အား**

**သေစေတော်မူမည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဒွိဟသံသယ အလျဉ်းမရှိသော ရှင်ပြန်ထမည့်နေ့တွင် စုရုံးတော်မူပေမည်။ သို့ရာတွင် အများစုမှာမူ သိရှိကြသည် မဟုတ်ပေ။" (ကုရ်အာန် ၄၅:၂၆)**

အဲ့ဒီနေ့ ဆိုက်ရောက်လာမယ့် အချိန်ကို ဖန်ဆင်းရှင်တစ်ပါးတည်းသာ သိရှိတော်မူတယ်။

**"လူတို့သည် ကိယာမတ် ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်း၍ အသင့်အား မေးမြန်းကြကုန်၏။ အသင်သည် ပြောကြားပါလေ။ ယင်းကိယာမတ် ရှင်ပြန်ထမည့် အချိန်ကာလနှင့် စပ်လျဉ်းသော အသိပညာကား အလ္လာဟ်အရှင်မြတ်၌သာ ရှိ၏။ အသင်သည် အဘယ်ကဲ့သို့ သိနိုင်ပါအံ့နည်း။ စင်စစ် ရှင်ပြန်ထမည့်အချိန် ကာလသည် နီးကပ်လျက် ရှိတန်ရာသည်" (ကုရ်အာန် ၃၃:၆၃)**

ကျွန်တော်တို့ဘဝမှာ ပြုခဲ့တဲ့ ကိစ္စရပ် ဟူသမျှကို မှတ်သားထားမှာဖြစ်ပြီး အဲဒီနေ့မှာ မိမိတို့ ပြုခဲ့သမျှ၊ ပြောခဲ့သမျှတို့နဲ့ ပတ်သက်ပြီး ဖြေရှင်းရမှာ ဖြစ်ပါတယ်။

**"ထိုနေ့တွင် လူတို့သည် အုပ်စုအမျိုးမျိုးကွဲလျက် မိမိတို့ ကျင့်မူချက်တို့ကို ပြသခြင်း ခံကြရရန် ပြန်လာကြပေမည်။ (ထွက်ပေါ်လာကြပေမည်)။ သို့ဖြစ်ပေရာ မည်သူမဆို တစ်စုံတစ်ရာကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့သည်ရှိသော် ထိုသူသည်(မိမိကျင့်မူခဲ့သော) ထိုကောင်းမှုကို တွေ့မြင်ရပေမည်။ ထိုနည်းတူစွာ မည်သူမဆို တစ်စုံတစ်ရာ မကောင်းမှုကို အဏုမြူခန့်မျှပင် ပြုမူခဲ့ပါလျှင်လည်း ထိုသူသည် (မိမိပြုကျင့်ခဲ့သော) ယင်းမကောင်းမှုကို တွေ့မြင်ရမည်သာတည်း။" (ကုရ်အာန် ၉၉:၆-၈)**

လူ့လောကရဲ့ တရားခွင်တွေမှာ အချို့သောချမ်းသာသူများက ရဲသို့မဟုတ် တရားသူကြီး စသူတို့ကို လာဘ်ထိုးပြီး တရားမျှတစွာ ဆုံးဖြတ်ခြင်းကို ဟန့်တားနိုင်ကြပါတယ်။ အဲ့ဒီလို မဟုတ်ရင်လည်း သူတို့ကို အပြစ်လွတ်အောင် လိုက်ပေးမယ့်

ရှေ့နေကို ငှားရမ်းနိုင်ကြပါတယ်။ သို့ပေမယ့် ကမ္ဘာ့တရားခွင်နေ့မှာတော့ ဖန်ဆင်းရှင်ရဲ့ တရားမျှတစွာ စီရင်မှုကနေ လွတ်မြောက်နိုင်မယ့် နည်းလမ်း လုံးဝမရှိပါ။

**“ကေန်မုချ အကြင်သူတို့သည် သွေဖည် ငြင်းပယ်ခဲ့ကြပြီး သွေဖည်ငြင်းပယ်သူများ အဖြစ်နှင့်ပင် သေဆုံးကြ၏။ထိုသို့သော သူတို့အနက် တစ်ဦးဦးသည် (အပြစ်များမှချမ်းသာခွင့်ရရန်) ကမ္ဘာမြေနှင့်အပြည့် ရွှေကို (စုပုံ၍) လျော်ကြေးပေးပါက လည်း (အလ္လာဟ်အရှင်မြတ်သည်)အလျှင်း သဘောတူ လက်ခံတော်မူမည်မဟုတ်ပေ။ (အမှန်စင်စစ်) ယင်းသူတို့အဖို့အလွန်ပြင်းပြ နာကျင်စေသော အပြစ်ဒဏ်သာရှိ၏။ ထို့ပြင် ယင်းသူတို့အဘို့ ကူညီမိုင်းမမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။” (ကုရ်အာန် ၃:၉၁)**

ကျွန်တော်တို့ရဲ့ ပန်းတိုင်ဟာ နောင်တမလွန်ပဲဆိုရင်၊ ယခုဘဝရဲ့ ရည်ရွယ်ချက်က ဘာလဲ? ယခုဘဝကို ကျော်လိုက်ပြီး ကျွန်တော်တို့ကို ကမ္ဘာ့တရားခွင်နေ့ဆီ တန်းပို့လိုက်လို့ မရဘူးလား? ဒီလောကရဲ့ ဥပမာတစ်ခုနှင့် ယှဉ်ပြီး စဉ်းစားကြည့်ပါ။ သင်ဟာအိပ်ပျော်သွားပြီးတော့ နိုးလာတဲ့အခါ ပြစ်မှုတစ်ခု အသင်မသိပဲ အသင် ကျူးလွန်ထားတယ်လို့ စွပ်စွဲခံရပြီး တရားခွင်တစ်ခုထဲ ရောက်နေမယ် ဆိုပါစို့၊ သင်ရော ကျွန်တော်တို့အားလုံးရော အဲ့လို ပြစ်မှုမျိုး မလုပ်ခဲ့ကြောင်း၊ မိမိတို့ အပြစ်ကင်းကြောင်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပြောဆို ဆန္ဒပြကြမှာ ဖြစ်ပါတယ်။ ကမ္ဘာ့တရားခွင်နေ့ ဆိုက်ရောက်လာတဲ့အခါ ဒီလောကမှာ နေထိုင်စဉ်က ကျွန်တော်တို့ ပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှု မှန်သမျှကို ပြန်လည်မှတ်မိနေမှာဖြစ်ပြီး ကျွန်တော်တို့ ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ရဲ့ ရှေ့တော်မှောက်တွင် မိမိတို့ ကျူးလွန်ခဲ့တဲ့ မတရားမှုအတွက် ဆင်ခြေတွေ ကျန်ရှိနေမှာ မဟုတ်ပါဘူး။ အဲ့ဒီနေ့မှာ ကျွန်တော်တို့ဟာ စိုးစဉ်းမျှ မတရားလုပ်ခံရမှာလည်း မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ထံ အမှန်တရားကို သိရှိစေဖို့ သူ့ရဲ့ တမန်တော်တွေကို စေလွှတ်တော်မူခဲ့ပြီး ကျမ်းမြတ်ကုရ်အာန်ကိုလည်း လမ်းညွှန်အဖြစ် ပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီနေ့မှာ

ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ်ကလွဲပြီး အခြား အပြစ်တင်စရာလည်း ရှိမှာ မဟုတ်ပါဘူး။

ကမ္ဘာ့တရားခွင်နေ့ဟာ ကြားစခန်းတစ်ခုသာ ဖြစ်ပါတယ်၊ အဆုံးသတ် မဟုတ်သေးပါ။ စမ်းသပ်မှုတိုင်းမှာ ရလဒ်ဆိုတာရှိသလို ထိုနေ့မှာ ဖန်ဆင်းရှင်ဟာ ရလဒ်ကို ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ကို ယုံကြည်ကိုးကွယ်ပြီး အရှင်မြတ်ရဲ့ လမ်းညွှန်မှုအတိုင်း လိုက်နာနေထိုင်သူတွေဟာ အမတသုခဘုံမှာ ထာဝရ စံမြန်းခွင့်ရမှာ ဖြစ်ပါတယ်။

**“အကြင်သူတို့သည် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိ၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့ကြ၏။ ထိုသူတို့သည် ဂျန္နသ် သုခဘုံသားများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် ဂျန္နတ် သုခဘုံ၌ အမြဲထာဝရ စံစားကြရမည့်သူများ ဖြစ်ကြကုန်၏။” (ကုရ်အာန် ၂:၈၂)**

ဖန်ဆင်းရှင်နဲ့ သူ့ရဲ့လမ်းညွှန်မှုကို ငြင်းပယ်ဖို့ ရွေးချယ်ခဲ့သူတွေအတွက် ဆိုးရွားသော ပြစ်ဒဏ်ခတ်မှုများက စောင့်ဆိုင်းနေပါတယ်။

**“ထို့ပြင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အဖို့ ဂျဟန္နမ်ငရဲ၏ ပြစ်ဒဏ်သည် ရှိချေမည်။ စင်စစ်မှာ ယင်း “ဂျဟန္နမ်” ငရဲသည် လွန်စွာ ဆိုးရွားလှသော စခန်းပင် ဖြစ်ချေ၏။” (ကုရ်အာန် ၆၇:၆)**

ကျွန်တော်တို့မှာ ရွေးချယ်စရာ ရှိပါတယ်။ ထာဝရ အကန့်အသတ်မရှိ ဖန်ဆင်းရှင်ရဲ့ ကရုဏာတော်ကို ကြိုဆိုလက်ခံမလား? ဒါမှမဟုတ် ကရုဏာတော်မှ ဝေးရာကို ထွက်ပြေးမလား? ဖန်ဆင်းရှင်ရဲ့ အဆုံးအမကို လိုက်နာခြင်း၊ အမိန့်တော်ကိုနာခံခြင်း၊ အရှင်မြတ်အား ကိုးကွယ်ဆည်းကပ်၍ ချစ်ခင်မြတ်နိုးခြင်းဖြင့် ကရုဏာတော်ကို လက်ခံရာရောက်ပြီး ထာဝရ ကောင်းကင်ဘုံမှာ စံမြန်းနေထိုင်ဖို့ လွယ်ကူချောမွေ့စေမှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ရဲ့ ကရုဏာတော်ကို ငြင်းပယ်၍ ရှောင်ပြေးသူများဟာ ဖန်ဆင်းရှင်၏ အချစ်ကင်းမဲ့ပြီး ပျော်ရွှင်မှု လုံးဝမရှိတဲ့ငရဲဘုံမှာ နေထိုင်သွားရမှာ

ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ရွေးချယ်စရာရှိတာကို သတိရပါ။ ဖန်ဆင်းရှင်ရဲ့ ကရုဏာတော်ကို လက်ခံမလား၊ ငြင်းပယ်မလား ကျွန်တော်တို့ကိုယ်တိုင် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ လွတ်လပ်စွာ ရွေးချယ်နိုင်စွမ်း ရှိပါတယ်။ ဒီလောကမှာ ပြုလုပ်ခဲ့တဲ့ ရွေးချယ်မှုဟာ ထာဝရနေရမယ့် နောင်တမလွန်ရဲ့ ကံကြမ္မာကို ပုံဖော်သွားမှာ ဖြစ်ပါတယ်။

ဒီစမ်းသပ်မှုတွေ၊ ကမ္ဘာ့တရားခွင်နေ့၊ ကောင်းကင်ဘုံနှင့် ငရဲအကြောင်းတွေ၊ လိုက်နာရမယ့် စည်းမျဉ်းတွေ အားလုံးဟာ ရှုပ်ထွေးခက်ခဲလွန်းတယ်လို့ မိတ်ဆွေ ထင်မြင်နေပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ သိထားရမှာက ဖန်ဆင်းရှင်ဟာ အလွန်တရာ သနားကြင်နာတော်မူသော၊ ကရုဏာသက်တော်မူသော အရှင်ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ နောင်တမလွန်မှာ အမှန်တကယ် အောင်မြင်လိုသူများအတွက် အောင်မြင်မှုရရှိဖို့ လွယ်ကူအောင် ပြုပေးထားတော်မူပါတယ်။ ဖန်ဆင်းရှင်ဟာ လူသားကို အသိစိတ် ထည့်ပေးထားပါတယ်။ အတွင်းရေဒါတစ်ခုလိုပေါ့၊ ထိုအသိစိတ်ဟာ အမှန်နှင့်အမှား ခွဲခြားတတ်စေပြီး ကျွန်တော်တို့ရဲ့ ဘဝတွေကို ကောင်းရာဘက်သို့ လမ်းကြောင်းပေးသွားပါတယ်။

**"ထိုမှတစ်ပါး အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို စုံလင်အောင် ပြုလုပ်တော်မူသော အရှင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။တဖန် ထိုအရှင်မြတ်သည် ထိုအသက်ဇီဝိန်တွင်းဝယ် ထိုအသက်ဇီဝိန်၏ ပြစ်မှုဒုစရိုက်(၏အသိ) ကိုလည်းကောင်း၊ ကောင်းမှုသုစရိုက်(၏အသိ)ကို လည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့၏။" (ကုရ်အာန် ၉၁:၇-၈)**

ကျွန်တော်တို့အပေါ် စမ်းသပ်မှုတွေ ပြုလုပ်တဲ့အခါမှာဖန်ဆင်းရှင်ဟာ ကျွန်တော်တို့ တစ်ဦးချင်းဆီရဲ့ အားသာချက်၊ အားနည်းချက်များကို ထည့်သွင်းစဉ်းစားပြီးမှ အံဝင်ခွင်ကျ ဖြစ်စေမည့် စမ်းသပ်မှုမျိုးကိုသာ ထည့်သွင်းတော်မူပါတယ်။

**“အလ္လာဟ်အရှင်မြတ်သည် မည်သူ့ကိုမျှ သူတတ်နိုင်သည်ထက်ပိုပြီး တာဝန်ပေးတော် မမူပေ။ (ကုရ်အာန် ၂:၂၈၆)”**

ဘုရားသခင် ဖန်ဆင်းရှင်ဟာ အမှားကင်းစင်ပြီး ပြီးပြည့်စုံတော်မူပါတယ်။ သို့ပေမယ့် ကျွန်တော်တို့ လူသားတွေဟာ မပြည့်စုံဘူးဆိုတာ သူသိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အမှားကျူးလွန်မိတဲ့အခါ နောင်တရပြီး တောင်းပန်မယ်ဆိုရင် အရှင်မြတ်ဟာ ခွင့်လွှတ်တော်မူပါတယ်။

**“(အို-နဗီတမန်တော်) အသင်သည်(ငါအရှင်မြတ်၏ကိုယ်စား) ပြောကြားပါလေ။ အို-မိမိတို့ အပေါ်၌ အလွန်အမင်း လွန်ကျူးခဲ့ကြကုန်သော ငါအရှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက် မကင်းမဲ့ကြကုန်လင့်။ ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုအလုံးစုံတို့ကို ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူပေမည်။ စင်စစ်ကေန် ထိုအရှင်မြတ်သည်ပင် အလွန်တရာ ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူသောအရှင် အလွန်တရာ သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။” (ကုရ်အာန် ၃၉:၅၃)**

ကျွန်တော်တို့ ကောင်းမှုတွေပြုလုပ်ပြီး ထိုကောင်းမှုတွေကို ချိန်တွယ်ခံရတဲ့အခါ မကောင်းမှုတွေထက် သာပို လေးလံနေမှာ ဖြစ်ပါတယ်။

**“မည်သူမဆို ကောင်းမှုကို ယူဆောင်ခဲ့အံ့။ ထိုသူသည် (အနည်းဆုံး) ယင်းကောင်းမှု၏ ဆယ်ဆကို ရရှိပေအံ့။ ၎င်းပြင် မည်သူမဆို မကောင်းမှုဒုစရိုက်ကို ယူဆောင်ခဲ့အံ့။ ထိုသူသည် ယင်းမကောင်းမှုနှင့် ထပ်တူထပ်မျှသာ အစားပေးခြင်း ခံရလတ္တံ့။ (အပြစ်ရှိသည်ထက် ပို၍ခံရမည်မဟုတ်)။ ၎င်းပြင် ထိုသူတို့သည် မတရားနှိပ်စက်ခြင်းကို ခံကြရမည်မဟုတ်ပေ။” (၆:၁၆၀)**

နောက်ဆုံးမှာတော့၊ ဖန်ဆင်းရှင်ဟာ စမ်းသပ်မှုတွေကို အောင်မြင်နိုင်မယ့် အသေးစိတ် အဖြေတွေကို ကုရ်အာန်ကျမ်းမြတ်နှင့် တမန်တော်မုဟမ္မဒ်မှတဆင့် ကျွန်တော်တို့ထံ ပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။

**"ဧကန်မလွဲ အသင်တို့အဖို့ (အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ကြောက်ရွံ့သည့်ပြင် အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တသသတိရလျက် ရှိသူ၏အဖို့) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်၌ မွန်မြတ်လှစွာသော စံနမူနာသည် ရှိပေသည်။" (ကုရ်အာန် ၃၃:၂၁)**

ကျွန်တော်တို့ကို ဖန်ဆင်းထားရတဲ့ ရည်ရွယ်ချက်ကို မဖြည့်ဆည်းမချင်း ကျွန်တော်တို့ဟာ အမှန်တကယ် ပျော်ရွှင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီလောကမှာ ရောက်နေတာဟာ ဖန်ဆင်းရှင်ကို ခဝပ်ကိုးကွယ်ဖို့ ဖြစ်ပါတယ်။ ဘုရားသခင် ဖန်ဆင်းရှင်ကိုသိရှိပြီး အရှင်မြတ်ကို ချစ်ခင်လေးမြတ်ကာ အရှင်မြတ်ရဲ့ အမိန်တော်များကိုနာခံဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြစ်တည်နေရခြင်းရဲ့ အဓိက ရည်ရွယ်ချက်က ဖန်ဆင်းရှင်ကို ကိုးကွယ်ဆည်းကပ်ဖို့ပါပဲ။ ဒါဟာ ကျွန်တော်တို့ကို ကျွန်တော်တို့ကိုယ်တိုင်၊ အခြားသူများနှင့် ပတ်ဝန်းကျင်ရဲ့ ကျေးကျွန်ဖြစ်ခြင်းကနေ လွတ်မြောက်စေပါတယ်။ ဖန်ဆင်းရှင်က ကုရ်အာန်ကျမ်းမြတ်ထဲမှာ ထိရောက်တဲ့ ဥပမာတစ်ခု ပေးထားပါတယ် :

**"အလ္လာဟ်အရှင်မြတ်သည် ပမာတစ်ခုကို ခိုင်းနှိုင်းပြတော်မူသည်။ ကျွန်ယောက်ျား တစ်ဦး ရှိသည်။ သူ့တွင် အချင်းချင်း ကွဲလွဲမသင့်မြတ်ဘဲ ဖက်စပ်ပိုင်ဆိုင်နေကြသောသူ (သခင်)များ ရှိကြသည်။ ထို့ပြင် အခြား ကျွန်ယောက်ျားတစ်ဦးမှာမူ (သခင်)တစ်ဦးတည်း ပိုင် ဖြစ်သည်။ ထိုကျွန်ယောက်ျား နှစ်ဦးသည် (အခြေအနေအရပ်ရပ်တွင်) တူညီနိုင်ကြသလော။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် နှင့်သာ ထိုက်တန်သည်။ သို့ရာတွင် သူတို့ထဲမှ အများစုသည် မသိရှိကြပေ။" (ကုရ်အာန် ၃၉:၂၉)**

ကျွန်တော်တို့ဟာ ဖန်ဆင်းရှင်ကို မကိုးကွယ်ဘူးဆိုရင်၊ ဘုရားသခင်များစွာကို ကိုးကွယ်သွားရမှာပါပဲ။ စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ရဲ့ လက်တွဲဖော်တွေ၊ အလုပ်ရှင်သူဌေး၊ ဆရာသမားတွေ၊ သူငယ်ချင်းတွေ၊ ကျွန်တော်တို့ နေထိုင်တဲ့ ပတ်ဝန်းကျင်၊ ကျွန်တော်တို့ကိုယ်တိုင်ရဲ့ ဆန္ဒတွေကအစ ကျွန်တော်တို့ကို တစ်နည်းနည်းနဲ့ ကျေးကျွန်ပြုနေကြပါတယ်။ ဥပမာအနေနဲ့ လူမှုရေးစံနှုန်းတွေကို ကြည့်ပါ၊ ကျွန်တော်တို့ အများစုရဲ့ အလှအပကို ခံစားတတ်တဲ့ အာရုံကို ပတ်ဝန်းကျင်မှာ လွှမ်းမိုးနေတဲ့ ဖိအားတွေနဲ့ အဓိပ္ပာယ် ဖွင့်ကြပါတယ်။ ကျွန်တော်တို့မှာ ကြိုက်တာတွေ မကြိုက်တာတွေ အတိုင်းအတာ တစ်ခုအထိ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒါတွေကလည်း အခြားသူများက ပုံသွင်းထားတာပါပဲ။ မိတ်ဆွေကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါ၊ ဒီစကတ် သို့မဟုတ် ဘောင်းဘီကို ငါဘာကြောင့် ဝတ်နေသလဲ? ကြိုက်လို့ ဝတ်တယ်ဆိုတာထက် ဘာကြောင့်ကြိုက်သလဲ ထပ်မေးကြည့်ပါ၊ နောက်ဆုံးမှာ တခြားသူတွေ လည်းကြိုက်လို့၊ မိတ်ဆွေနဲ့လိုက်တယ်၊ ကြည့်ကောင်းတယ် ပြောကြလို့’ ဝတ်တယ်ဆိုတာ ဝန်ခံရပါ လိမ့်မယ်။ စိတ်မကောင်းစရာကတော့ ဒီလူအများစုဟာ L’oreal, Because I’m Worth It…လို ကြော်ငြာတွေရဲ့ လွှမ်းမိုးမှု ခံထားရတာကြောင့် ဒီလိုအမြင်တွေကို စွဲကိုင်ထားကြဦးမှာ ဖြစ်ပါတယ်။

ရုပ်လောကမှာ ကျွန်တော်တို့ရဲ့ ဆရာသခင်များစွာရှိပြီး သူတို့ဟာ ကျွန်တော်တို့ဆီက တစ်ခုခုကို လိုချင်နေကြပါတယ်။ သူတို့အားလုံးဟာလည်း တစ်ဦးနှင့်တစ်ဦး သဘောထားမတိုက်ဆိုင်ကြရင် ကျွန်တော်တို့ဟာ မပြည့်စုံတဲ့ ရှုပ်ထွေးပွေလီတဲ့ ဘဝတွေကို နေထိုင်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ကျွန်တော်တို့ သိတာထက် ပိုသိတဲ့ ဖန်ဆင်းရှင်၊ ကျွန်တော်တို့ မိခင်က ကျွန်တော်တို့ကို ချစ်တာထက် ပိုချစ်တဲ့ ဖန်ဆင်းရှင်က ပြောထားပါတယ်၊ သူဟာ ကျွန်တော်တို့ရဲ့ သခင် အစစ်အမှန်ဖြစ်တယ်၊ အရှင်မြတ်ကို ကိုးကွယ်ခြင်းဟာ ကျွန်တော်တို့ကို အမှန်တကယ် လွတ်မြောက်စေပါတယ်၊ ကျွန်တော်တို့ ဖြစ်တည်လာခြင်းဟာ အိပ်ငွေ့ချပြီး လေယာဉ်ပေါ် ပစ်တင်ခံလိုက်ရတာနဲ့ မခြားနားပါဘူး။ ကျွန်တော်တို့ မွေးဖွားလာဖို့ ကျွန်တော်တို့ ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။ သို့တိုင်အောင် ကျွန်တော်တို့ အများစုဟာ ဒီတိုတောင်းတဲ့

ယာယီဘဝမှာ စစ်မှန်တဲ့ ပျော်ရွှင်မှုကို ရရှိနိုင်မယ့် အဖြေကို ရှာဖွေဖို့မကြိုးစားကြပါဘူး။ မေးခွန်းတွေကို မမေးကြ ပါဘူး။ အဆုံးစွန်သော ပျော်ရွှင်မှုဟာ နောင်တမလွန်ဘဝမှာ အောင်မြင်ခြင်းပဲ ဖြစ်ပါတယ်။

**"ထိုပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မဟုတ်မမှန်ဟု ငြင်းပယ်ကြသည်။ ငါအရှင်မြတ်သည် ထိုသူများအား မကြာမီ (ဂျဟန္နမ်ဘက်သို့) သူတို့ မသိသောနည်းဖြင့် တဖြည်းဖြည်း ဆွဲယူတော်မူမည်။" (ကုရ်အာန် ၇:၁၂၈)**

# ကုရ်အာန်ကို ဘာကြောင့် ယုံကြည်သင့်တာလဲ?

မိတ်ဆွေဆီကို သူစိမ်းတစ်ယောက် ရောက်လာပြီး "ငါဟာ ဖန်ဆင်းရှင်ရဲ့ တမန်တော်အဖြစ် သင်တို့ထံ စေလွှတ်ခံရသူဖြစ်တယ်၊ ငါ့ရဲ့လမ်းစဉ်ကို လိုက်ကြပါ" လို့ လာပြောရင် သင်ဘယ်လို တုန့်ပြန်မလဲ? ပထမဆုံး ဒီလူဟာ ရူးနေတယ်လို့ ထင်ကောင်းထင်မိမယ်။ ပြီးတော့ သူ့ကို သက်သေပြခိုင်းပါလိမ့်မယ်။ ဒီလို အဆန်းတကြယ် အဆိုပြုမှုအတွက် လူအများစုရဲ့ တုန့်ပြန်မှုက ဒီလိုပဲ ဖြစ်မှာပါပဲ။ ဖန်ဆင်းရှင် စေလွှတ်တော်မူခဲ့တဲ့ စစ်မှန်တဲ့တမန်တော်လား၊ လိမ်လည်လှည့်ဖျား နေသူလား ဆိုတာ ခွဲခြားဖို့ သက်သေပြခိုင်းရမှာ ဖြစ်ပါတယ်။

ဖန်ဆင်းရှင်ဟာ သူရဲ့တမန်တော်တွေကို ရှင်းလင်းတဲ့ သက်သေတွေနဲ့အတူ စေလွှတ်ခဲ့ကြောင်း ကျမ်း မြတ်ကုရ်အာန်က ကျွန်တော်တို့ကို သတင်းပေးပါတယ်။

**"ကေန်မလွဲ ငါအရှင်မြတ်သည် မိမိ၏ တမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာများနှင့်တကွ စေလွှတ်တော်မူခဲ့၏။" (ကုရ်အာန် ၅၇:၂၅)**

ဖန်ဆင်းရှင်က တမန်တော်များကို တမန်တော်ဖြစ်ကြောင်း ထင်ရှား စေရန်နှင့် လူသားတို့ ယုံကြည်စေရန် အံ့ဖွယ်ကိစ္စရပ်များကို ဆောင်ရွက်နိုင်စွမ်း ချီးမြှင့်တော် မူထားတယ်။ တမန်တော်မူစာ(အ)ဟာ ပင်လယ်ပြင်ကို လမ်းများပေါ်လာအောင် ခွဲနိုင်ခဲ့ခြင်း၊ တမန်တော်အီဆာ(အ)ဟာ နာမကျန်းသူတွေကို ကောင်းမွန်လာအောင် ပြုပေးနိုင်ခြင်းတို့လို ဥပမာတွေ ရှိပါတယ်။ အဲဒီ အံ့ဖွယ်ရာများဟာ ရှေးအတိတ်က ဖြစ်ခဲ့ပြီး ယနေ့ ကျွန်တော်တို့ကိုယ်တိုင် တွေ့မြင်နိုင်တဲ့ ကိစ္စရပ်တွေတော့ မဟုတ်ပါဘူး။ ယုံကြည်သူတွေဟာ ထိုတမန်တော်များအပေါ် စစ်မှန်သော ယုံကြည်မှုဖြင့် လက်ခံကြရမှာ ဖြစ်ပါတယ်။

ကုရ်အာန်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ကို ဘုရားသခင် ဖန်ဆင်းရှင် ချီးမြှင့်ခဲ့တဲ့ အံ့သြဖွယ် ဖြစ်ပါတယ်။ ဒါဟာ တမန်တော်တွေရရှိခဲ့တဲ့ အံ့ဖွယ်အစွမ်းတွေ အားလုံးထဲမှာ

ကုရ်အာန်က အကြီးကျယ်ဆုံး ဖြစ်တယ်လို့ မွတ်စလင်မ်တွေက ယုံကြည်ကြပါတယ်။ ကုရ်အာန်ဟာ ရှေးတမန်တော်တွေ သင်ကြားပြသခဲ့တဲ့ အခြားသော ကျမ်းစာတွေနဲ့ ဘာကြောင့် မတူညီသလဲဆိုရင် ကုရ်အာန်ကိုဖွင့်ပြီး ဖတ်ကြည့်လိုက်တာနဲ့ ယနေ့တိုင် ကျရောက်စဉ်ကအတိုင်း လူတိုင်းကိုယ်တိုင်တွေ့ကြုံနိုင်ဆဲဖြစ်တဲ့ ပြည့်စုံတဲ့ကျမ်းစာ ဖြစ်နေလို့ပါပဲ။ ဘယ်အချက်တွေက ကုရ်အာန်ကို ဒီလိုအံ့ဖွယ်ကောင်းလောက်အောင် ကောင်းမွန်ပြည့်စုံတဲ့ စာအုပ်တစ်အုပ် ဖြစ်စေတာလဲ…? ဥပမာတချို့ကို ကျွန်တော်တို့ လေ့လာကြည့်ကြရအောင်။

# ဘုရားသခင်ဖန်ဆင်းရှင်နှင့် ပတ်သက်သည့်အယူအဆ

ဘုရားသခင် ဖန်ဆင်းရှင်နဲ့ ပတ်သက်ပြီး အစ္စလာမ်ရဲ့ အယူအဆကို ကုရ်အာန်က တမန်တော် အိဗ်ရာဟီမ်(အ)ရဲ့ ဖြစ်ရပ်နဲ့ လှပစွာ ဖော်ပြထားပါတယ်:

- **"ကောန်မုချ ငါအရှင်သည် အိဗ်ရာဟီမ်အား သည့်အလျောက သူ၏ လမ်းမှန်တရားကို ချီးမြှင့်တော်မူခဲ့သည်။ ငါအရှင်သည် သူ့အကြောင်း ကောင်းစွာ သိတော်မူပေသည်။**
- **တစ်ခါတွင်သူက မိမိ၏ဖခင်နှင့် အမျိုးသားတို့အား အသင်တို့စွဲမြဲစွာ ကိုးကွယ်နေသော ဤရုပ်ထုတွေသည် အဘယ်အရာများနည်းဟု မေးမြန်းခဲ့သည်။**
- **ထိုအခါ ၎င်းတို့က ကျွန်တော်တို့သည် မိမိတို့၏ အဘဘိုးဘေးများက ဤရုပ်တုများကို ကိုးကွယ်လျက် ရှိခဲ့ကြသည်ကို တွေ့မြင်ခဲ့ကြသည်ဟု ဖြေကြားခဲ့ကြသည်။**
- **ထိုအခါ အိဗ်ရာဟီမ်က အသင်တို့ရော အသင်တို့၏ အဘဘိုးဘေးများပါ ထင်ရှားသော လမ်းလွဲမှုတွင် ရှိခဲ့ကြသည်ဟု ပြောဆိုခဲ့သည်။**
- **သူတို့ကပြောကြသည်။ အသင်သည် ကျွန်တော်တို့ထံသို့ အမှန်တရားကို ယူဆောင်လာခဲ့သလော၊ သို့မဟုတ် ကျွန်တော်တို့အား ကျီစယ်နောက်ပြောင် နေပါသလော။**
- **အိဗ်ရာဟီမ်ကပြောသည်။ ထိုသို့မဟုတ်၊ စင်စစ်တွင် အသင်တို့၏ အရှင်မှာ မိုးကောင်းကင်များနှင့် မြေပထဝီကို ဖန်ဆင်းမွေးမြူသော အရှင်ဖြစ်တော်မူသည်။ ထိုအရှင်ကပင် ယင်းအရာများကို စတင်ဖန်ဆင်းတော်မူခဲ့သည်။ ကျွန်တော်သည် ဤအချက်များကို သက်သေခံသူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။**
- **အလ္လာဟ်အား တိုင်တည်ပါသည်။ ငါသည် အသင်တို့ ပြန်သွားကြပြီးနောက် အသင်တို့၏ ရုပ်တုများနှင့် စပ်လျဉ်း၍ အစီအမံတစ်ခု မုချပြုလုပ်မည်။**

- ထို့နောက်သူသည် ယင်းရုပ်တုများအနက်မှ အကြီးဆုံးတစ်ခုကို ချန်လှပ်၍ ကျန်ရုပ်တုများကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် ပြုလုပ်လိုက်လေသည်။ အကြောင်းမှာ လူတို့သည် ထိုရုပ်တုအကြီးထံ လာရောက်စုံစမ်း မေးမြန်းကြရန် အတွက် ဖြစ်သည်။
- လူတို့က မေးမြန်းကြလေသည်။ ကျွန်တော်တို့၏ ကိုးကွယ်ရာများကို မည်သူက ဤသို့ ပြုလုပ်ခဲ့ပါသနည်း။ မုချ ထိုသူသည် မတရားကျူးလွန်သူတစ်ဦးသာ ဖြစ်ပေသည်။
- အချို့ကပြောကြသည်။ အိဗ်ရာဟီမ်ဟု ခေါ်တွင်သော လူငယ်တစ်ဦးသည် ထိုဘုရားများအကြောင်း ဝေဖန်ပြောဆိုနေသည်ကို ကျွန်တော်တို့ ကြားခဲ့ပါသည်။
- ထိုအခါ ၎င်းတို့ကပြောကြသည်။ သို့ဖြစ်လျှင်သူ့အား လူအများရှေ့မှောက်သို့ အားလုံးကြည့်ရှုနိုင်ကြရန် ခေါ်ဆောင်လာကြပါ။
- ထို့နောက် ၎င်းတို့မေးကြသည်။ အို-အိဗ်ရာဟီမ်၊ ငါတို့၏ ကိုးကွယ်ရာ ဘုရားများကို အသင်သည် ဤသို့ ပြုလုပ်ခဲ့ပါသလော။
- အိဗ်ရာဟီမ်က ဖြေကြားသည်။ တကယ်တော့ သူတို့အနက်မှ အကြီးဆုံးဖြစ်သော ဤရုပ်တုကသာ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အကယ်၍ ထိုရုပ်တုများ စကားပြောတတ်ကြပါလျှင် သူတို့ကိုသာ မေးကြည့်လိုက်ကြပါ။
- ထိုအခါ ၎င်းတို့သည် မိမိတို့ကိုယ်ကို ပြန်လည်တွေးတောစဉ်းစားခဲ့ကြပြီးနောက် စင်စစ်တွင် အသင်တို့သည်သာ အမှားကျူးလွန်ခဲ့ကြသူများ ဖြစ်ကြသည်ဟု အချင်းချင်း ပြောဆိုခဲ့ကြ လေသည်။
- ထို့နောက် မိမိတို့၏ ဦးခေါင်းများကို အောက်သို့စိုက်လျက် (အို-အိဗ်ရာဟီမ်) ဤရုပ်တုများသည် စကားမပြော နိုင်သည်ကို အသင်အသိပင် ဖြစ်သည်။ (ဟုပြောကြလေသည်။)

- **ထိုအခါ အိဗ်ရာဟီမ်က ပြောသည်။ သို့ဆိုလျှင် အသင်တို့သည် အလ္လာဟ်ကို စွန့်၍ မိမိတို့အား ကောင်းကျိုး၊ ဆိုးကျိုး ဘာတစ်ခုမှ မပေးနိုင်သော အရာများကို ခဝပ်ကိုးကွယ်နေကြပါသလား။" (ကုရ်အာန် ၂၁ : ၅၁-၆၆)**

ရုပ်တုများကဲ့သို့ အဖန်ဆင်းခံများကို ကိုးကွယ်ခြင်းဟာ ယုတ္တိမရှိကြောင်း ကုရ်အာန်က ကျွန်တော်တို့ကို ပြသပါတယ်။ တမန်တော်အိဗ်ရာဟီမ်(အ)ရဲ့ ဖြစ်ရပ်အရ သူဟာ ရုပ်တုတွေအားလုံးကို အစိတ်စိတ်အပိုင်းပိုင်း ဖြိုခွဲဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒီရုပ်တုတွေဟာ သူတို့ကိုယ်သူတို့တောင် မကာကွယ်နိုင်ကြတဲ့ အတွက် ကျွန်တော်တို့ကို လည်း ကောင်းကျိုး၊ဆိုးကျိုးတစ်ခုမှ မပေးနိုင်တာ သိသာပါတယ်။ ဒါဆို ဘာအတွက် ကြောင့်များ လူသားတွေက သူတို့ကို ဘုရားသခင်အဖြစ် မှတ်ယူ ကိုးကွယ်စရာလိုသလဲ? အဲ့ဒီအစား ကျွန်တော်တို့ကို ဘဝသက်တမ်း ချီးမြှင့်တော်မူခဲ့တဲ့၊ ကျွန်တော်တို့ကို အကျိုးပြုတော်မူတဲ့၊ ကျွန်တော်တို့ သေဆုံးသွားတဲ့အခါ ကျွန်တော်တို့ရဲ့ ဝိညာဉ်ကို သိမ်းယူတော်မူမယ့် ဖန်ဆင်းရှင်ကိုသာ ခဝပ်ကိုးကွယ်သင့်ကြပါတယ်။

အခြားသူများ ကိုးကွယ်နေကြတဲ့ အမျိုးမျိုးသော ဘုရားသခင်၊ နတ်ဘုရားမတွေနဲ့ ပတ်သတ်ပြီး သင်စဉ်းစားကြည့်ပါ။ သူတို့ရဲ့ ပုံပန်းသွင်ပြင်ရော၊ ဇီဇရောက လူသားတွေ (သို့မဟုတ်) တိရစ္ဆာန်တွေနဲ့ တူတူပဲ မဟုတ်လား? သူတို့အားလုံးမှာလည်း အားနည်းချက်တွေ၊ ချို့ယွင်းချက်တွ ရှိနေတယ် မဟုတ်လား? ကုရ်အာန်ကျမ်းမြတ်ရဲ့ အခန်း-၁၁၂ ကို ကျွန်တော်တို့ ပြန်လည်ကိုးကား ပါမယ်။ ဒီအခန်းကဏ္ဍကို အခြားသော ဘုရားသခင်၊ နတ်ဘုရား၊ ကိုးကွယ်ရာ အားလုံးနဲ့ နှိုင်းယှဉ်ဖို့အတွက် ကျွန်တော်တို့ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

**"(အို-နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ထိုအလ္လာဟ်အရှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း လုံးဝ ကင်းရှင်းတော်မူသော အရှင်၊ သူတစ်ပါးတို့၏ မှီခိုအားထားရာ အရှင်၊ နိစ္စထာဝရ အရှင် ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်**

**မူခဲ့သည် မဟုတ်ပေ။ မည်သူ တစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရ တော်မူသည် မဟုတ်ပေ။ ထိုမှတစ်ပါး ထိုအရှင်မြတ်၌ ဂုဏ်ရည်တူသူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပေ။" (ကုရ်အာန် ၁၁၂)**

အံ့သြဖွယ်ရာပါပဲ၊ မည်သည့် ဘုရားသခင်၊ နတ်ဘုရား၊ ကိုးကွယ်ရာကမှ ကုရ်အာန်မှာပါတဲ့ ဖန်ဆင်းရှင်နဲ့ ပတ်သတ်တဲ့ အယူအဆကို မယှဉ်နိုင်ပါဘူး။ အခြားသော ကိုးကွယ်ရာများ အားလုံး ကျရှုံးပါတယ်။ ဂုဏ်ရည်တူမရှိသော၊ ကိုးကွယ်ခြင်း ခံထိုက်သော အရှင်ကိုသာ ကျွန်တော်တို့ ခဝပ်ကိုးကွယ်သင့်တယ် မဟုတ်ဘူးလား? ကုရ်အာန်ဟာ ကျွန်တော်တို့ကို ဖန်ဆင်းတော်မူတဲ့ အရှင်ရဲ့ ကြီးကျယ်ခန့်ညားမှု၊ သာလွန်ထူးကဲမှု၊ တန်ခိုးတော်နှင့် ပြည့်စုံမှုတို့ကို မှန်ကန်ရှင်းလင်းစွာ ဖော်ပြထားတာ ဖြစ်ပါတယ်။

# မူရင်းမပျက် ထိန်းသိမ်းထားရှိခြင်း

ယနေ့ ကျွန်တော်တို့ထံ လက်ဆင့်ကမ်း ရောက်ရှိလာတဲ့ ဘာသာရေး စာပေတွေကို သမိုင်းတလျှောက် ဘယ်လို ထိန်းသိမ်းခဲ့သလဲ မိတ်ဆွေ စဉ်းစားဖူးပါသလား? ပုံနှိပ်စက်တွေလိုမျိုး တိုးတက်ပြောင်းလဲမှုတွေရဲ့ ကျေးဇူးနဲ့ သတင်းအချက်အလက်တွေကို အများကြီး ဖြန့်ဝေခွင့်ရတဲ့ ခေတ်မှာ ကျွန်တော်တို့ နေထိုင်ရပါတယ်။ ဒါကြောင့် ဒီခေတ်မှာ ဘာသာရေးစာပေတွေ ပျောက်ကွယ်သွားမှာကို ထပ်ပြီးတော့ စိတ်ပူစရာ မလိုတော့ပါဘူး။ တကယ်တော့ ကျွန်တော်တို့ဟာ ဒီစာပေတွေ ထိန်သိမ်းထားရှိခဲ့တာကိုတောင် တန်ဖိုးမထားမိသလို ဖြစ်နေပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ပုံနှိပ်တာလိုမျိုး နည်းပညာတိုးတက်မှုတွေကို အသုံးချတာဟာ နှစ်ပေါင်းထောင်ချီ သက်တမ်း ရှိနေပြီဖြစ်တဲ့ ဘာသာရေးစာပေတွေရဲ့ သမိုင်းနဲ့ယှဉ်ရင် မပြောပလောက်ပါဘူး။ ပုံနှိပ်စက်တွေ တီထွင်အသုံးပြုခဲ့တာက လွန်ခဲ့တဲ့ဆယ်စုနှစ် အနည်းငယ်ကမှ စတင်ခဲ့တာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ထံ ရောက်ရှိလာတဲ့ ဘာသာရေးစာပေ အများစုဟာ လက်ရေးမူနဲ့ ထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။ သားရေနဲ့မှင်လို ပစ္စည်းတွေကို အသုံးပြုပြီး တစ်လုံးချင်း လက်နဲ့ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလိုနည်းလမ်းနဲ့ အချက်အလက်တွေကို ထိန်းသိမ်းတာဟာ ယုံကြည်လို့ရပါသလား? အီးမေးလ်တွေ၊ ဖုန်းမက်ဆေ့ချ်တွေလို ယနေ့ခေတ်ရဲ့ ဆက်သွယ်ရေးစနစ်တွေကိုပဲ စဉ်းစားကြည့်လိုက်ပါ။ ခေတ်မီကွန်ပြူတာတွေ၊ ဖုန်းတွေမှာပါတဲ့ စာလုံးပေါင်းသတ်ပုံစစ်ပေးတဲ့ နည်းပညာရဲ့ အကူအညီနဲ့တောင်မှ စာလုံးပေါင်းအမှား၊ သဒ္ဒါအမှားတွေပါသွားတဲ့ အီးမေးလ် သို့မဟုတ် မက်ဆေ့ချ်တစ်ခု မပို့ဖူးတဲ့သူ ရှိပါသလား? ပရော်ဖက်ရှင်နယ် လူမှုဆက်သွယ်ရေးတွေနဲ့ သတင်းစာတွေ၊ မဂ္ဂဇင်းတွေမှာတောင် တစ်ခါတစ်ရံ သဒ္ဒါအမှားတွေ ပါလေ့ရှိပါတယ်။ ခေတ်မီ နည်းပညာတွေရဲ့ အကူအညီမယူဘဲ စာရွက်နဲ့မှင်ကိုသာ သုံးပြီးတော့ စာမျက်နှာ ရာပေါင်းများစွာပါတဲ့ စာအုပ်တစ်အုပ်လုံးကို လက်နဲ့ရေးမယ်ဆိုရင် အမှားတွေနဲ့ ပြည့်နေမှာပါပဲ။

ဒါဟာ အရင်ခေတ်က ကူးယူထားတဲ့ ဘာသာရေးစာပေ လက်ရေးမူတွေကို တစ်ခုနဲ့တစ်ခု ယှဉ်ကြည့်လိုက်တဲ့အခါ ကျွန်တော်တို့ တွေ့မြင်ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ အဲဒီ ကူးယူးထားတာတွေထဲမှာ စာလုံးပေါင်းအမှားတွေ၊ ပျောက်နေတဲ့ စကားလုံးတွေ၊ ဝါကျတွေ အများကြီး တွေ့ရပါတယ်။ တချို့နေရာတွေမှာ ကူးယူတဲ့သူက သူ့ကိုယ်ပိုင်အမြင်တစ်ခုနဲ့ လိုက်ဖက်အောင် တမင်ပြောင်းလဲရေးသားထားခဲ့တာတွေ တောင် ရှိပါတယ်။ ရှေးခေတ်က စာပေတတ်မြောက်တဲ့သူ အရေအတွက် အင်မတန်နည်းပြီး စာရေးတတ်သူလည်း ရှားပါးတာကြောင့် လူအများမသိပဲ အဲ့ဒီလို လုပ်လိုက်ဖို့က လွယ်ကူပါတယ်။ အဲ့ဒီလို တဆင့်တဆင့် ကူးယူလာတာ နှစ်ပေါင်း ရာချီ၊ ထောင်ချီ ကြာပြီးတဲ့အခါမှာ အဲဒီစာပေတွေဟာ ဒီလောက်ရှည်ကြာတဲ့ သက်တမ်းအတွင်း မတော်တဆဖြစ်စေ၊ တမင်သက်သက်ဖြစ်စေ တဖြည်းဖြည်းနဲ့ ဝင်ရောက်လာခဲ့တဲ့ ပြောင်းလဲမှုတွေ ဘယ်လောက်တောင်များသွားခဲ့မလဲ မိတ်ဆွေ တွေးသာကြည့်လိုက် ပါတော့။

တကယ်လို့သာ မိတ်ဆွေအနေနဲ့ အဲ့ဒီအမျိုးမျိုး ကွဲပြားနေတဲ့ ကူးယူရေးသားထားတဲ့ စာပေတွေကို အကဲဖြတ်ရမယ် ဆိုရင်၊ အဲဒီ ကူးယူထားတဲ့ တစ်ခုချင်းစီကို မူရင်းစာပေနဲ့ စကားလုံးတစ်လုံးချင်း၊ စာကြောင်းတစ်ကြောင်းချင်း နှိုင်းယှဉ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ အချိန်အတော်ကုန်မယ့် အလုပ်ဖြစ်ပါတယ်။ ဒါပေမယ့် လုံလောက်တဲ့ အချိန်နဲ့ ကူညီမယ့်သူတွေ ရှိမယ်ဆိုရင်တော့ နောက်ဆုံးမှာတော့ ကူးယူထားတာတွေ ထဲက ဘယ်တစ်ခုက မူရင်းနဲ့ယှဉ်ရင် အတိကျဆုံးလဲ ဆိုတာကို ရှာဖွေနိုင်ပါလိမ့်မယ်။ အခုအခြေအနေက အဲ့ဒီ အမျိုးမျိုး ကွဲပြားနေတဲ့ ကူးယူထားတဲ့ စာပေတွေကို အရင်လိုပဲ အကဲဖြတ်ရမယ်၊ ဒါပေမယ့် နှိုင်းယှဉ်ကြည့်စရာ မူရင်းမရှိဘူး ဆိုပါစို့။ အဲဒီစာပေတွေရဲ့ တိကျမှုကို ဆုံးဖြတ်ဖို့က မဖြစ်နိုင်သလောက် ပါပဲ။ ဒါဟာ အချက်အလက်တွေအတွက် လက်နဲ့ ရေးသားထားတဲ့ စာပေတွေအပေါ် ယုံကြည်အားထား ရခြင်းရဲ့ နောက်ထပ်ကြီးမားတဲ့ ပြဿနာတစ်ခုပါ။ အချိန်ကြာလာတာနဲ့အမျှ သူတို့ဟာ ပျောက်ကွယ်သွားတာ၊ ပျက်စီးသွားတာတွေ ဖြစ်လာနိုင်ပါတယ်။ အဲ့ဒီလိုနဲ့ မူရင်း

သို့မဟုတ် အစောပိုင်းက ကူးယူထားတဲ့ စာပေတွေကိုတောင် မရနိုင်ပါဘူး။ ဒါကြောင့် ရှိနေတဲ့ထဲက ဘယ်ကော်ပီက အတိကျဆုံးလဲ ဆိုတာကိုတောင် မဆုံးဖြတ်နိုင်ကြပါဘူး။

ဖန်ဆင်းရှင်ဟာ ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မုဟမ္မဒ်(ﷺ)ထံသို့ ချပေးတော်မူခဲ့ပြီး အခြားတမန်တော် များထံသို့ အခြားသော ကျမ်းစာတော်များ ချပေးတော်မူခဲ့ပါတယ်။ မွတ်စလင်မ်တို့ဟာ တမန်တော်မူစာ(အ)(မောရှေ)နဲ့ တမန်တော် အီဆာ(အ)(ခရစ်တော်)တို့ထံ ကျရောက်ခဲ့တဲ့ မူရင်းကျမ်းစာတော်တွေကိုလည်း ယုံကြည်ကြပါတယ်။ နှိုင်းယှဉ်ကြည့်ဖို့အတွက် ယနေ့ခေတ် သမ္မာကျမ်းစာရဲ့ အခြေအနေကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါ ကျွန်တော်တို့ တွေ့နေရတာဟာ ရှေးစာပေတွေကို နှစ်ထောင်ချီ အဆက်ဆက်လက်ရေးနဲ့ ကူးယူတဲ့အခါ ဖြစ်လာမယ်လို့ထင်တဲ့ အခြေအနေအတိုင်းပါပဲ။ ယနေ့ခေတ်မှာ သမ္မာကျမ်းစာရဲ့ မူကွဲ(ဗားရှင်း)အမျိုးမျိုး ရှိနေပါတယ်။ ရှေးအကျဆုံး ကူးယူရေးသားထားတဲ့ စာမူတွေတောင် ကျရောက်ခဲ့တဲ့ မူရင်းရေးသားချိန်က ကျမ်းစာနဲ့ နှစ်ပေါင်းရာချီ ကွာဟနေပါတယ်။ စာပေတွေကို လက်နဲ့ကူးယူရေးသားရတဲ့ အခက်အခဲတွေအကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးတဲ့အလျောက် သမ္မာကျမ်းစာရဲ့ မတူညီတဲ့ဗားရှင်းတွေ ဘာကြောင့်ရှိနေတာလဲ ကျွန်တော်တို့ နားလည်သိရှိနိုင်ပါတယ်။ သမ္မာကျမ်းစာ ပညာရှင်တွေလည်း လက်ရေးနဲ့ ရေးသားကူးယူထားတဲ့ ပုံစံကွဲများစွာထဲက စီစစ်ရွေးချယ်ပြီး ဘယ်ကော်ပီက အတိကျဆုံးလဲ ဆိုတာကို မသတ်မှတ်နိုင်သေးပါဘူး။ ဘယ်ကော်ပီက မူရင်းနဲ့ အနီးစပ်ဆုံးလဲ ဆိုတာကို နှိုင်းယှဉ်ဆုံးဖြတ်ဖို့အတွက် သူတို့မှာ မူရင်းမရှိလို့ဖြစ်ပါတယ်။ ယခုရှိနေတဲ့ သမ္မာကျမ်းစာရဲ့ ဗားရှင်းတစ်ခုစီတိုင်းဟာ ပညာရှင်တစ်ယောက်၊ သို့မဟုတ် ပညာရှင်အဖွဲ့တစ်ဖွဲ့က မတူညီတဲ့ ကော်ပီတွေကို ပေါင်းပြီး မူရင်းနဲ့ အတူဆုံးဖြစ်အောင် ခန့်မှန်းကာ ဖြတ်ညှပ်ကပ် လုပ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရေးနဲ့ ကူးယူထားတဲ့ စာပေတွေပေါ်မှာ ယုံကြည်အားထား ဖို့က နဂိုမူရင်းနဲ့ အနီးစပ်ဆုံး ခန့်မှန်းထားတာကိုပဲ ရနိုင်ပါတယ်။ မူရင်းနဲ့ ၁၀၀ ရာခိုင်နှုန်း အတိအကျတူတယ်လို့ မဆိုနိုင်ပါဘူး။

ရှေးခေတ်စာပေတွေ လက်ဆင့်ကမ်းလာခဲ့တဲ့ နောက်ခံသမိုင်းကို ကျွန်တော်တို့ သိရှိသွားပြီဖြစ်တဲ့အတွက် ကုရ်အာန်အကြောင်းကို ပြန်ဆက်ကြရအောင်။ ကုရ်အာန်

ကျမ်းမြတ်ကရော? ဒီကျမ်းမြတ်ရဲ့ ထိန်းသိမ်းထားရှိမှုကရော လိုတိုးပိုလျှော့တွေ ပြုလုပ်ထားသလား? ကုရ်အာန်ကျမ်းတော်မြတ်ကို ရေးသားတော်မူခဲ့တဲ့ အရှင်က ထင်ထင်ရှားရှား အခိုင်အမာ မိန့်ဆိုတော်မူထားပါတယ်။

**“စေကန်စင်စစ် ငါအရှင်မြတ်သည်ပင် (ဤ)ဆုံးမသြဝါဒတော် ဖြစ်သည့် (ကုရ်အာန်ကျမ်းတာ်မြတ်)ကို ချပေးသနားတော် မူခဲ့လေသည်။ မုချကေန် ငါအရှင်မြတ်သည်ပင် ယင်းဆုံးမသြဝါဒတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင်ဖြစ်တော်မူပေသည်။” (ကုရ်အာန် ၁၅:၉)**

ဖန်ဆင်းရှင်ဟာ သူ့ရဲ့နောက်ဆုံး ဗျာဒိတ်တော်ဖြစ်တဲ့ ကုရ်အာန်ကို ရှေ့က ကျမ်းစာတွေကို မချီးမြှင့်ခဲ့တဲ့အရာနဲ့ ကောင်းချီးပေးထားတော်မူတယ်။ ဒီကျမ်းမြတ်ကို ပျက်စီးခြစားမှု မှန်သမျှကနေ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်တော်မူမည့်အကြောင်း ကိုယ်တိုင် ကတိပြုတော်မူခဲ့တယ်။ သမိုင်းတလျှောက်ရှေ့က ဘာသာရေးကျမ်းစာတွေရဲ့ ဆက်တိုက် ပျက်စီးခြစားမှုတွေကို သိမြင်ပြီးတဲ့နောက်မှာ ဒီလို အခိုင်အမာပြောဆိုချက် တစ်ခုကို မှန်ကန်ကြောင်း ဘယ်လို သက်သေပြနိုင်ပါလိမ့်မလဲ မိတ်ဆွေ အံ့သြမှင်သက် နေပါလိမ့်မယ်။

အခြားသော ကျမ်းစာတွေကို ထိန်းသိမ်းခဲ့ပုံနဲ့ မတူတာက ကုရ်အာန်ကို ထိန်သိမ်းခြင်းရဲ့ အခြေခံနည်းလမ်းဟာ အာဂုံဆောင်ကျက်မှတ်ခြင်း ဖြစ်ခဲ့ပြီး ဆက်ပြီးလည်း ဒီနည်းလမ်းကို အသုံးပြုနေဆဲ ဖြစ်တယ်။

**“အမှန်စင်စစ် ငါအရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ကျက်မှတ် တရားရယူနိုင်ရန် လွယ်ကူအောင် ပြုလုပ်ပေးထားတော်မူသည်။ သို့ဖြစ်ရာ ကျက်မှတ်တရားရယူမည့်သူ တစ်ဦးတစ်ယောက် ရှိပါ၏လော။” (ကုရ်အာန် ၅၄:၁၇)**

ဒါဆို အာဂုံဆောင်ကျက်မှတ်ခြင်းဟာ ကုရ်အာန်ကို ထိန်းသိမ်းဖို့အတွက် တကယ်ပဲ လက်တွေ့ကျတဲ့ နည်းလမ်းဖြစ်ပါသလား? ဖန်ဆင်းရှင်ဟာ ကုရ်အာန်ကို မှတ်မိဖို့ လွယ်ကူအောင် ပြုပေးထားပါတယ်။ လွယ်ကူစေတဲ့ အချက်တွေထဲက တစ်ခုကတော့

ကုရ်အာန်ကျမ်းတော်မြတ်ရဲ့ ပြိုင်စံကင်းတဲ့ ရေးဟန်ပဲဖြစ်ပါတယ်။ ကုရ်အာန်ဟာ ကဗျာလင်္ကာတွေလို ကာရန်ညီနေပါတယ်။

ကျွန်တော်တို့ ကျောင်းတက်တုန်းက အချိန်ကို ပြန်စဉ်းစားကြည့်ပါ။ ကျောင်းမှာ သင်ခဲ့ရတဲ့ အသေးစိတ် အချက်အလက် တော်တော်များများ- ဥပမာ : သမိုင်းလို ဘာသာရပ်မှာသင်ရတဲ့ အဖြစ်အပျက်တွေရဲ့ နေ့စွဲတွေ၊ သင်္ချာနဲ့ ရူပဗေဒ ဘာသာရပ်တွေမှာသင်ရတဲ့ ဖော်မြူလာတွေ၊ သီအိုရီတွေ၊ အီကွေးရှင်းတွေကို ကျွန်တော်တို့ထဲက အများစုဟာ မေ့သွားကြပြီ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းပြီးသွားကတည်းက အဲ့ဒီ အသိပညာတွေကို အသုံးမချတော့တာနဲ့ လူသားရဲ့ ဦးနှောက်ဟာ အချိန်ကြာလာတာနဲ့အမျှ မေ့တတ်တာကြောင့် ဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတာက ကျွန်တော်တို့ဟာ ကျောင်းမှာ သီဆိုခဲ့ရတဲ့ ကလေးကဗျာတွေရဲ့ စာသားတွေ၊ နှစ်ပေါင်းများစွာ နားမထောင်ဘဲထားတဲ့ သီချင်းတွေရဲ့ စာသားတွေကိုတော့ အလွယ်တကူ မှတ်မိနိုင်တာပါပဲ။ မတူညီတဲ့အချက်က ကလေးကဗျာတွေ သီချင်းတွေမှာ အထူးတလည် ကြိုးစားစရာမလိုအပ်ဘဲ အလွယ်တကူ မှတ်မိစေနိုင်တဲ့ ကာရန်၊ စည်းဝါးတွေနဲ့ ဖွဲ့စည်းထားတာကြောင့် ဖြစ်ပါတယ်။ အလားတူပါပဲ ကုရ်အာန်ကျမ်းမြတ်ဟာ ကဗျာလင်္ကာလိုဖြစ်ပြီး အင်မတန် ကာရန်ညီတာကြောင့် အာဂုံဆောင်မှတ်မိဖို့ လွယ်ကူပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ကို ဖန်ဆင်းရှင်ချမှတ်ခဲ့တဲ့ တာဝန်ကတော့ ကောင်းကင်တမန် ဂျိဗ်ရာအီလ်ထံကနေတဆင့် ပို့ချပေးခဲ့တဲ့ ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းစာပိုဒ်တွေကို အာဂုံဆောင်ကျက်မှတ်ပြီး မွတ်စလင်မ်တို့ထံ တဆင့်ပြန်လည်ပို့ချသင်ကြားပေးဖို့နဲ့ နားလည်သဘောပေါက်အောင် ရှင်းပြဖို့ပဲ ဖြစ်ပါတယ်။

**“အမှန်စင်စစ် ဤ(ကုရ်အာန်ကျမ်းတော်မြတ်)သည် စကြဝဠာအပေါင်းကို ဖန်ဆင်းမွေးမြူတော်မူသည့် အရှင်မြတ်က ချပေးတော်မူသော ကျမ်းဂန်ဖြစ်သည်။ ယုံကြည်စိတ်ချအပ်သော ကောင်းကင်တမန် ဂျိဗ်ရီလ်သည် ထို(ကုရ်အာန်)ကို ယူဆောင်ချပေးခဲ့လေသည်။ အသင်၏ စိတ်နှလုံးအပေါ်သို့ ချပေးပြီး အသင်သည်**

**သတိပေး နှိုးဆော်သူများထဲမှ ဖြစ်ရန်အတွက် (ချပေးတော်မူခဲ့ခြင်း ဖြစ်သည်)။” (၂၆း၁၉၂-၁၉၄)**

တမန်တော်မုဟမ္မဒ်(ﷺ)ထံက ကုရ်အာန်ကျမ်းတော်မြတ်ကို တိုက်ရိုက် သင်ယူခဲ့ကြတဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ သာဝကတွေဟာလည်း သူတို့အာဂုံဆောင် ကျက်မှတ်ခဲ့ကြတာတွေကို အိမ်နီးချင်းလူမျိုးစုတွေနဲ့ အခြားတိုင်းပြည်များ၊ နိုင်ငံများအထိ သွားရောက်ပြီး လက်ဆင့်ကမ်း သင်ကြားပေးခဲ့ကြတယ်။ ကုရ်အာန်ကျမ်းမြတ်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ထံကို ၂၃နှစ်တာကာလအတွင်း တစ်ပါဒတစ်ပါဒချင်း၊ တစ်ကဏ္ဍ တစ်ကဏ္ဍစီ ဖြည်းဖြည်းချင်း ကျရောက်ခဲ့တာ ဖြစ်တယ်။

**“ဤသို့ (တစ်ပါဒ၊ တစ်ကဏ္ဍချင်း အလီလီ ချပေးတော်မူခြင်း) မှာ ငါအရှင်မြတ်သည် အသင်တမန်တော်၏ စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူရန် ဖြစ်၏။ ထိုအတွက်ပင် ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို တဖြည်းဖြည်းချင်း ဆိုင်းငံ့၍ ချပေးသနားတော်မူခဲ့၏။” (ကုရ်အာန် ၂၅း၃၂)**

အနည်းငယ်စီ ကျရောက်ခြင်းဟာ ထိုခေတ်က မွတ်စလင်မ်တို့အတွက် ကုရ်အာန်ကျမ်းတော်မြတ်ကို အာဂုံဆောင်ကျက်မှတ်ရာမှာ လွယ်ကူစေပါတယ်။ ဒါကြောင့် အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ဘုရားသခင် ဖန်ဆင်းရှင်က ဒီနည်းလမ်းနဲ့ ချပေးတာ ဖြစ်တယ်။ ရှေ့ကတမန်တော်များထံ ကျရောက်ခဲ့တဲ့ ဗျာဒိတ်တော်များဟာ တမန်တော်မုဟမ္မဒ်ဆီ ကျရောက်ခဲ့တဲ့ ကုရ်အာန်ကျမ်းနှင့်မတူဘဲ၊ အနည်းငယ်စီ ကျရောက်ခဲ့တာ မဟုတ်ဘဲ တပြိုင်နက်အားလုံး ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

**“ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထို(တမန်တော်မူစာ)အား အလုံးစုံသော အဆုံးအမ ဩဝါဒများကိုလည်းကောင်း၊ (အမိန့်ပညတ်များနှင့် ပတ်သက်၍) အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်ကို လည်းကောင်း၊ ထိုကျောက်သင်ပုန်းများတွင် ရေးမှတ်၍ ပေးသနားတော်မူခဲ့လေသည်။” (ကုရ်အာန် ၇း၁၄၅)**

အဲ့ဒီလို အာဂုံဆောင် ကျက်မှတ်ခြင်းကို အစ္စလာမ့်သမိုင်းတလျှောက် ဆက်လက်ထိန်းသိမ်းလာခဲ့ပါတယ်။ ယနေ့ခေတ် မွတ်စလင်မ်တို့ဟာ ကုရ်အာန်ကျမ်းမြတ်ရဲ့ ပြည့်စုံစွာ ထိန်းသိမ်းထားရှိမှုနဲ့ ပတ်သတ်ပြီး သံသယမဝင်ကြပါဘူး။ နှစ်ပေါင်း ၁၅၀၀ကျော် သက်တမ်းရှိခဲ့ပြီဖြစ်တဲ့ ဒီလို နှုတ်ဖြင့် ကျက်မှတ်ပို့ချတဲ့ ဓလေ့ဟာ တမန်တော်မုဟမ္မဒ်(ﷺ) ကိုယ်တိုင် သက်ရှိထင်ရှား ရှိစဉ်ကတည်းကစပြီး ဆရာများထံက ကျောင်းသားများထံသို့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းလာခဲ့တာကို တွေ့ရပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ ကုရ်အာန်ကျမ်းမြတ်ကို မူရင်းအရဗီဘာသာ အတိုင်း အစမှအဆုံး အာဂုံဆောင် ကျက်မှတ်ထားသူ သန်းပေါင်းများစွာ ရှိပါတယ်။ အခြားဘာသာများနှင့် အစ္စလာမ်ဘာသာရဲ့ ကွာခြားမှုက အခြားဘာသာကိုးကွယ်သူများမှာ မိမိတို့ကျမ်းစာကို အလွတ်ရသူဟာ တစ်နိုင်ငံလုံးလောက်မှာမှ တစ်ယောက်လောက်သာရှိပါတယ်။ သို့ပေမယ့် အစ္စလာမ်ဘာသာဝင်တို့ရဲ့ ကုရ်အာန်ကျမ်းကို စ၊လယ်၊ဆုံး ဧ။်သည်မရွေး အလွတ်ရသူ မွတ်စလင်မ်တွေ ရပ်ကွက်တိုင်းမှာ များစွာရှိနေပါတယ်။ မွတ်စလင်မ် ကလေးငယ်တစ်ဦးဟာ ကျမ်းစာရဲ့စာပိုဒ်တော်တော်များများကို ဧ။်သည်မရွေး ရွတ်ဆိုနိုင်ပါတယ်။ ကျမ်းစာကို မွတ်စလင်မ်တိုင်း တစ်နေ့ငါးကြိမ်ဝတ်ပြုမှုနှင့် သောကြာနေ့ ဝတ်ပြုမှုများတွင် ဖတ်ရွတ်ရပြီး အလွတ်ရထားသည်များကို ပြန်နွှေးပြီးသားလည်း ဖြစ်သွားပါတယ်။

ဒါဟာ ဖန်ဆင်းရှင်က ကုရ်အာန်ကျမ်းမြတ်ကို ကာကွယ်ထိန်းသိမ်းတော်မူမှာ ဖြစ်ကြောင်း ကတိပြုတော် မူခဲ့ခြင်းရဲ့ သက်သေ အထောက်အထား ဖြစ်တယ်။ ကုရ်အာန်ကျမ်းဟာ ဘာသာရေးစာအုပ်၊ လောကီစာအုပ်တွေ အားလုံးထဲက လူသန်းပေါင်းများစွာ အာဂုံဆောင်ခြင်းခံရတဲ့ တစ်ခုထဲသော စာအုပ်ဖြစ်ကြောင်း အရှေ့တိုင်း ယဉ်ကျေးမှုပညာရှင် ဝီလီယမ်ဂရေဟမ် (William Graham) က ပြောခဲ့ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ ထိန်းသိမ်းခံထားရခြင်းနဲ့ ပတ်သတ်ပြီး အချို့သော မွတ်စလင်မ်မဟုတ်တဲ့ စာပေပညာရှင်တွေရဲ့ အဆိုပြုချက်တွေကို ဖော်ပြသွားပါမယ်။

အရှေ့တိုင်း စာပေယဉ်ကျေးမှု ပညာရှင် အေ.တီ.ဝဲလ်ချ် (A.T Welch) က ရေးသား အဆိုပြုခဲ့ပါတယ် ;

**"မွတ်စလင်မ်တွေအတွက် ကုရ်အာန်ကျမ်းဟာ ပုံမှန်အားဖြင့် အနောက်တိုင်းသားတွေ သိထားတဲ့ ကျမ်းစာ သို့မဟုတ် အထွတ်အမြတ်ထားတဲ့စာပေ ဆိုတာထက် ပိုပါတယ်။ ရာစုနှစ်တွေတစ်လျှောက် လူတွေအတွက် အဓိကအရေးပါမှုဟာ ဒီကျမ်းစတင်ပေါ်ပေါက်လာခဲ့တဲ့ပုံစံ၊ တမန်တော်မုဟမ္မဒ်(ﷺ)က သူရဲ့ နောက်လိုက်တွေကို နှစ်၂၀ကျော်ကာလအတွင်း ရွတ်ဆိုပြခြင်းနဲ့သာ ပို့ချခဲ့ပြီး သူတို့ကို နှုတ်နဲ့သာ ပြန်လည်ကျက်မှတ်ရွတ်ဆိုစေခဲ့တဲ့ ပုံစံဖြစ်တယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ခေတ်မှာ သူ့ရဲ့ နောက်လိုက်တွေထဲက ကုရ်အာန်ကို အာဂုံဆောင်ခဲ့ကြသူတွေ ရှိခဲ့တယ်။ ဒါ့ကြောင့် ဒီနှုတ်နဲ့ရွတ်ဆိုတဲ့ ဓလေ့ဟာ အချို့နည်းလမ်းများအရ ရေးသားထားတဲ့ ကုရ်အာန်ကိုပင် မမှီခိုဘဲ ရပ်တည်နိုင်ပြီး သာလွန်ကောင်းမွန်ကြောင်း သမိုင်းကြောင်းရှိခဲ့ပါတယ်။ ရာစုနှစ်တွေတစ်လျှောက် ကုရ်အာန် တစ်အုပ်လုံးကို နှုတ်နဲ့ရွတ်ဖတ်တဲ့ အစဉ်အလာကို ကျွမ်းကျင်တဲ့ ရွတ်ဖတ်သူတွေက ထိန်းသိမ်းထားခဲ့ကြတာ ဖြစ်တယ်။ မကြာသေးမီအချိန်ကထိ အနောက်နိုင်ငံတွေမှာ နှုတ်နဲ့ရွတ်ဆိုထားတဲ့ ကုရ်အာန်ရဲ့ အရေးပါမှုကို တန်ဖိုးထားလေ့ မရှိခဲ့ကြပါဘူး။"**

သမ္မာကျမ်းစာပညာရှင် ကန်းနက်သ်ကရက်ဂ် (Kenneth Cragg) ကလည်း ဒီလိုမျိုး အဆိုပြု ပြောခဲ့ပါသေးတယ် ;

**"ဒီလို ကုရ်အာန်ကျမ်းကို ရွတ်ဖတ်တဲ့ ဖြစ်စဉ်က စဉ်ဆက်မပြတ် ရှင်သန်လျှက်ရှိနေပြီး ခ၀ပ်ဆည်းကပ်မှုအဖြစ် ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ကုရ်အာန်ကို ဝေးကွာတဲ့ အတိတ်ကာလတစ်ခုရဲ့ ရှေးဟောင်းပစ္စည်းအဖြစ်လည်းကောင်း၊ သမိုင်းဝင်စာပေအဖြစ်လည်းကောင်း သတ်မှတ်လို့ မရပါဘူး။ ကုရ်အာန်ကျမ်းမြတ်ကို မှီငြမ်းကိုးကားဖို့လောက်နဲ့ ချောင်ထိုးထားဖို့လောက်သာ ခွင့်ပြုထားတာမဟုတ်ဘဲ ဟိဖ်ဇ္ဇ် (ကုရ်အာန် အာဂုံဆောင် ကျက်မှတ်ခြင်း)ကို မွတ်စလင်မ်တို့ရဲ့**

**အချိန်ကာလ တစ်လျှောက်လုံး မျိုးဆက်တိုင်းမှာ စီးဆင်းနေစေခဲ့တဲ့ အတွက် ယနေ့တိုင် ထာဝရ ပိုင်ဆိုင်နေခဲ့တာ ဖြစ်တယ်။”**

ကမ္ဘာပေါ်မှာ မွတ်စလင်မ်ဦးရေ ၁.၅ ဘီလီယံခန့်ရှိတဲ့ထဲက မွတ်စလင်မ်တိုင်းဟာ အနည်းဆုံး ကုရ်အာန်ကျမ်းမြတ်ရဲ့ အချို့အပိုင်းတွေ၊ ကဏ္ဍတွေကို မူရင်းအရဗီဘာသာ အတိုင်း အာဂုံဆောင်ကျက်မှတ်ထားကြပါတယ်။ အကြောင်းကတော့ တမန်တော် မုဟမ္မဒ်(ﷺ) ဝတ်ပြုဆုတောင်းခဲ့တဲ့အတိုင်း ဝတ်ပြုနိုင်ဖို့ဖြစ်တယ်။ တကယ်တမ်း ဘာသာရေးစာပေတိုင်းကို ရေးသားထားတဲ့ စာမူတွေအားလုံး ပျက်စီးသွားမယ်ဆို ရင်တောင် ကုရ်အာန်ကျမ်းမြတ်ဟာ လူအများရဲ့ အာဂုံဆောင်ကျက်မှတ်ထားမှုကြောင့် အချိန်တိုအတွင်း ပြီးပြည့်စုံစွာ ပြန်လည်ပြုစုနိုင်တဲ့ တစ်ခုတည်းသော ကျမ်းစာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ကို အာဂုံဆောင်ထားတဲ့ သူတွေဟာ အသက်အရွယ် မျိုးစုံက ဖြစ်ပြီး အများစုဟာ အာရပ်လူမျိုးများမဟုတ်သလို အာရဗီစကားလည်း မပြောတတ်ကြပါဘူး။

ကုရ်အာန်ကျမ်းမြတ်ကို နှုတ်နဲ့ အလွတ်ကျက်မှတ်တာဟာ အစ္စလာမ်ရဲ့ ပြိုင်စံကင်းတဲ့ ဓလေ့တစ်ခု ဖြစ်တယ်။ ကုရ်အာန်ကို အာဂုံဆောင်ထားတဲ့ ကမ္ဘာပေါ်က သန်းပေါင်းများစွာသော လူတွေဟာ တမန်တော်မုဟမ္မဒ်(ﷺ)ထံကနေ စတင်ဆင်းသက် လာခဲ့တဲ့ ကုရ်အာန်ကျမ်းမြတ်ကိုသာ သင်ယူကျက်မှတ်ခဲ့ကြတာဖြစ်တယ်။ ဒီလို ပတ်သတ်ဆက်နွှယ်မှုဟာ အင်မတန်မှ အံ့အားသင့်ဖွယ် ဖြစ်ပါတယ်။ ကုရ်အာန်ကို အာဂုံဆောင်ထားကြတဲ့ သန်းပေါင်းများစွာသော လူတွေဟာ သူတို့သင်ယူခဲ့တဲ့ ဆရာတွေ၊ ပညာရှင်တွေရဲ့ ကွင်းဆက်ကို အဆင့်ဆင့် ဆယ်စုနှစ်အလိုက် ခြေရာခံကြည့်လိုက်တဲ့အခါ နောက်ဆုံးတမန်တော်မုဟမ္မဒ်(ﷺ)ထံကနေပဲ ဆင်းသက်လာတာဖြစ်ကြောင်း တွေ့ရှိရ တယ်။ ဒါကြောင့် ဒီလို နှုတ်ဖြင့်ကျက်မှတ်ခြင်းရဲ့ စစ်မှန်မှုကို သံသယဝင်စရာ ဘာအကြောင်း ရှိပါဦးမလဲ? အထူးသဖြင့် အဲ့ဒီ သန်းပေါင်းများစွာသော အာဂုံဆောင်ထား သူတွေဟာ ကမ္ဘာ့နေရာအသီးသီးမှာ နေထိုင်ကြပြီး၊ မတူညီတဲ့ ဆရာတွေနဲ့ မတူညီတဲ့ ပညာရှင်တွေဆီမှာ သင်ယူခဲ့ကြတာဖြစ်တယ်။ အဆင့်ဆင့် ပြန်လည်သင်ကြား

ပို့ချပေးခဲ့သူတွေရဲ့ ပမာဏနဲ့ ကုရ်အာန်ကို အာဂုံဆောင်ထားကြ သူတွေရဲ့ ပမာဏဟာ သိန်းသန်းကုဋေချီအောင် များပြားနေပေမဲ့လည်း သူတို့တွေ ကိုယ်စီကိုယ်စီ ကျက်မှတ်ထားတဲ့ ကုရ်အာန်မှာ ကွဲလွဲမှု တစ်စုံတစ်ရာလေးတောင် မရှိတာဟာ သမိုင်းဝင် မတော်တဆမှု တစ်ခု မဟုတ်ပါဘူး။ ယနေ့အာဂုံဆောင်ထားကြတဲ့ ကုရ်အာန်ဟာ နှစ်ပေါင်း ၁၄၀၀ ကျော်အလျင်က ကျရောက်ခဲ့တဲ့ ကျမ်းမြတ်ကုရ်အာန်ပဲ ဖြစ်တယ်။”

## သဂျ်ဝီးဒ်

ကုရ်အာန်ကို ထိန်းသိမ်းထားမှုနဲ့ ပတ်သတ်ပြီး ကုရ်အာန်ကို ဖွဲ့စည်းထားတဲ့ ဘာသာစကားအကြောင်း၊ ကုရ်အာန်ရဲ့ စကားလုံးတွေနဲ့ ကျမ်းစာပိုဒ်တွေရဲ့ အကြောင်းကို ဆွေးနွေးခဲ့ပြီးပါပြီ။ အံ့သြစရာကောင်းတာက နောက်တစ်ဆင့် ထပ်သွားလို့ ရပါသေးတယ်။ ကုရ်အာန်ကို ထိန်းသိမ်းထားခြင်းရဲ့ နောက်ထပ် ထူးခြားချက်တစ်ခု ကတော့ ဒီကျမ်းကို ရွတ်ဖတ်တဲ့အခါမှာ စာလုံးတစ်လုံးချင်းစီကို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ နည်းလမ်းဥပဒေတွေနဲ့အညီ စနစ်တကျ အသံထွက်ရပြီး၊ အဲ့ဒီလို စည်းစနစ်တွေနဲ့ ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ရခြင်းကိုပါ ထိန်းသိမ်းထားတာ ဖြစ်ပါတယ်။ ဒီအချက်အရ မွတ်စလင်မ်တွေဟာ တမန်တော်မုဟမ္မဒ်(ﷺ) ရွတ်ဖတ်ခဲ့တဲ့ တူညီတဲ့ စာသားတွေကို သာမက တမန်တော် ရွတ်ဖတ်ခဲ့တဲ့ ရွတ်ဖတ်ဟန်အတိုင်း၊ အသံထွက်အတိုင်း တစ်ပုံစံတည်း ရွတ်ဖတ်နေကြတာဖြစ်ကြောင်း သေချာနေပါတယ်။

ဘာကြောင့် ဒါဟာအရေးကြီးသလဲ မိတ်ဆွေစဉ်းစားနေပါလိမ့်မယ်။ ကုရ်အာန် ကျမ်းမြတ်ရဲ့ ရွတ်ဖတ်ဟန်ကို ထိန်းသိမ်းထားခြင်းရဲ့ အရေးပါမှုကို ဖော်ပြဖို့ အလွယ်ဆုံး နည်းလမ်းဖြစ်တဲ့ တယ်လီဖုန်းဂိမ်းနဲ့ နှိုင်းယှဉ်ကြည့်ပါမယ်။ ဒီဂိမ်းနဲ့ မရင်းနှီးသေးဘူးဆိုရင် ပြောပြပါ့မယ်။ အဖွဲ့လိုက်ကစားရတဲ့ဂိမ်းဖြစ်ပြီး တူညီတဲ့စကားတစ်ခွန်းကို မိမိဘေးက လူရဲ့ နားထဲကို တီးတိုးပြောပြရတာ ဖြစ်ပါတယ်။ ပထမတစ်ယောက်ကစပြီး သူ့ဘေးက လူကို စကားတစ်ခွန်း တိုးတိုးလေး ပြောလိုက်ပါတယ်။ ဒုတိယတစ်ယောက်ကလည်း သူ့ဘေးက တတိယတစ်ယောက်ကို တိုးတိုးလေး ပြန်ပြောရပါတယ်။ အဲ့လိုနဲ့

ဆက်ပြီးတော့ ပြောသွားပြီး အဖွဲ့ထဲက နောက်ဆုံးတစ်ယောက်ဆီ ရောက်သွားတဲ့အခါ နောက်ဆုံးလူ ပြောတဲ့စကားနဲ့ ပထမဆုံးလူ ပြောတဲ့စကား တူမတူ နှိုင်းယှဉ်ကြည့်ရတာ ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် နောက်ဆုံးလူဆီကို ရောက်တဲ့အခါမှာ သိသိသာသာ ပြောင်းသွားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ပြောလိုက်တဲ့စကားက နောက်ဆုံးသူဆီကို ရောက်တဲ့အခါမှာ ပြောင်းသွားနိုင်တဲ့ အကြောင်းရင်း အမျိုးမျိုး ရှိနိုင်ပါတယ်။ ဥပမာ- အဖွဲ့ထဲကလူတွေက တစ်ယောက်နဲ့ တစ်ယောက် စကားပြောတဲ့နှုန်းမတူတာ၊ လေယူလေသိမ်းမတူတာ၊ ဒေသအလိုက် စကားဝဲတာတွေ၊ စာလုံးတွေကို အသံထွက်တဲ့နေရာတွေမှာ ကွဲသွားနိုင်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်တဲ့ဟန်၊ အရဗီစာလုံး တစ်လုံးချင်းစီရဲ့ အသံထွက်ပုံ၊ ရွတ်ဖတ်တဲ့နှုန်း၊ ကျမ်းစာပိုဒ်များအတွင်း ရပ်တန့်ရတဲ့နေရာ စတာတွေကို စနစ်တကျ ထိန်းသိမ်းထားခြင်း မရှိခဲ့ရင် လူအများ အာဂုံဆောင်ထားခြင်းဟာ ကြပ်မတ်မှုမရှိတဲ့ တယ်လီဖုန်းဂိမ်းလို ဖြစ်နေမှာ သေချာပါတယ်။

ဒီအသေးစိတ်တွေကို အာရုံစိုက်ဖို့ မွတ်စ်လင်မ်တွေကို ဘာကလှုံ့ဆော်ခဲ့တာလဲ? ဖန်ဆင်းရှင်က ကုရ်အာန် ကျမ်းမြတ်ကို တမန်တော်မုဟမ္မဒ်(ﷺ)ထံ ချပေးတဲ့အခါ တိကျပြီး သီးသန့်နည်းဟန်နဲ့ ရွတ်ဖတ်ခြင်းကိုပါ ချပေးခဲ့တာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ် ကိုယ်တိုင်မှာလည်း မွတ်စလင်မ်တွေကို ကုရ်အာန်ရွတ်ဖတ်တဲ့ အခါမှာ တူညီတိကျတဲ့ နည်းဟန်နဲ့ ရွတ်ဖတ်ဖို့ မိန့်ထားပါတယ်။

**“အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်ကောင်းမွန်စွာ ကွဲပြားခြားနား ရှင်းလင်းပီသအောင် အေးအေးဆေးဆေး ဖြည်းဖြည်းမှန်မှန် ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပါလေ။” (ကုရ်အာန် ၇၃:၄)**

ဒါကြောင့် သမိုင်းတစ်လျှောက် မွတ်စလင်မ်တွေဟာ ကုရ်အာန် ဖတ်ရွတ်ပုံ ဖတ်ရွတ်နည်းနဲ့ ပတ်သက်ပြီး အင်မတန် အလေးထားခဲ့ကြပါတယ်။ အဲ့ဒီ အလေးအနက် ထားမှုကပဲ သဂျ်ဝီးဒ်လို့ခေါ်တဲ့ နက်နဲတဲ့ ပညာရပ်တစ်ခုကို ဖြစ်တည်စေခဲ့တယ်။ သဂျ်ဝီးဒ်ဆိုတာ ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မုဟမ္မဒ်(ﷺ) ရွတ်ဖတ်တော်မူခဲ့တဲ့

နည်းဟန်အတိုင်း ရွတ်ဖတ်နိုင်ဖို့ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ထားတဲ့ ပညာရပ်ဖြစ်ပါတယ်။ ယနေ့နိုင်ငံပေါင်းစုံက လူမျိုးပေါင်းစုံအနက်မှ သန်းပေါင်းများစွာသော မွတ်စလင်မ်တွေ ကုရ်အာန်ကျမ်းမြတ်ကို တမန်တော်မုဟမ္မဒ်(ﷺ) လက်ထက်က အာရပ်လူမျိုးတွေလို မှန်ကန်ပီသစွာ ဖတ်ရွတ်နိုင်ကြတာဟာ ဒီသဂျ်ဝီးဒ်ပညာရပ်ရဲ့ အရေးပါမှုကို သက်သေပြနေပါတယ်။ ဒါ့အပြင် ဒီလိုထိန်းသိမ်းထားရှိမှုကို ကြီးကြပ်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ ဗဟိုဘာသာရေးအဖွဲ့အစည်းမျိုးလည်း မရှိပါဘူး။

ကျမ်းမြတ်ကုရ်အာန်ကို ဒီလိုနည်းလမ်းနဲ့ ထိန်းသိမ်းထားတာကို ယုံကြည်လို့ရတဲ့ နောက်ထပ် သက်သေတစ်ခုကတော့ ကျမ်းမြတ်ကုရ်အာန်ကို ရွတ်ဖတ်ခြင်းမှာပဲ ဖြစ်ပါတယ်။ ကမ္ဘာအဝှမ်း သန်းနှင့်ချီသော ဗလီဝတ်ကျောင်းတော်တွေမှာ နေ့စဉ်နေ့တိုင်း ကမ္ဘာအရပ်ရပ်မှ ကုရ်အာန် အာဂုံဆောင်ထားသူများဟာ မတူညီတဲ့ ပညာရှင်အသီးသီးထံမှာ တစ်ယောက်နဲ့တစ်ယောက် ကုရ်အာန်ကျမ်းမြတ်ကို အပြန်အလှန် ရွတ်ဖတ်ပြကြပါတယ်။ အဲဒီလို အစုအဝေးနဲ့ ဖတ်ရွတ်ရာမှာ အမှားတစ်စုံတရာတွေ့လျှင် ချက်ချင်းပြင်ပေးပါတယ်။ သို့တိုင်အောင် ကုရ်အာန်ဖတ်ရွတ်ပုံနဲ့ ပတ်သက်ပြီး သဘောထားကွဲလွဲမှုတစ်စုံတစ်ရာ မရှိပါဘူး။ မွတ်စလင်မ်တွေဟာ ကုရ်အာန်ရဲ့ ပြည့်စုံစွာ ထိန်းသိမ်းထားရှိမှုနဲ့ ပတ်သက်ပြီး ဘာကြောင့်ဒီလောက် သေချာနေလဲဆိုတာ မိတ်ဆွေ အခုနားလည်နိုင်ပြီဖြစ်ပါတယ်။ ဘာသာရေးလေ့လာမှုပညာရပ်ရဲ့ ရှုထောင့်ကတင်မဟုတ်ပဲ၊ သမိုင်းနဲ့ကိုယ်တွေ့အမြင်ကနေပါ မှန်ကန်နေကြောင်း ယုံကြည်လက်ခံရမှာ ဖြစ်ပါတယ်။

## ဘာသာစကား

ဒီအထိ ဆွေးနွေးလာခဲ့တဲ့ အချက်တွေအရ၊ ကုရ်အာန်ကျမ်းမြတ်ရဲ့ စာသားရော ဖတ်ရွတ်တဲ့နည်းဟန်ပါ ထိန်းသိမ်းခြင်းခံထားရကြောင်း ထင်ရှားနေပါပြီ။ ထပ်ပြီးတော့ ကုရ်အာန်ရဲ့ အဓိပ္ပာယ်ဟာလည်း ထိန်းသိမ်းခြင်းခံထားရကြောင်း သိရှိနိုင်ပါတယ်။ ဒီအချက်ကလည်း အရေးကြီးပါတယ်။ ကျမ်းစာနဲ့ ဘာသာစကားကို ခွဲထုတ်လို့ မရပါဘူး။ ကုရ်အာန်ကျမ်းမြတ်ဟာ အရဗီဘာသာစကားနဲ့ ချည်နှောင်ဆက်နွယ်နေတယ်လို့ ဖန်ဆင်းရှင်က ဖော်ပြထားပါတယ်။

**"အမှန်စင်စစ် ငါအရှင်မြတ်သည် အသင်တို့(ကောင်းစွာ) သိနားလည်ကြရန် အတွက် ထိုကျမ်းဂန်ကို အရဗီဘာသာစကားနှင့် (ထုတ်ပြန်သည့်) ကုရ်အာန်ကျမ်းတော် မြတ်အဖြစ် ပြုလုပ်ထားတော်မူသည်။" (ကုရ်အာန် ၄၃:၃)**

ဒါကြောင့် ကျွန်တော်တို့ဟာ အရဗီစကားကို ဆုံးရှုံးသွားမယ်ဆိုရင် ကုရ်အာန်ကို လည်း ဆုံးရှုံးရမှာဖြစ်ပါတယ်။ ကျမ်းစာတစ်ခုရဲ့ စာသားတွေကို ပြည့်စုံစွာ ထိန်းသိမ်းထား ပေမယ့် ရေးသားထားတဲ့စာလုံးတွေရဲ့ အဓိပ္ပာယ်ပျောက်ဆုံးနေမယ်ဆိုရင် အကျိုးရှိမှာ မဟုတ်ပါဘူး။ ဘာသာစကားတွေဟာ အချိန်ကာလ ကြာတဲ့အခါ ရုတ်ချည်းပြောင်းလဲ သွားနိုင်လားလို့ မိတ်ဆွေ စဉ်းစားနေပါလိမ့်မယ်။ ကျွန်တော်တို့ ဥပမာအနေနဲ့ အင်္ဂလိပ် ဘာသာစကားကို ကြည့်ရအောင်။ ကျွန်တော်တို့ ၁၄ရာစုနှစ်လောက်က အင်္ဂလန်မှာ နေထိုင်ခဲ့မယ်ဆိုရင် ယနေ့ကျွန်တော်တို့ အသုံးပြုနေတဲ့ "nice" (ကောင်းမွန်သော)ဆိုတဲ့ စကားလုံးက လုံးဝမတူတဲ့ အဓိပ္ပာယ်တစ်မျိုး ဖြစ်နေပါလိမ့်မယ်။ အဲ့ဒီစကားလုံးက "nescius"ဆိုတဲ့ လက်တင်စကားလုံးကနေ ဆင်းသက်လာတာဖြစ်ပြီး "Ignorant" (မသိမိုက်မဲသော)လို့ အဓိပ္ပာယ်ရပါတယ်။ အဲ့ဒီစကားလုံးကို ၁၄ရာစုနှစ်မှာ "မိုက်မဲသော"၊ "ဦးနှောက်မရှိသော"ဆိုတဲ့ အဓိပ္ပာယ်နဲ့ စတင် အသုံးပြုခဲ့ပါတယ်။ နောက်ပိုင်းမှာ ရှက်ကြောက်ခြင်း၊ ဣန္ဒြေရှိခြင်းဆိုတဲ့ အဓိပ္ပာယ်နဲ့ အသုံးပြုပါတယ်။ နောက်ပိုင်း ၁၈ရာစုမှာ အင်္ဂလိပ်အသိုင်းအဝိုင်းက အဲ့ဒီအချက်တွေအပေါ် လေးစားလာမှုကြောင့် ကျွန်တော်တို့ ဒီနေ့သိရှိတဲ့"nice"ဆိုတဲ့စကားလုံးရဲ့ ပိုကောင်းတဲ့အဓိပ္ပာယ် "ကောင်းမွန်သော"ကို ရရှိလာတာ ဖြစ်ပါတယ်။ ဒီလို ရိုးရှင်းတဲ့ ဥပမာနဲ့တင် စာသားတစ်ခုကို နားလည်နိုင်ဖို့ စကားလုံးတွေရဲ့ မူရင်းအဓိပ္ပာယ်က ဘယ်လောက်ထိ အကျိုးသက်ရောက်မှုရှိလဲဆိုတာကို သိနိုင်ပါတယ်။ စကားလုံးတွေရဲ့ မူရင်းအဓိပ္ပာယ်ကို သေချာမထိန်းသိမ်းဘူးဆိုရင် ရှေးစာပေတွေကို နားလည်မှုလွဲချော်သွားနိုင်ပါတယ်။ ပိုဆိုးတာက ဘာသာစကား လုံးဝ တိမ်ကောပျောက်ကွယ်သွားနိုင်တာပါပဲ။ ရှေးခေတ် အီဂျစ်ပြည်ရဲ့ အရုပ်စာလိုမျိုးပေါ့။ ပိရမစ်တွေမှာတွေ့ရတဲ့ စာလုံးတွေထက် အရုပ်တွေနဲ့ ရေးထားတဲ့ အဲ့ဒီဘာသာစကားဟာ ရှေးခေတ် အီဂျစ်လူမျိုးတွေ ရှားပါးလာပြီးနောက် နှစ်ပေါင်းထောင်ချီကတည်းက ပျောက်ဆုံးသွားခဲ့ပါတယ်။ ဒီဥပမာတွေက ဘယ်စာပေကို

မဆို ထိန်းသိမ်းတဲ့အခါမှာ ဘာသာစကားမှာရှိတဲ့ စကားလုံးတွေရဲ့ အရေးပါမှုကို ဖော်ပြနေပါတယ်။

ယနေ့တည်ရှိနေတဲ့ ရှေးအကျဆုံး အရဗီအဘိဓာန်ဟာ တမန်တော်မုဟမ္မဒ်(ﷺ) ကွယ်လွန်တော်မူပြီးနောက် နှစ်ပေါင်း၂၀၀အတွင်း ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ အစောပိုင်း ကျမ်းပြုစုထားတဲ့ အရဗီအဘိဓာန်တွေမှာ ကုရ်အာန်ထဲက စကားလုံးတွေရဲ့ အဓိပ္ပာယ် တွေကို လုံးဝမပျောက်ကွယ်သွားစေဖို့ သေချာပြုစုထားတာကို တွေ့ရပါတယ်။ ဂျူးတို့ရဲ့ ထုံးတမ်းစဉ်လာနဲ့ ယှဉ်ကြည့်မယ်ဆိုရင်၊ သောင်ရဟ်ကျမ်းကို တမန်တော်မူစာ(အ) (မောရှေ)ထံ နှစ်ပေါင်း၃၀၀၀ကျော်အရင်က ချပေးခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ကုရ်အာန် ကျမ်းထက် နှစ်ပေါင်း၁၅၀၀ကျော်စောပြီး ကျရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ပထမဆုံး ဟီဗရူးဘာသာအဘိဓာန်ကို ကုရ်အာန်ကျမ်းကျရောက်ပြီး နှစ်ပေါင်း ၃၀၀ခန့်ထိ မပြုစုရသေးပါဘူး။ သမ္မာကျမ်းစာဓမ္မဟောင်းကျရောက်ချိန်နဲ့ ပထမဆုံး ဟီဘရူးအဘိဓာန် ထွက်ရှိချိန်က နှစ်ပေါင်း ၁၀၀၀တောင် ကွာဟနေပါတယ်။ ဟီဗရူးဘာသာစကားဟာ အစ္စရေးမတည်ထောင်မီ ဒုတိယ ရာစုနှစ်အထိသာ အသုံးပြုခဲ့ပြီး သေဆုံးသွားတဲ့ ဘာသာစကား ဖြစ်ခဲ့ပါတယ်။ အကျိုးဆက် အနေနဲ့ သမ္မာကျမ်းစာပညာရှင်တွေက သမ္မာကျမ်းစာအဟောင်းမှာ တွေ့ရတဲ့ နားလည်ရ ခက်တဲ့ ဟီဗရူးစကားလုံးတွေကို နားလည်နိုင်ဖို့အတွက် အရဗီအဘိဓာန်က ဝေါဟာရ တွေရဲ့ အကူအညီကို ယူခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အရဗီနဲ့ဟီဘရူးဟာ ဆီမိုက်ဘာသာ စကားအုပ်စုရဲ့ အပိုင်းနှစ်ပိုင်း ဖြစ်နေလို့ပါပဲ။ သူတို့မှာ ဆင်တူတာတွေ အများကြီး ရှိနေတယ်။ အရဗီဘာသာစကားကို အလယ်ခေတ်ကတည်းက သမ္မာကျမ်းစာ ပညာရှင်တွေဟာ သမ္မာကျမ်းစာထဲက ခက်ခဲတဲ့ ဟီးဘရူးစကားလုံးတွေ၊ ဖော်ပြချက်တွေ ကို နားလည်ဖို့ အသုံးပြုခဲ့ရပါတယ်။ ယနေ့ခေတ်မှာတောင် သမ္မာကျမ်းစာပညာရှင် တွေဟာ သူတို့ရေးတဲ့မှတ်စုတွေ၊ ဆောင်းပါးတွေမှာ ဟီဘရူးစကားလုံး သို့မဟုတ် စာပိုဒ်တစ်ခုရဲ့ အဓိပ္ပာယ်ကိုတိကျစေဖို့ အရဗီကနေ သက်သေယူလေ့ရှိကြပါတယ်။ သမ္မာကျမ်းစာ ပညာရှင်တွေဟာ သမ္မာကျမ်းစာဟောင်းရဲ့ ဘာသာစကားဖြစ်တဲ့ ဟီဘရူးကို အပြည့်အဝ

နားလည်နိုင်ဖို့အတွက် ကုရ်အာန်ရဲ့ဘာသာစကားဖြစ်တဲ့ ဂန္ထဝင်အရဗီစာပေကို အားထားရတာဟာ သိပ်ကိုစိတ်ဝင်စားဖို့ ကောင်းပါတယ်။

အရဗီဘာသာစကားအကြောင်းကို ယေဘုယျအားဖြင့် စဉ်းစားကြည့်ရအောင်။ ကုရ်အာန်ကို အရဗီဘာသာစကားနဲ့ ချပေးခဲ့တဲ့အတွက် အကျိုးထူးတစ်စုံတစ်ရာ ရှိပါသလား? အရဗီဘာသာစကားကိုယ်တိုင်က သူ့မှာ နဂိုပိုင်ဆိုင်ထားတဲ့ အားသာချက်တွေ အများကြီးရှိနေပါတယ်။ အရဗီဟာ ကျယ်ပြန့်ပြီး ဝေါဟာရအင်မတန် ကြွယ်ဝတာကြောင့် အတွေးအခေါ်တွေ၊ အယူအဆတွေကို တိတိကျကျ ပို့ချနိုင်ဖို့ အကောင်းဆုံး ကြားခံတစ်ခု ဖြစ်စေပါတယ်။ စကားလုံးဝေါဟာရ ကြွယ်ဝတာကြောင့် အချက်အလက်များစွာကို ကျစ်ကျစ်လျစ်လျစ်နဲ့ ဆိုလိုရင်းတွေကို တိတိကျကျ သိရှိစေနိုင်ပါတယ်။ ကျစ်လျစ်မှုက ကုရ်အာန်ကို အာဂုံဆောင်တဲ့နေရာမှာ လွယ်ကူမှုရှိဖို့ ကူညီပေးပါတယ်။ ဒီမှာ ကျွန်တော်တို့ "ကုလားအုတ်" ဆိုတဲ့စကားလုံးကို ဥပမာယူကြည့်ရအောင်။ ကုလားအုတ်အမျိုးမျိုးကို မြန်မာစကားအသုံးပြုပြီး ဖော်ပြဖို့ နည်းလမ်းတချို့ကို ဒီမှာ ဖော်ပြပါမယ်။

ကုလားအုတ်ထီး

ကုလားအုတ်မ

ကုလားအုတ်ငယ်

ရေအနည်းငယ်သာသောက်သော ကုလားအုတ်

လွတ်လပ်မှုကို နှစ်သက်ပြီး ထိန်းသိမ်းရခက်၊ ဖမ်းရခက်သောကုလားအုတ်

အထက်က ဥပမာတစ်ခုစီထဲမှာ ဆိုလိုတဲ့ ကုလားအုတ်ရဲ့ အမျိုးအစားအတိအကျကို ဖော်ပြဖို့ မြန်မာလို စကားလုံးများစွာ အသုံးပြုဖို့ လိုအပ်တာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာစကားမှာ ဒီတိရစ္ဆာန်ကို ဖော်ပြဖို့ "ကုလားအုတ်"ဆိုတဲ့ အချုပ်စကားလုံးတစ်လုံးပဲ ပိုင်ဆိုင်တာကြောင့် ဖြစ်ပါတယ်။ အရဗီစကားရဲ့ ကြွယ်ဝမှုကြောင့် အထက်မှာဖော်ပြခဲ့တဲ့ ကုလားအုတ်တစ်မျိုးချင်းစီရဲ့ အမျိုးအစားအတိအကျကို

ဖော်ပြဖို့ သီးသန့်စကားလုံးတွေရှိပါတယ်။ တကယ်တော့ ဂန္တဝင်အရဗီစာပေမှာ မိတ်ဆွေရဲ့ စိတ်ကူးထဲပေါ်လာတဲ့ ကုလားအုတ်အမျိုးအစား မှန်သမျှကို ဖော်ပြဖို့ သီးသန့်စကားလုံး အလုံး(၃၀၀)ဝန်းကျင် ရှိပါတယ်။ ကုလားအုတ်တွေနဲ့ ပတ်သက်ပြီး မိန့်ထားတဲ့ ကုရ်အာန်က အချို့ကျမ်းစာပိုဒ်တွေကို လေ့လာကြည့်ရအောင် ;

**"ကုလားအုတ်များသည် မည်ကဲ့သို့ ဖန်ဆင်းခြင်း ခံခဲ့ကြရသည်ကို သူတို့သည် ကြည့်ရှုလေ့လာဆင်ခြင်ခြင်း မပြုကြလေသလော။" (ကုရ်အာန် ၈၈:၁၇)**

ဒီနေရာမှာ ကုလားအုတ်အတွက် အသုံးပြုထားတဲ့ အရဗီစကားလုံး "အိဘိလ်"က ရှိသမျှ ကုလားအုတ်အမျိုးအစားအားလုံးကို ခြုံငုံပြောတာ ဖြစ်ပါတယ်။ ဘယ်ကုလားအုတ် အမျိုးအစားကိုမဆို ငေးမောကြည့်ရှုပြီး ဒီလိုထူးခြားတဲ့ တိရစ္ဆာန်ကို ဖန်ဆင်းခဲ့တဲ့ ဖန်ဆင်းရှင်ရဲ့ အံ့မခန်းဖန်ဆင်းနိုင်မှုစွမ်းအားကို တွေးတောကြဖို့ မိန့်ထားတာ ဖြစ်ပါတယ်။ ဒါမှသာ မူရင်းအရဗီရဲ့ အဓိပ္ပာယ်အတိအကျကို ဖော်ညွှန်းပါတယ်။

**"ကေန်စင်စစ် အကြင်သူတို့သည် ငါအရှင်မြတ်၏ ဒေသနာတော်များကို မဟုတ်မမှန် ငြင်းဆိုကြသည်။ ၎င်းပြင် သူတို့သည် ယင်းဒေသနာတော်များကို နာယူခြင်းမှ (မျက်နှာလွှဲ၍) မထီလေးစား မာနထောင်လွှားမှု ပြုကြသည်။ ထိုသူတို့အတွက် ကောင်းကင်၏ တံခါးများသည် ဖွင့်ထားခြင်း ခံရမည် မဟုတ်ပေ။ နောက်ဆုံး ကုလားအုတ်သည် အပ်အပေါက်ထဲသို့ ဝင်သွားသည့်တိုင် ၎င်းတို့သည် ဂျန္နသ်သုခဘုံထဲသို့ ဝင်ရောက်ကြရမည် မဟုတ်ပေ။ ထို့ပြင် ငါအရှင်မြတ်သည် ဤနည်းအတိုင်း အပြစ်ရှိသူများကို အပြစ်ပေးတော်မူသည်။" (ကုရ်အာန် ၇:၄၀)**

ဒီဥပမာမှာ ကုလားအုတ်အတွက် အသုံးပြုထားတဲ့ အရဗီစကားလုံး "ဂျမလ်" ဟာ ကုလားအုတ် အထီးတစ်ကောင်ကို ညွှန်းဆိုပါတယ်။ ဒီနေရာမှာ ကုလားအုတ်အထီးဆိုတဲ့ စကားလုံးကို အသုံးပြုလိုက်ခြင်းက ဒီကျမ်းစာပိုဒ်ရဲ့ အကျိုးသက်ရောက်မှုကို ပိုပြီး ထိရောက်စေပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကုလားအုတ်ထီးဟာ ကုလားအုတ်မထက် ပိုပြီး ကြီးမားလေးလံတဲ့အတွက် အပ်ပေါက်ထဲကိုဝင်ဖို့က ပိုပြီးတော့ မဖြစ်နိုင်ဘူး။

ဘာသာပြန်တဲ့အခါ ကုလားအုတ်ဆိုတဲ့ စကားလုံးကိုပဲ အသုံးပြုနိုင်တာကြောင့် မူရင်းအရဗီရဲ့ အချို့သောလေးနက်မှုတွေ ပျောက်ဆုံးသွားရပါတယ်။

**"ထိုမှတစ်ပါး ဆယ်လစေ့သော ကိုယ်ဝန်ဆောင် ကုလားအုတ်မများသည် (ထိန်းကျောင်းသူမရှိဘဲ) စွန့်လွှတ်ထားခြင်းကို ခံကြရသောအခါ။" (၈၁:၄)**

ဒီနေရာမှာ ကုလားအုတ်အတွက် အသုံးပြုထားတဲ့ အရဗီစကားလုံး "အိရှားရ်"ဟာ ကိုယ်ဝန်ဆောင်ထားတဲ့ မွေးဖွားခါနီး ကုလားအုတ်မကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဘာသာပြန်တဲ့နေရာမှာ တူညီတဲ့ အဓိပ္ပာယ်ကိုရဖို့ "နေ့စေ့လစေ့"၊ "ကုလားအုတ်မ"၊ "ဆယ်လစေ့နေသော ကုလားအုတ်မ" ဆိုပြီး စကားလုံးတွေ ပိုသုံးရတာကို မိတ်ဆွေ သတိပြုမိမှာပါ။ ဘာသာပြန်တွေဟာ စကားလုံးတွေ ပိုသုံးရတာကြောင့် ကဗျာမဆန်တော့ပေမယ့် မူရင်းကုရ်အာန်စာသားကတော့ ပြည့်စုံနေဆဲပါ။

# နိဂုံး

ကုရ်အာန်မကျရောက်မီအရင်က ဘာသာရေးစာပေတွေကို ထိန်းသိမ်းကြသူတွေဟာ လူသားတွေ ဖြစ်ခဲ့ပြီး သူတို့ဟာ အဲ့ဒီတာဝန်ကို ထမ်းဆောင်ရာမှာ ကျရှုံးခဲ့ပါတယ်။ ဒါကဖန်ဆင်းရှင်ရဲ့ စီရင်ချက်ကြောင့်လား? လုံးဝမဟုတ်ပါဘူး၊ တမန်တော်မူစာ(အ) (မောရှေ)နှင့် တမန်တော်အီဆာ(အ)(ခရစ်တော်) (သူတို့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) တို့ထံ ချပေးခဲ့တဲ့ ဗျာဒိတ်တော်များဟာ အချိန်အကန့်အသတ်ရှိတဲ့ ကျမ်းစာများ ဖြစ်ပြီး ကုရ်အာန်ကျမ်းမြတ်မကျရောက်မီ ယာယီနေရာယူထားခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံးတမန်တော်မုဟမ္မဒ်(ﷺ) (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ) ပွင့်ပေါ်လာပြီး နောက်ဆုံးဗျာဒိတ်တော် ကုရ်အာန်ကျမ်းမြတ် ကျရောက်လာတဲ့အခါ ဖန်ဆင်းရှင်ဟာ အဲ့ဒီကျမ်းမြတ်ကို သူကိုယ်တိုင် ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူခဲ့ပါတယ်။ ဒီကျမ်းစာတော်ရဲ့စာသားတွေ၊ ရွတ်ဆိုရတဲ့ နည်းဟန်တွေ၊ စကားလုံးတွေရဲ့ အနက်

အခိပ္ပာယ်တွေကို ထိန်းသိမ်းထားရှိခြင်းကို ကြည့်ခြင်းဖြင့် ဖန်ဆင်းရှင်က ကုရ်အာန်ဟာ လူသားတို့ ယုံကြည်နိုင်တဲ့ ကျမ်းစာဖြစ်ကြောင်း သေချာစေတာကို တွေ့ရပါတယ်။

**"ဤကျမ်းသည် (ယခင်ထုတ်ပြန်ခဲ့သော ကျမ်းများထဲတွင် ကြိုတင် အမိန့်ရှိထားသည့် ကျမ်းဂန်ဖြစ်လေရာ) ယင်းကျမ်းဂန်နှင့် ပတ်သက်၍ ယုံမှားသံသယဖြစ်ဖွယ် အလျှင်းမရှိပေ။ ဤကျမ်းဂန်သည် ကြောက်ရွံ့အပြစ်ရှောင် ကောင်းကျိုးဆောင်သူ သူတော်စင်များအတွက် တရားလမ်းမှန်ကို ညွှန်ကြားပြသသော တရားဓမ္မ ဖြစ်ပေသတည်း။" (ကုရ်အာန် ၂:၂)**

# အချိန်ကာလတိုင်းအတွက် မှန်ကန်ခြင်း

ယနေ့ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာကြီးမှာ လူသားတွေရဲ့ အသိပညာဟာ ယခင်ကထက် တိုးတက်နှုန်း အဆမတန် ပိုမြန်လာနေပါတယ်။ လူသားရဲ့မျိုးရိုးဗီဇ DNA ကို ကုဒ်ဖြည်နိုင်ခြင်းကဲ့သို့ ဆေးပညာရဲ့ ထိုးဖောက်လာနိုင်ခြင်း၊ ကွန်ပြူတာကို တီထွင်နိုင်ခြင်း၊ အာကာသထဲကို စူးစမ်းရှာဖွေလေ့လာခြင်း စတာတွေနဲ့ ၂၀ရာစုဟာ အစမှာကတည်းက နည်းပညာနဲ့သိပ္ပံပညာပိုင်းဆိုင်ရာမှာ အရင်ရာစုနှစ်ပေါင်းများစွာထက် ပိုပြီး တိုးတက်နှုန်း မြန်လာပါတယ်။ နောက်ဆုံးပေါ်နည်းပညာရဲ့ ကျေးဇူးနဲ့ စာအုပ်တွေ ဂျာနယ်တွေတောင် ခေတ်နောက်ကျ ကျန်နေခဲ့ပါပြီ။ သီအိုရီအသစ်တွေ ရှာဖွေ တွေ့ရှိလာတာနဲ့အမျှ အဟောင်းတွေဟာ မှားယွင်းကြောင်း တွေ့ရှိလာရပါတယ်။ အခု မိတ်ဆွေက သဘာဝလောကကြီးနဲ့ ပတ်သတ်တဲ့ စာအုပ်တစ်အုပ်ကို ရေးရမယ် ဆိုပါစို့။ အခုနေထိုင်နေတဲ့ ကမ္ဘာကြီးရဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ထင်ဟပ်စေပြီး အချက်အလက်တွေလည်း ၁၀၀ရာခိုင်နှုန်း မှန်ကန်စေဖို့ သုတေသနတွေ၊ စုံစမ်းစစ်ဆေးမှုတွေ၊ လေ့လာရှာဖွေမှုတွေကို မိတ်ဆွေ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ကြီးမားတဲ့ စိန်ခေါ်မှု တစ်ခုပါပဲ။ ဒီထက်ပိုကြီးမားပြီး မဖြစ်နိုင်လောက်တဲ့ စိန်ခေါ်မှုကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁,၁၀၀ နဲ့ ၁၀၀၀ကြားက အဖြစ်အပျက်တွေကို စမ်းသပ်ထားပြီး အခုချိန်ထိ တိကျတဲ့ အချက်အလက်တွေ ပါဝင်တဲ့ အဲ့ဒီလို စာအုပ်တစ်အုပ်ကို ရေးရမယ် ဆိုရင်ပေါ့။

ဘာကြောင့် ဒီလိုဖြစ်ရလဲ ရှင်းပြဖို့အတွက် ရှေးခေတ်ရူပဗေဒကို ဥပမာအနေနဲ့ ကြည့်ကြရအောင်။ ရာစုနှစ် လေးငါးခုလောက်ထိ စကြဝဠာကြီးဟာ တိကျတဲ့ သင်္ချာနိယာမတွေနဲ့ လည်ပတ်နေတဲ့ အင်မတန်ကြီးမားတဲ့ စက်ယန္တရားကြီးတစ်ခုနဲ့ တူတယ်လို့ ယူဆတဲ့ နယူတန်ရဲ့ ရူပဗေဒဥပဒေတွေကို သိပ္ပံပညာရဲ့ အခြေခံအဖြစ် မှတ်ယူခဲ့ကြတယ်။ စကြဝဠာထဲမှာရှိတဲ့ အရာအားလုံးဟာ လှိုင်း သို့မဟုတ် အမှုန်အမွှား တွေလို လုပ်ဆောင်တယ်လို့ ထင်မှတ်ခဲ့ကြတယ်။ အဲ့ဒီလို ယူဆချက်တွေနဲ့ သိပ္ပံပညာကို

အသုံးပြုပြီး ပြီးပြည့်စုံတဲ့ စကြာဝဠာကြီးရဲ့ မော်ဒယ်အသစ် ဖြစ်ပေါ်လာဖို့ နီးပြီလို့ ထင်မှတ်ခဲ့ကြပါတယ်။ အဲ့ဒီနောက် ၁၉၂၀ခုနှစ်တွေမှာ ရူပဗေဒကမ္ဘာကြီးဟာ ပြောင်းပြန် ဖြစ်သွားပါတော့တယ်။ ပထမအချက်အနေနဲ့ အိုင်းစတိုင်းရဲ့ ရီလေတစ်ဗတီသီအိုရီ (နှိုင်းရသီအိုရီ) ကအချိန်ရဲ့ သဘောသဘာဝကို မေးခွန်းထုတ်လာခဲ့တယ်။ ဒုတိယအနေနဲ့ ရှေးရိုးရူပဗေဒ နိယာမအများစုက အက်တမ်နဲ့ အက်တမ်ထက်သေးငယ်တဲ့ အဆင့်မှာ ကွဲသွားကြောင်း စမ်းသပ်မှုများက သက်သေပြခဲ့ပါတယ်။

သိပ္ပံပညာရှင်တွေဟာ ကမ္ဘာကြီးက စက်ယန္တရားကြီးဖြစ်တယ်လို့ ဆက်ပြီး ယူဆလို့ မရတော့ပါဘူး။ ဒါကြောင့် အရာရာကို ခန့်မှန်းလို့ ရတယ်ဆိုတဲ့ နယူတန်ရဲ့ ချောမောနေတဲ့ စကြဝဠာကြီးဟာ ခန့်မှန်းလို့မရဘူးလို့ ယူဆရတဲ့ ကွမ်တမ်စကြဝဠာကို လမ်းဖယ်ပေး လိုက်ရပါတယ်။

သိပ္ပံပညာဆိုတာ ကမ္ဘာကြီး ဘယ်လို အလုပ်လုပ်သလဲ သေချာတိကျစွာ သိဖို့ ကြိုးစားနေတာမဟုတ်ဘူးလား? ဒါပေမယ့် ကွမ်တမ်သီအိုရီဟာ ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးကို ပြောင်းပြန်လှန်လိုက်ပါတယ်၊ ပြီးတော့ ကျွန်တော်တို့ စကြဝဠာကြီးနဲ့ သက်ဆိုင်တဲ့ အခြေခံအကျဆုံး သီအိုရီအများစုကိုတောင်မှ ချက်ခြင်း ဘယ်လိုဖြုတ်ချလို့ ရလဲဆိုတာ ပြသလိုက်ပါတယ်။

ကျွန်တော်တို့ ယနေ့ခေတ် စာအုပ်တွေရဲ့ ပြဿနာတွေတောင် ဒီလောက် ရှိမယ်ဆိုရင် ယခင်ကရေးခဲ့တဲ့ စာအုပ်တွေဆို ဘယ်လိုနေမလဲ? ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀၀ အရင်က ကမ္ဘာကြီးရဲ့ သဘာဝနဲ့ ပတ်သတ်တဲ့ အသိပညာ အဆင့်အတန်းကို စဉ်းစားကြည့်ပါ။ နှစ်ပေါင်း၁၄၀၀ကျော်က စာအုပ်တစ်အုပ်ကို သိပ္ပံဆိုင်ရာ အမှားကင်းရှင်းဖို့ ဘယ်သူမှ မျှော်လင့်ထားမှာ မဟုတ်ပါဘူး။ အဲ့ဒီအပြင် ရှေးအတိတ်က စာအုပ်တွေဟာ ဒဏ္ဍာရီတွေ သူရဲကောင်းပုံပြင်တွေနဲ့ ပြည့်နှက်နေ တတ်ပါတယ်။ အဲ့ဒီခေတ်လူသားတွေမှာ ယနေ့ခေတ်လို နည်းပညာတွေ မတိုးတက်သေးတဲ့အတွက် သဘာဝလောကကြီးရဲ့လုပ်ဆောင်ပုံကို မှားယွင်းစွာ ကောက်ချက်ချခဲ့ ကြတာတွေ အများကြီးပါပဲ။ သူတို့မှာ သူတို့နေထိုင်ရာ ဝန်းကျင်ရဲ့

သဘာဝကို သိပ္ပံနည်းကျ မရှင်းပြတတ် တာကြောင့် ဒဏ္ဍာရီပုံပြင်တွေကို ဖန်တီးခဲ့ကြတာ ဖြစ်ပါတယ်။ အချို့သော အတွေးအခေါ် ပညာရှင်တွေနဲ့ ဒဿနပညာရှင်တွေ ကတော့ ကမ္ဘာကြီးရဲ့ အဝန်းကို အတိအကျ တွက်ချက်ခြင်းလိုမျိုး အံ့ဖွယ်ရာဖွေတွေ့ရှိမှုတွေကို ထုတ်ဖော်နိုင်ခဲ့ကြပါတယ်။ သို့ပေမယ့် သူတို့မှန်သွားတဲ့ အရာတိုင်းအတွက် ရှေ့မှာ အမှားတွေလည်း အများကြီး ရှိခဲ့ပါတယ်။

သို့တိုင်အောင် ကုရ်အာန်ဖတ်ရွတ်တဲ့အခါမှာ အလွန်ထူးခြားတဲ့ လက္ခဏာတစ်ရပ်ကို မိတ်ဆွေတွေ့ရပါလိမ့်မယ်။ ကုရ်အာန်ထဲမှာ ပါတဲ့ သဘာဝလောကနဲ့ ပတ်သတ်တဲ့ အကြောင်းအရာတွေဟာ ထူးခြားစွာပဲ အမြဲတမ်းအတွက် မှန်ကန်နေတာကို တွေ့ရတယ်။ ကုရ်အာန်ဟာ မတူညီတဲ့အချိန်တွေမှာ မတူညီတဲ့ ဉာဏ်ရည်အဆင့်အတန်း အမျိုးမျိုးအတွက် ရည်ရွယ်ပြီး သဘာဝလောကကို ဖော်ပြဖို့ အသုံးပြုထားတဲ့ သီးခြားစကားလုံး တစ်ခုစီတိုင်းမှာ အဓိပ္ပာယ် ရှိပါတယ်။ အဲ့ဒီစကားလုံးတွေဟာ အတိတ်နဲ့ လက်ရှိရုပ်လောကကို ဆက်စပ်နားလည်နိုင်ပြီး သိပ္ပံနည်းကျမဟုတ်တဲ့ အဓိပ္ပာယ်တွေ နဲ့လည်း ဆက်စပ်နေနိုင်ပါတယ်။ ဝိညာဉ်ရေးရာနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ထိုးထွင်းသိမြင်မှုများလည်း ဖြစ်နိုင်ပါတယ်။ အချို့သော ဥပမာများကို ကြည့်ကြရအောင်။

## ၁။ ဂြိုဟ်နက္ခတ်တို့၏ပတ်လမ်းများ

**“စင်စစ် ထိုအရှင်မြတ်သည်ပင် ညကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ ယင်းတို့ အသီးသီးသည် (မိမိတို့သက်ဆိုင်ရာ) ဂြိုဟ်နက္ခတ်လမ်း အသီးသီးတွင် ကူးခတ်သွားလာ လှုပ်ရှားလျက်ရှိကြကုန်၏။” (ကုရ်အာန် ၂၁:၃၃)**

ကုရ်အာန်ကျရောက်ခဲ့တဲ့ အချိန်တုန်းက အဲ့ဒီကျမ်းပိုဒ်မှာ နေနဲ့လရဲ့ ရွေ့လျားမှုကို ဖော်ပြဖို့ အသုံးပြုထားတဲ့ အရဗီ စကားလုံးဟာ “ယက်စ်ဗဟူးန” ကူးခတ်နေသည်၊ လွင့်မျောနေသည်လို့ အဓိပ္ပာယ် ရပါတယ်။ ဒါဟာ ၇ရာစုက ကန္တာရမှာနေထိုင်တဲ့ အာရပ်တွေအတွက် နားလည်သဘောပေါက်နိုင်မှုပုံစံ ဖြစ်တယ်။ သူတို့က သာမန်

မျက်လုံးနဲ့ ဂြိုဟ်တွေကို မြင်နိုင်ခဲ့တာကြောင့်ပါ။ ဒီစကားလုံးဟာ အာကာသဆိုင်ရာ လှုပ်ရှားမှုနဲ့ သက်ဆိုင်နေကြောင်း ယနေ့ခေတ်ရဲ့ သိပ္ပံနည်းကျတွေ့ရှိမှုတွေအရ ၂၁ရာစုနှစ်မှာ ရှိနေတဲ့ ကျွန်တော်တို့လည်း နားလည်သဘောပေါက်နိုင်ပါတယ်။

စိတ်ဝင်စားစရာကောင်းတာက အထက်က ကျမ်းစာပိုဒ်မှာ နေဟာ လွင့်မျောနေတယ်၊ သို့မဟုတ် ပတ်လမ်းတစ်ခုမှာ လည်ပတ်နေတယ်လို့ ဖော်ပြထား ပါတယ်။ ဒါက နေဟာကမ္ဘာကို လှည့်ပတ်နေတယ်ဆိုတဲ့ ၇ ရာစုရဲ့ ပထမအမြင်အရ ညွှန်းဆိုတယ်လို့ယူဆနိုင်ပါတယ်။ သို့သော် ကုရ်အာန်ရဲ့ ဘာသာစကား အသုံးပြုပုံကို အနီးကပ် လေ့လာကြည့်တဲ့အခါမှာ နေဟာ သူ့ရဲ့ ကိုယ်ပိုင်ပတ်လမ်းရှိတယ်ဆိုတဲ့ ၂၁ရာစုရဲ့ အမြင်နဲ့လည်း တိကျစွာ ကိုက်ညီနေတာကို တွေ့ရပါတယ်။

နေဟာ နဂါးငွေ့တန်းဂလက်စီကို လှည့်ပတ်နေပြီး သိပ္ပံပညာရှင်များရဲ့အဆိုအရ နဂါးငွေ့တန်းရဲ့ ဗဟိုကို တစ်ပတ်အပြည့် လှည့်ပတ်ဖို့ နှစ်ပေါင်း ၂၂၆သန်း ကြာတယ်လို့ သိရပါတယ်။

## ၂။ စကြဝဠာကြီး၏ ကျယ်ဝန်းပြန့်ကားနေခြင်း

**"ငါအရှင်မြတ်သည် မိုးကောင်းကင်ကို တန်ခိုးတော်နှင့် ပြုလုပ်တော်မူခဲ့သည်။ ထို့ပြင် အမှန်စင်စစ် ငါအရှင်မြတ်သည် စကြဝဠာကြီးကို ကျယ်ဝန်းစေတော်မူသောအရှင် ဖြစ်တော်မူသည်။" (ကုရ်အာန် ၅၁:၄၇)**

ဖန်ဆင်းရှင်ရဲ့ တန်ခိုးတော်နဲ့ စကြဝဠာကြီးကို ဖန်ဆင်းခဲ့တာဖြစ်ပြီး စကြဝဠာကြီး ကို ပြန့်ကားလာစေတာလည်း ဖန်ဆင်းရှင်သာ ဖြစ်ကြောင်း ကုရ်အာန်က ရှင်းပြပါတယ်။ ၇ရာစုက လူတွေရဲ့အမြင်အရ ဒီကျမ်းပိုဒ်က ဖန်ဆင်းရှင်ဟာ စကြဝဠာကြီးကို ကျယ်ပြန့်စေပြီး စားနပ်ရိက္ခာတွေ၊ အကူအညီတွေနဲ့လည်း ရက်ရောကျယ်ပြန့်စွာ ထောက်ပံ့တော်မူတယ်လို့ အဓိပ္ပာယ်ကောက်လို့ ရပါတယ်။ ဒါကို ၇ရာစုက နားထောင်သူတွေ အလွယ်တကူ နားလည်ပြီး အသိအမှတ် ပြုနိုင်ခဲ့ကြမှာ ဖြစ်ပါတယ်။ ထူးခြားတာက ကျယ်ပြန့်ခြင်းအတွက် အသုံးပြုထားတဲ့ အရဗီစကားလုံး "လမူးစိအူးန"ဟာ

အမှန်တကယ်မှာ ဖန်ဆင်းရှင်ဟာ စကြဝဠာကြီးကို ဆက်တိုက် ကျယ်ပြန့်နေစေတယ်၊ သို့မဟုတ် သူကျယ်ပြန့်စေခဲ့တယ်လို့လည်း အဓိပ္ပာယ်ရပါတယ်။ ဒီအချက်ဟာ ခေတ်မှီသိပ္ပံနည်းကျ တွေ့ရှိမှုတွေရဲ့ စကြဝဠာကြီးဟာ ပြန့်ကားလာနေတယ် ဆိုတဲ့ အချက်နဲ့လည်း အံ့သြဖွယ် ကိုက်ညီနေပါတယ်။




Position of the sun in the Milky Way Image Credit NASA

နဂါးငွေ့တန်းဂလက်စီအတွင်းမှ နေ၏တည်နေရာ


## ၃။ လူ့သန္ဓေသားလောင်း

**“ငါအရှင်မြတ်သည် ထိုသုက်ရည်မှ တွယ်ကပ်နေသော သွေးခဲအဖြစ် (ဝါ) တွယ်ကပ်နေသော မျှော့ကောင်အဖြစ် ဖန်ဆင်းတော်မူသည်။ တဖန် ထိုသွေးခဲကို ဝါးဖတ်ကဲ့သို့ အသားတုံးအဖြစ် ဖန်ဆင်းတော်မူသည်။ ထို့ပြင် ထိုဝါးဖတ်ကဲ့သို အသားတုံးကို အရိုးများ(ထည့်ပြီး) ဖန်ဆင်းတော်မူသည်။ ထို့ပြင် ထိုအရိုးများကို**


အသားနှင့် ဆင်မြန်းတော်မူသည်။ ထို့နောက် ငါအရှင်မြတ်သည် ထို(အသားဖြည့်ထားသည့်အရိုး)ကို အခြားဖန်ဆင်းခံတစ်ခု (လူသား)အဖြစ် ဖြစ်ထွန်းလာအောင် ပြုလုပ်တော်မူခဲ့သည်။ သို့ဖြစ်ရာ ပြုလုပ်ဖန်ဆင်းသူ အားလုံးထက်ပို၍ အကောင်းဆုံး ဖန်ဆင်းပြုလုပ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်တော်မူလိုက်ပါဘိသနည်း။" (ကုရ်အာန် ၂၃:၁၄)

**The External appearance of the Leech**

**A.Human Embryo at 24-25 days**




**B.Leech or Bloodsucker**




၂၄-၂၅ရက်ရှိပြီဖြစ်သော လူ့သန္ဓေသားလောင်း နှင့် မျှော့၏ ဆင်တူပုံ



A.Human Embryo at 24-25 days



B.Leech or Bloodsucker



C.Human Embryo at 26-30 days

**ပုံA - ၂၄-၂၅ရက်ရှိပြီဖြစ်သော လူ့သန္ဓေသားလောင်းပုံ**

**ပုံB - မျှော့တစ်ကောင်၏ပုံ**

**ပုံC - ၂၆-၃၀ရက်ရှိပြီဖြစ်သော လူ့သန္ဓေသားလောင်း**

လူ့သန္ဓေသားလောင်းရဲ့ ဖွံ့ဖြိုးမှု အဆင့်တစ်ခုကို ဖော်ပြဖို့အတွက် ကုရ်အာန်မှာ အရဗီစာလုံး "အလကဟ်" ကို အသုံးပြုထားပါတယ်။ ဒီစကားလုံးဟာ တွယ်ကပ်နေတဲ့ အရာတစ်ခု၊ ဥပမာ-မျှော့ သို့မဟုတ် သန်ကောင်၊ သွေးခဲ၊ စသည်တို့ကို ဆိုလိုတာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့ချိန်ကိုမှီခဲ့တဲ့ ရှေးခေတ် ဂရိသမားတော်များနှင့် ရှေးခေတ် ဟီဘရူးလူမျိုးများကလည်း သန္ဓေသားကို တွယ်ကပ်နေတဲ့အရာ၊ ပြီးတော့ သွေးခဲတစ်ခုလို့ ဖော်ပြခဲ့ကြပါတယ်။ ဒီရှုထောင့်ဟာ အဲ့ဒီအချိန်က လွှမ်းမိုးခဲ့တဲ့ သိပ္ပံဆိုင်ရာအမြင်ကို ထောက်ခံနေပါတယ်။

"အလကဟ်" ဆိုတဲ့ စကားလုံးဟာ မျှော့သို့မဟုတ် သန်ကောင်ကိုလည်း ရည်ညွှန်းပါတယ်။ ဒါဟာ ကျွန်တော်တို့နားလည်ထားတဲ့ ယနေ့ခေတ်သန္ဓေသားဗေဒရဲ့ လေ့လာတွေ့ရှိမှုအရ သန္ဓေသားဖွံ့ဖြိုးမှုရဲ့ အစောပိုင်းအဆင့်ဟာ မျှော့ရဲ့ အတွင်းပိုင်းနဲ့ရော မျှော့ရဲ့အပြင်ပိုင်းနဲ့ပါ ပုံသဏ္ဍာန်တူတယ်ဆိုတဲ့ အချက်နဲ့ တစ်ထပ်တည်းကျနေပါတယ်။

သန္ဓေသားရဲ့ အစောပိုင်းအဆင့်တွေက မျှော့နဲ့ဆင်တာဟာ ထူးခြားပါတယ်။ ၇ရာစုမှာ မှန်ဘီလူးတွေ အဏုကြည့် မှန်ပြောင်းတွေ မရှိသေးတာကြောင့် ဆရာဝန်တွေက သန္ဓေသားဟာ မျှော့နဲ့တူတာကို သိခဲ့ကြမှာ မဟုတ်ပါဘူး။ အံ့သြဖွယ်ရာပါပဲ၊ ကုရ်အာန်ကျမ်းမြတ် ကျရောက်ပြီး နှစ်ပေါင်း ၁၀၀၀ကျော် ကြာပြီးနောက် ၁၅ရာစုမှသာ အဏုကြည့်မှန်ပြောင်းများ တီထွင်ခဲ့ပြီး သန္ဓေသားရဲ့ မျှော့နဲ့တူတဲ့ ပုံစံကို မြင်တွေ့ခဲ့ကြတာ ဖြစ်ပါတယ်။ ထို့အဆင့်မှာ သန္ဓေသားလောင်းဟာ ဂျုံစေ့အရွယ်ခန့် ရှိပြီး သာမန် မျက်စိနဲ့ မြင်နိုင်ပေမယ့်၊ အသေးစိတ်ကိုတော့ အဏုကြည့်မှန်ပြောင်းမပါပဲ မမြင်ရနိုင်ပါဘူး။

တကယ်တော့ အဏုကြည့်မှန်ပြောင်း တီထွင်ပြီးတဲ့ နောက်မှာတောင် ၁၇၂၀စီအီးလောက်က သိပ္ပံပညာရှင်အချို့က လူရဲ့သုက်ပိုးအတွင်းမှာ အလွန်သေးငယ်တဲ့ ခေါင်း၊ခြေ၊လက်များ ပြည့်စုံနေတဲ့ လူသားပုံသဏ္ဍာန်တွေကို တွေ့ရတယ်လို့ ဆိုခဲ့ကြပါတယ်။ အခြားသိပ္ပံပညာရှင် တစ်ယောက်က မြင်းရဲ့သုက်ရည်ထဲမှာ အလွန်သေးငယ်တဲ့ မြင်းတစ်ကောင် တွေ့ရှိတယ်လို့ ပြောခဲ့ပါတယ်။ အလွန်ရှည်လျားတဲ့ နားရွက်တွေနဲ့ မြင်းနဲ့ဆင်တဲ့ သတ္တဝါကိုလည်း မြင်းရဲ့ သုက်ရည်ထဲမှာ တွေ့ရပြီး ကြက်ရဲ့ သုက်ရည်ထဲမှာလည်း ကြက်သေးသေးလေးတွေ တွေ့ရတယ်လို့ ဆိုပါတယ်။ သေချာမစစ်ဆေးတာနဲ့ မှားယွင်းတဲ့ စမ်းသပ်မှုတွေကြောင့် မှားယွင်းတဲ့ သီအိုရီတွေများစွာ ပေါ်ပေါက်လာစေပါတယ်။

သန္ဓေသားဟာ အဲ့ဒီအဆင့်မှာ(၃.၅မီလီမီတာ)ခန့် အလွန်သေးငယ်ရုံမက အဲ့ဒီမျှော့နဲ့တူတဲ့ ပုံသဏ္ဍာန်ကလည်း အချိန်တို ၄၊၅ရက်ခန့်သာ ကြာမြင့်တယ်ဆိုတဲ့အချက်က

ပိုပြီးတော့ ထူးဆန်းပါတယ်။ အဲဒီ အချိန်တိုအတွင်းမှာ ဒီလိုတူညီမှု၊ တိကျမှုကို တွေ့ရှိဖို့အတွက် ခေတ်မှီနည်းပညာနဲ့တောင် အလွန်ခက်ခဲပါတယ်။

နောက်ထပ် စိတ်ဝင်စားစရာကောင်းပြီး မှတ်သားဖွယ်တစ်ခုက မျှော့ဟာ ကပ်ပါးကောင်လို ပြုမူပါတယ်။ လက်ခံတဲ့သတ္တဝါအပေါ်မှာ တွယ်ကပ်ပြီး သွေးကို စုပ်ယူပါတယ်။ သန္ဓေသားဟာလည်း မိခင်ထံက အာဟာရတွေကို တွယ်ကပ်ပြီး စုပ်ယူတာကြောင့် ကပ်ပါးကောင်နဲ့ ဆင်တူပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မိဘတွေကို၊ အထူးသဖြင့် မိခင်တွေကို လေးစားပြီး ကြင်နာစွာဆက်ဆံရပါမယ်။ သူတို့ဟာ ကျွန်တော်တို့ ယနေ့ဒီလောကကြီးမှာ ရှိနေနိုင်ဖို့ကို ဒုက္ခအခက်အခဲတွေ အများကြီး ခံစားခဲ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဟာ မိခင်ဝမ်းဗိုက်ထဲမှာ ဖွံ့ဖြိုးဆဲအချိန် ကတည်းက မိခင်တွေကို မှီခိုခဲ့ရတာဖြစ်လို့ အမှန်တကယ် အမှီအခိုမကင်းဘူး၊ မလွတ်လပ်ဘူးဆိုတဲ့ အချက်ကို သတိပေးပါတယ်။ ကျွန်တော်တို့ဟာ တစ်ဦးအပေါ်တစ်ဦး တနည်းနည်းနှင့်မှီခိုနေပြီး နောက်ဆုံး ဖန်ဆင်းရှင်ပေါ်မှာ လုံးဝ မှီခိုနေတယ်ဆိုတာကို နားလည်စေဖို့၊ မိမိကိုယ်ကို နှိမ့်ချတတ်ဖို့ အသိစိတ် ထည့်ပေးပါတယ်။

## သိပ္ပံပညာ၏ ကန့်သတ်ချက်များ

သိပ္ပံပညာဟာ ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့ပါတယ်။ ဆေးပညာမှ ဆက်သွယ်ရေးအထိ သိပ္ပံပညာဟာ ကျွန်တော်တို့ရဲ့ ဘဝတွေနဲ့ ကျန်းမာရေးကို အခြားသော လေ့လာမှုနယ်ပယ်များကနေ မရရှိနိုင်တဲ့ နည်းလမ်းတွေနဲ့ တိုးတက်ပြောင်းလဲလာစေခဲ့ပါတယ်။ သိပ္ပံပညာဟာ ကျွန်တော်တို့ရဲ့ ဘဝတွေကို အစဉ်မပြတ် မြှင့်တင်ပေးလျှက်ရှိပြီး ကမ္ဘာကြီးနဲ့ စကြဝဠာကြီးရဲ့အကြောင်း ပိုမိုသိရှိလာစေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အများစုဟာ သိပ္ပံပညာကို အမှန်တရားရဲ့ အတိုင်းအတာ တစ်ခုအဖြစ် သို့မဟုတ် လူသား၊ ဘဝနဲ့ စကြဝဠာရဲ့ အမှန်တရားကို သက်သေပြဖို့ တစ်ခုတည်းသော နည်းလမ်းအဖြစ် မြင်လာကြတာ မဆန်းပါဘူး။ သိပ္ပံပညာဟာ ထူးခြားပြောင်မြောက်ပေမယ့် အရာရာတိုင်းရဲ့ အဖြေကိုတော့ မပေးနိုင်ပါဘူး။

ကန့်သတ်ချက်တွေရှိနေပြီး လက်တွေ့လောကကို နားလည်ဖို့အတွက် သိပ္ပံက တစ်ခုတည်းသော နည်းလမ်း မဟုတ်ပါဘူး။

လူသားမျိုးနွယ်၊ ဘဝနဲ့ စကြဝဠာရဲ့ အမှန်တရားကို သိရှိဖို့အတွက် တစ်ခုတည်း သော နည်းလမ်းက သိပ္ပံပညာဖြစ်တယ်ဆိုတဲ့ အဆိုပြုချက်က မှားယွင်းပါတယ်။ သိပ္ပံပညာဟာ ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ် စသဖြင့် စာရိတ္တပိုင်းဆိုင်ရာ အမှန်တရားတွေကို သက်သေမပြနိုင်ပါဘူး။ သိပ္ပံပညာက ကျွန်တော်တို့ကို ဘာဖြစ်လဲပဲ ပြောပါတယ်။ ဘာဖြစ်သင့်လဲ မပြောပါဘူး။ ဘာကြောင့်ဖြစ်လာသလဲဆိုတဲ့ (Why Questions) မေးခွန်းတွေကိုလည်း မဖြေနိုင်ပါဘူး။ ဒါကြောင့် သိပ္ပံပညာဟာ အမှန်အမှား မခွဲတတ်ပါဘူး၊ ကိုယ်ကျင့်စာရိတ္တနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေကို ချတဲ့အခါမှာ အသုံးပြုဖို့ မသင့်တော်ပါဘူး။ လူသားတွေရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်များကို အထောက်အကူဖြစ်စေဖို့ သိပ္ပံပညာကို အသုံးပြုနိုင်ပေမယ့် လူ့ကျင့်ဝတ်အရ အချို့ ရွေးချယ်မှုများဟာ သိပ္ပံပညာကို ကျော်လွန်ပါတယ်။

သိပ္ပံပညာဟာ ဘဝနဲ့ လက်တွေ့လောကရဲ့ မေးခွန်းတွေ အားလုံးကို မဖြေပေးနိုင် တာကြောင့် ကန့်သတ်ချက်တွေ ရှိရုံသာမက တိကျသေချာမှုလည်း မပေးစွမ်းနိုင်ပါဘူး။ သိပ္ပံလုပ်ငန်းစဉ်တွေမှာ ခြုံယူဆင်ခြင်ခြင်းနည်းကို အသုံးပြုရတဲ့အတွက် တိကျသေချာမှု ဆိုတဲ့ စကားလုံးကို သိပ္ပံပညာရှင်တွေ အသုံးမပြုလိုကြပါဘူး။ ခြုံယူဆင်ခြင်ခြင်းဆိုတာ သီးသန့်ကိစ္စရပ်တစ်ခုကို အခြေခံပြီး အဲ့ဒီကိစ္စရပ်နဲ့ ပုံစံတူအများကြီးကို ဒါမှမဟုတ် အားလုံးကို ယေဘုယျအားဖြင့် တူတူပဲလို့ ယူဆပြီး ကောက်ချက်ချတဲ့ အတွေးဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ခြုံယူဆင်ခြင်ခြင်းရဲ့ ဥပမာတစ်ခုကို အောက်မှာ ဖော်ပြပါမယ် ;

လက်ဖွေ့အိတ်ကို အကာအကွယ်ပါတဲ့ လက်ဖွေ့ထိုးလက်အိတ်နဲ့ စနစ်တကျ ထိုးမယ်ဆိုရင် ဘယ်တော့မှ ဒဏ်ရမရနိုင်ကြောင်း တွေ့ရှိရတယ်။ ဒါကြောင့် လက်ဖွေ့ အိတ်ကို အသုံးပြုခြင်းဖြင့် ဘယ်သူမှ ဒဏ်ရာမရနိုင်ပါဘူး။

အပေါ်ကဥပမာမှာ တွေ့ရတဲ့အတိုင်း ခြုံယူဆင်ခြင်ခြင်းမှာ အဓိက ပြဿနာတစ်ခုက ကောက်ချက်ပြုတဲ့နေရာမှာ အာမခံချက် မပေးနိုင်တာ ဖြစ်ပါတယ်။ အားလုံးခြုံပြီး ယေဘုယျ ကောက်ချက်ဆွဲယူဖို့အတွက် ကန့်သတ်ထားတဲ့ လေ့လာမှုအရေအတွက်နဲ့ မဖြစ်နိုင်ပါဘူး။ ခြုံယူဆင်ခြင်ခြင်းဟာ တိကျသေချာမှု မရှိဘူးဆိုတာ ရုတ်တရက် ကျွန်တော်တို့ တွေ့မြင်ရပါတယ်။ နောက်တစ်ချက်က လေ့လာမှု အသစ်တစ်ခုက ကျွန်တော်တို့ရဲ့ လက်ရှိကောက်ချက်ချထားချက်နဲ့ ကိုက်ညီမလား ကျွန်တော်တို့ အာမခံချက် မပေးနိုင်ပါဘူး။ ဒါဟာ ဘာကြောင့်လဲဆိုရင် အရင်က လေ့လာတွေ့ရှိမှုတွေ၊ ကောက်ချက်ပြုမှုတွေနဲ့ ဆန့်ကျင်နေတဲ့ လေ့လာတွေ့ရှိမှုအသစ်တွေ အမြဲ ရှိနေနိုင်လို့ပါပဲ။ အရင်ကလေ့လာတွေ့ရှိမှုတစ်ခုဟာ နောက်လေ့လာတွေ့ရှိမှုတစ်ခုနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ ဒီနေ့ မဂ္ဂဇင်းတစ်အုပ်မှာ ကော်ဖီဟာ သင့်ကျန်းမာရေးအတွက် ကောင်းတယ်လို့ဖတ်ရပြီး နောက်နေ့ နောက်တစ်အုပ်မှာ ကော်ဖီက သင့်နှလုံးအတွက် မကောင်းဘူးလို့ ဖတ်ရနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ဘာသာတရားယုံကြည်မှုနဲ့ သက်ဆိုင်တဲ့ အမှန်တရားတွေကို သက်သေပြဖို့ သိပ္ပံပညာတစ်ခုတည်းကို အသုံးပြုလို့ မရပါဘူး။ သိပ္ပံပညာဟာ ပြောင်းလဲတိုးတက်လျှက် ရှိပါတယ်။ အစ္စလာမ်ရဲ့ ယုံကြည်မှုဆိုင်ရာ အဆိုပြုချက်တွေကတော့ အတည်ဖြစ်ပြီး ပြောင်းလဲခြင်းမရှိပဲ အချိန်တိုင်းအတွက် မှန်ကန်နေပါတယ်။ သို့ပေမယ့် ဒီအခန်းမှာတွေ့ရတဲ့ ကျမ်းမြတ်ကုရ်အာန်ရဲ့ ဥပမာတွေအရ သိပ္ပံပညာနဲ့ ဘာသာရေးအမြင်ဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေတာ မဟုတ်ကြောင်း သိနိုင်ပါတယ်။

## နိဂုံး

ကုရ်အာန်ဟာ ဖတ်ရှုသူကို အတွေးပွားစေပြီး လေးနက်စွာသုံးသပ် ဆင်ခြင်စေမယ့် စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်မှ များစွာသော ဖော်ပြချက်များဟာ သဘာဝလောကရဲ့ အဆင့်အမျိုးမျိုးနဲ့ ဆက်နွယ်နေပြီး တိကျတဲ့ အဓိပ္ပာယ်များစွာ ရှိပါတယ်။ ဒီကျမ်းမြတ်ဟာ ၇ရာစုကဖြစ်စေ၊ ၂၁ရာစုကဖြစ်စေ ဖတ်ရှုသူ ပရိသတ်

အမျိုးမျိုးနဲ့ သင့်လျော်အပ်စပ်ပြီး ယနေ့တိုင် မှန်ကန် အသုံးဝင်နေဆဲ ဖြစ်ပါတယ်။ ဒီအချက်တွေက ဖတ်ရှုသူကို ဒီစာအုပ်ကိုဘယ်သူရေးခဲ့လဲ သေချာပေါက် စဉ်းစားမိစေမှာပါ။ ဒါတွေအားလုံးဟာ သဘာဝလောကကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင်ရဲ့ တန်ခိုးတော်နဲ့ ဉာဏ်ပညာရဲ့ လက္ခဏာတွေဖြစ်ပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အရာခပ်သိမ်းဟာ မတော်တဆ သို့မဟုတ် ဖျော်ဖြေရုံအတွက်သာ မဟုတ်ပဲ လေးနက်ပြီး မြင့်မြတ်တဲ့ ရည်ရွယ်ချက်တွေရှိကြောင်း ဖော်ပြနေပါတယ်။

# စာပေအင်္ဂါရပ်များ

ကျွန်တော်တို့ဟာ စာပေနဲ့ပတ်သတ်ပြီး စဉ်းစားတဲ့အခါမှာ ရေးသားထားတဲ့စာကို စာပေလို့ သတ်မှတ်ကြပါတယ်။ ကုရ်အာန်ကို ထိန်သိမ်းထားရှိတာနဲ့ ပတ်သတ်ပြီး အရှေ့အခန်းမှာ ကျွန်တော်တို့ လေ့လာသိရှိခဲ့ပြီးတဲ့အတိုင်း ကုရ်အာန်ကျမ်းမြတ်ဟာ သူရဲ့ ပထမဦးဆုံး ပရိသတ်ကို နှုတ်မှတစ်ဆင့် မိန့်ခွန်းစကားပုံစံနဲ့ ပို့ချခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ရေးသားခြင်းနဲ့ မပတ်သက်ပါဘူး။ ရေးသားဆက်သွယ်ခြင်းနဲ့ နှုတ်မှဆက်သွယ်ခြင်းမှာ အခြေခံကျတဲ့ ခြားနားချက်တစ်ခုရှိပါတယ်။ ဒါကို အကောင်းဆုံးဥပမာတစ်ခုနဲ့ တင်ပြပါမယ်။ မိတ်ဆွေအနေနဲ့ ပြင်ဆင်ချိန်အနည်းငယ်သာရပြီး ပရိသတ်ကို မိန့်ခွန်းပြောရမယ်လို့ စဉ်းစားကြည့်ပါ။ ကြီးမားတဲ့ ပရိသတ်ရှေ့မှာ ရောက်နေပြီး သုတေသနလုပ်ထားခြင်း၊ ဆွေးနွေးထားခြင်းမရှိတဲ့ ခေါင်းစဉ်တစ်ခုနဲ့ ပတ်သက်ပြီး အမျိုးမျိုးသော မေးခွန်းတွေရဲ့ အဖြေကိုပေးရမယ်လို့ တွေးကြည့်ပါ။ ပြီးတော့ ဒီလိုအခြေအနေကိုပဲ တူညီတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ခု ရေးသားဖို့ တောင်းဆိုခံရတယ်လို့ စဉ်းစားကြည့်ပါ။ မိတ်ဆွေ ရေးရမယ့် ခေါင်းစဉ်ကို ကြိုတင်ပြောပြထားပြီးသားဖြစ်ပြီး ရေးဖို့ တစ်လအချိန်ရမယ်လို့ တွေးကြည့်ပါ။ ဘယ်အခြေအနေက ပိုပြီးကောင်းမွန်တဲ့ ဆက်သွယ်မှုကိုရနိုင်မလဲ? မိတ်ဆွေ သေချာပေါက် သိပြီးဖြစ်မှာပါ၊ မပြင်ဆင်ထားပဲ တိုက်ရိုက် မိန့်ခွန်းပြောရမယ်ဆိုရင် တည်းဖြတ်ဖို့ အခွင့်အရေး မရပါဘူး။ ရေးသားတဲ့အခါမှာတော့ စာအရေးအသားရဲ့ အရည်အသွေး တိုးတက်ကောင်းမွန်အောင်လုပ်ဖို့ အခွင့်အရေးရှိပါတယ်။

ကုရ်အာန်ကိုလည်း ဒီနည်းအတိုင်း စဉ်းစားကြည့်ရအောင်။ ကုရ်အာန်ကျမ်းမြတ် တစ်အုပ်လုံးဟာ ပထမဆုံး ယုံကြည်သူတွေရော မယုံကြည်ကြသူတွေရော ရောနေတဲ့ ပရိသတ်ကို နှုတ်မှ မိန့်ခွန်းအနေနဲ့ ပို့ချခဲ့ခြင်းဖြစ်ပါတယ်။ တည်းဖြတ်ဖို့ အတွက်လည်း အခွင့်အရေး မရရှိခဲ့ပါဘူး။ များစွာသော ကျမ်းပိုဒ်များဟာ တမန်တော်မုဟမ္မဒ်(ﷺ)ထံ ယုံကြည်သူများထံမှရော၊ မယုံကြည်သူများထံမှရော အစီအစဉ်မရှိဘဲ ရောက်ရှိလာတဲ့

မေးခွန်းများ၊ စိန်ခေါ်မှုများကို တုံ့ပြန်တဲ့ အနေနဲ့ ရုတ်တရက် ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ ရုတ်တရက်ကျရောက်တတ်တဲ့ သဘောသဘာဝကို ပြသနေတဲ့ ဥပမာအချို့ကို အောက်မှာဖော်ပြပါမယ်။

**"ထို့ပြင် သူတို့သည် အသင်(တမန်တော်)အား ရူဟ် အသက်ဝိညာဉ်နှင့် ပတ်သက်၍ မေးမြန်းကြသည်။ (အို-တမန်တော်) အသင် ပြောလိုက်ပါ- အသက်ဝိညာဉ်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်အတိုင်း ဖြစ်လာသည်။ ထို့ပြင် အသင်တို့သည် ပညာအနည်းငယ်သာ ပေးသနားတော်မူခြင်း ခံခဲ့ကြရသည်။" (ကုရ်အာန် ၁၇:၈၅)**

**"သူတို့သည် အသင်(တမန်တော်)ထံတွင် အရက်သေစာသောက်ခြင်း၊ လောင်းကစားခြင်းနှင့် ပတ်သက်၍ (လာရောက်)မေးမြန်းကြသည်။ (အို-တမန်တော်) အသင်ပြောလိုက်ပါ၊ ထိုနှစ်ခုစလုံးထဲတွင် ကြီးလေးသည့် အပြစ်ရှိသည်။ ထို့ပြင် လူများအတွက် (အနည်းငယ်သော) အကျိုးကျေးဇူးများလည်း ရှိသည်။ ထို့ပြင် ထိုနှစ်ခုစလုံး၏ ဆိုးကျိုးသည် ထိုနှစ်ခုစလုံး၏ ကောင်းကျိုးထက် ပိုကြီးသည်။" (ကုရ်အာန် ၂:၂၁၉)**

## ၁။ သိမ်မွေ့နက်နဲခြင်း

**"အလ္လာဟ်အရှင်မြတ်သည် မည်သည့် လူယောက်ျား တစ်ဦးတစ်ယောက်အဖို့မျှ ၎င်း၏ ခန္ဓာကိုယ်၌ နှလုံးနှစ်ခု ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့၏ အကြင်ဇနီးကြင်ရာများကို အသင်တို့၏မိခင် (အရင်းအခြာ)များ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။ အသင်တို့ ထိုဇနီးမိန်းမတို့အား အသင်မသည် ကျွန်ုပ်အပေါ်၌ မိခင်ကဲ့သို့'ဟရာမ်'ဖြစ်သည်ဟု ပြောဆိုကြကုန်၏။**

**ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့၏ မွေးစားသားများကိုလည်း အသင်တို့၏ သား(အရင်းအခြာ)များ ပြုလုပ်တော်မူခဲ့သည် မဟုတ်ပေ။" (ကုရ်အာန် ၃၃:၄)**

ဖန်ဆင်းရှင်ဟာ ဘယ်အမျိုးသားကိုမှ နှလုံးသားနှစ်ခု ထည့်ပေးတော်မူထားခြင်း မရှိဘူးလို့ မိန့်ထားပါတယ်။ ဒီကျမ်းပိုဒ်မှာ အမျိုးသမီးတွေအကြောင်း ပြောခဲ့ပေမယ့် ဒီမိန့်ကြားချက်မှာ အမျိုးသမီးတွေ မပါဝင်ပါဘူး။ ဖန်ဆင်းရှင်ဟာ ဘယ်သူ့ကိုမှ နှလုံးနှစ်ခု ထည့်ပေးမထားပါဘူးလို့ မိန့်ထားခဲ့မယ်ဆိုရင်၊ အမျိုးသမီးတွေလည်း ပါဝင်သွားပါမယ်။ အဲ့ဒီအခါ ဒီကျမ်းပိုဒ်ကို စာပေသဘောအရ အဓိပ္ပာယ်ပြန်ဆိုတဲ့အခါ ပြဿနာ ရှိလာနိုင်ပါတယ်။ အမျိုးသမီးတွေဟာ သူတို့ကိုယ်ဝန်ဆောင်တဲ့အခါ သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ နှလုံးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုပြီးတော့ ရှိနေနိုင်ပါတယ်။ ဒါဟာ အင်မတန်သိမ်မွေ့တဲ့ ခြားနားချက်ဖြစ်ပါတယ်။ စကားလုံးတစ်လုံးသာ ပြောင်းလဲသွား ပေမယ့် အကျိုးသက်ရောက်မှုဟာ သိသာထင်ရှားပါတယ်။

## ၂။ ကြွံခိုင်ခြင်း

**"၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လေ့လာဆင်ခြင် သုံးသပ်ခြင်း မရှိကြပါသလော။ အကယ်၍သာ ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ် အရှင်မြတ်မှတစ်ပါး အခြားသူ၏ထံမှ (ရောက်ရှိလာသောကျမ်းဂန်)သာ ဖြစ်ခဲ့ပါမူ ထိုသူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်)တွင် မြောက်မြားစွာသော ကွဲလွဲမှုတို့ကို မလွဲဧကန် တွေ့ရှိခဲ့ကြကုန်အံ့။" (၄:၈၂)**

ကုရ်အာန်ဟာ ဒီကျမ်းပိုဒ်မှာမိန့်ဆိုထားသလို တကယ်ပဲ ဟုတ်သလားဆိုတာ စမ်းသပ်ဖို့အတွက် အထက်မှာ ဖော်ပြထားတဲ့ စကားလုံးတွေကို ဘယ်လို အဓိပ္ပါယ်ပြန်ဆိုသလဲ ပေါ်မူတည်ပြီး နည်းလမ်း နှစ်ခုရှိပါတယ်။

ဒီကျမ်းပိုဒ်ရဲ့ ရှင်းလင်းမြင်သာတဲ့ အဓိပ္ပာယ်မှာ ကုရ်အာန်တစ်အုပ်လုံး ဖတ်ရွတ်သည့်တိုင် ဆန့်ကျင်ဖက် များ မပါဝင်ကြောင်း သိရှိနိုင်ပါတယ်။

ဒါပေမယ့် သင်ဟာ မတူညီတဲ့ အဓိပ္ပါယ်တစ်ခုလည်း ယူလို့ရပါသေးတယ်။ ပိုပြီး ထူးဆန်းပါတယ်။

**"၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လေ့လာဆင်ခြင် သုံးသပ်ခြင်း မရှိကြပါသလော။ အကယ်၍သာ ယင်း(ကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ် အရှင်မြတ်မှတစ်ပါး အခြားသူ၏ထံမှ (ရောက်ရှိလာသောကျမ်းဂန်)သာ ဖြစ်ခဲ့ပါမူ ထိုသူတို့သည် ၎င်း(ကုရ်အာန်ကျမ်းတော်)တွင် မြောက်မြားစွာသော ကွဲလွဲမှုတို့ကို မလွဲဧကန် တွေ့ရှိခဲ့ကြကုန်အံ့။" (ကုရ်အာန် ၄:၈၂)**

ဒီပိုပြီးထူးဆန်းတဲ့ အဓိပ္ပာယ် ကောက်ယူမှုဟာ ကုရ်အာန်ထဲမှာ "ဆန့်ကျင်ဖက်များ" ဆိုတဲ့ စကားလုံးရဲ့ ရေးသားထားတဲ့ အရေအတွက်ကို ရေတွက်ခြင်း ဖြစ်ပါလိမ့်မယ်။ ဂူဂဲလ်မှာရှာသလို ကုရ်အာန်ရဲ့ စာမျက်နှာတွေထဲမှာ "ဆန့်ကျင်ဖက်များ"ဆိုတဲ့ စကားလုံးကိုရှာတယ်လို့ တွေးကြည့်လိုက်ပါ။ တစ်ကြိမ်ထက်ပိုပြီး ရေတွက်မိမယ်ဆိုရင် "ဆန့်ကျင်ဖက်များ"ဆိုတဲ့ စကားလုံးကို ကြိမ်ဖန်များစွာ တွေ့ရှိသွားပြီဖြစ်ပြီး ကုရ်အာန်ကျမ်းမြတ်ဟာ ဖန်ဆင်းရှင်ထံမှမဟုတ်ဘူးလို့ ကောက်ချက်ချနိုင်ပါတယ်။ ကုရ်အာန်ဟာ သူကိုယ်တိုင် ငြင်းဆိုလိုက်တာ ဖြစ်ပါတယ်။

အဲ့ဒီလို ရေတွက်မယ်ဆိုရင် အနည်းကိန်းဖြစ်တဲ့ "ဆန့်ကျင်ဖက်"ဆိုတဲ့ စကားလုံးကို ကုရ်အာန်တစ်အုပ်လုံးမှာ များစွာတွေ့ရမှာဖြစ်ပြီး အများကိန်း "ဆန့်ကျင်ဖက်များ" ဆိုတဲ့ စကားလုံးကိုတော့ ကျွန်တော်တို့ ကြည့်နေတဲ့ ကျမ်းပိုဒ်မှာသာ တစ်ကြိမ်ပဲ တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကောက်ချက်ချနိုင်တာက ကုရ်အာန်ကျမ်းမြတ်ဟာ ခိုင်မာပြီး ဖတ်ရွတ်သူအမျိုးမျိုးက ကောက်ယူဖို့ ဆန္ဒရှိနိုင်တဲ့ အခြားမတူညီတဲ့ အဓိပ္ပါယ်များစွာကို လည်း ခြေပနိုင်စွမ်း ရှိပါတယ်။

## ၃။ စကားလုံးအစီအစဉ်

**"(ယုံကြည်သူအပေါင်းတို့) အသင်တို့၏ မိတ်ဆွေသည် အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်၏ တမန်တော်နှင့် အကြင် အီမာန်ယုံကြည်သူများ ဖြစ်ကြသည်။ ထိုယုံကြည်သူများသည် ကျိုးနွံသူများ ဖြစ်လျက် စွလာသ် ဝတ်ပြုကြသည်။ ဇကာသ် (ဆင်းရဲသားနှင့် လိုအပ်သူများ၏ဝေစု) ကိုလည်း ပေးဆောင်ကြသည်။" (ကုရ်အာန် ၅ : ၅၅)**

ဤကျမ်းပိုဒ် ကျရောက်ခဲ့ချိန်မှာ သာသနာ့အရေခြုံတွေ ရှိခဲ့ပါတယ်။ လူအများရှေ့မှာ မွတ်စလင်မ်အမည်ခံပြီး စစ်မှန်တဲ့ ယုံကြည်သူမွတ်စလင်မ်တွေကြား အဆင့်အတန်း တူတူနေပြီး ကွယ်ရာမှာတော့ မယုံကြည်ကြဘူး။ သူတို့ဟာ လူရှေ့သူရှေ့မှာတော့ ယုံကြည်သူတွေနည်းတူ ဝတ်ပြုတာတွေ၊ ခဝပ်ကိုးကွယ်တာတွေ ပြုလုပ်ကြတာကြောင့် အပြင်ပန်းပုံစံ အပြုအမူတွေကိုကြည့်ပြီး အဲ့ဒီ သာသနာ့အရေခြုံတွေကို စစ်မှန်တဲ့ မွတ်စလင်မ်တွေနဲ့ ခွဲခြားဖို့ အလွန်ခက်ခဲပါတယ်။ ဒီကျမ်းပိုဒ်မှာပါတဲ့ ဖော်ပြချက်တွေရဲ့ အစီအစဉ်ကို သတိထားကြည့်ပါ။ **"(ယုံကြည်သူအပေါင်းတို့) အသင်တို့၏ မိတ်ဆွေကား အလ္လာဟ်အရှင်၊ ထိုအရှင်၏ရစူလ်နှင့် အကြင်ယုံကြည်သူတို့သာလျှင် ဖြစ်သည်။ ထိုသူများသည် ဆွလာသ်ဆောက်တည်ကြသည်။ ဇကားသ်ပေးဆောင်ကြသည်။"** ဒါကို အခြားတစ်နည်းနဲ့ ရေးနိုင်ပါသေးတယ်။ **"ဆွလာသ်ဆောက်တည်ကြသူများ၊ ဇကားသ်ပေးဆောင်ကြသူများသည် ယုံကြည်သူများ(၏ မိတ်ဆွေများ) ဖြစ်ကြသည်။"** အဲဒီလိုဆိုရင် အဓိပ္ပာယ်က သာသနာ့အရေခြုံများဟာလည်း လူရှေ့သူရှေ့မှာတော့ ဆွလာသ်ဝတ်ပြုကြပြီး အလှူဒါန ပေးကမ်းကြတာကြောင့် သူတို့လည်း ယုံကြည်သူများ ဖြစ်ကြတယ်လို့ သက်ရောက်သွားမှာ ဖြစ်ပါတယ်။ သို့ပေမယ့် ဖန်ဆင်းရှင်ဟာ ဒီကျမ်းပိုဒ်မှာ "ဝတ်ပြုဆုတောင်းပြီး အလှူဒါန ပေးဆောင်ကြသည့် ယုံကြည်ကြသူများ" ဟူ၍ ပြီးပြည့်စုံတဲ့ စကားလုံးအစီအစဉ်ကို ရွေးချယ်ထားပါတယ်။

## ၄။ တိကျမှု

**"ငင်းပြင်၊ ပြန်လည် သတိရရှိကြလေကုန်။ တစ်ရံရောအခါဝယ် (နဗီတမန်တော်) "မူစာ"သည် မိမိ အမျိုးသားတို့အား "အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံ (စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် မုချအမှန်ဖြစ်ကြောင်း ကေန်မလွဲ အသင်တို့ သိရှိပြီး ဖြစ်ကြပါလျက် မည်သည့်အတွက်ကြောင့် အသင်တို့သည် ငါ့အား ဒုက္ခပေးကြသနည်း"ဟု ပြောကြားခဲ့လေ၏။ သို့ပါလျက် ငင်းတို့သည် လွဲချော် မှောက်မှားခဲ့ကြသောအခါ အလ္လာဟ်အရှင်မြတ်သည် ငင်းတို့၏ စိတ်နှလုံးကို လွဲချော် မှောက်မှားစေတော်မူခဲ့၏။ အမှန်မှာမူကား အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို သွေဖည်သော လူမျိုးအား လမ်းမှန်သို့ ရောက်စေတော်မူသည် မဟုတ်ပေ။" (ကုရ်အာန် ၆၁:၆)**

**"ထိုမှတစ်ပါး ပြန်လည် သတိရရှိကြလေကုန်။ အခါတစ်ပါး၌ 'မရ်ယမ်'၏ သားတော် နဗီတမန်တော် 'အီစာ'သည် (ဤသို့) ပြောကြားခဲ့လေ၏။ အို-အစ္စရာအီလီ မျိုးနွယ်ဝင် အပေါင်းတို့။ ကေန်မလွဲ ငါသည် အသင်တို့ထံ(စေလွှတ်တော်မူခြင်းခံရသော) အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်၏။" (ကုရ်အာန် ၆၁:၅-၆)**

တမန်တော်မူစာဟာ တမန်တော်အီစာ (ခရစ်တော်)နည်းတူပဲ အီစရာအီလီ အမျိုးသားများထံသို့ စေလွှတ်ခြင်းခံခဲ့ရပါတယ်။ ဒီတမန်တော်နှစ်ပါးအကြားမှာ ကာလအပိုင်းအခြား အတော်ကြာရှည်ခဲ့ပေမယ့် နှစ်ပါးစလုံးဟာ အီစရာအီလီတို့ထံ စေလွှတ်ခြင်းခံခဲ့ရပါတယ်။

တမန်တော်မူစာဟာ အီစရာအီလီတို့ကို ရည်ညွှန်းတဲ့အခါ "ငါ၏အမျိုးသားတို့" ဟုခေါ်ဆိုပြီး တမန်တော်အီစာ(ခရစ်တော်)ကတော့ "အီစရာအီလီ မျိုးနွယ်ဝင်တို့" လို့ခေါ်ဆိုခဲ့ပါတယ်။ ဂျူးလူမျိုးတို့ရဲ့ ရိုးရာမှာ အမျိုးအနွယ်ကို ဖခင်က သတ်မှတ်ပါတယ်။ အဲဒီနိုင်ငံကိုလည်း ဂျူးလူမျိုးတွေ ဆင်းသက်ပေါက်ဖွားလာခဲ့တဲ့ မူလအုပ်စု ၁၂စုရဲ့ ဖခင်

အစ္စရာအီလ်(တမန်တော်ယအ်ကူဗ်)(အ)ကို အစွဲပြုပြီး နာမည်ပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့တိုင် လူ့အဖွဲ့အစည်းအများစုမှာ မိသားစုအမည်က ဖခင်ဖက်က အမည်ကို ယူကြတာ ဖြစ်ပါတယ်။

ဒါကြောင့် တမန်တော်မူစာက "ငါ၏အမျိုးသားတို့" လို့ပြောတဲ့အခါ သူရဲ့ဖခင်ဟာ အီစရာအီလီများထဲမှ ဖြစ်တာကြောင့် ငါ၏ဖခင်ဟာ သင်တို့ထဲမှ ဖြစ်သည် လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါပေမယ့် ကုရ်အာန်ကျမ်းတော် ထဲမှာ တမန်တော်အီစာက အီစရာအီလီတွေကို ရည်ညွှန်းတဲ့အခါ "ငါ၏အမျိုးသားများ"လို့ ဘယ်တော့မှ မသုံးဘဲ "အီစရာအီလီအမျိုးအနွယ်ဝင်များ"လို့သာ သုံးနှုန်းခဲ့ပါတယ်။ ဒါဟာ ဘာကြောင့်လဲ ဆိုတော့ တမန်တော်အီစာ(အ)ဟာ တမန်တော်မူစာနဲ့မတူ၊ သူမှာဖခင်မရှိပါဘူး။ သူဟာ အပျိုစင်မိခင်မေရီ(မရ်ယမ်သခင်မ)ထံမှ ထူးခြားစွာ မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ဟာ ဤမျှအံ့သြဖွယ် ကောင်းလောက်အောင် တိကျပါတယ်။

## ၅။ ပေါ်များကြွယ်ဝခြင်း

ကုရ်အာန်ကျမ်းမြတ်ရဲ့ ၁၀၈ခုမြောက်အခန်း၊ အလ်-ကောင်ဝ်ဆရ် ("ပေါ်များကြွယ်ဝခြင်း") ဟာ ဒီကျမ်းမြတ်ရဲ့ အတိုဆုံးအခန်းဖြစ်ပါတယ်။

**"(အို-နဗီတမန်တော်) ကေန်စင်စစ် ငါအရှင်မြတ်သည် အသင့်အား များပြားလှစွာသော ကောင်းခြင်းများကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ရည်သန်၍ ဆွလာတ်ဝတ်ပြုပါလေ။ ထိုမှတစ်ပါး အသင်သည် (ထိုအရှင်မြတ်အား ရည်သန်၍ သားကောင်ကို) ကုရ်ဗာနီပြုပါလေ။ ကေန်မလွဲ အသင်၏ ရန်သူသည်သာလျှင် အညွန့်တုံးသူ ဖြစ်ချေသတည်း။" (ကုရ်အာန် ၁၀၈)**

ဒီအခန်းဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ သားတော်လေး ကွယ်လွန်သွားပြီး သူ့ရဲ့ဘဝ ခက်ခဲနေတဲ့အချိန်မှာ ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ကို လက်မခံတဲ့ ရန်သူတွေက တမန်တော်မြတ်ဟာ ဖြတ်တောက်ခြင်းခံလိုက်ရပြီ၊ ဆိုလိုတာက တမန်တော်မြတ် ကွယ်လွန်သွားပြီးနောက်မှာ သူ့ကိုသတိရနေမယ့် မျိုးဆက်ကျန်ရှိမှာ မဟုတ်တော့ဘူးလို့ ခနဲ့ကြ၊ လှောင်ကြပါတယ်။ ဒီကျမ်းပိုဒ်တွေဟာ တမန်တော် မုဟမ္မဒ်(ﷺ)ကို နှစ်သိမ့်ဖို့အတွက် ကျရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ တမန်တော့်ကို ကောင်းတဲ့အရာမှန်သမျှကို ကြွယ်ဝစွာ ချီးမြှင့်ထားပြီးဖြစ်ကြောင်း၊ အမှန်တကယ်မှာ သူ့ရဲ့ ရန်သူတွေကသာ ဖြတ်တောက်ခြင်း ခံရမယ့်သူတွေ ဖြစ်ကြောင်း သတိပေးတဲ့အနေနဲ့ ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အမှန်တကယ်တော့ အနာဂတ်ကို ကြိုတင်အသိပေးခြင်း ဖြစ်ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဖန်ဆင်းရှင်ရဲ့သတင်းစကားကို ယူဆောင်လာခဲ့တဲ့ လူသားတစ်ဦးအနေနဲ့ရော၊ အုပ်ချုပ်ရေးခေါင်းဆောင်တစ်ဦးအနေနဲ့ပါ အအောင်မြင်ဆုံးသော တမန်တော် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ ရန်သူတွေကတော့ နောက်ဆုံးမှာ အာဏာတွေ ဆုံးရှုံးသွားကြပြီး သမိုင်းမှာလည်း မေ့လျော့ခံများ ဖြစ်သွားကြပါတယ်။

အံ့သြဖွယ်ကောင်းတာက ဒီအခန်းမှာ စာကြောင်း သုံးကြောင်းသာ ပါဝင်ပြီး အရဗီစကားလုံး ၁၅လုံးတောင် မပါဝင်ပါဘူး။ သို့တိုင်အောင် ဒီအခန်းဟာ “ဘာသာစကား လှပမှုရဲ့ ပင်လယ်ကြီး”လို့ တင်စားရလောက်ပါတယ်။ ဒီအခန်းဟာ စာပေအင်္ဂါရပ် ၃၀ကျော် ပါဝင်ပါတယ်။ သူ့ရဲ့ ပါဝင်တဲ့ စကားလုံးအရေအတွက်ထက်ကို ပိုပါတယ်။ ဒီစာအုပ်ရဲ့ ထူးခြားချက်တွေဟာ တိုင်းတာလို့ မရနိုင်လောက်အောင် များပါတယ်။ ဒါပေမယ့် စာပေအင်္ဂါရပ်တွေထဲက အနည်းငယ်သော ဥပမာရပ်များကို ကြည့်ကြရအောင်။ ဒီအခန်းရဲ့ စကားလုံး ရွေးချယ်ထားမှုဟာ ဒီထက်ပိုပြီး မကောင်းနိုင်တော့ပါဘူး။ ဒီမှာပါတဲ့ စကားလုံးတွေကို အခြားစကားလုံးတွေနဲ့ အစားထိုးပြီးတော့ ပိုကောင်းအောင် လုပ်စရာ မရှိတော့ပါဘူး။ ပထမစာကြောင်းရဲ့ နောက်ဆုံးစကားလုံး “အလ်-ကောင်ဝ်ဆရ်”ကို ကြည့်ကြရအောင်။ ဒီစကားလုံးမှာပေါများသော၊ များပြားသော၊ ပြည့်လျှံနေသော၊ ကြွယ်ဝချမ်းသာသော၊ ဖောဖောသီသီဖြစ်သော၊ အဆုံးမရှိသော ဆိုတဲ့ အဓိပ္ပါယ်များစွာ

ပါဝင်ပါတယ်။ ဒီစာကြောင်းမှာ သီးသန့် ကန့်သတ်ထားခြင်း မရှိတာကို သတိထားမိမယ် ထင်ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ကို ဘာတွေ ပေါများစွာ ပေးအပ်ထားသလဲဆိုတာကို မဖော်ပြထားပါဘူး။ ဒါဟာ သင့်ရဲ့သူငယ်ချင်းက သင့်ကို "ငါမင်းကို အများကြီးပေးပြီးပြီ" လို့ ပြောတာနဲ့ တူပါတယ်။ အဲ့ဒီအခါ သင်က "ဘာတွေအများကြီးလဲ?"လို့ သေချာပေါက် တွေးမိမှာပါ။ တမန်တော်မုဟမ္မဒ်(ﷺ)ကို ဘာတွေ များပြားစွာ ပေးထားလဲဆိုတာကို အတိအကျ မဖော်ပြဘဲ ဖန်ဆင်းရှင်ဟာ ဘာသာစကားကို လှပစွာအသုံးပြုပြီး အရာရာကို များပြားစွာ ပေးထားတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဘာသာစကားကျွမ်းကျင်ခြင်းနဲ့ လှပစွာသုံးတတ်ခြင်း ပညာမှာ အားလုံးကိုဖော်ပြနေခြင်းဟာ အပိုဖြစ်ပြီး ထိရောက်မှုမရှိပါဘူး။ "ပေးထားပြီးပြီ"ဆိုပြီး အတိတ်ကာလပြကြိယာ အသုံးပြုထားတာကိုလဲ တွေ့ရပါတယ်။ "ပေးလိမ့်မည်"လို့ အနာဂတ်မှာ ရရှိမယ့် ပေါများကြွယ်ဝခြင်းကို ရည်ညွှန်းထားတာ မဟုတ်ပါဘူး။ အတိတ်ကာလပြ ကြိယာကို အသုံးပြုထားတဲ့ အချက်က ဒီကိစ္စဟာ ဖြစ်ခဲ့ပြီးသား ဖြစ်ပြီး ခိုင်မာမှုရှိပြီး၊ စိတ်ချလက်ချရှိစေပြီး တိကျသေချာမှုကို ခံစားရစေပါတယ်။ နောက်ဆုံးအနေနဲ့ ဒီအခန်းရဲ့ခေါင်းစဉ် "အလ်-ကောင်ဝ်စရ်" (ပေါများကြွယ်ဝခြင်း)ကို အလေးအနက် စဉ်းစားကြည့်မယ်ဆိုရင် ဒီအခန်းဟာ စကားလုံး အရေအတွက် အနည်းဆုံး အသုံးပြုထားပြီး စာပေအင်္ဂါရပ် အများဆုံး အကြွယ်ဝဆုံး အခန်းဖြစ်ပါတယ်။ အင်မတန်မှ ထူးခြားလှပါတယ်။

## နိဂုံး

စာပေလောကမှာ စာအုပ်တစ်အုပ်ရဲ့ ပထမဆုံး ရေးသားထားတဲ့ မူကြမ်းကို ဘယ်တော့မှ မထုတ်ဝေပါဘူး။ အရေးအသားကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မွန်းမံ၊ အထပ်ထပ် စစ်ဆေး တည်းဖြတ်ပြီးမှ ထုတ်ဝေပါတယ်။ စာရေးခြင်းကို ကျောက်ဆစ်ပန်းပုထုတဲ့နေရာမှာလို ကျောက်တုံးတစ်တုံးကို တဖြည်းဖြည်း ထုဆစ်ရတယ်လို့ စဉ်းစားကြည့်ပါ။ တဖြည်းဖြည်းနဲ့ ပန်းပုရုပ်ဟာ ရုပ်လုံးပေါ်လာပြီး ပရိသတ်ကိုချပြဖို့ အသင့်အနေအထားကို ရောက်လာပါတယ်။ အထက်ကဥပမာမှာ

တွေ့ရတဲ့အတိုင်း ကုရ်အာန်ကျမ်းမြတ်ဟာ နှုတ်မှတစ်ဆင့် ကျရောက်ခဲ့ပြီး တည်းဖြတ်မှုတွေမလုပ်ခဲ့တာတောင် စာပေအနုပညာ လက်ရာမြောက်မှုရဲ့ လက္ခဏာရပ်တွေ အားလုံး ပိုင်ဆိုင်ထားပါတယ်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ စာမျက်နှာတိုင်းမှာ အဲ့ဒီလို စာပေအင်္ဂါရပ်တွေ ပါဝင်နေပါတယ်။ ဒီလိုပါဝင်ခြင်းဟာ တိုက်ဆိုင်မှုတစ်ခုမဟုတ်ပဲ သေချာဒီဇိုင်းချထား တာဖြစ်ကြောင်း ကောက်ချက်ချရမှာ ဖြစ်ပါတယ်။

# ဖွဲ့စည်းတည်ဆောက်ထားပုံ

ကုရ်အာန်ကျမ်းမြတ်ရဲ့ ပေါင်းစပ်ဖွဲ့စည်းထားပုံဟာ ပုံမှန်စာအုပ်တွေနဲ့မတူ ပြိုင်စံကင်းပါတယ်။ ဒီကျမ်းမှာပါဝင်တဲ့ အခန်း ၁၁၄ ခန်းဟာ နှစ်ကာလအရ သို့မဟုတ် အကြောင်းအရာအရ စီစဉ်ထားတာ မဟုတ်ပါဘူး။ သီးခြားအခန်းတစ်ခုစီမှာတောင် ရုတ်တရက် ခေါင်းစဉ်တစ်ခုကနေ တစ်ခုကို ပြောင်းသွားပြီးမှ နောက်တဖန်ရှေ့က ခေါင်းစဉ်တွေနဲ့ ပတ်သတ်ပြီး ပြန်လည်ဖော်ပြတာမျိုး ဖြစ်ပါတယ်။ ဒီလို ထူးခြားတဲ့ ဖွဲ့စည်းတည်ဆောက်ထားပုံကို အပေါ်ယံကြည့်မယ်ဆိုရင် တစ်မျိုးကြီးခံစားရနိုင်ပါတယ်။ ဒါပေမယ့် စာပေနဲ့ပတ်သက်တဲ့ ခေတ်မှီသုတေသနတွေက ကုရ်အာန်ကျမ်းမြတ်ရဲ့ ကွင်းသဏ္ဍာန်ဖွဲ့စည်းထားခြင်းလို့ခေါ်တဲ့ ဆန်းပြားတဲ့ဖွဲ့စည်းပုံကို ရှာဖွေတွေ့ရှိခဲ့ကြတယ်။

## ကွင်းသဏ္ဍာန် ပေါင်းစပ်ဖွဲ့စည်းထားပုံရဲ့ သီအိုရီ

ကွင်းပုံသဏ္ဍာန် ပေါင်းစပ်ဖွဲ့စည်းထားပုံကို (Mary Douglas)မေရီဒေါက်ဂလပ်စ်က သူမရဲ့စာအုပ် “Thinking in Circles : An Essay on Ring Composition”ဆိုတဲ့ စာအုပ်မှာ ရှင်းပြထားပါတယ်။ ကွင်းပုံသဏ္ဍာန်ဖွဲ့စည်းထားခြင်းဟာ အလယ်မှာ မှန်တစ်ချပ် ထည့်လိုက်တာနဲ့ တူပါတယ်။ ပထမတစ်ဝက်မှာ ဖော်ပြထားတဲ့ အကြောင်းအရာတွေကို ဒုတိယတစ်ဝက်မှာ ပြန်ပြီးတော့ ထင်ဟပ်စေမှာ ဖြစ်ပါတယ်။ စာရဲ့ အဓိကအဓိပ္ပာယ်ကို အလယ်ဗဟိုမှာ ထားပါတယ်။ သင့်ရဲ့ တစ်နေ့တာအကြောင်းကို ဇာတ်လမ်းတို ရေးမယ်ဆိုပါစို့၊ ဇာတ်လမ်းရဲ့ အလယ်ဗဟိုမှာ အရေးအကြီးဆုံး အဖြစ်အပျက်ကို ရေးရမှာဖြစ်ပါတယ်။ အစဆုံးနဲ့ နောက်ဆုံးက အဲ့ဒီအဖြစ်အပျက်နဲ့ ဆက်နွယ်နေတဲ့ အကြောင်းအရာတွေ ရေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရိုးရှင်းတဲ့ ဥပမာ တစ်ခုကိုပြပါမယ်။

၁။ ကျွန်တော် မနက်ခင်းမှာ နိုးလာခဲ့တယ်။

၂။ ကျွန်တော်အိမ်က ထွက်လာခဲ့တယ်။

၃။ ကျွန်တော် ငယ်ငယ်ကတည်းက မတွေ့တော့တဲ့ သူငယ်ချင်းကို မထင်မှတ်ပဲ တွေ့ခဲ့ရတယ်။

၄။ ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

၅။ ကျွန်တော် အိပ်ယာဝင်ခဲ့တယ်။

ဒီဇာတ်လမ်းရဲ့ အနှစ်သာရဖြစ်တဲ့ မတွေ့တာကြာပြီဖြစ်တဲ့ သူငယ်ချင်းနဲ့ တွေ့ဆုံတာကို အလယ်မှာထားတာကို တွေ့ရပါတယ်။ ဒီအချက်ရဲ့ ရှေ့ပြေးစာကြောင်း တွေဖြစ်တဲ့ နိုးထလာတာ၊ အိမ်ကထွက်လာတာတွေက ဒီအချက်ရဲ့ နောက်က အိမ်ပြန်လာ တာ၊ အိပ်ယာဝင်တာ စတဲ့ စာကြောင်းတွေနဲ့ မှန်လိုဖြစ်နေပါတယ်။

## ကွင်းသဏ္ဍာန် ပေါင်းစပ်ဖွဲ့စည်းထားခြင်းရဲ့ အကျိုးကျေးဇူးများ

ကွင်းသဏ္ဍာန် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဟာ စာကို တစ်စုတစ်စည်းတည်း ဖြစ်စေရုံသာမကပဲ အရေးကြီးတဲ့စကားလုံးတွေနဲ့ အဓိကဆိုလိုရင်းတွေကို အာရုံစူးစိုက်စေ ပါတယ်။ ဒီလို ဗဟိုကိုစုစည်းသွားတဲ့ ကွင်းသဏ္ဍာန် ဖွဲ့စည်းထားခြင်းဟာ စာရဲ့ အလယ်ဗဟိုကို အာရုံစိုက်မိစေပြီး စာရဲ့ အဓိကအနှစ်သာရကို ရှာဖွေဖို့ ခေါ်ဆောင်လာ ပါတယ်။ မေရီဒေါက်ဂလပ်စ်က “အဓိပ္ပာယ်က အလယ်ဗဟိုမှာ ရှိတယ်”လို့ လိုရင်းတိုရှင်း မှတ်ချက်ပြုခဲ့ပါတယ်။

ဒီကွင်းသဏ္ဍာန်ဟာ နှုတ်ဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့တဲ့ ကုရ်အာန်ကျမ်း မြတ်ကို အာဂုံဆောင်ရာမှာ အထောက်အကူ ဖြစ်စေပါတယ်။ (Cedric Whitman) စီဒရစ်ခ်ဝှစ်တ်မန်က သူ့ရဲ့ ရေးခေတ်ကဗျာ လေ့လာတဲ့တစ်လျှောက် ကွင်းသဏ္ဍာန်က ကဗျာရွတ်သူအတွက် ကဗျာရဲ့ ဖွဲ့စည်းထားတဲ့ အခြေခံဖော်မြူလာကို အလွယ်တကူ မှတ်မိစေပြီး အာဂုံဆောင်ကျက်မှတ်တဲ့ နေရာမှာလည်း အထောက်အကူဖြစ်စေတယ်လို့ ဆိုပါတယ်။

## ကုရ်အာန်ကျမ်းမြတ်ကျရောက်ခဲ့သည့် အခြေအနေများ

ကုရ်အာန်ရဲ့ ကွင်းသဏ္ဍာန် ဖွဲ့စည်းထားပုံကို မပြောခင်မှာ ကုရ်အာန်ကျမ်းမြတ်ကျရောက်ခဲ့တဲ့ နောက်ခံ အခြေအနေတွေအကြောင်းကို အနည်းငယ်ထပ်ပြီး ဆွေးနွေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ကုရ်အာန်ကျမ်းဟာ ၂၃နှစ်ကာလအတွင်း အနည်းငယ်စီ ကျရောက်ခဲ့တာ ဖြစ်ပါတယ်။


**“ငြင်းပယ်သူတို့က ကျမ်းမြတ်ကုရ်အာန်သည် ထို (မုဟမ္မဒ်) အပေါ်၌ အစအဆုံး တစ်စုတစ်စည်းတည်း ဘာကြောင့် ချပေးခြင်း မခံရသနည်းဟု ပြောဆိုကြသည်။ ဤကဲ့သို့ (နဲနဲစီ ချပေးတော်မူခြင်းအားဖြင့်) ငါအရှင်သည် အသင်၏ စိတ်နှလုံးကို ကြံ့ခိုင်တော်မူစေရန် ဖြစ်သည်။ ငါအရှင်သည် ယင်းကုရ်အာန်ကို တဖြည်းဖြည်း နည်းနည်းစီ ချပေးတော်မူခဲ့သည်။” (၂၅ : ၃၂)**

ပုံမှန်အားဖြင့် စာအုပ်တွေကို ရေးသားတဲ့ ပုံစံကို စဉ်းစားကြည့်ပါ။ အများစုက အစ၊ အလယ်၊ အဆုံး ဆိုတဲ့ပုံစံအတိုင်း ရေးကြပါတယ်။ လူအများစုဟာ ကုရ်အာန်ကျမ်းမြတ်ကို အချိန်ကာလအလိုက် ပထမဆုံး အခန်းက အရင်ဆုံး ကျရောက်ခဲ့ပြီး နောက်ဆုံးအခန်းက နောက်ဆုံးမှ ကျရောက်ခဲ့တယ်လို့ ထင်နေကြပါတယ်။ သို့ပေမယ့် ကုရ်အာန်ဟာ အခြားသော စာအုပ်တွေနဲ့ မတူပါဘူး။ မိတ်ဆွေ အံ့သြသွားပါလိမ့်မယ်။ ကုရ်အာန်ကို ဖွဲ့စည်းထားတဲ့ ၆,၂၃၆ ခုသော ကျမ်းပိုဒ်တွေဟာ အစဉ်လိုက် ကျရောက်ခဲ့တာ မဟုတ်ပါဘူး။ အခန်း-၁ ပြီးရင် အခန်း-၂၊၃၊၄ စသဖြင့် သမားရိုးကျ စာအုပ်တွေမှာလို မလာပါဘူး။ အခန်း-၉၆ ပြီးရင် အခန်း-၆၈ လာပါတယ်။ အဲ့ဒီနောက် အခန်း-၇၃ စသဖြင့် လာပါတယ်။ ဒါ့အပြင် ကုရ်အာန်ရဲ့ အချို့သောအခန်းတွေဟာ ကျမ်းပိုဒ်တွေ ရာကျော် ပါဝင်ပြီး အင်မတန်ရှည်လျားပါတယ်။ အဲ့ဒီကျမ်းပိုဒ်တွေဟာ တစ်ကြိမ်တည်း အကုန် ကျရောက်လာတာ မဟုတ်ပါဘူး။ အချို့အခန်းတွေဟာ သူ့ရဲ့ ကျမ်းပိုဒ်တွေ ကျရောက်ပြီး နောက် ကြားထဲမှာ အခြားအခန်းတွေရဲ့ ကျမ်းပိုဒ်တွေ ကျရောက်ခဲ့ပါတယ်။ အဲဒီနောက် နှစ်ပေါင်းများစွာကြာပြီးမှ ပြန်လည်ကျရောက်တာမျိုးတွေ ရှိပါတယ်။ ဒီလို နောက်ခံ

အခြေအနေတွေကို သိရှိပြီးတဲ့နောက်မှာ ကုရ်အာန်ရဲ့ ဖွဲ့စည်းတည်ဆောက်ထားမှုဟာ ရောထွေးနေမယ်ဆိုတာ သင်သိလောက်ပါပြီ။ ကျမ်းပိုဒ်တွေရဲ့ အလျဉ်းသင့်သလို ကျရောက်ခဲ့ပုံကို ကြည့်ခြင်းအားဖြင့် အစီအစဉ်ကျတဲ့ ဖွဲ့စည်းထားမှုကို ကြိုတင်ပြီး ပြုလုပ်ထားဖို့ ခက်ခဲမယ်ဆိုတာ သိနိုင်ပါတယ်။ သို့ပေမယ့် နောက်ဆုံးမှာ ကုရ်အာန်ကျမ်းမြတ်ဟာ ဆန်းပြားတဲ့ကွင်းသဏ္ဌာန်နဲ့ ဖွဲ့စည်းထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

## ကုရ်အာန်ကျမ်းမြတ်ရဲ့ ကွင်းသဏ္ဌာန်ဖွဲ့စည်းထားပုံ

ကုရ်အာန်ကျမ်းမြတ်ရဲ့ ဒုတိယအခန်း "ဂါဝီကဏ္ဍ"ကို ဒီနေရာမှာ ကျွန်တော်တို့ လေ့လာကြည့်ပါမယ်။ ဒီအခန်းဟာ ကုရ်အာန်ကျမ်းမြတ်ရဲ့ အရှည်ဆုံးအခန်းဖြစ်ပြီး အပြီးတိုင် ကျရောက်ဖို့ အချိန် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါတယ်။ ၂၅ခု မြောက် ကျမ်းပိုဒ် "အာယသုလ်ကုရ်စီ" မှာ ကွင်းသဏ္ဌာန် ဖွဲ့စည်းတည်ဆောက်ထားတာကို တွေ့ရပါတယ်။




ဒါကို နောက်တစ်ဆင့် ထပ်သွားလို့ရပါသေးတယ်။ ဒီကျမ်းပိုဒ်မှာ တွေ့ရတဲ့ ကွင်းဟာ ပိုပြီးကြီးမားတဲ့ ကွင်းဖြစ်တဲ့ ကျမ်းပိုဒ် ၂၅၄-၂၈၄ အထိ ကျမ်းပိုဒ်အုပ်စုထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကွင်းအကြီးထဲမှာ နောက်ထပ်ကွင်းတစ်ခု ဖြစ်နေတာကိုတွေ့ရပါတယ်။

အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင်မရှိပေ။ (ထိုအရှင်သည်) **အမြဲထာဝရရှင်နေတော်မူသောအရှင်၊ အမြဲတည်ရှိ တော်မူသည်။** ①

အရှင်မြတ်အား ငိုက်မြည်းခြင်းနှင့် အိပ်စက်ခြင်းက **မဖိစီးနိုင်ပေ။** ②

**ကောင်းကင်များနှင့် မြေပေါ်တွင်ရှိသမျှအရာများ**ကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။ ③

**အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ အရှင်မြတ်ထံတွင် သူတစ်ပါးအတွက်** ကြားဝင်သနားခံ လိုက်ပြောပေးမည့်သူသည် **မည်သူရှိသနည်း။** ④

အရှင်မြတ်သည် သူတို့၏ **ရှေ့နောက် အဖြစ်အပျက် အကြောင်းစုံ**ကို သိတော်မူသည်။ ⑤

ထို့ပြင် သူတို့သည် **အရှင်မြတ်၏အသိတော်ထဲမှ အရှင်မြတ် အလိုရှိသည်မှလွဲ၍** မည်သည့်အရာကိုမျှ လွှမ်းခြုံမသိနိုင်ကြပေ။ ⑥

အရှင်မြတ်၏ ကုရ်စီ*သည် **ကောင်းကင်များနှင့် ကမ္ဘာမြေအားလုံးကို** ဝန်းခြုံထားသည်။ ⑦

ထို့ပြင် ကောင်းကင်များနှင် ကမ္ဘာမြေကို စောင့်ရှောက်ရခြင်းသည် အရှင်မြတ်အား **ပင်ပန်းငြီးငွေ့စေခြင်း မရှိပေ။** ⑧

၎င်းပြင် အရှင်မြတ်သည် **အလွန်မြင့်မားတော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်** ဖြစ်တော်မူသည်။ ⑨

**အာယသုလ်ကုရ်စီ**

**(၂၅၄) ယုံကြည်သူများ**ကို တိုက်တွန်းနှိုးဆော်ခြင်း : **ငါအရှင်မြတ်က အသင်တို့အား ပေးသနားတော်မူခဲ့သည့် ပစ္စည်းဥစ္စာများထဲမှ** ထို(ကိယာမသ်)နေ့မရောက်မီ **ပေးကမ်းလှူဒါန်းကြပါ။** ထိုနေ့၌ မည်သည့်အရောင်းအဝယ်မျှ ရှိမည်မဟုတ်ပေ၊ မိတ်ဆွေဖြစ်မှုလည်း ရှိမည်မဟုတ်ပေ၊ ကြားဝင်အသနားခံပြောပေးမှုလည်း ရှိမည်မဟုတ်ပေ။

**(၂၅၅-၂၆၀) ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်သည် အင်အားအကြီးဆုံးအရှင်၊ အရာရာကို သိမြင်တော်မူသော အရှင် ဖြစ်တော်မူကြောင်း၊**
**ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်သည် ယုံကြည်သူများနှင့်အတူ ရှိနေတော်မူကြောင်း၊**
**ဖန်ဆင်းရှင် အလ္လာဟ်အရှင်မြတ်သည်သာ သေစေ၊ရှင်စေတော်မူသော၊ သေပြီးနောက် ပြန်လည်ရှင်ပြန်ထစေတော်မူသော အရှင်ဖြစ်ကြောင်း။**

**(၂၆၁-၂၈၄) ပေးကမ်းလှူဒါန်းခြင်း၏ ဥပမာများ ;** ပေးကမ်းလှူဒါန်းခြင်းနှင့် ၎င်း၏အကျိုးကျေးဇူးများ၊ ငွေတိုးစားခြင်းနှင့် ၎င်းအတွက် ဖြစ်ဒဏ်ခတ်မှုများ၊ အကြွေးနှင့်ပတ်သက်သော အမိန့်တော်များ။

ယုံကြည်သူများအား အရှင်မြတ် ချီးမြှင့်ထားသော ဥစ္စာပစ္စည်းများကို လှူဒါန်းရန်နှင့် ပတ်သက်၍ သတိပေးနှိုးဆော်ခြင်း။

(၂၅၅-၂၆၀) ဖန်ဆင်းရှင်သည် အနန္တတန်ခိုးတော်ရှင်၊ အရာခပ်သိမ်းကို သိမြင်တော်မူသောအရှင် ဖြစ်တော်မူသည်။ ဖန်ဆင်းရှင်သည် ယုံကြည်သူများဖက်၌ ရှိနေတော်မူပြီး သေဆုံးခြင်း၊ ရှင်သန်ခြင်းနှင့် ပြန်လည်ရှင်ပြန်ထခြင်းတို့ကို စွမ်းနိုင်တော်မူသည်။"

(၂၆၁-၂၈၄) ပေးကမ်းလှူဒါန်းခြင်းနှင့် ပတ်သက်သော ဩဝါဒတော်များ: လှူဒါန်းခြင်းနှင့် ၎င်း၏ အကျိုးကျေးဇူးများ၊ ငွေတိုးစားခြင်း၊ ချေးခြင်းနှင့် ၎င်း၏ ပြစ်ဒဏ်များ၊ အကြွေးများ။

အဲ့ဒီအပြင်ကို နောက်ထပ်တစ်ဆင့် ကျွန်တော်တို့ ထပ်သွားလို့ ရပါတယ်။ ဖော်ပြထားတဲ့ ကျမ်းပိုဒ် အုပ်စုဟာ အလ်-ဗကရဟ် အခန်းတစ်ခုလုံးရဲ့ အပိုင်း ၉ခုထဲက တစ်ခုကို ကိုယ်စားပြုနေပါတယ်။

၁. ယုံကြည်မှု နှင့် မယုံကြည်မှု (ကျမ်းပိုဒ် ၁-၂၀)

၂. ဖန်ဆင်းရှင်၏ ဖန်ဆင်းမှုနှင့် ဉာဏ်ပညာ (ကျမ်းပိုဒ်-၂၁-၃၉)

၃. အီစရာအီလီမျိုးနွယ်ဝင်များအပေါ် ဥပဒေပြဋ္ဌာန်းခြင်း (ကျမ်းပိုဒ် ၄၀-၁၀၃)

၄. တမန်တော် အီဗရာဟီမ် စမ်းသပ်ခံရခြင်း (ကျမ်းပိုဒ် ၁၀၄-၁၄၁)

၅. ကအ်ဗဟ်ကျောင်းတော်ကို ကစ်ဗ်လဟ် အဖြစ်သတ်မှတ်ခြင်း (၁၄၂-၁၅၂)

၆. မွတ်စလင်မ်တွေဟာ စမ်းသပ်ခံရမည်ဖြစ်ကြောင်း (ကျမ်းပိုဒ် ၁၅၃-၁၇၇)

၇. မွတ်စလင်မ်များအပေါ် ဥပဒေပြဋ္ဌာန်းခြင်း (ကျမ်းပိုဒ် ၁၇၈-၂၅၃)

၈. ဖန်ဆင်းရှင်၏ ဖန်ဆင်းမှုနှင့် ဉာဏ်ပညာ (ကျမ်းပိုဒ် ၂၅၄-၂၈၄)

၉. ယုံကြည်မှုနှင့် မယုံကြည်မှု (ကျမ်းပိုဒ် ၂၈၅-၂၈၆)

အဲ့ဒီ အပိုင်းတစ်ခုစီကလည်း ကွင်းတစ်ခုစီကို ကိုယ်စားပြုနေပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ဟာ ကြီးမားတဲ့ ကွင်းထဲမှာ သေးငယ်တဲ့ ကွင်းတစ်ခု၊ အဲ့ဒီကွင်းထဲမှာ သူ့ထက်သေးငယ်တဲ့ ကွင်းတစ်ခု ပုံစံမျိုး တွေ့ရမှာ ဖြစ်ပါတယ်။

**အာယသုလ်ကုရ်စီ**

① အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်မှလွဲ၍ ကိုးကွယ်ထိုက်သောအရှင်မရှိပေ။ (ထိုအရှင်သည်) **အမြဲထာဝရရှင်နေတော်မူသောအရှင်၊ အမြဲတည်ရှိ တော်မူသည်။**

② အရှင်မြတ်အား ငိုက်မြည်းခြင်းနှင့် အိပ်စက်ခြင်းက **မဖိစီးနိုင်ပေ။**

③ **ကောင်းကင်များနှင့် မြေပေါ်တွင်ရှိသမျှအရာများ**ကို အရှင်မြတ်သာ ပိုင်ဆိုင်တော်မူသည်။

④ **အရှင်မြတ်၏ခွင့်ပြုချက်မရှိဘဲ အရှင်မြတ်ထံတွင် သူတစ်ပါးအတွက်** ကြားဝင်သနားခံ လိုက်ပြောပေးမည့်သူသည် **မည်သူရှိသနည်း။**


⑤ အရှင်မြတ်သည် သူတို့၏ **ရှေ့နောက် အဖြစ်အပျက် အကြောင်းစုံ**ကို သိတော်မူသည်။

⑥ ထို့ပြင် သူတို့သည် **အရှင်မြတ်၏အသိတော်ထဲမှ အရှင်မြတ် အလိုရှိသည်မှလွဲ၍** မည်သည့်အရာကိုမျှ လွှမ်းခြုံမသိနိုင်ကြပေ။

⑦ အရှင်မြတ်၏ ကုရ်စီ*သည် **ကောင်းကင်များနှင့် ကမ္ဘာမြေအားလုံးကို** ဝန်းခြုံထားသည်။

⑧ ထို့ပြင် ကောင်းကင်များနှင် ကမ္ဘာမြေကို စောင့်ရှောက်ရခြင်းသည် အရှင်မြတ်အား **ပင်ပန်းငြီးငွေ့စေခြင်း မရှိပေ။**

⑨ ၎င်းပြင် အရှင်မြတ်သည် **အလွန်မြင့်မားတော်မူသောအရှင်၊ အလွန်ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်** ဖြစ်တော်မူသည်။


A
1-20
ယုံကြည်ခြင်းနှင့် မယုံကြည်ခြင်း
A’
285-286
B
21-39 အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်း၊ လွှမ်းခြုံသိမြင်နိုင်တော်မူစွမ်း (အာဒမ်နှင့်ဧဝ၏ အပြစ်နှင့်ပတ်သက်၍)
ဖန်ဆင်းရှင် အလ္လာဟ်၏ ဖန်ဆင်းခြင်း
B’
254-284 အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခြင်း၊ လွှမ်းခြုံသိမြင်နိုင်တော်မူစွမ်း (လှူဒါန်းခြင်း၊ ငွေကြေးသုံးစွဲခြင်းပတ်သတ်၍)
C
40-103 တမန်တော်မူဆာ (အ) မှ ဗနီအိစ်ရာအီလ်တို့အား ဥပဒေများ ပြဋ္ဌာန်းချမှတ်ခြင်း ။
ဥပဒေ ပြဋ္ဌာန်း ချမှတ်ခြင်း
C’
178-253 တမန်တော်မုဟမ္မဒ် (ဆွ) မှ မွတ်စ်လင်မ်များအား ဥပဒေများ ပြဋ္ဌာန်းချမှတ်ခြင်း ။
D
104-141 (တမန်တော်အီဗရာဟီမ်(အ)စမ်းသပ်ခံရခြင်း၊ ကအ်ဗဟ်ကျောင်းတော်ကို တည်ဆောက်ခြင်း)၊ ကျမ်းရသူများကို တုံ့ပြန်ခြင်း။
စမ်းသပ် ခံရခြင်း
D’
153-177 (မွတ်စ်လင်မ်များသည် စမ်းသပ်ခံရမည့်အကြောင်း၊ ကအ်ဗဟ်၊ စွဖဟ်နှင့် မရ်ဝဟ် ၊ ရုပ်တုကိုးကွယ်သူများကို တုံ့ပြန်ခြင်း။
E’
142-152 (ကအ်ဗဟ်ကို ကိဗ်လဟ်အသစ် အဖြစ် သတ်မှတ်ခြင်း၊ ဤသည်ယုံကြည်မှုကို စမ်းသပ်ခြင်းဖြစ်သည်။ ကောင်းမှုပြုရာတွင် ပြိုင်ဆိုင်ကြရန်။)

ဖော်ပြထားတဲ့ အခန်း ၉ ခန်းရဲ့ အစဉ်ကိုကြည့်မယ်ဆိုရင် ဗဟိုတူကွင်းများတင် မဟုတ်ပဲ ကျမ်းပိုဒ် ၂၈၆ ခုထဲမှာ ပြတ်တောက်မှု၊ လစ်ဟာမှု မရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ပထမဆုံး ကျမ်းပိုဒ်မှစပြီး နောက်ဆုံးကျမ်းပိုဒ်ဖြစ်တဲ့ ၂၈၆ ခုမြောက် ကျမ်းပိုဒ်အထိ ကွင်းသဏ္ဍာန်ထဲမှာ ပါဝင်နေပါတယ်။ Surat-al-Baqarah- A Structural Analysis (စူရဟ် အလ်ဗကရဟ်- ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း) ကို ရေးသားခဲ့သူ ရေမွန်.ကေ.ဖာရင် (Raymond K. Farrin) ဆိုတဲ့ ပညာရှင်က စူရဟ်အလ်-ဗကရဟ်ရဲ့ ကွင်းသဏ္ဍာန် ဖွဲ့စည်းထားပုံကို ဒီလို ကောက်ချက်ချခဲ့ပါတယ်။

**“အမှန်တကယ်ပဲ ဒီအခန်းဟာ အံ့သြဖွယ်ကောင်းတဲ့ ဖွဲ့စည်းပုံဒီဇိုင်းကို ပြသထားပါတယ်။ ကျွန်တော်တို့ တွေ့ရတဲ့အတိုင်း ဒီအခန်းဟာ ကွင်းသဏ္ဍာန်ဖွဲ့စည်းပုံရဲ့ အခြေခံမူများအတိုင်း တိကျစွာ၊ သိပ်သည်းစွာ စီစဉ်ထားတာဖြစ်ပြီး အားလုံးခြုံကြည့်တဲ့ အခါမှာလည်း အပိုင်းတွေရဲ့အရှည်ကအစ အပိုအလိုမရှိ ပြည့်စုံနေပါတယ်။ ဒါ့အပြင်၊ တိကျတဲ့ဖွဲ့စည်းပုံက ဒီအခန်းမှာပါရှိတဲ့ အဓိကအကြောင်းအရာတွေကို ညွှန်ပြနေပါတယ်။ ဒီလိုမျိုးပုံစံတွေဟာ ကွင်းပုံစံရဲ့ သဘောတရားအရ ကွင်းတစ်ခုချင်းစီရဲ့အလယ်၊ အထူးသဖြင့်၊ အခန်းတစ်ခုလုံးရဲ့ အလယ်မှာ ဖြစ်ပါတယ်။ နောက်တဖန် ဒီအခန်းရဲ့ အလယ်မှာ မက္ကဟ်(ကအ်ဗဟ်ကျောင်းတော်တည်ရှိရာမြို့တော်)ဖက်သို့လှည့်ဖို့ ညွှန်ကြား ထားတာကို တွေ့ရပါတယ်။ ဒါဟာ ယုံကြည်မှုကို စမ်းသပ်ခြင်းဖြစ်ပြီး၊ မွတ်စလင်မ်တို့ကို အလယ်အလတ် အဖွဲ့အစည်းအသစ်တစ်ခုအဖြစ် သတ်မှတ်ခြင်းဖြစ်ပါတယ်။”**

ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းပိုဒ်တွေ ကျရောက်ခဲ့တဲ့ အချိန်ကာလနဲ့ စဉ်းစားကြည့် မယ်ဆိုရင် ကျမ်းပိုဒ်တွေကို ဒီလိုတိကျစွာစီစဉ်ထားမှုဟာ တကယ်ကို အံ့သြဖွယ် ကောင်းလှပါတယ်။ အစ္စလာမ့်ရေးရာလေ့လာမှုဆိုင်ရာပါမောက္ခ ဒေါက်တာ အဗ်ဒုလ္လာဟ် ဒရက်ဇ် (Dr Abdullah Draz) က ဒီလို လှပစွာ ပြောဆိုခဲ့ပါတယ်။

**“ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းပိုဒ်တွေနဲ့ စူရဟ် (အခန်း) တွေရဲ့ ကျရောက်တဲ့ အချိန်ကာလနဲ့ သူတို့ရဲ့ အစီအစဉ်ကို သေချာစဉ်းစားတဲ့အခါမှာ ကျွန်တော်တို့တကယ်ကိုပဲ အကြီးအကျယ် အံ့အားသင့်သွားရပါတယ်။ ကျွန်တော်တို့ မြင်ရကြားရတာတွေကို ယုံကြည်အံ့ဆဲဆဲဖြစ်လာပါတယ်။ အဲ့ဒီအခါ ကျွန်တော်တို့ဟာ ဒီလို ဖြစ်နိုင်ခြေ အလွန်မြင့်မားတဲ့ ဖြစ်စဉ်တစ်ခုရဲ့ ရှင်းလင်းချက်ကို သိဖို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်ပါတယ်။ ဖြစ်ပျက်ခဲ့တဲ့သီးသန့် အကြောင်းအရာတစ်ခုနဲ့ ပတ်သက်ပြီး အသစ်ကျရောက်လာတဲ့ ကျမ်းပိုဒ်ဟာ အသစ် အတိုင်းကြားရတာ မမှန်ကန်ဘူးလား? သို့တိုင်အောင်ဒီကျမ်းပိုဒ်ဟာ အသစ်လဲမဟုတ်သလို အခြားသောကျမ်းပိုဒ်တွေနဲ့ ကွဲထွက်နေတယ်လို့လဲ မထင်ရဘူးဖြစ်နေပါတယ်။ ကျွန်တော်တို့ကို မရှုတ်ဖတ်ပြ ခင်ကတည်းက အဲ့ဒီလူရဲ့စိတ်ထဲမှာ အဲ့ဒီကျမ်းပိုဒ်ဟာ ကုရ်အာန်ရဲ့ ကျန်တဲ့အပိုင်း တွေနဲ့အတူ ရှိနေပြီးသားလို့ ထင်ရပါတယ်။ ဒီလို ကျမ်းပိုဒ်တွေနဲ့ စူရဟ်တွေကို စီစဉ်ထားပုံရဲ့ အသေးစိတ်ကျတဲ့ ညွှန်ကြားချက်တွေကို စဉ်းစားကြည့်လိုက်တဲ့အခါမှာ သူတို့ကို မချပေးခင် ကျမ်းပိုဒ်တစ်ခုချင်းစီကို နေရာချဖို့ အသေးစိတ်ကျပြီး ပြည့်စုံတဲ့ အစီအစဉ်တစ်ခု ရှိနေပြီးသားဖြစ်မယ်လို့ ကျွန်တော်တို့ ကောက်ချက်ချရပါတယ်။ တကယ်တမ်းတော့ ကျမ်းပိုဒ်တစ်ခုကျရောက်ဖို့ အကြောင်းတရားတွေ မဖြစ်လာခင် ကတည်းက၊ ပြီးတော့ ဒီအဖြစ်အပျက်တွေရဲ့ ပဏာမအကြောင်းတရားတွေ မတိုင်ခင် ကတည်းက အစီအစဉ်ကို ပြုလုပ်ထားပြီးသား ဖြစ်ပါတယ်။ ဒါတွေဟာ ၂၃နှစ်ကြာ ကာလအတွင်း ကုရ်အာန်ကျမ်းမြတ်ကို စီစဉ်ထားမှုရဲ့ သိသာတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ ကုရ်အာန်က သူ့ရဲ့ မူလဇစ်မြစ်နဲ့ ပတ်သတ်ပြီး ဘာပြောထားသလဲ?”**

ဒေါက်တာဒရက်ဇ်ပြောချင်တဲ့ အချက်ကို ပိုပြီးနားလည်ဖို့၊ ကျွန်တော်တို့ အိမ်တစ်အိမ်ဆောက်တာကို စဉ်းစားကြည့်ရအောင်။ လူနှစ်ယောက်ကို ပစ္စည်းတွေ ပေးပြီး အိမ်တစ်အိမ်ဆောက်ဖို့ အလုပ်ပေးထားတယ်ဆိုပါစို့။ ပထမတစ်ယောက်က အတွေ့အကြုံရှိသူ ဖြစ်တယ်။ အိမ်ကောင်းကောင်းတစ်အိမ်ဆောက်ဖို့ စနစ်တကျ လုပ်ဆောင်ရမယ်

ဆိုတာ သူသိတယ်။ ပထမဆုံးသူဟာ အုတ်၊ဘိလပ်မြေ၊သစ်သား၊သံ စတဲ့ လိုအပ်တဲ့ ပစ္စည်းတွေအားလုံး စုံပြီလား အရင်စောင့်ကြည့်မယ်။ ပြီးတော့ ပစ္စည်းတွေရဲ့ အရွယ်အစား၊ အရေအတွက်၊ ပုံသဏ္ဍာန်တွေကို သူပြန်စစ်မယ်။ ဒါမှဘယ်လိုအကောင်းဆုံး ဖြစ်အောင် အသုံးပြုလို့ရမလဲ သူဆုံးဖြတ်နိုင်မယ်။ အခုသူရဲ့မျက်စိထဲမှာ အိမ်ရဲ့အစိတ်အပိုင်းတွေကို မြင်ကြည့်ပြီးပြီ၊ အဲ့ဒီနောက်မှာ သူဒီဇိုင်းဆွဲဖို့စဉ်းစားမယ်။ ပစ္စည်းတွေမရသေးခင် ဒီဇိုင်းအရင်ချလို့မရပါဘူး ဘာကြောင့်လဲဆို ပစ္စည်းရနိုင်တဲ့ ပမာဏပေါ်မူတည်ပြီး ဒီဇိုင်းချရမှာကြောင့် ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ လုပ်မယ်ဆိုရင် အိမ်ကောင်းတစ်လုံးရဖို့ ဖြစ်နိုင်ပါတယ်။

ဒုတိယလူဟာ အတွေ့အကြုံမရှိတဲ့သူ ဖြစ်ပါတယ်။ သူဟာအိမ်ကိုစနစ်တကျ မဆောက်နိုင်ပါဘူး။ ဒီဇိုင်းမချခင် ပစ္စည်းတွေအားလုံးရတဲ့အထိ မစောင့်ဘဲ အိမ်ရဲ့ အစိတ်အပိုင်းတွေအကြောင်းကို သေချာမသိဘဲ၊ ပစ္စည်းတစ်ခုရတိုင်း နည်းနည်းစီထည့်ပြီး ဖြည်းဖြည်းချင်း ဆောက်ပါတယ်။ ဒီလိုဆိုရင် အပေါ်ကလူလို စနစ်တကျ ဆောက်ထားတဲ့ အိမ်ကောင်းမျိုး ဘယ်လို လုပ်ရနိုင်ပါ့မလဲ? စနစ်တကျ ဆောက်ထားသလို အိမ်ရဲ့ ဘယ်အစိတ်အပိုင်းကို ဘယ်နေရာမှာထားရင် အကောင်းဆုံးဖြစ်မလဲ မစဉ်းစားဘဲ ပစ္စည်းရတဲ့အပေါ် မူတည်ပြီးထားတဲ့၊ စိတ်ကူးပေါက်သလို ဆောက်ထားတဲ့ပုံစံ ဖြစ်နေ ပါမယ်။ ဒီလိုအခြေအနေနဲ့ဆိုရင် သင်ဟာ အချိန်မရွေးပြိုကျနိုင်တဲ့ အိမ်တစ်လုံးသာ ရနိုင်ပါလိမ့်မယ်။ အပေါ်က စနစ်တကျ ဆောက်ထားတဲ့ လူလိုမျိုး ဒီဇိုင်းကောင်းကောင်းနဲ့ အိမ်ကောင်းကောင်းတစ်လုံး ရဖို့ကတော့ လုံးဝ မဖြစ်နိုင်သလောက်ပါပဲ။

ဒါဟာ ကျွန်တော်တို့ ကုရ်အာန်မှာ တွေ့ရတာနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော်တို့ရဲ့ ဥပမာမှာ တည်ဆောက်သူဟာ တမန်တော်မုဟမ္မဒ်(ﷺ) ဖြစ်ပါတယ်။ သူပထမဆုံးရရှိခဲ့တဲ့ အုတ်တွေနဲ့ စတင်တည်ဆောက်ခဲ့တဲ့ အိမ်ဟာ ကုရ်အာန်ကျမ်းပဲ ဖြစ်ပါတယ်။ သူဟာ ပထမဦးဆုံး ကျမ်းပိုဒ်တွေကို ရရှိကတည်းက စတင်ပြီး စီစဉ်နေရာချ ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဆောက်လုပ်ရေး ဥပမာထဲက အခန်းတွေ၊ အုတ်တွေဟာ ကုရ်အာန်ကျမ်းမြတ်ရဲ့ အခန်းတွေ၊ ကျမ်းပိုဒ်တွေဖြစ်ပါတယ်။ ကုရ်အာန်ရဲ့ ကျမ်းပိုဒ် အများစုဟာ တမန်တော်မထိန်းချုပ်နိုင်ခဲ့တဲ့ သူတမန်တော် ဖြစ်ခဲ့တဲ့ ၂၃နှစ်ကာလအတွင်း

ဖြစ်ပျက်ခဲ့တဲ့ လူမှုရေးဖွံ့ဖြိုးမှု၊ ဘာသာရေးနဲ့ ဒီလောကရဲ့ စိန်ခေါ်မှုတွေ၊ အခြေအနေတွေ၊ ဖြစ်စဉ်တွေပေါ်မူတည်ပြီး ကျရောက်ခဲ့တာကြောင့် သူ့မှာ ကြိုတင်ဒီဇိုင်းချထားလို့ မရခဲ့ပါဘူး။ ဥပမာအနေနဲ့ သူ့ကိုယုံကြည်သူတွေက ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မေးခွန်းတွေမေးမယ်၊ ဒါမှမဟုတ် ရန်သူတွေက စိန်ခေါ်မယ်။ အဲ့ဒီလို သူကြုံတွေ့ရတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီး တုံ့ပြန်မှုအနေနဲ့ ဗျာဒိတ်တော်အဖြစ် ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ထံကို ဗျာဒိတ်တော်တွေ ကျရောက်လာတဲ့အခါ ကျမ်းပိုဒ်တွေအားလုံး ကျရောက်တဲ့ထိ မစောင့်ခဲ့ပါဘူး။ အဲဒီကျမ်းပိုဒ်တွေကို စီစဉ်နေရာချဖို့ မဆုံးဖြတ်ခင် အခန်းတစ်ခု ပြီးမြောက်တဲ့အထိ မစောင့်ခဲ့ပါဘူး။ ကျမ်းပိုဒ်တွေကို လက်ခံရရှိတိုင်း သီးသန့် သေချာသတ်မှတ်ထားတဲ့ နေရာမှာပဲ ချက်ချင်း ထားသိုခဲ့ပါတယ်။ ဘယ်ကျမ်းပိုဒ်တစ်ခုကိုမှ သူ့ရဲ့အခန်းမှာ အစကတည်းကထားရှိတဲ့ နေရာကနေ နောက်ပိုင်း အခြားနေရာကိုရွှေ့တယ်ဆိုတာ မရှိခဲ့ပါဘူး။ အခန်းတစ်ခုရဲ့ အစ သို့မဟုတ် အဆုံးမှာ ထားရှိတဲ့ ကျမ်းပိုဒ်ကိုလည်း နောက်ပိုင်း အခြားနေရာမှာ ပြန်လည် နေရာချထားတာမျိုးလည်း မရှိပါဘူး။ သို့တိုင်အောင် ကုရ်အာန်ဟာ ကျရောက်ချိန်က ဖြစ်ခဲ့တဲ့ အခက်အခဲတွေကြားထဲကတောင် စနစ်တကျဆောက်ထားတဲ့ အိမ်တအိမ်လို အင်မတန်မှတိကျပြီး နက်နဲတဲ့ ဖွဲ့စည်းတည်ဆောက်ပုံရှိနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

## နိဂုံး

ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းပိုဒ်တွေဟာ အစဉ်လိုက်အတိုင်း ကျရောက်ခဲ့တာ မဟုတ်ဘဲ ၂၃ နှစ်တာကာလအတွင်း တဖြည်းဖြည်း ကျရောက်ခဲ့တာဖြစ်ပြီး ကုရ်အာန်ရဲ့ ကျမ်းပိုဒ် ၆,၂၃၆ ခုဟာ သမိုင်းဝင်ဖြစ်ရပ်တစ်ခုစီနဲ့ ဆက်နွယ်နေကြောင်း သိရပါတယ်။ သို့တိုင်အောင် ကုရ်အာန်ဟာ အံ့ဖွယ်ကောင်းလောက်အောင် သဟဇာတဖြစ်တဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ပြသနေတာ ဘယ်လိုအကြောင်းကြောင့် ဖြစ်နိုင်တာလဲ?

လူသားတစ်ယောက်ကသာ ဒီလိုပုံစံမျိုးနဲ့ စာအုပ်တစ်အုပ်ကို ဖွဲ့စည်းသီကုံးမယ်ဆိုရင် စနစ်မကျ ပရမ်းပတာဖြစ်နေမှာ အသေအချာပါပဲ။

ဒါ့အပြင်၊ ကျမ်းပိုဒ်အသစ်တစ်ခု ကျရောက်တဲ့အခါ သူနဲ့သက်ဆိုင်တဲ့ အခန်းမှာ ချက်ချင်း နေရာချလိုက်တာ ဖြစ်ပါတယ်။ အဲဒီကျမ်းပိုဒ်ရဲ့ နေရာဟာ အသေဖြစ်သွားပြီး ပြန်လည် ပြင်ဆင်နေရာချဖို့ အခွင့်အရေးမရှိပါဘူး။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဒီကျမ်းပိုဒ်တွေ ကျရောက်လာဖို့ အကြောင်းဖန်လာတဲ့ ဖြစ်စဉ်တွေကို ကြိုတင်မခန့်မှန်းနိုင်ခဲ့ဘဲ ဒီလိုအသေးစိတ်ကျတဲ့ အစီအစဉ်တစ်ခုကို ဘယ်လိုလုပ် ဖန်တီးနိုင်ခဲ့ပါ့မလဲ? ၂၃နှစ်တာကာလအတွင်း ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို သူထိန်းချုပ်လို့ မရတာကြောင့် စီစဉ်ထားဖို့ မဖြစ်နိုင်ပါဘူး။ ဒါဟာ ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့သူဟာ အနာဂတ်ကို ကြိုတင်သိရှိထားတဲ့ ဖန်ဆင်းရှင် ဘုရားသခင်သာ ဖြစ်ရမယ်ဆိုတာကို ပြသနေပါတယ်။

## အနာဂတ်နဲ့ ပတ်သက်ပြီး တိကျတဲ့ ခန့်မှန်းချက်များ

အနာဂတ်ကို ခန့်မှန်းနိုင်တယ်လို့ ဆိုကြတဲ့သူ တော်တော်များများကို ကျွန်တော်တို့ ကြုံဖူးပါတယ်။ နက္ခတ္တဗေဒပညာရှင်တွေ၊ အကြားအမြင်ဆရာတွေနဲ့ များပြားလှတဲ့ ဘာသာရေး စာပေတွေထဲမှာ အနာဂတ်ကို ကြိုတင်ခန့်မှန်းတာတွေ ပြုလုပ်ကြပါတယ်။ သူတို့ရဲ့ ကြိုတင်ခန့်မှန်းမှုတွေကို ခွဲခြမ်းစိတ်ဖြာပြီး အစစ်လား၊ အတုလား ကျွန်တော်တို့ ဆုံးဖြတ်လို့ရပါတယ်။ တမန်တော်အတုအယောင်တွေရဲ့ ကြိုတင်ခန့်မှန်းမှုတွေက သဘာဝမကျပါဘူး ပြီးတော့ အချိန်အတိအကျ မပြောထားပါဘူး။ ကြိုတင်ဟောပြောသူ တစ်ယောက်ဟာ သူခန့်မှန်းခဲ့တာနဲ့ ဆင်တူတဲ့ အဖြစ်အပျက်တစ်ခုခု၊ သူခန့်မှန်းခဲ့တာ မှန်တယ်လို့ သေချာပေါက်ပြောနိုင်တဲ့ အခြေအနေတစ်ခုခု တစ်နေရာရာမှာ ဖြစ်လာတဲ့အခါ သူဟာ တမန်တော်အစစ်ဖြစ်တယ်လို့ သတ်မှတ်နိုင်ပါတယ်။

ဒီကိစ္စကိုသရုပ်ပြဖို့ ဖြစ်ရပ်တစ်ခု ဖော်ပြလိုပါတယ်။ ၁၆ရာစုလောက်က ပြင်သစ်လူမျိုး ဗေဒင်ဆရာ နော့စ်တရာဒေးမက်စ် (Nostradamus) ဆိုသူဟာ ကြိုတင် ခန့်မှန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သူဟာ သမိုင်းတစ်လျှောက် နာမည်အကြီးဆုံး ဗေဒင်ဆရာတစ်ယောက် ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ကြိုတင်ခန့်မှန်းမှုတွေမှာ ပြင်သစ်နဲ့ လက်တင် အသုံးအနှုန်းတွေ၊ သမိုင်းနဲ့ပတ်သက်တဲ့ အရိပ်အမြွက်တွေ၊ စာလုံးပြန်စီရတဲ့ ပဟေဠိတွေ၊ သံတူကြောင်းကွဲစကားလှည့်တွေ၊ ထူးဆန်းတဲ့စာလုံးပေါင်းတွေ၊ တဝက်တပျက် စကားလုံးတွေ၊ စကားလုံးအစဉ်ကို ပြောင်းပြန်လှန်ထားတာတွေ စသဖြင့် အများကြီး ပါဝင်နေတယ်။ သူ့ရဲ့ ကြိုတင်ခန့်မှန်းမှုတွေဟာ ဇဝေဇဝါဖြစ်လွန်းတာကြောင့် ပါးစပ်နဲ့ပြောတဲ့ ရုပ်ပုံဆက်ပဟေဠိတွေလိုပါပဲလို့တောင် ဖော်ပြခြင်းခံရပါတယ်။ အောက်မှာ သူ့ရဲ့ ကြိုတင်ခန့်မှန်းမှုတွေထဲက ဥပမာအချို့ကို ဖော်ပြပါမယ်။

**“ပြဿနာတက်နေတဲ့ Cappeကို ထောက်ပံ့ဖို့၊ အနီတွေက ရှင်းလင်းဖို့ ချီတက်လာလိမ့်မယ်။ မိသားစုတစ်ခုကို သေဆုံးခြင်းက အနိုင်ရသွားမယ်၊ အနီ၊ အနီတွေက အနီကို ဖျက်စီးလိုက်လိမ့်မယ်။”**

**“ကြီးမားတဲ့ ပျားအုံကြီး ထလာလိမ့်မယ်။ ဘယ်ချိန်ထလာမလဲ ဘယ်သူမှ မသိသလိုမျိုး။ စပျစ်ပင်အောက်ကကင်းစောင့်၊ ညအချိန်မှာ ချောင်းမြောင်း တိုက်ခိုက်တယ်။ မြို့တော်ဟာ ကိုယ်လုံးတီးမဟုတ်တဲ့ စကားတွေလျှောက်ပြောသူ ၅ယောက် (သို့မဟုတ်) ၄က်၅ကောင်နဲ့ ဖြန့်ဝေခြင်းခံရတယ်။”**

စဉ်းစားကြည့်ပါ၊ တကယ်လို့ နော့စ်တရာဒေးမက်စ်ဟာ တမန်တော်အစစ်အမှန် ဖြစ်ခဲ့မယ်ဆိုရင် သူ့ရဲ့ကြိုတင်ခန့်မှန်းမှုတွေကို ဒီလို ဇဝေဇဝါစကားလုံးတွေ အသုံးပြုပြီး ဒွိဟဖြစ်စေတဲ့ ဘာသာစကားတွေနဲ့ ဖုံးအုပ်စရာ လိုပါသလား? တကယ်တော့၊ နော့စ်တရာဒေးမက်စ်ရဲ့ ကြိုတင်ဟောမှုတွေထဲမှာ နေ့ရက်၊နေရာ၊ အဖြစ်အပျက်တွေရဲ့ အတိအကျအသေးစိတ်ကို ဖော်ပြထားပြီဆိုရင် အဲဒီကြိုတင်ဟောမှုတွေက မှားယွင်းနေတာ များပါတယ်။ အဲဒီလိုမှားတာကို အခုဖော်ပြမယ့်ဥပမာမှာ အထင်အရှား တွေ့ရှိရပါတယ်။ သူ့ရဲ့ ကြိုတင်ခန့်မှန်းချက် တစ်ခုမှာဆိုရင် စီအီး ၁၇၃၂ခုနှစ်မှာ ရောဂါ၊ အငတ်ဘေးနဲ့ စစ်ဟာ လူသားမျိုးနွယ်ကို အကြီးအကျယ် ပျက်စီးဒုက္ခရောက်စေလိမ့်မယ်လို့ ဆိုခဲ့ပါတယ်။

“**ကျွန်တော်ဒါကို ရေးနေတဲ့အချိန်ကနေစပြီး ၁၇၇နှစ်၊ ၃လနဲ့ ၁၁ရက်** (တွက်ကြည့်လျှင် စီအီး ၁၅၅၅) **မတိုင်ခင် ကပ်ရောဂါ၊ အငတ်ဘေးနဲ့ စစ်ပွဲတွေရဲ့ လွှမ်းမိုးမှုကြောင့်၊ ဒီနေ့နဲ့ အဲ့ဒီနေ့ကြားက၊ ပြီးတော့ဒီမတိုင်ခင်နဲ့ အဲ့ဒီအချိန် ပြီးသွားတဲ့နောက် ကမ္ဘာကြီးဟာ ပျက်သုဉ်းသွားလိမ့်မယ်။ ပြီးတော့ လူဦးရေဟာ အင်မတန်နည်းပါးသွားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ဖို့ လုံလောက်မှာ မဟုတ်တော့ဘူး။ အရင်က ထွန်ယက်စိုက်ပျိုးခဲ့တဲ့ မြေတွေကိုလည်း ဒီအတိုင်း ပြစ်ထားကြလိမ့်မယ်။”**

သူဟာ ဒီကြိုတင်ဟောကိန်းကို ဖြစ်လာဖို့အတွက် သူ့ကိုယ်သူ ၁၇၇နှစ် အချိန်ပေးခဲ့ပေမယ့် တကယ်ဖြစ်မလာခဲ့ပါဘူး။ ဒါ့အပြင်၊ ၁၈ရာစု စက်မှုတော်လှန်ရေး ကြောင့် စိုက်ပျိုးမွေးမြူရေးမှာ ကြီးမားတဲ့တိုးတက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်ခဲ့ပြီး အရင်က မရှိခဲ့ဖူးတဲ့ အကျိုးဖြစ်ထွန်းစေတဲ့ လူဦးရေတိုးပွားမှုတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။

နေ့စဉ်ထရာဒေးမက်စ် ခန့်မှန်းခဲ့တာနဲ့ တက်တက်စင်အောင် လွဲခဲ့ပါတော့တယ်။ မှားယွင်းတဲ့ ခန့်မှန်းမှုတစ်ခုတည်းက လူတစ်ယောက်ကို တမန်တော်အစစ်အမှန် ဖြစ်ခြင်းကနေ ပယ်ချဖို့ လုံလောက်ပါတယ်။

ဒါဆိုရင် ကျွန်တော်တို့က ဖန်ဆင်းရှင်ရဲ့ တမန်တော် အစစ်အမှန်ရဲ့ ခန့်မှန်းမှုတွေက ဘယ်လိုဖြစ်မယ်လို့ မျှော်မှန်းရမလဲ? နေ့စဉ်ထရာဒေးမက်စ်အကြောင်းကို ပြောပြခဲ့တာဟာ တမန်တော်အစစ်အမှန်နဲ့ အတုအယောင်တွေနဲ့ ခွဲခြားတတ်ဖို့ စံသတ်မှတ်ချက်တစ်ခု ထူထောင်ဖို့ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ရဲ့ စစ်မှန်တဲ့တမန်တော်၊ ဖန်ဆင်းရှင်ထံမှ သတင်းရရှိသူ၊ အနာဂတ်နဲ့ ပတ်သတ်ပြီး ဖန်ဆင်းရှင်က သတင်းပေးထားတဲ့သူကသာ အမြဲတမ်း မှန်ကန်မှာ ဖြစ်ပါတယ်။ ဒါက တမန်တော်အစစ်အမှန်နဲ့ အတုအယောင်တွေကြား အဓိကမတူညီတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ ကုရ်အာန်ထဲမှာ တိကျတဲ့အချိန်၊ လူတွေရဲ့နာမည်၊ တိကျတဲ့နေရာတွေနဲ့ အနာဂတ်ခန့်မှန်းချက်တွေကို အဓိပ္ပာယ် ရှင်းလင်းစွာနဲ့ ဖော်ပြထားတာ တွေ့နိုင်ပါတယ်။

## ၁။ အရာအားလုံးကို ဆန့်ကျင်ပြီး ဘီဇန်တီးန်က ပါရှန်တို့ကို အနိုင်ရရှိခဲ့ခြင်း

ကုရ်အာန်ရဲ့ အခန်းနံပါတ်-၃၀ ရဲ့ နာမည်ဟာ **“ရောမနိုင်ငံကဏ္ဍ”** ဖြစ်ပြီး ဘီဇန်တီးန်တွေက ပါရှန်တွေကို အောင်နိုင်လိမ့်မယ်ဆိုတဲ့ ကြေညာချက်နဲ့ စပါတယ်။

**“ရောမနိုင်ငံသားတို့သည် စစ်ရေးရှုံးနိမ့်ခဲ့ကြချေပြီ။ နီးကပ်ဆက်စပ်လျက်ရှိသော တိုင်းပြည်တွင်။ သို့သော်သူတို့သည် မိမိတို့၏ ရှုံးနိမ့်ခဲ့ရမှု၏ နောက်တွင် များမကြာမီ အောင်နိုင်ကြပေလိမ့်မည်။ နှစ်အနည်းငယ်အတွင်း၌။ ကိစ္စအဝဝသည် ယခင်ကရော၊ နောင်တွင်ရော အလ္လာဟ်လက်တော်တွင်သာ ရှိပေသည်။ ထိုနေ့တွင် ယုံကြည်သူတို့သည် ပျော်ရွှင် ဝမ်းမြောက်ကြပေမည်။” (ကုရ်အာန် ၃၀:၂-၄)**

ဒီကြေညာချက်ဟာ ပါရှန်အင်ပါယာက သူ့ရှေ့မှာရှိတဲ့ တိုင်းပြည်မှန်သမျှကို သိမ်းပိုက်နေခဲ့တဲ့အချိန် ဖြစ်ပါတယ်။ တချိန်ကအင်အားကြီးခဲ့တဲ့ ဘီဇန်တီးန် (ရောမ) အင်ပါယာဟာ ပါရှန်တွေရဲ့လက်ထဲမှာ အရှုံးကြီးရှုံးနေရတယ်။ ဘီဇန်တီးန်ဟာ နိုင်ငံတွင်းမှာလဲ နိုင်ငံရေးဆူပူမှုတွေကြောင့် စည်းလုံးမှုပြိုကွဲနေပြီး ခံစစ် အားနည်းနေခဲ့ပါတယ်။ ဒီကြိုတင်ဟောပြောမှုရဲ့ ထူးခြားပြောင်မြောက်မှုကို အပြည့်အဝ နားလည်သိရှိဖို့အတွက် အစ္စလာမ်သာသနာမထွန်းကားမီ အဲ့ဒီဒေသရဲ့ နိုင်ငံရေးနောက်ခံအခြေအနေကို သိရှိဖို့လိုအပ်ပါတယ်။ အဲ့ဒီဒေသရဲ့ အင်အားကြီး နှစ်နိုင်ငံဟာ အပြန်အလှန် တိုက်ခိုက် စစ်ဖြစ်နေကြတယ်။ ဘီဇင်တီးန်အင်ပါယာက အရင်ကတစ်ခါမှ မဖြစ်ဖူးတဲ့ ပါရှန်တပ်တွေရဲ့ နေရာအနှံ့ ဝင်ရောက်စီးနင်းခြင်းကို နှစ်၂၀လောက် ခံလိုက်ရပါတယ်။ ပါရှန်တွေက ဒမက်စ်ကပ်စ်မြို့ကို စီအီး ၆၁၃ ခုနှစ်မှာ သိမ်းယူလိုက်ပါတယ်။ သိပ်မကြာမီ စီအီး၆၁၄ခုနှစ်မှာ ဂျေရုစလင်မ်ကို သိမ်းခဲ့ပါတယ်။ အဲ့ဒီနောက် အီဂျစ်ကို အနိုင်ရရှိပြီးချိန်မှာတော့ ပါရှန်တပ်တွေဟာ ဘီဇင်တီးန်အင်ပါယာရဲ့ အသည်းနှလုံးဖြစ်တဲ့ ကွန်စတန်တီနိုပယ်ရဲ့ တံခါးတွေကို ခေါက်နေခဲ့ပါပြီ။ ပါရှန်ဘုရင်ခို့စ်ရောက ဘီဇန်တီးန်အင်ပါယာရဲ့ ဘုရင်ဟီရာကလက်စ်ကို တွေ့ဖို့ ဆင့်ခေါ်လိုက်တဲ့အခါမှာ ဘီဇန်တီးန်ရဲ့ သိက္ခာဟာ ဆုံးဆုံးမြုပ်အောင် ကျဆင်းခဲ့ရပါတယ်။ **"သူ့ရှေ့၊ သူ့ရဲ့ပလ္လင်ခြေရင်းကို ကြိုးတုပ်၍ခေါ်လာပြီး ကားစင်တင်ခံရမယ့်သူကို လက်ရှိကိုးကွယ်တဲ့ ဘုရားသခင်ကို စွန့်ပယ်ပြီး နေကို မကိုးကွယ်မချင်း ချမ်းသာပေးဖို့ မပြင်ဆင်ထားကြောင်း"** ပြောဆိုခဲ့ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ မျှားမကြာမီပင် အခြေအနေတွေဟာ ပြောင်းပြန်ဖြစ်သွားပြီး ဘီဇန်တီးန်က အနိုင်ရရှိလိမ့်မယ်ဆိုတဲ့ ကုရ်အာန်ကျမ်းမြတ်ရဲ့ အင်မတန် အံ့သြဖွယ်ကောင်းတဲ့ ကြေညာချက် ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

ကြိုတင်ခန့်မှန်းမှုနဲ့ ပတ်သက်ပြီး ပထမဆုံး မှတ်သားရမှာက ၎င်းရဲ့ တိကျမှုပဲ ဖြစ်ပါတယ်။ ဒီခန့်မှန်းချက်မှာ စစ်ဖြစ်နေတဲ့ နှစ်နိုင်ငံကို ရှင်းလင်းစွာ ဖော်ပြထားတဲ့အပြင် အောင်နိုင်မည့်သူကိုလည်း အတိအလင်းကြေညာပြီး တိုတောင်းတဲ့ အချိန်ကာလအတွင်းမှာပဲ ဖြစ်ပျက်ခဲ့ပါတယ်။ တကယ်လို့ ကုရ်အာန်ကိုရေးသားတဲ့သူဟာ အခြေအနေကို

ကြည့်ပြီး မှန်းဆနေခဲ့မယ်ဆိုရင်၊ ပါရှန်တွေရဲ့ ဆက်တိုက်အနိုင်ရရှိနေမှုကို မြင်ပြီး ပြန်လည် နောက်ဆုတ်သွားနိုင်ပါတယ်။ ဒီ့အပြင်၊ ရေးသားသူဟာ တကယ်လို့များ သူပြောသလို ဖြစ်မလာခဲ့ရင် သူ့ကိုယ်သူကာကွယ်ဖို့အတွက် ခန့်မှန်းချက်ကို ဇဝေဇဝါဖြစ်ပြီး နားလည်ရခက်အောင် ရေးသားခဲ့နိုင်တယ် မဟုတ်လား?

## ၂။ အဗူလဟာဗ်ဟာ မယုံကြည်သူအဖြစ်နဲ့ သေဆုံးသွားခြင်း

ကုရ်အာန်ရဲ့ ၁၁၁ခန်းမြောက်ဟာ **”လျှော်ကြိုးကဏ္ဍ”**လို့ ခေါ်တွင်ပြီး အဲဒီအခန်းမှာ အစ္စလာမ့်ရဲ့ ရန်သူကြီးတစ်ယောက်ဖြစ်တဲ့ အဘူလဟာဗ်ဟာ မယုံကြည်သူအနေနဲ့ သေဆုံးလိမ့်မယ်လို့ ကြေညာထားပါတယ်။ **“အဗူလဟာဗ်၏ လက်နှစ်ဖက် ပျက်စီးလေပြီ။ သူ၏ ဥစ္စာနှင့် သူရှာဖွေခဲ့သည့် အရာများသည် သူ့အတွက် အသုံးမဝင်တော့ပြီ။ သူသည် တောက်လောင်သော မီးထဲတွင် မကြာမီ ကျရောက်လိမ့်မည်။” (ကုရ်အာန် ၁၁၁:၁-၃)** ကုရ်အာန်ဟာ ဘယ်လိုအသေးစိတ် အတိအကျပြောသလဲ သတိထားကြည့်ပါ။ ကြိုတင်ခန့်မှန်းမှုမှာ လူတစ်ယောက်ကို နာမည်နဲ့တကွ အတိအကျ ပြောထားပါတယ်။ ဒီနေရာမှာ ရေးသူဟာ ယေဘုယျအနေနဲ့ “အစ္စလာမ်ရဲ့ ရန်သူကြီးတစ်ဦး ပျက်စီးလိမ့်မယ်…”လို့ ရေးလို့ရပါတယ်။ အခု မိတ်ဆွေ စဉ်းစားကောင်းစဉ်းစားနေပါလိမ့်မယ်။ အစ္စလာမ်ရဲ့ ရန်သူတစ်ယောက် (တိကျသည်ဖြစ်စေ၊ မတိကျဘူးဖြစ်စေ) မယုံကြည်သူ အဖြစ်နဲ့ သေဆုံးတာ ဘာများထူးဆန်းလို့လဲ? ဒီကြိုတင်ကြေညာမှုရဲ့ လေးနက်မှုကို နားလည်သိရှိနိုင်ဖို့ အဲ့ဒီအချိန်က အခြေအနေတွေကို ကျွန်တော်တို့ နားလည်ဖို့ လိုအပ်ပါတယ်။

ဒီကြေညာချက်ဟာ အဘူလဟာဗ်အား ကုရ်အာန်ကို အသရေဖျက်ဖို့ အခွင့်အရေး ပေးခဲ့သလိုဖြစ်ပြီး အားလုံးအတွက် အစ္စလာမ်ကို ဆုံးခန်းတိုင်လိုက်စေလို့ ရပါတယ်။ ဘာကြောင့်လဲဆို ဒီကြိုတင်ခန့်မှန်းချက်က အတုအယောင်စစ်ဆေးမှုကို ကိုယ်စားပြု နေခဲ့လို့ ဖြစ်ပါတယ်။ အဘူလဟာဗ်လုပ်ရမှာက အပြင်ပန်းမှာ မွတ်စလင်မ်အဖြစ် ဟန်ဆောင်ပြီး ကုရ်အာန်ကပြောထားတဲ့ သူဟာ မယုံကြည်သူအဖြစ်နဲ့ သေဆုံးလိမ့်မယ် ဆိုတဲ့ ကြေညာချက်ကို မှားယွင်းကြောင်း ပြသလိုက်ရုံပါပဲ။ အဲ့ဒီအချိန်မှာ အခြား

ထင်ရှားတဲ့ အစ္စလာမ့်ရဲ့ရန်သူတွေတောင် ယုံကြည်လက်ခံသူတွေအဖြစ် ကူးပြောင်းဝင်ရောက်ကြပြီးပြီမို့ မွတ်စလင်မ်တစ်ယောက်လို အယောင်ဆောင်တာက အဘူလဟဗ်ကို အထူးအဆန်း ဖြစ်နေစေမှာ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ မွတ်စလင်မ်အယောင်ဆောင်ထားပြီး အမှန်တကယ်မယုံကြည်တဲ့ သာသနာ့အရေခြုံတွေလည်း ရှိနေခဲ့ပါတယ်။

ဒီ့အပြင် အဘူလဟဗ်ဟာ သူနေတဲ့မြို့တော်မက္ကာဟ်ကို မွတ်စလင်မ်တွေ အောင်နိုင်ခဲ့တဲ့အချိန်မှာ အသက်ရှင်နေဆဲ ဖြစ်ခဲ့မယ်ဆိုရင်၊ သူ့ရဲ့အုပ်စုအပါအဝင် မက္ကာဟ်တစ်မြို့လုံး အစ္စလာမ်ကို လက်ခံခဲ့ကြတာကြောင့် သူဟာလည်း အစ္စလာမ်ကို လက်ခံလိုက်နိုင်ခြေ ရှိပါတယ်။ မက္ကာဟ်ကို အောင်နိုင်ခဲ့တာ သူသေဆုံးပြီး ၆နှစ်အကြာမှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင် ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့သူဟာ မာန်မာနထောင်လွှားပြီး အစ္စလာမ်ကို ကူးပြောင်းမှာမဟုတ်တဲ့ သူ့ရဲ့အကျင့်စရိုက်ကို ခန့်မှန်းနိုင်တဲ့အပြင် သူသေဆုံးမယ့်နေ့ဟာ မက္ကာဟ်ကို မအောင်နိုင်မီဖြစ်မယ်ဆိုတာကိုလည်း သိရှိနေခဲ့ပြီး ဖြစ်ပါတယ်။ တကယ်လို့သာ ရေးသားသူဟာ အနာဂတ်ကိုကြိုတင်ပြီး မမြင်နိုင်ခဲ့ရင် ဒီကြေညာချက်ဟာ အလွန်ကိုကြီးမားတဲ့ အလောင်းအစားတစ်ခုပဲ ဖြစ်ပါတယ်။

## ၃။ ကုရ်အာန်ကျမ်းတော်မြတ်ကို ထိန်းသိမ်းထားခြင်း

ပြီးခဲ့တဲ့ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားခြင်းနဲ့ ပတ်သက်တဲ့အခန်းမှာ ကျွန်တော်တို့ဖတ်ရှုခဲ့ရသလိုပါပဲ သမိုင်းတစ်လျှောက် ဘာသာရေးစာပေတွေကို သေချာ ထိန်းသိမ်းမှုမရှိခဲ့ပါဘူး။ ကုရ်အာန်မတိုင်မီ ကျရောက်ခဲ့တဲ့ အခြားသော ဘာသာရေးစာပေတိုင်းဟာ ပျောက်ဆုံးသွား ဒါမှမဟုတ် ပျက်စီးသွားပြီ ဖြစ်ပါတယ်။ ကုရ်အာန်ကို ရေးသားခဲ့သူဟာ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားမယ့် အကြောင်းနဲ့ပတ်သတ်ပြီး **"ငါအရှင်မြတ်သည်သာလျှင် အဆုံးအမ(ကုရ်အာန်)ကို ချပေးသနားတော်မူခဲ့ပြီး ငါအရှင်မြတ်သည်သာလျှင် ယင်း(ကုရ်အာန်)ကို မုချ ထိန်းသိမ်းတော်မူမည့်အရှင် ဖြစ်သည်။ (ကုရ်အာန် ၁၅:၉)"** လို့ ပြတ်သားစွာ ကြိုတင်ကြေညာခဲ့ပါတယ်။

ကုရ်အာန်ကို ရေးသားခဲ့သူဟာ ကုရ်အာန် ပထမဆုံး ကျရောက်ခဲ့ချိန်ကစပြီး နှစ်ပေါင်း ၁၄၀၀ အတွင်း မွတ်စလင်မ်တွေရဲ့ အဖွဲ့အစည်းတွေမှာ နိုင်ငံရေး၊ လူမှုရေး အပြောင်းအလဲတွေများစွာ ဖြစ်ခဲ့သည့်တိုင် နောက်ဆုံးအချိန်ထိ ကုရ်အာန်ကျမ်းမြတ်ကို ထိန်းသိမ်းထားမယ်လို့ ဘယ်လိုလုပ်ပြီး အာမခံနိုင်ခဲ့တာလဲ? ဒီလိုအပြောင်းအလဲတွေမှာ တမန်တော်မုဟမ္မဒ်(ﷺ)ကွယ်လွန်သွားပြီးနောက် မွတ်စလင်မ်အဖွဲ့အစည်းရဲ့ ခေါင်းဆောင် လွှဲပြောင်းဆက်ခံခြင်းနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေ၊ ကုရ်အာန်ကျမ်းမြတ်ကို အာဂုံ ဆောင်ထားသူအချို့ရဲ့ သေဆုံးမှုတွေ၊ အခြားနိုင်ငံတွေကို အစ္စလာမ်သာသနာပြန့်ပွားမှု၊ ယဉ်ကျေးမှုအသစ်၊ ဘာသာစကားအသစ်များနှင့် ရောနှောပြီး ရလဒ်အနေနဲ့ အရဗီဘာသာ စကားထဲကို နိုင်ငံခြားဘာသာစကားများစွာ ထည့်သွင်းခဲ့တာ၊ အရဗီစကားမတတ်သူ၊ အာရဗ်မဟုတ်သူတွေ အစ္စလာမ်ထဲသို့ ရုတ်တရက် စုပြုံဝင်ရောက်လာတာ စတဲ့ အဖြစ်အပျက်တွေ ပါဝင်ပါတယ်။ သမိုင်းတစ်လျှောက် ကျရောက်ခဲ့တဲ့ အခြား ဘာသာရေးကျမ်းစာတွေကို ခြေရာခံထားတဲ့ မှတ်တမ်းတွေကို ကြည့်လိုက်တဲ့အခါ ဆန့်ကျင်ဖက်ဖြစ်နေကြောင်း သက်သေပြနေပါတယ်။ အထက်မှာ ဖော်ပြခဲ့သလို လူမှုရေးနဲ့ နိုင်ငံရေး အပြောင်းအလဲတွေကို ကြုံရတဲ့အခါ စကားလုံးတွေကြား အခြားစကားလုံးများ ဝင်ရောက်လာတာ၊ စကားလုံးတွေ ပျောက်ဆုံးတာတွေကို ပုံမှန်တွေ့ကြုံရပါတယ်။ ကုရ်အာန်ကျမ်းမြတ်ဟာတော့ ပျက်စီးပျောက်ဆုံးခြင်း မရှိပဲ ပြိုင်စံကင်းစွာ တည်ရှိနေဆဲ ဖြစ်ပါတယ်။

## ၄။ မြင့်မားတဲ့ အဆောက်အဦများ တည်ဆောက်ခြင်း

နောက်ထပ်ဖော်ပြမယ့် ဥပမာအနည်းငယ်ကတော့ ကုရ်အာန်ရဲ့ ကျမ်းပိုဒ်တွေ မဟုတ်ဘဲ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ကြိုတင်ဟောပြောမှုတွေထဲက ဖြစ်ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဖန်ဆင်းရှင်ရဲ့ဗျာဒိတ်တော်ကို လူသားတို့အား ရှင်းပြဖို့ အတွက် စေလွှတ်ခြင်းခံရတယ်လို့ ကုရ်အာန်မှာ ဖော်ပြထားပါတယ်။

**“ထိုတမန်တော်များကို ထင်ရှားသော အထောက်အထားများနှင့် ကျမ်းဂန်များကို ပေး၍ စေလွှတ်တော်မူခဲ့သည်။ (အို တမန်တော်) ငါအရှင်သည် သင့်အပေါ်၌လည်း**

**ဤကုရ်အာန်ကို ချပေးသနားတော်မူခဲ့သည်။ အကြောင်းမှာ လူတို့ထံ ချပေးခြင်း ခံရသောအရာကို သူတို့ရှေ့တွင် ထင်ရှားစွာ ရှင်းပြရန်နှင့် သူတို့ စဉ်းစားဆင်ခြင်ရန် အတွက် ဖြစ်သည်။" (ကုရ်အာန် ၁၆:၄၄)**

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ အဆွေတော်တွေထဲက ကုရ်အာန်ကျမ်းမြတ်ကို အလွတ်ကျက်မှတ်ပြီး ၎င်းရဲ့ ရှင်းလင်းချက်တွေကို တမန်တော် မုဟမ္မဒ်ထံက တိုက်ရိုက် သင်ယူခဲ့ရသူတွေဟာ အထက်မှာဖော်ပြထားတဲ့ ကျမ်းပိုဒ်က တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ပြုမူပြောဆိုပုံတွေကို ရည်ညွှန်းတာဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့ကြပါတယ်။ တမန်တော်ရဲ့အပြုအမူတွေနဲ့ ပြောခဲ့တဲ့စကားတွေကို ဟဒီးစ်လို့ခေါ်တဲ့ တမန်တော်ရဲ့ ဓလေ့တော်တွေအဖြစ် မှတ်တမ်းတင်ထားပါတယ်။ တမန်တော်ရဲ့ အဆွေတော်တွေဟာ အဲဒီဟဒီးစ်တွေကိုလည်း အာဂုံဆောင်ထားကြပါတယ်။ ဟဒီးစ်ထဲမှာ အနာဂတ်မှာ ဖြစ်လာမယ့် ခန့်မှန်းချက်တွေ အများကြီး ပါဝင်ပါတယ်။ မြင့်မားတဲ့ အဆောက်အဦတွေ အပြိုင်အဆိုင် တည်ဆောက်ကြမယ့် အကြောင်းလည်း ပါပါတယ်။

**လူတစ်ဦးက တမန်တော်မုဟမ္မဒ်(ﷺ)ကိုမေးခဲ့တယ် "ကျွန်တော့်ကို (ကမ္ဘာပျက်မယ့်) နောက်ဆုံးအချိန်ကို ပြောပြပါ"**

**တမန်တော်ကဖြေခဲ့တယ် "မေးခံရသူဟာ ထိုအချိန်အကြောင်းကို အခုမေးတဲ့သူထက် ပိုပြီးတော့ မသိပါ။"**

**အဲ့ဒီအခါထိုသူက "ဒါဆိုရင်ထိုအချိန်ရောက်လာတော့မယ့် နိမိတ် ဝိသေသတွေကို ပြောပြပါ" လို့တောင်းဆိုခဲ့တယ်။**


**တမန်တော်က ဖြေကြားခဲ့တယ် "အသင်တွေ့နေရတဲ့ အဝတ်အထည်မပါ၊ ဖိနပ်မပါဘဲ သွားလာနေကြတဲ့ အရဗ်ကျေးတောသား ဘိဒူဝင်တွေဟာ မြင့်မားတဲ့ အဆောက်အဦတွေ ကို အပြိုင်အဆိုင် ဆောက်လာကြလိမ့်မယ်"**

ပထမတစ်ခုက တမန်တော်မြတ်ရဲ့ နှိမ့်ချတတ်တဲ့ စိတ်ထားကို တွေ့နိုင်ပါတယ်။ **"နောက်ဆုံးအချိန် ဆိုလိုတာက အဆုံးအဖြတ်ပေးမည့်နေ့ (ကမ္ဘာပျက်မည့်နေ့) ဆိုက်ရောက်လာမယ့် အချိန်ကို မေးမြန်းခံရတဲ့အခါ၊ မေးတဲ့သူထက် သူပိုပြီးတော့ မသိပါဘူး"** လို့ ဖြေကြားခဲ့ပါတယ်။ ဒါဟာဘာကြောင့်လဲဆိုတော့ ဖန်ဆင်းရှင်ကသာ အရာအားလုံးကို သိတော်မူသောအရှင်ဖြစ်ပါတယ်။ ကုရ်အာန်က ကျွန်ုပ်တို့ကို ပြောပြထားတဲ့အတိုင်း တမန်တော်မုဟမ္မဒ်ဟာ အနာဂတ်ကို ကြိုမြင်နိုင်စွမ်းမရှိဘူး၊ သူဟာ ဖန်ဆင်းရှင်က သူ့ကို ရွေးချယ်ပြီး အသိပေးတဲ့ အချက်အလက်တွေကိုသာ သိရှိရတာ ဖြစ်ပါတယ်။

**"အကွယ်ကို သိသူမှာ ဖန်ဆင်းရှင်သာလျှင် ဖြစ်သည်။ အရှင်မြတ်သည် အကွယ်၏အသိကို မည်သူ့ကိုမှ အသိပေးတော်မူသည်မဟုတ်ပေ။ သို့သော်လည်း မိမိနှစ်မြို့တော်မူသော တမန်တော်ကို အသိပေးတော်မူသည်။ ထိုအခါအရှင်မြတ်သည် ထိုတမန်တော်၏ အရှေ့တွင်ရော၊ အနောက်တွင်ပါ စောင့်ကြပ်သူတစ်ဦး ထားပေးတော်မူလိုက်သည်။" (ကုရ်အာန် ၇၂:၂၆-၂၇)**

ခန့်မှန်းပြောကြားချက်ရဲ့ တိကျမှုကို သတိထားကြည့်ပါ။ ဘိဒူဝင်ဆိုတဲ့ ထိုအရပ်ဒေသရဲ့ လူမျိုးစုတစ်စုကို သီးသန့် ထုတ်ဖော်ပြောကြားထားပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ယေဘုယျအားဖြင့် "မြင့်မားတဲ့ အဆောက်အဦတွေကို အပြိုင်အဆိုင် ဆောက်ကြတာကို တွေ့ရလိမ့်မယ်" လို့ပဲ ပြောလိုက်လို့ ရပါတယ်။ ဒါဆိုရင် ကမ္ဘာပေါ်က ဘယ်လူမျိုးကိုမဆို ဆိုလိုတယ်လို့ ယူဆလိုက်လို့ရပါတယ်။ ကျွန်တော်တို့ ယနေ့ အာရေဗျ ကျွန်းဆွယ်တစ်လျှောက်မှာ၊ တစ်ချိန်က ကုလားအုတ်တွေ၊ သိုးတွေကျောင်းပြီး အသက်မွေးခဲ့တဲ့ အာရဗ်ဆင်းရဲသားတွေဟာ အမြင့်ဆုံးတိုက်တာ အဆောက်အဦတွေကို အပြိုင်အဆိုင် ဆောက်နေကြပါတယ်။ ယူအေအီးနိုင်ငံက အာရဗ်တွေက တမန်တော်မုဟမ္မဒ်(ﷺ)ခေတ်က ဘိဒူဝင်ကျေးတောသား ဆင်းရဲတဲ့ အာရဗ်တွေ ဖြစ်ပါတယ်။ သူတို့အခုလို တိုက်အမြင့်ကြီးတွေဆောက်မယ်လို့ အဲဒီခေတ်က ဘယ်သူမှ ထင်မှာမဟုတ်ပါဘူး။ ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမှာရှိတဲ့ ဘုရ်ဂျ်ခလီဖာဟာ

ကမ္ဘာ့အမြင့်ဆုံး လူသားဆောက်လုပ်ထားတဲ့ အဆောက်အဦဖြစ်ပြီး ၈၂၈မီတာ မြင့်ပါတယ်။ ဒီအဆောက်အဦဆောက်ပြီး သိပ်မကြာခင်မှာပဲ ဆော်ဒီအာရေဗျ က ပြိုင်ဖက်မိသားစုတစ်စုက ပိုပြီးမြင့်တဲ့ မီတာ ၁၀၀၀ ရှိတဲ့ ကင်းဂ်ဒန်မ်တာဝါကို တည်ဆောက်မယ်လို့ကြေညာခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူတို့ဟာ ဘယ်သူကအမြင့်ဆုံး အဆောက်အဦကို တည်ဆောက်နိုင်သလဲ ပြိုင်ဆိုင်နေကြတာကို တွေ့နိုင်ပါတယ်။




ထူးခြားတာက လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၊ ၆၀လောက်အထိတောင် အဲ့ဒီဒေသက လူတွေဟာ အိမ်တစ်အိမ်ဆောက်ဖို့တောင် ခက်ခဲနေတုန်းပါပဲ။ သူတို့ထဲက အများစုဟာ ရွက်ဖျင်တဲတွေထဲမှာ နေထိုင်ကြတဲ့ ဘိဒူဝင်ကျေးတောသားတွေ ဖြစ်နေတုန်းပါပဲ။ ၂၀ရာစုမှာ သူတို့ဒေသမှာ ရေနံထွက်ရှိကြောင်း တွေ့ရှိခဲ့တာဟာ သူတို့ကို ရုတ်တရက် ချမ်းသာကြွယ်ဝလာစေခဲ့ပြီး သူတို့ရဲ့ဒေသလည်း ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။

ရေနံကိုသာမတွေ့ရှိခဲ့ဘူးဆိုရင် အဲဒီဒေသဟာ ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့တဲ့ အချိန်ကအတိုင်း လွင်တီးခေါင်ကန္တာရအဖြစ်သာ ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါဟာ တမန်တော်ရဲ့ ခန့်မှန်းမှုသက်သက်သာ ဖြစ်မယ်ဆိုရင် ရေနံတွေ့ရှိခဲ့တာဟာ ကြီးမားတဲ့ ကံကောင်းမှု၊ တိုက်ဆိုင်မှုကြီးတစ်ရပ် ဖြစ်ပါလိမ့်မယ်။ ဒီ့အပြင် ဒါဟာတမန်တော်ရဲ့ ခန့်မှန်းမှုသက်သက်ပဲဆိုရင်၊ သူဟာ အဲ့ဒီအချိန်က အင်အားကြီးနေခဲ့တဲ့ ရောမနဲ့ ပါရှားနိုင်ငံ တွေကို ပြောခဲ့လို့ရတယ်မဟုတ်ဘူးလား? အဲဒီအချိန်တုန်းက အဲ့ဒီနိုင်ငံတွေဟာ အာရဗ်တွေနဲ့မတူဘဲ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦတွေ နန်းတော်တွေ တည်ဆောက်ဖို့ ပိုပြီးတော့ အလားအလာရှိခဲ့တယ် မဟုတ်ဘူးလား?

## ၅။ ပါရှားနိုင်ငံ အောင်နိုင်ခြင်း

တမန်တော်မုဟမ္မဒ်(ﷺ)အပေါ် ကျရောက်ခဲ့တဲ့ အကြီးမားဆုံးသော အခက်အခဲတွေ ထဲက တစ်ခုကတော့ ကျုံးတိုက်ပွဲဖြစ်ပါတယ်။ စီအီး ၆၂၇ ခုနှစ်မှာ ဘာသာမဲ့အာရဗ်တွေနဲ့ ဂျူးတွေ ပေါင်းထားတဲ့ လူဦးရေ ၁၀,၀၀၀ခန့်ရှိတဲ့ မဟာမိတ်တပ်တွေဟာ မွတ်စလင်မ်တို့ရဲ့ မြို့တော် မဒီနဟ်ကို တိုက်ခိုက်ခဲ့ပါတယ်။ မွတ်စလင်မ်တွေက သူတို့ရဲ့ သုံးပုံတစ်ပုံသာရှိပြီး လူဦးရေ မမျှခဲ့ပါဘူး။ နှစ်ပတ်တိုင်အောင် လက်နက်လူသူတွေ ဝိုင်းရံထားခြင်းခံခဲ့ ရပါတယ်။ ကုရ်အာန်မှာ မွတ်စလင်မ်တွေ ရင်ဆိုင်နေခဲ့ရတဲ့ ကြပ်တည်းခက်ခဲလှတဲ့ အခြေအနေကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါတယ်။

**“တစ်ခါတွင် စစ်တပ်များသည် သင်တို့၏ အထက်ဘက်မှလည်းကောင်း၊ အောက်ဘက်မှလည်းကောင်း ချီတက်လာကြသည်။ ထိုအခါ မျက်လုံးများသည် ပြူးကျယ်သွားခဲ့ကြသည်။ ထို့ပြင်နှလုံးများသည် လည်ချောင်းများသို့ ရောက်သွားခဲ့သည်။ ထို့နောက်သင်တို့သည် အလ္လာဟ်နှင့်ပတ်သက်၍ အမျိုးမျိုး ထင်မြင်ခဲ့ကြသည်။ ထိုအချိန်က ယုံကြည်သူတို့သည် စမ်းသပ်ခံခဲ့ကြရသည်။ ပြင်းပြင်းထန်ထန် တုန်လှုပ်ခဲ့ကြသည်။” (ကုရ်အာန် ၃၃:၁၀-၁၁)**

စစ်ပွဲမစတင်မီ အချိန်တိုအတွင်း မွတ်စလင်မ်တွေဟာ တိုက်ခိုက်လာတော့မယ့် ရန်ကို ပြင်ဆင်ကာကွယ်ဖို့ မဒီနဟ်မြို့တော်ပတ်ပတ်လည် ကျုံးတူးနေခဲ့ကြတဲ့အချိန်၊ သူတို့ သေချာပေါက် ရှုံးနိမ့်တော့မယ်ဆိုတဲ့ လက္ခဏာတွေနဲ့ ရင်ဆိုင်နေကြရတဲ့အချိန်၊ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ တိကျပြတ်သားတဲ့ ကြိုတင်ခန့်မှန်းမှု တစ်ခုကို ကြေညာခဲ့ပါတယ်။

**အလ်ဘာရာက ပြောခဲ့ပါတယ် : အလ်-ခန်ဒတ်က်(ကျုံးတိုက်ပွဲ)နေ့မှာ ကျွန်တော်တို့ ပုဆိန်နဲ့ ပေါက်ခွဲမရလောက်အောင် မာကျောတဲ့ ကျောက်တုံးတစ်တုံး ထွက်လာခဲ့တယ်။ အဲ့ဒါနဲ့ ကျွန်တော်တို့လည်း ဖန်ဆင်းရှင်ရဲ့တမန်တော်ထံ အကြံဉာဏ် တောင်းဖို့ သွားခဲ့ကြတယ်။ တမန်တော်ဟာ ပုဆိန်ကို ယူလိုက်တယ်။ ပြီးတော့ "ဖန်ဆင်းရှင်၏ နာမတော်ကို တသပါ၏" ဟုရွတ်ဆိုပြီး "အရှင်မြတ်ဟာ အကြီးကျယ်ဆုံး ဖြစ်တော်မူတယ်။ ကျွန်ုပ်ကို ရှာမ်နိုင်ငံ (ဆီးရီးယား)ရဲ့ သော့ကို ချီးမြှင့်ခြင်း ခံလိုက်ရပြီ။ အရှင်မြတ်ရဲ့ အလိုတော်နဲ့ ၎င်းရဲ့နီနေတဲ့ မြေတွေကို ကျွန်ုပ်မြင်တွေ့နေရပြီ" လို့ဆိုရင်း ပထမတစ်ချက် ပေါက်လိုက်ပါတယ်။ ဒုတိယတစ်ချက် ပေါက်တဲ့အခါမှာ "အရှင်မြတ်ဟာ အကြီးကျယ်ဆုံး ဖြစ်တော်မူတယ်။ ကျွန်ုပ်အား ပါရှားနိုင်ငံကို ပေးအပ်ခြင်း ခံလိုက်ရပြီ။ အရှင်မြတ်ရဲ့ အလိုတော်နဲ့ မဒါအင်န်ရဲ့ အဖြူရောင် နန်းတော်ကို ကျွန်ုပ် မြင်နေရပြီ" လို့ ဆိုခဲ့ပါတယ်။ ပြီးတော့ တတိယအကြိမ် ကျောက်တုံးကို ပေါက်ရင်း "ဖန်ဆင်းရှင်၏ နာမတော်ကို တသပါ၏။" လို့ဆိုရင်း ကျောက်တုံးကို အစိတ်စိတ်အမွှာမွှာ ခွဲလိုက်ပါတယ်။ ပြီးတော့ "အရှင်မြတ်ဟာ အကြီးကျယ်ဆုံး ဖြစ်တော်မူပါတယ်။ ကျွန်ုပ်ဟာ ယီမန်နိုင်ငံရဲ့ သော့တွေကို ပေးအပ်ခြင်း ခံလိုက်ရပြီ။ ကျွန်ုပ် အခုရှိနေတဲ့ နေရာကနေ စန်အာမြို့ရဲ့ တံခါးဝတွေကို မြင်နေရတယ်" လို့ ဆိုခဲ့ပါတယ်။**

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ရိုမန်အင်ပါယာရဲ့ လက်အောက်မှာ အများစုရှိနေတဲ့ ယီမန်နဲ့ ဆီးရီးယားနိုင်ငံအပြင် ကမ္ဘာ့အင်အားအကြီးမားဆုံးဖြစ်တဲ့ ပါရှန်အင်ပါယာကိုပါ မွတ်စလင်မ်တွေက သိမ်းပိုက်မယ်ဆိုတဲ့ အင်မတန် အံ့အားသင့်ဖွယ် အတိအလင်း

ပြောဆိုချက်ကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ) ကွယ်လွန်တော်မူပြီး ဆယ်စုနှစ် အနည်းငယ်အတွင်းမှာပဲ အထက်က အဖြစ်ပျက်တွေ အားလုံးက တကယ် ဖြစ်လာခဲ့ပါတယ်။ တမန်တော်ရဲ့ ခန့်မှန်းပြောကြားမှုကိုကြားခဲ့တဲ့ သူ့ရဲ့ မိတ်ဆွေတွေဟာ ထိုအဖြစ်အပျက်တွေကို မျက်မြင်ကြုံတွေ့ခဲ့ကြရပါတယ်။ လူနည်းစုသာရှိပြီး စီးပွားရေး၊ စစ်အင်အား၊ နိုင်ငံရေး အင်အားလည်း အားနည်းခဲ့ကြတဲ့ မွတ်စလင်မ်တွေဟာ အဲဒီလို အချိန်တိုကာလအတွင်းမှာ ကမ္ဘာ့အင်အားကြီး အင်ပါယာကြီးတွေကို အနိုင်ယူ သိမ်းပိုက်နိုင်ခဲ့တာ ဘယ်လောက်များ ဆန်းကြယ်လိုက်ပါသလဲ? ဒီနေ့ခေတ်မှာဆိုရင် ဥပမာ-အက်စကီးမိုးတွေက ကမ္ဘာ့စူပါပါဝါနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ ရုရှားနဲ့ တရုတ်ကို သိမ်းယူသွားသလို လုံးဝမဖြစ်နိုင်တဲ့ အဖြစ်အပျက်တစ်ခုကို မွတ်စလင်မ်တွေက လုပ်ပြသွားခဲ့တာဖြစ်ပါတယ်။

## နိဂုံး

ကုရ်အာန်နဲ့ ဟဒီးစ်မှာတွေ့ရတဲ့ ကြိုတင်ခန့်မှန်းချက်တွေကို နော့စ်ထရာဒေး မက်စ်လို ခန့်မှန်းချက်တွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ နေ့နဲ့ညလိုပဲ ကွာခြားလှပါတယ်။ ကုရ်အာန်နဲ့ဟဒီးစ်ရဲ့ ခန့်မှန်းချက်တွေဟာ အင်မတန် ရှင်းရှင်းလင်းလင်းရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်တို့ ဥပမာ အနည်းငယ်ကိုသာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ကုရ်အာန်နဲ့ဟဒီးစ်မှာ မှန်ကန်လာခဲ့ပြီးဖြစ်တဲ့ အနာဂတ်ခန့်မှန်းချက်တွေ၊ ကျွန်တော်တို့ ယနေ့ မျက်ဝါးထင်ထင် မြင်တွေ့နေရတဲ့ အဖြစ်အပျက်တွေရဲ့ ခန့်မှန်းချက်တွေ နောက်ထပ်အများကြီး ရှိပါသေးတယ်။ ဖြစ်နိုင်ခြေ တစ်ခုတည်းကို တွက်ဆပြီး အဲ့ဒီလိုမတူညီတဲ့ အချိန်အပိုင်းအခြားတွေနဲ့ မွတ်စလင်မ်တွေ လွှမ်းမိုးခြင်း မရှိတဲ့ နိုင်ငံအများစုရဲ့ အဖြစ်အပျက်တွေကို အမှားတစ်စုံတစ်ရာမပါပဲ ဒီလောက်ထိ တိကျစွာ ခန့်မှန်းပြောဆိုခဲ့ဖို့က မဖြစ်နိုင်ပါဘူး။ ဒါဟာ ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့သူ၊ တမန်တော်မုဟမ္မဒ်(ﷺ)ကို အသိပေးခဲ့သူဟာ မမြင်ရတဲ့အရာတွေကို သိရှိနေတယ်ဆိုတဲ့ ခိုင်လုံတဲ့ သက်သေပဲ ဖြစ်ပါတယ်။

ဒီကြိုတင်ခန့်မှန်းမှုတွေဟာ ဖျော်ဖြေရန်သက်သက်မဟုတ်ဘဲ မြင့်မြတ်တဲ့ ရည်ရွယ်ချက်တွေ ရှိနေတယ်ဆိုတာ မှတ်သားဖို့အရေးကြီးပါတယ်။ ယုံကြည်သူတွေ အတွက်၊ ဒီအဖြစ်အပျက်တွေမှာ ဝိညာဉ်ပိုင်းဆိုင်ရာ ထူးခြားချက်တွေ ရှိနေပါတယ်။ ဒီအဖြစ်အပျက်တွေထဲက အများစုက ကမ္ဘာ့တရားခွင်နေ့ ကျရောက်လာမယ့် အကြောင်းနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် မွတ်စလင်မ်တွေအတွက် ခန့်မှန်းမှုတစ်ခု လက်တွေ့ ဖြစ်ပျက်လာတာမြင်ရတိုင်း ဖန်ဆင်းရှင်ရှေ့မှောက်မှာ ရပ်ရမယ့်နေ့ကို ရောက်ရှိဖို့ ခြေတစ်လှမ်း နီးကပ်လာပြီဖြစ်ကြောင်း သတိပေးနေတာ ဖြစ်ပါတယ်။ မယုံကြည်သူတွေ အတွက် ဒီခန့်မှန်းချက်တွေဟာ ကုရ်အာန်ရဲ့မှန်ကန်မှု၊ ရေးသားသူဟာ ဖန်ဆင်းရှင်ဖြစ် တဲ့အပြင် တမန်တော်မုဟမ္မဒ်(ﷺ)ဟာ အရှင်မြတ်ရဲ့ တမန်တော်ဖြစ်ကြောင်း သက်သေပြ နေတဲ့ ထင်ရှားတဲ့ လက္ခဏာရပ်တွေပဲ ဖြစ်ပါတယ်။

# တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အတိတ်ဖြစ်ရပ်များကို ဖော်ထုတ်ခြင်း

အရှေ့ကအခန်းမှာ တွေ့ခဲ့ရတဲ့အတိုင်း ကုရ်အာန်ဟာ အနာဂတ်နဲ့ပတ်သက်ပြီး တိကျတဲ့ခန့်မှန်းမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ သမိုင်းမှာ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်တဲ့ အတိတ်အဖြစ်အပျက်တွေရဲ့ အသေးစိတ်အချက်အလက်တွေကို ဖော်ထုတ်တာဟာ အနာဂတ် အဖြစ်အပျက်တွေကို ကြိုတင်ပြောရတာနဲ့ မတူပါဘူး။ သမိုင်းဖြစ်ရပ်တစ်ခုကို လေ့လာတဲ့အခါမှာ ဖြစ်ပြီးသားကိစ္စတစ်ခုကို ကိုင်တွယ်ရတာဖြစ်ပြီး အဲ့ဒီကိစ္စအပေါ် ဝင်ရောက်စွက်ဖက်လို့ မရတာကြောင့် ပိုပြီးတော့ ခက်ခဲပါတယ်။

ကျွန်တော်တို့ ဥပမာတစ်ခုကို ကြည့်ကြရအောင်။ "တစ်နေ့မှာ အာသာလို့ခေါ်တဲ့ ကြီးမြတ်တဲ့ ဘုရင်ကြီးတစ်ပါးကို မြို့တစ်မြို့မှာ မွေးဖွားလာလိမ့်မယ်"လို့ လူတစ်ယောက်က ကြိုတင်ပြောဆိုခဲ့မယ်။ နှစ်တစ်ရာကြာတဲ့အခါမှာ သူပြောခဲ့တာတွေ တကယ်ဖြစ်လာတယ်။ သူပြောခဲ့တဲ့မြို့မှာ မင်းသားလေးတစ်ပါး မွေးဖွားလာခဲ့ပြီး သူ့ရဲ့မိဘတွေက အာသာလို့ နာမည်ပေးခဲ့တယ်။ ကြီးလာတော့ သူဟာကြီးမြတ်တဲ့ ဘုရင်ကြီးတစ်ပါး ဖြစ်လာခဲ့တယ်။ ကြိုတင်ခန့်မှန်းမှုကို လုပ်ခဲ့တဲ့သူဟာ အနာဂတ်ကို ကြိုမြင်နိုင်လို့လား? ကြိုမြင်ဖို့ မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလို ခန့်မှန်းပြောဆိုချက်တစ်ခုဟာ အကွယ်ကအရာတွေကို မြင်နိုင်စွမ်းမရှိလည်း ရှင်းပြဖို့ နည်းလမ်းများစွာ ရှိနေတာကြောင့်ပါ။ ဒီလိုခန့်မှန်းချက်တစ်ခုကို ဖြစ်နိုင်ခြေတစ်ခုတည်းအပေါ် အခြေခံပြီး ပြောလိုက်လို့ရပါတယ်။ ခေတ်အဆက်ဆက်မှာ တော်ဝင်မျိုးနွယ်ကလေးတွေ မွေးဖွားနေတာဖြစ်ပြီး လုံလောက်တဲ့ အချိန်ကာလလည်း ရှိတာကြောင့် ကြီးမြတ်တဲ့ဘုရင် ပေါ်ထွက်လာတာကိုပဲ စောင့်ဖို့လိုအပ်ပါတယ်။ နောက်တစ်နည်းက မိဘတွေဟာ ဒီကြိုတင်ဟောကြားချက်ကို သိရှိပြီး မင်းသားလေးကို ကြီးမြတ်တဲ့ ဘုရင်ကြီး ဖြစ်စေချင်တာကြောင့် တမင်တကာ အာသာလို့ အမည်မှည့်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ဒါကို "ကိုယ်တိုင်ပြည့်စုံစေသော ကြိုတင်ဟောကြားချက်" (Self-fulfilling prophecy)လို့ ခေါ်ပါတယ်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ သူ့ဟာသူ မှန်ကန်လာစေတဲ့


ခန့်မှန်းဟောကြားမှု ဖြစ်ပါတယ်။ အခုဒီဇာတ်လမ်းကို အတိတ်ကဖြစ်ရပ်တစ်ခုကို ခန့်မှန်းတာနဲ့ ယှဉ်ကြည့်ပါ။ တစ်စုံတစ်ယောက်ကပြောမယ်။ အာသာဆိုတဲ့ ဘုရင်ကြီးတစ်ပါးရှိခဲ့တယ်။ သူဟာ ကျွန်တော်တို့ ပုံပြင်တွေထဲမှာပဲ ကြားဖူးသလို အရမ်းကို ကြီးကျယ်မြင့်မြတ်တယ်။ သူဟာလွန်ခဲ့တဲ့ နှစ်ပေါင်းရာချီအရင်က မင်းလုပ်အုပ်ချုပ်ခဲ့ပြီး အခုချိန်မှာတော့ သေဆုံးသွားပြီဖြစ်လို့ တစ်နေရာရာမှာ မြှုပ်နှံထားတယ်။ ဒီလိုဆိုရင် အဲ့ဒီသူပြောတဲ့ နေရာအတိအကျမှာ ဘုရင်ကြီးရဲ့ တော်ဝင်သင်္ချိုင်းဂူ ရှိနေပြီး အဲ့ဒီအပေါ်မှာ ဘုရင်ကြီးရဲ့ နာမည်ဟာ အာသာလို့ရေးထားပြီး၊ ဘုရင်ကြီးအကြောင်း အသေးစိတ် အချက်အလက် တွေကို မှတ်တမ်းတင်ထားတာတွေကလည်း ခန့်မှန်းပြောသူ ပြောခဲ့တာနဲ့ ကိုက်ညီနေရမှာ ဖြစ်ပါတယ်။ ဒါဟာ မှန်ကန်ဖို့ ပိုပြီးခက်ခဲပါတယ်။ အနာဂတ်အကြောင်း ခန့်မှန်းသလိုမျိုး အတိတ်က ဖြစ်ရပ်တစ်ခုပေါ်မှာ လွှမ်းမိုးဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ဒီလိုခန့်မှန်းချက်ရဲ့ အသေးစိတ်တွေကို သမိုင်းပညာရှင်တွေတောင် မသိခဲ့ဘူးဆိုရင် အကွယ်ကအရာတွေကို မြင်နိုင်စွမ်းရှိမှသာ ဖြစ်နိုင်ကြောင်း သိသာထင်ရှားနေပါတယ်။

## ရှေးခေတ်အီဂျစ်ပြည်ရဲ့ ဖာရိုဘုရင်များ

ကုရ်အာန်ကျမ်းမြတ်မှာ နှစ်ပေါင်းများစွာ လူသားတွေဆီမှာ ပျောက်ဆုံးနေတဲ့ ရှေးခေတ်အီဂျစ်ပြည်ရဲ့ အချက်အလက်တွေကို ဖော်ပြထားပါတယ်။ ကုရ်အာန်က ရှေးခေတ်အီဂျစ်ရဲ့ ခေါင်းဆောင်တွေရဲ့ အမည်ကို "ဖာရို"(Pharaoh)ဆိုတဲ့ အီဂျစ် စကားလုံးနဲ့ သမိုင်းဝင်ကြေညာဖော်ပြလိုက်ပါတယ်။ ရှေးခေတ်အီဂျစ်ရဲ့ အရပ်စာ အရေးအသားကို ပိုပြီး တိုးတက်နားလည်လာတဲ့အခါမှာ ကုရ်အာန်မှာ အသုံးပြုထားတဲ့ "ဖာရို" ဆိုတဲ့ အသုံးအနှုန်းဟာ သမိုင်းအရ တိကျမှန်ကန်နေတာကို တွေ့ရပါတယ်။

"ဖာရို"(Pharaoh)ဆိုတဲ့ စကားလုံးဟာ "ပရ်-အာ"(per-aa) (ဝါ) တော်ဝင်နန်းတော်ကို ညွှန်းဆိုတဲ့ "ကြီးကျယ်သောအိမ်"လို့ အဓိပ္ပာယ်ရတဲ့ အီဂျစ်အသုံးအနှုန်းကနေ ဆင်းသက်လာတဲ့ ဘွဲ့အမည်တစ်ခု ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ သမိုင်းအရ "ဖာရို"ဆိုတဲ့

အသုံးကို ဘုရင်တွေရဲ့ ဘွဲ့အမည်အဖြစ် အသုံးပြုတာဟာ အီဂျစ်သမိုင်းရဲ့ ခေတ်နှောင်းပိုင်း တိုင်းပြည်အသစ် ထူထောင်ပြီးချိန်မှသာ စတင်ခဲ့တာ ဖြစ်ပါတယ်။



The ordinary word for king, already encountered above, is *nswt*, often abbreviated to . Here are some other common designations with their conventional translations:

| | | |
|---|---|---|
| | *ḥm* | 'majesty' |
| | *ỉty* | 'sovereign' |
| | *nb* | 'lord' |
| | *pr-ˁ3* | 'great house' (= 'Pharaoh', used from the New Kingdom on) |

ဒီဇယားကို ဗြိတိန်ပြတိုက်က ထုတ်ဝေခဲ့တဲ့ အီဂျစ်အရုပ်စာ စာအုပ်မှ ကောက်နုတ်တင်ပြတာ ဖြစ်ပါတယ်။

အလားတူပဲ "ဖာရို" ဆိုတဲ့ စကားလုံး ဝင်ရောက်လာတဲ့ အခါမှာ ဗြိတိန်ပြတိုက်ရဲ့ ရှေးအီဂျစ်အဘိဓာန်မှာ ဒီစာလုံးကို တိုင်းပြည်သစ်ထူထောင်ပြီးတဲ့ခေတ်မှာ ဘုရင်ကို ရည်ညွှန်းဖို့ စတင်အသုံးပြုခဲ့တယ်လို့ အတည်ပြုခဲ့ပါတယ်။

**ဖာရို : ယနေ့ခေတ်စာရေးဆရာတွေ အသုံးပြုလေ့ရှိသော အီဂျစ်ဘုရင်တွေကို ရည်ညွှန်းသည့် စကားလုံးဖြစ်သည်။ ဤစကားလုံးသည် ရှေးခေတ်အီဂျစ်အရုပ်စာ စကားစု "ပရ်-အာ" (ကြီးကျယ်သောအိမ်)၏ ဂရိပုံစံဖြစ်သည်။ မူလက ထိုစကားစုကို ဘုရင်ထက် တော်ဝင်နန်းတော်ကို ကိုယ်စားပြုရန် သုံးသည်။ တိုင်းပြည်သစ်တည်ထောင်ပြီးနောက်ပိုင်း (ဘီစီ ၁၅၅၀-၁၀၆၉) မှစတင်၍ ဘုရင်ကို ရည်ညွှန်းရန် အသုံးပြုခဲ့သည်။**

## ရှေးခေတ်အီဂျစ်သမိုင်းရဲ့ အချိန်ကာလပြဇယား

ရှေးခေတ်အီဂျစ်သမိုင်းဟာ တတိယရာစုနှစ် ဘီစီအီးက အီဂျစ်လူမျိုး သမိုင်းဆရာ မိုနသ်သို စာရင်းပြုစုခဲ့တဲ့ မင်းဆက်သုံးဆယ်ကိုလိုက်ပြီး အပိုင်းတွေ ခွဲထားပါတယ်။ နိကိုးလပ်စ် ဂရင်မယ်လ်(Nicolas Grimal)ရဲ့ "A History of Ancient Egypt" စာအုပ်ထဲက နေ့ရက်အချို့ကို ကျွန်တော်အကျဉ်းချုပ် ဖော်ပြထားပါတယ်။

| Dynasties | Dates BCE, (approx.) | Period | Some Royal names associated with Period |
|---|---|---|---|
| 3-6 | 2700-2200 | Old Kingdom | Djoser, Snofru, Khufu (Cheops), Khafre (Chephren), Menkauhor, Teti, Pepy. |
| 7-11 | 2200-2040 | First Intermediate | Neferkare, Mentuhotpe, Inyotef |
| 11 & 12 | 2040-1674 | Middle Kingdom | Ammenemes, Sesostris, Dedumesiu |
| 13 - 17 | 1674-1553 | Second Intermediate | Salitis, Yaqub-Har, Kamose, Seqenenre, Apophis |
| 18 - 20 | 1552-1069 | New Kingdom | Ahmose, Amenhotep (Amenophis), Tuthmose (Thuthmosis), Hatshepsut, Akhenaten (Amenophis IV), Tutankhamen, Horemheb, Seti (Sethos), Ramesses, Merenptah |

## တမန်တော်ယူစွဖ်(အ)(ဂျိုးဆက်) နှင့် တမန်တော်မူဆာ(အ)(မိုးဆက်) တို့ဟာ အီဂျစ်ရဲ့ ဘယ်ခေတ်ကာလမှာ နေထိုင်ခဲ့ကြသလဲ?

အီဂျစ်သမိုင်းပညာရှင် ပရော်ဖက်ဆာ အီမာရီတက်စ်, ကန်းနသ်ကစ်ချန်း (Professor Emeritus of Egyptology, Kenneth Kitchen)က တမန်တော်ယူစွဖ် (ဂျိုးဆက်,Joseph)ဟာ ဒုတိယအလယ်ခေတ် (၁၆၇၄-၁၅၅၃ ဘီစီအီး)မှာ အီဂျစ်ကို ဝင်ရောက်လာ ခဲ့တယ်လို့ နေ့စွဲတပ်ခဲ့ပါတယ်။ တမန်တော်မူဆာ(မိုးဆက်,Moses) အီဂျစ်ကနေ နောက်လိုက်တွေနဲ့အတူ တစ်စုတစ်ဝေးတည်း ထွက်ခွာခဲ့ချိန်ဟာ သမိုင်းရဲ့ နောက်ပိုင်းမှာမှ ဖြစ်ခဲ့တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ တိုင်းပြည်သစ် ထူထောင်ပြီးတဲ့ခေတ်မှာမှ ထိုဖြစ်ရပ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ “သမ္မာကျမ်းစာမှ တမန်တော်များ၏ အမည်များနှင့် နေရာများ၏ အဘိဓာန်စာအုပ်”မှာ **“မိုးဆက်ရဲ့ ဂုဏ်ပုဒ်က ပေါ်လာခဲ့ပါတယ်။ စီအေ. ၁၂၅၀၊ ထိုနေ့ကို ထွက်ခွာရန်နေ့အဖြစ် လက်ခံ လိုက်တယ်။** အလားတူပဲ ဂျူးစွယ်စုံကျမ်းထဲမှာလည်း မိုးဆက်ကို **“ခေါင်းဆောင်၊ တမန်တော်၊ နှင့် ဥပဒေချမှတ်သူ (၁၃ရာစုနှစ် ဘီစီအီး၏ ပထမတစ်ဝက်)**လို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။

## အကျဉ်းချုပ်

အောက်ကဇယားမှာ ဂျိုးဆက်နဲ့ မိုးဆက်အီဂျစ်ကို ဝင်ရောက်ပြီးချိန် အပါအဝင် ရှေးခေတ်အီဂျစ်ရဲ့ “ဖာရို” ဆိုတဲ့ စကားလုံးအသုံးပြုမှုနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေကို စုပေါင်းထားပါတယ်။

| Dynasties | Dates BCE (approx.) | Period | Patriarch |
| --- | --- | --- | --- |
| 13 - 17 | 1674-1553 | Second Intermediate | Jacob, Joseph |
| 18 - 20 | 1552-1069 | New Kingdom | “Pharaoh” first applied to the king around middle of the 14 th cent BCE, c. 1352-1348 BCE. |
| | | | Moses born around the beginning of the 13th century BCE. |

# ကုရ်အာန်

ကုရ်အာန်က အီဂျစ်ပြည်ရဲ့ အုပ်ချုပ်သူတွေကို သူ့ရဲ့အခန်းတွေမှာ ဘယ်လို ရည်ညွှန်းခဲ့သလဲ?

**- ကုရ်အာန်မှာ တမန်တော်ယူစွဖ်(အ)(ဂျိုးဆက်) အီဂျစ်မှာ ရှိနေစဉ်ကာလက အုပ်ချုပ်သူကို “ဘုရင်” လို့သုံးနှုန်းပါတယ်။ ဖာရိုလို့လုံးဝမသုံးနှုန်းထားပါဘူး။**

**- ကုရ်အာန်မှာ တမန်တော်မူဆာ(အ)(မိုးဆက်) ခေတ်က အုပ်ချုပ်သူကို “ဖာရို”လို့ ထပ်ကာထပ်ကာ အသုံးပြုထားပါတယ်။ သူ့ကို ဘုရင်လို့ လုံးဝမသုံးပါဘူး။**

ဒါကြောင့် ကုရ်အာန်ရဲ့ စကားလုံး အသုံးပြုပုံတွေက သမိုင်းအရ ကျွန်တော်တို့ သိရှိထားတဲ့ “ဖာရို”ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် ပြောင်းလဲမှုတွေနဲ့ ကိုက်ညီပါတယ်။ အံ့သြဖွယ် ကောင်းတာက ကုရ်အာန်ကျရောက်ခဲ့တဲ့ ၇ရာစုမှာ သမိုင်းအချက်အလက်တွေကို လူတွေ မသိရှိကြသေးပါဘူး။ လူသားတွေရဲ့ အီဂျစ်အရုပ်စာကို သိရှိနားလည်နိုင်စွမ်းဟာ အချိန်အတန်ကြာ ပျောက်ဆုံးနေခဲ့ပါတယ်။ ဘာသာရေးသမိုင်းကို မှတ်တမ်းတင်ထားတဲ့ တစ်ခုတည်းသောမူရင်းက သမ္မာကျမ်းစာကိုအခြေခံထားတဲ့ ပုံပြင်တွေ

ဖြစ်ပါတယ်။ ကုရ်အာန်ကို ဝေဖန်သူအချို့က မိုးဆက်နဲ့ ဂျိုးဆက်တို့ရဲ့ ပုံပြင်တွေဟာ သမ္မာကျမ်းစာကနေ ကူးချထားတယ်လို့ ဆိုကြပါတယ်။ ဒါကမှားပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သမ္မာကျမ်းစာမှာ အီဂျစ်ပြည်ရဲ့ အုပ်ချုပ်သူကို မိုးဆက်ခေတ်မှာရော ဂျိုးဆက်ခေတ်မှာရော “ဖာရို”လို့ မှားယွင်းစွာ အသုံးပြုထားပါတယ်။

ရှေးခေတ်အီဂျစ်ရဲ့ သမိုင်းအမှန်ကို ကုရ်အာန်မှာသာ တွေ့ရှိနိုင်ပါတယ်။ အာရဗ်ပညာရှင်တွေဖြစ်တဲ့ ဒူလ်-နန် အလ်-မိစ်ရီ(Dhul-Nun al-Misri) နဲ့ အိဗ်နိဝဟ်ရှီယာ (Ibn Wahshiyya)တို့ဟာ ရှေးခေတ်အီဂျစ် အရုပ်စာမှာ ဘာတွေရေးထားသလဲဆိုတာကို တစ်စိတ်တစ်ပိုင်း ဘာသာပြန်နိုင်ခဲ့ကြတဲ့ ပထမဦးဆုံး သမိုင်းပညာရှင်တွေ ဖြစ်ကြပါတယ်။ သူတို့ဟာ ကုရ်အာန်ကျမ်းမြတ်ကျရောက်ပြီး နှစ်ပေါင်း၂၀၀ခန့်လောက်မှာမှ အသက်ရှင် နေထိုင်သွားခဲ့ကြတာဖြစ်တယ်။ ကုရ်အာန်ကျမ်းမြတ် ကျရောက်ပြီး နှစ်ပေါင်း ၁၀၀၀ကျော်၊ ရှိဆက်တာစတုန်းကို တွေ့ရှိပြီး ၁၈၂၂ခုနှစ်မှသာ ပြင်သစ်အရှေ့တိုင်း ယဉ်ကျေးမှု လေ့လာသူ ဂျီးန်ဖရန်ဆစ်ရှန်ပိုလန်(Jean-Francois Champollion)က အီဂျစ်အရုပ်စာကို ဘာသာပြန်နိုင်ခဲ့တာ ဖြစ်ပါတယ်။

## နိဂုံး

ကုရ်အာန်ကျမ်းမြတ်ဟာ အတိတ်ကတိုင်းပြည်တွေရဲ့ ဖြစ်ရပ်မှန်တွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီကျမ်းမြတ်မှာ သမိုင်းကိုဆင်ခြင်သုံးသပ်ပြီး နှိမ့်ချတတ်ဖို့၊ မိမိတိုးတက်မှုအပေါ် စိတ်ကြီးမဝင်ဖို့ အကြံပေးချက်များ ပါဝင်ပါတယ်။ တန်ခိုးအာဏာတွေဟာ ရရှိပြီး ပြန်လည်ပျောက်ကွယ်သွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီလောကမှာ ထာဝရ နေထိုင်ရမှာမဟုတ်တဲ့အတွက် နှိမ့်ချပြီး နေထိုင်သင့်ပါတယ်။ သမိုင်းကို သေချာလေ့လာခြင်းရဲ့ နောက်ထပ် အကျိုးကျေးဇူးတစ်ခုကတော့ အခြားသူတွေရဲ့ အမှားတွေကနေ သင်ယူနိုင်ခြင်းဖြစ်ပါတယ်။ ကုရ်အာန်က ပျောက်ဆုံးနေတဲ့ သမိုင်းရဲ့ အချက်အလက်တွေကို အတိအကျဖော်ပြပါတယ်။ ကုရ်အာန်မှာလည်း အကွယ်မှအရာတွေရဲ့ အကြောင်းကို ဖော်ပြထားတယ်လို့ ကြေညာထားပါတယ်။ **“(အို-တမန်တော်)ဤသည် အသင့်ထံသို့**

**ငါအရှင်မြတ် ထုတ်ပြန်တော်မူသော အကွယ်က သတင်းများ ဖြစ်သည်။ ထိုသတင်းများကို အသင်နှင့် အသင်၏ အမျိုးသားများသည် သည့်မတိုင်မီက မသိခဲ့ချေ။” (ကုရ်အာန် ၁၁:၄၉)**

ကုရ်အာန်ကို ရေးသားခဲ့သူဟာ သမိုင်းတစ်လျှောက် မတူညီတဲ့အချိန်၊ မတူညီတဲ့ နေရာတွေရဲ့ အကွယ်မှဖြစ်ရပ်တွေကို ဆက်တိုက် သရုပ်ဖော် ရေးသားထားပါတယ်။ ဒါဟာ လူသားတွေ မတတ်စွမ်းနိုင်တဲ့ ဖန်ဆင်းရှင်ရဲ့ တန်ခိုးတော်တွေပဲ ဖြစ်ပါတယ်။

# တုပ၍ မရနိုင်ခြင်း

ကုရ်အာန်က လူသားတွေကို စိတ်ခေါ်မှုတစ်ရပ် ထုတ်ပြန်ထားပါတယ်။

**"အသင်တို့သည် ငါအရှင်က မိမိ၏ အစေတော်ထံ ပို့ချပေးခဲ့သော ကုရ်အာန်နှင့် စပ်လျှင်း၍ သံသယဖြစ်ကြလျှင် ယင်းနှင့်တူသော ကဏ္ဍတစ်ခုခုကို ယူဆောင်လာကြကုန်။..." (ကုရ်အာန် ၂:၂၃)**

ကုရ်အာန်ရဲ့ အကြီးမားဆုံး အံ့ဖွယ်ရာဟာ အတုပြုလုပ်လို့မရခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဖန်ဆင်းရှင်ရဲ့ ဒီစိန်ခေါ်မှုဟာ နှစ်ပေါင်း၁,၄၀၀ကျော်တိုင် မည်သူမှ မရင်ဆိုင်နိုင်သေးဘဲ ရှိနေပါတယ်။ ကုရ်အာန်ဟာ လူသားမျိုးနွယ်တစ်ခုလုံး တစ်ယာက်ကိုတစ်ယောက် ကူရေးပေးရင်တောင် ဘယ်သူ တစ်ဦးတစ်ယောက်ကမှ ကုရ်အာန်ရဲ့ အခန်းတစ်ခန်းနဲ့ တူတာမျိုး ရေးသားနိုင်မှာ မဟုတ်ဘူးလို့ အတိအလင်း ဖော်ပြထားပါတယ်။

**"အသင်ပြောလိုက်ပါ။ အကယ်၍ လူသားအားလုံးနှင့် ဂျင်န်အားလုံး ပူးပေါင်းကြပြီး ဤကုရ်အာန်ကျမ်းမြတ်နှင့် တူသော ကျမ်းကို ယူဆောင်လာရန် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြမည် ဆိုလျှင်လည်း ထိုကုရ်အာန်ကျမ်းမြတ်နှင့် တူဆင်သော ကျမ်းကို ယူဆောင်လာနိုင်ကြလိမ့်မည် မဟုတ်ပေ။" (ကုရ်အာန် ၁၇:၈၈)**

ဒီကြေညာချက်ရဲ့ လေးနက်မှုကို နားလည်သဘောပေါက်နိုင်မယ့် အကောင်းဆုံး နည်းလမ်းကတော့ အလားတူ ဥပမာတစ်ခုနဲ့ ယှဉ်ပြခြင်းဖြစ်ပါတယ်။ ပန်းချီလောကမှာ လီယိုနာဒိုဒါဗင်ချီကို အမြဲတမ်းအတွက် အကောင်းဆုံး ပန်းချီဆရာအဖြစ် သတ်မှတ်ထားပါတယ်။ သူ့ရဲ့ မိုနာလီဆာပန်းချီကားဟာ ပန်းချီကားတွေ အားလုံးထဲမှာ လက်ရာအမြောက်ဆုံးအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ အခုမိတ်ဆွေ စဉ်းစားကြည့်ပါ၊ ဒီလို ပန်ချီကားမျိုး ရေးဆွဲဖို့ မိတ်ဆွေကို စိန်ခေါ်မှုတစ်ခု လုပ်လာတယ် ဆိုပါစို့၊ မိတ်ဆွေအနေနဲ့ မိုနာလီဆာကို မှီနိုင်မယ့် ပန်ချီကားတစ်ခုကို ရေးဆွဲရမယ်။ ဒါ့အပြင် မိတ်ဆွေရဲ့ ပန်းချီကားဟာ သမိုင်းတစ်လျှောက် ရှိသမျှ ပန်းချီကားတွေထက် သာလွန်တယ်ဆိုတဲ့

အသိအမှတ်ပြုမှုကိုလည်း လိုအပ်ပါတယ်။ ဒါတင်မကသေးပါဘူး၊ အနာဂတ်မှာလည်း မိတ်ဆွေရေးဆွဲထားတဲ့ ပန်းချီထက် ပိုကောင်းတဲ့ပန်းချီ ဘယ်သူမှ မဆွဲနိုင်ရပါဘူး။ ကုရ်အာန်ရဲ့ စိန်ခေါ်မှုဟာလည်း အလားတူပဲ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

## စိန်ခေါ်မှုရဲ့ သဘောသဘာဝ

ကုရ်အာန်ကျမ်းမြတ်ရဲ့ ဂန္ထဝင်စာပေ ပညာရှင်တွေရဲ့ အဆိုအရ ဒီကျမ်းပိုဒ်ဟာ ခေတ်အဆက်ဆက် ဘာသာစကားနှင့် စာပေရေးရာပညာရှင်တွေကို ကုရ်အာန်ရဲ့ ဘာသာစကားနှင့် စာပေအင်္ဂါရပ်တွေကို တုပဖို့ စိန်ခေါ်နိုင်ခဲ့ပါတယ်။ ဒီစိန်ခေါ်မှုကို ရင်ဆိုင်ဖို့ လိုအပ်တာက ကန့်သတ်ထားတဲ့ သဒ္ဒါစည်းမျဉ်းတွေရယ် အရဗီအက္ခရာ ၂၈ လုံး ရယ်ပဲ ဖြစ်ပါတယ်။ ဒါတွေဟာ လူတိုင်း တန်းတူရရှိနိုင်တဲ့ အရာတွေပါ။

ဒါဆိုရင် စိန်ခေါ်မှုကို ရင်ဆိုင်ဖို့က ဘာတွေပါဝင်သလဲ? လူအတော်များများက ကုရ်အာန်ရဲ့ စိန်ခေါ်မှုဟာ ကုရ်အာန်လောက်ကောင်းတဲ့ အရာတစ်ခုကို ရေးသားရမယ်လို့ ယူဆကြပါတယ်။ ဒီလိုထင်တဲ့သူတွေက စာအရေးအသားနဲ့ ပတ်သက်ပြီး အဆင့်သတ်မှတ်ချက်တွေက ပုဂ္ဂိုလ်တစ်ဦးချင်းပေါ် မူတည်ပြီး များစွာကွဲပြားနိုင်တယ်လို့ ထောက်ပြကြပါတယ်။ ဒါဟာ လက်ခံလို့ရပါတယ်။ တစ်စုံတစ်ယောက်က ကဗျာ သို့မဟုတ် စကားပြေ တစ်ခုခုကို ကုရ်အာန်ထက်ပိုပြီး ကောင်းတယ်လို့ ပြောလာခဲ့ရင် သူ့ကို ဘယ်သူ ငြင်းခုံနိုင်မလဲ? ဒါဟာ သူ့ရဲ့ အကြိုက်ပေါ်မှာပဲ မူတည်တယ်မဟုတ်လား?

ကုရ်အာန်ရဲ့စိန်ခေါ်မှုက စာအရေးအသားပိုင်းအရ တန်းတူတဲ့တစ်ခုခု ရေးသားဖို့ကို ဆိုလိုတာ မဟုတ်ပါဘူး။ ကုရ်အာန်ကို ယှဉ်နိုင်မယ့် စာပေအရေးအသားအပြင် ကုရ်အာန်ရဲ့ သီးသန့်ရေးဟန်နှင့် တထေရာတည်းတူအောင် ရေးဖို့လည်း လိုအပ်ပါတယ်။ ကုရ်အာန်ရဲ့ ရေးဟန်ကို အပေါ်ယံ ကူးယူတုပဖို့ လွယ်ကူပေမယ့် တမန်တော်မုဟမ္မဒ်(ﷺ) လက်ထက်မှ ယနေ့အထိ စာပေရေးရာ ပြောင်မြောက်မှုမှာ မယှဉ်နိုင်သေးကြောင်း သက်သေပြပြီး ဖြစ်ပါတယ်။

အရဗီစာပေ ရေးသားနေသူတစ်ဦးအနေနဲ့ စာပေရေးရာမှာ ထူးချွန်ပြောင်မြောက်တဲ့ အဆင့်ကို ရောက်ရှိနိုင်ပါတယ်။ အထူးသဖြင့် ကဗျာနဲ့စကားပြေ အရေးအသားမှာ မြင့်မားတဲ့ အတွေးအခေါ်တွေ စိတ်ကူးတွေကို ချပြနိုင်ပါတယ်။ သို့ပေမယ့် ကုရ်အာန်ရဲ့ ပြိုင်စံကင်းတဲ့ဟန်ကို အသုံးပြုပြီး မည်သူမှ မရေးနိုင်သေးပါဘူး။ ကုရ်အာန်ကျမ်းဟာ အရဗီစာပေရဲ့ အမျိုးအစားအသစ်တစ်ခုလုံးကို ဖန်တီးခဲ့သလို တစ်ချိန်တည်းမှာ သူ့ရဲ့ ပြိုင်စံကင်းတဲ့ဟန်ကိုလည်း ထိန်းသိမ်းထားခဲ့ပါတယ်။ လေးစားရတဲ့ ဗြိတိန်အရှေ့တိုင်း ပညာရှင် အာသာဂျေအာဘယ်ရီ (Arthur J Arberry) က **"ကုရ်အာန်ဟာ ကဗျာလည်း မဟုတ်၊ စကားပြေလဲမဟုတ်၊ ထိုနှစ်ခုကို ပြိုင်စံကင်းစွာ ပေါင်းစည်းထားခြင်း ဖြစ်တယ်"** လို့ ဆိုခဲ့ပါတယ်။

ကုရ်အာန်ရဲ့ဟန်နဲ့ တပုံစံတည်းတူညီတဲ့ တစ်စုံတစ်ခုကို ရေးသားပြီး ရေးတဲ့ နေရာမှာလည်း အငြင်းပွားရလောက်အောင် ဆင်တူတဲ့ စာပေအရေးအသားမျိုး ဖြစ်နေတယ်။ ဒါဆိုရင် ကျွန်တော်တို့ ရလဒ်တွေကို ဘယ်လိုတွက်မလဲ? ဒါဟာ ကျွန်တော်တို့ကို စိန်ခေါ်မှုရဲ့ ဒုတိယအပိုင်းကို ခေါ်သွားပါတယ်။ ရေးသားထားတဲ့ စာရဲ့ အရည်အသွေးရဲ့ အထောက်အထားအနေနဲ့ ရေးသားတဲ့သူဟာ အရဗီစာပေလောကမှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေကို သက်သေအဖြစ် ခေါ်လာရပါမယ်။ အထောက်အထား မပါဘဲနဲ့ မရနိုင်ပါဘူး။

**"...ယင်း(ကုရ်အာန်)နှင့်တူသော ကဏ္ဍတစ်ခုခုကို ယူဆောင်လာကြကုန်။ ထို့ပြင် အသင်တို့သည် မှန်ကန်သူများဖစ်ကြလျှင် အလ္လာဟ်မှလွဲ၍ အခြားကူညီမည့်သူများ ကိုလည်း ခေါ်ဆောင်လာကြကုန်။" (ကုရ်အာန် ၂:၂၃)**

## သမိုင်းနောက်ခံ

စိန်ခေါ်မှုတစ်ခုဟာ ပါဝင်ယှဉ်ပြိုင်နိုင်သူတွေ ရှိမှသာ အဓိပ္ပါယ်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုရ်အာန်ထွက်ပေါ်လာခဲ့တဲ့ သမိုင်းနောက်ခံကို သိဖို့က အလွန်အရေးကြီး ပါတယ်။ အဲ့ဒီအချိန်က အာရဗ်တွေဟာ သူတို့ကိုယ်သူတို့ အရဗီဘာသာစကားရဲ့

ဆရာသခင်များအဖြစ် သတ်မှတ်ထားပြီး ယနေ့တိုင်လည်း သမိုင်းဆရာများနှင့် ဘာသာစကားလေ့လာသူများက ဆရာသခင်ကြီးများအဖြစ် သတ်မှတ်ထားဆဲ ဖြစ်ပါတယ်။

၁၁ရာစုက ကဗျာဆရာ အိဗ်နေရာရှိက်(Ibn Rashiq)က ထိုအချိန်က ဘာသာစကားရဲ့ အရေးပါပုံကို အောက်ပါအတိုင်း ပုံဖော်ရေးသားခဲ့ပါတယ်။

**“အာရဗ်အုပ်စုတစ်စုထဲမှာ ကဗျာဆရာတစ်ဦး ထွက်ပေါ်လာတိုင်း နောက်အာရဗ်အုပ်စုတစ်စုက လာရောက်ဂုဏ်ပြုလေ့ရှိကြပါတယ်။ အစားအသောက်ပွဲတွေ ခင်းကျင်းကြတယ်။ အမျိုးသမီးတွေဟာ မင်္ဂလာဆောင်ပွဲတွေမှာလို စုပေါင်းပြီး စောင်းတွေ တီးခတ်ကြတယ်။ လူကြီး၊ လူငယ်အားလုံးက ဒီသတင်းကောင်းကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ အာရဗ်တွေဟာ ကလေးမွေးဖွားတဲ့အခါနဲ့ ကဗျာဆရာတစ်ဦး ပေါ်ထွက်လာတဲ့အခါမှသာ တစ်ဦးနဲ့တစ်ဦး ဂုဏ်ပြုလေ့ရှိကြတယ်။”** လို့ ရေးသားခဲ့ပါတယ်။

၉ရာစုနှစ်က ပညာရှင် အိဗ်နေကုသိုင်ဗဟ်(Ibn Qutaiba)က အာရဗ်တွေရဲ့အမြင်မှာ ကဗျာဟာ ဘယ်လိုလဲဆိုတာကို **“အာရဗ်တွေရဲ့ အသိပညာ ဗဟုသုတ ဟင်းလေးအိုးကြီး၊ သူတို့ဉာဏ်ပညာရဲ့ စာအုပ်၊ အငြင်းပွားဖွယ်နေ့ရဲ့ မှန်ကန်တဲ့သက်သေ၊ အငြင်းအခုံတွေကို အဆုံးသတ်ပေးတဲ့ သက်သေဖြစ်တယ်။”** လို့ ဆိုခဲ့ပါတယ်။

၁၄ရာစုနှစ်က အထင်ကရ ပညာရှင်တစ်ပါးဖြစ်တဲ့ အိဗ်နေခလ်ဒွန်(Ibn Khaldun)က အာရဗ်တို့ရဲ့ဘဝမှာ ကဗျာရဲ့အရေးပါပုံကို အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့ပါတယ်။

**“အာရဗ်တွေဟာ ကဗျာကို မိန့်ခွန်းလို တန်ဖိုးထားတယ်ဆိုတာ သိသင့်ပါတယ်။ ဒါကြောင့် သူတို့ဟာ ကဗျာတွေကို သူတို့သမိုင်းရဲ့ မှတ်တမ်းများအဖြစ်၊ သူတို့အတွက် အမှန်အမှားရဲ့ သက်သေအဖြစ်၊ သိပ္ပံပညာနဲ့ ဉာဏ်ပညာ တွေမှာ သူတို့ရဲ့ အခြေခံအကိုးအကားအဖြစ် သတ်မှတ်ထားပါတယ်။**

အစ္စလာမ်အကြောင်း လေ့လာသူ စာရေးဆရာ နဗစ်ဒ်ကာမနီ(Navid Kermani)က အာရပ်တွေ အရဗီစကားကို ကျွမ်းကျင်ပိုင်နိုင်ဖို့ လေ့လာရတဲ့ အတိုင်းအတာကို ပြောပြခဲ့ပါတယ်။ သူပြောခဲ့တာအရ ဂုရာစုက အာရပ်လောကမှာ ကဗျာကို ကိုးကွယ်မတတ် မြှောက်စားထားခဲ့ကြပါတယ်။

**"ရှေးအာရပ်ကဗျာ အရေးအသားဟာ အင်မတန်ရှုပ်ထွေးတဲ့ အရာဖြစ်ပါတယ်။ စကားလုံးအသုံးအနှုန်း၊ သဒ္ဒါနည်းအရ ပုဂ္ဂိုလ်တစ်ဦးခြင်းစီကိုလိုက်ပြီး ထူးခြားတဲ့ သဒ္ဒါအသုံးပြုပုံတွေနဲ့ တင်းကျပ်တဲ့ သတ်မှတ်ချက်တွေဟာ မျိုးဆက်တစ်ခုကနေ နောက်တစ်ခုကို လက်ဆင့်ကမ်းလာခဲ့တာဖြစ်ပြီး ပါရမီပါတဲ့သူတွေသာ ဒီဘာသာ စကားကို အပြည့်အဝ ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်တာ ဖြစ်ပါတယ်။ လူတစ်ဦးဟာ ကဗျာဆရာဆိုတဲ့ ဘွဲ့အမည်ခံယူဖို့အတွက် ကဗျာဆရာကြီးတွေထံမှာ နှစ်ပေါင်းများစွာ လေ့လာသင်ယူရပါတယ်။ တခါတရံ ဆယ်စုနှစ်အထိကြာတတ်ပါတယ်။ တမန်တော် မုဟမ္မဒ်(ﷺ)ဟာ ကဗျာကို ဘာသာတရားတမျှ ယုံကြည်ကိုးကွယ်အံ့ဆဲဆဲ ဖြစ်နေတဲ့ အသိုင်းအဝိုင်းမှာ ကြီးပြင်းခဲ့တာ ဖြစ်ပါတယ်။"**

အထက်က ကိုးကားချက်တွေအရ ဂုရာစုက အာရပ်တွေဟာ ကုရ်အာန်ကို စိန်ခေါ်ဖို့ အကောင်းဆုံးသူတွေ ဖြစ်ခဲ့ပါတယ်။ သူတို့ဟာ အင်မတန် အာဝဇ္ဇန်းရွှင်ကြပြီး ဘာသာစကား ကျွမ်းကျင်မှုရဲ့ ဆရာသခင်ကြီးများ ဖြစ်ကြပါတယ်။ သူတို့ဟာ ကုရ်အာန်ရဲ့ ဘာသာစကားနဲ့ စာပေအရေးအသားနဲ့ ဆင်တူတဲ့ အရဗီစာပေကို ထုတ်လုပ်ကြတဲ့အခါမှာ တစ်စုတစ်စည်းတည်း ကျရှုံးကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။

## ပြိုင်ဘက်ကင်းတဲ့ ကုရ်အာန်နဲ့ပတ်သက်လို့ ပညာရှင်တွေဘာပြောခဲ့ကြသလဲ?

ကုရ်အာန်ရဲ့ ထူးခြားပြောင်မြောက်မှုကို သက်သေခံခဲ့ကြတဲ့ ပညာရှင်တွေထဲမှာ ဘာသာရေးလိုက်စားသူ၊ မလိုက်စားသူ၊ အရှေ့တိုင်းက၊ အနောက်တိုင်းက စသဖြင့် ပညာရှင်များစွာ ပါဝင်ပါတယ်။ ကုရ်အာန်ကို တုပလို့ မရနိုင်ကြောင်း သူတို့ထဲက အချို့ပြောခဲ့ကြတဲ့ စကားတွေကို အောက်မှာ ဖော်ပြပါမယ်။

အရှေ့တိုင်းယဉ်ကျေးမှု လေ့လာသူ ပါမောက္ခ မာတင်ဇမ်မစ်(Martin Zammit)က ပြောခဲ့ပါတယ်။ **"အစ္စလာမ် မထွန်းကားမီခေတ်က ကဗျာတွေရဲ့ စာပေအဆင့်အတန်းဟာ အင်မတန် မြင့်မားခဲ့သော်လည်း ကုရ်အာန်ရဲ့ အဆင့်အတန်းဟာတော့ အရဗီဘာသာ စကားရဲ့ အထူးကဲဆုံး ရေးသားထားတဲ့ သရုပ်ပြမှုပဲ ဖြစ်ပါတယ်။"**

ဘာသာစကားကျွမ်းကျင်ပညာရှင် ပါမောက္ခ ဟူစိန်အဗ္ဗဒွလ်ရော့ဖ်(Hussein Abdul-Raof)က အခုလို အခိုင်အမာ ပြောဆိုခဲ့ပါတယ်။ **"အဲ့ဒီအချိန်က အာရဗ်တွေဟာ ဘာသာစကားကျွမ်းကျင်မှု အထွတ်အထိပ်ကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဘာသာစကား ကျွမ်းကျင်မှု၊ ဘာသာစကားကို လှလှပပသုံးစွဲတတ်မှု၊ ဟောပြောခြင်းအတတ်နှင့် ကဗျာရေးရာ အဖက်ဖက်မှာ ထိပ်ဆုံးရောက်ရှိနေပြီး ဖြစ်ပါတယ်။ သို့ပေမယ့် ဘယ်သူမှ ကုရ်အာန်ရဲ့ အခန်းတစ်ခန်းနဲ့ ဆင်တူတဲ့ အခန်းကို မရေးသားနိုင်ခဲ့ပါဘူး။"**

ကုရ်အာန်လေ့လာတဲ့ ထင်ရှားတဲ့ ပါမောက္ခ အန်ဂျလီကာနျူဝစ်ရ်သ်(Angelika Neuwirth)က အတိတ်ကရော ယခုလက်ရှိမှာပါ ကုရ်အာန်ကို အောင်မြင်စွာ စိန်ခေါ်နိုင်တဲ့သူ မရှိသေးဘူးလို့ ပြောဆိုခဲ့ပါတယ်။

**"ဘယ်သူမှ မအောင်မြင်ခဲ့ပါဘူး၊ ဒါဟာအမှန်ပါပဲ... ကျွန်မတကယ်ထင်တယ်... ကုရ်အာန်ရဲ့ ကြွယ်ဝတဲ့ အတွေးအခေါ်တွေနဲ့ ခမ်းနားတဲ့ စကားလုံးတွေက တန်ဖိုးရှိတဲ့ စာပေတစ်ခုမှ မရှိတဲ့ ပတ်ဝန်းကျင်မှာ ရှင်းလင်းစွာ နားမလည်နိုင်တဲ့ အနောက်တိုင်း သုတေသန ပညာရှင်တွေကို အရှက်ရစေပါတယ်။"**

ဂျူးပညာရှင် အန်ဂျေဒါဝူးဒ် (N J Dawood) က သူ့ရဲ့ ကုရ်အာန်ဘာသာပြန်ထဲမှာ ကုရ်အာန်ကို "စာပေအရေးအသားရဲ့ အပြောင်မြောက်ဆုံးလက်ရာ" လို့ ဖော်ညွှန်းခဲ့ပါတယ်။

**"ကုရ်အာန်ဟာ အရဗီဂန္တဝင်စကားပြေရဲ့ အစောဆုံးနဲ့ အကောင်းဆုံး လက်ရာတစ်ခု ဖြစ်ပါတယ်။ ကုရ်အာန်ဟာ ကြိုတင်ခန့်မှန်းတဲ့ စာပေစာအုပ်တွေထဲက**

**လွှမ်းမိုးမှုအရှိဆုံး စာအုပ်တစ်အုပ် ဖြစ်ရုံသာမက သူကိုယ်တိုင်ဟာလည်း စာပေအရေးအသားရဲ့ အပြောင်မြောက်ဆုံး လက်ရာတစ်ခု ဖြစ်ပါတယ်။”**

ပြင်သစ်လူမျိုး ပညာရှင် ပေါလ်ကာစာနိုဗာ(Paul Casanova)ဟာ ကုရ်အာန်ရဲ့ ဘာသာစကားကို အလွန်အံ့သြ ချီးမွမ်းခဲ့ပါတယ်။

**“မုဟမ္မဒ်ဟာ အံ့ဖွယ်ကိစ္စရပ်တစ်ခုနဲ့ ပတ်သက်ပြီး မေးမြန်းခံရတိုင်း သူ့လုပ်ငန်းစဉ် စစ်မှန်မှုရဲ့ သက်သေအနေနဲ့ သူဟာကုရ်အာန်မှ ကျမ်းပိုဒ်တွေကို ကိုးကားခဲ့ပါတယ်။ ဒါက ဒီကျမ်းဟာ ဘုရားသခင်ထံမှ ဖြစ်ကြောင်း အထင်ရှားဆုံး သက်သေပါပဲ။ တကယ်တော့ ကုရ်အာန်ရဲ့ နားလည်လွယ်တဲ့ စကားလုံးကြွယ်ဝမှုနဲ့ အသံသြဇာနှင့် ပြည့်ဝမှုတို့ဟာ မွတ်စလင်မ်မဟုတ်တဲ့ သူတွေအတွက်တောင် အံ့သြချီးမွမ်းဖွယ်ရာ ဖြစ်ပါတယ်။ အထင်ကြီးရလောက်တဲ့ အသံအနိမ့်အမြင့်တွေ၊ ပါဝင်တဲ့ ကဏ္ဍများရဲ့ ပြည့်စုံကုံလုံမှုနဲ့ ပြင်းထန်တဲ့ အဟုန်တွေဟာ ထူးခြားတဲ့ စည်းချက်အဖြစ် ပြောင်းလဲသွားပါတယ်။”**

ကဗျာရှည်ခုနစ်ပုဒ်ရဲ့ ကျော်ကြားတဲ့ ကဗျာဆရာတွေထဲက တစ်ဦးဖြစ်တဲ့ လာဗစ်ဒ်အိဗ်နေရဗီအဟ် (Labid Ibn Rabi’ah) ဟာ ကုရ်အာန်ရဲ့ တုပနိုင်ခြင်းကင်းမှု ကြောင့် အစ္စလာမ်ကို လက်ခံခဲ့တာ ဖြစ်ပါတယ်။ သူဟာအစ္စလာမ်ကို လက်ခံပြီးတာနဲ့ ကဗျာတွေ ဆက်မရေးတော့တာကြောင့် လူတွေက အံ့သြပြီး **“သူဟာသူတို့ရဲ့ အထူးခြားဆုံး ကဗျာဆရာဖြစ်တယ်”** လို့ ပြောကြပါတယ်။ လူတွေကသူ့ကို ဘာကြောင့် ကဗျာမရေးတော့တာလဲ မေးတော့ သူက **“ဘာ၊ ကုရ်အာန်ကျရောက်လာပြီးတဲ့ နောက်မှာ တောင်?”** လို့ ဖြေခဲ့ပါတယ်။

နောက်ဆုံးအနေနဲ့ အရဗီဘာသာစကားလေ့လာသူ လေးစားရတဲ့ ပါမောက္ခ ဟမီလ်တန်ဂစ်ဘ် (Hamilton Gibb)က ဒီလို ဆိုခဲ့ပါတယ်။

**“တကယ်လို့ ကုရ်အာန်ဟာ တမန်တော်မုဟမ္မဒ်(ﷺ) ကိုယ်တိုင်ရေးစပ်ထားတာ ဖြစ်ခဲ့မယ်ဆိုရင် အခြားလူတွေက ယှဉ်နိုင်ပါလိမ့်မယ်။ လူတွေကို ကျမ်းပိုဒ်ဆယ်ခု**

**လောက် ရေးနိုင်းလိုက်ပါ။ မရေးနိုင်ခဲ့ရင် (မရေးနိုင်ဘူးဆိုတာ သိသာပါတယ်) ကုရ်အာန်ဟာ သိသာထင်ရှားတဲ့ အံ့ဖွယ်ဖြစ်ရပ်တစ်ခုဆိုတာကို လက်ခံနိုင်းပါ။"**

## ပညာရပ်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်း

ပညာရပ်ဆိုင်ရာ အငြင်းပွားမှုရဲ့ ဥပမာတစ်ခုကို ဂျာမန်အရှေ့တိုင်းယဉ်ကျေးမှုလေ့လာသူ သီအိုဒေါ်နိုလ်ဒေကီ(Thedor Noldeke)ရဲ့ ရေးသားမှုတစ်ခုမှာ တွေ့နိုင်ပါတယ်။ နိုလ်ဒေကီဟာ ကုရ်အာန်ရဲ့ ဘာသာစကားနဲ့ စာပေရေးရာကို ဝေဖန်သူတစ်ဦးဖြစ်ပါတယ်။ သူဟာ ကုရ်အာန်က တုပလို့မရနိုင်ဘူးဆိုတဲ့ ကြေညာချက်ကို ငြင်းဆိုခဲ့ပါတယ်။ ဥပမာအနေနဲ့ နိုလ်ဒေကီက **"ကုရ်အာန်ထဲမှာ အချိန်နဲ့အမျှ လူတွေရဲ့ သဒ္ဒါပြောင်းလဲသွားတဲ့ ပုံစံက ထူးဆန်းပြီးတော့ မလှပဘူး"** လို့ မှတ်ချက်ပြုခဲ့ပါတယ်။

သို့ပေမယ့်လည်း သူ့ရဲ့ဝေဖန်မှုက အဲ့ဒီလိုအငြင်းပွားမှုတွေရဲ့ အားနည်းချက်ကို မြင်လာစေပါတယ်။ နိုလ်ဒေကီရည်ညွှန်းတဲ့ ကုရ်အာန်ရဲ့ ဘာသာစကားဆိုင်ရာ အင်္ဂါရပ်ဟာ တကယ်တော့ အရဗီရဲ့ ထိရောက်တဲ့ "အိလ်သိဖသ်"လို့ ခေါ်တဲ့ သဒ္ဒါတွေကို ပြောင်းလဲပြီး ဘာသာစကားကို လှပစွာသုံးစွဲတဲ့ လက်နက်ပဲ ဖြစ်ပါတယ်။ ဒီလက်နက်ဟာ စာရဲ့ ရသပေါ်လွင်မှုကို မြှင့်တင်ပေးပါတယ်။ ဒါဟာ သုတေသနပြုလုပ်ပြီး လက်ခံထားကြတဲ့ အရဗီရဲ့ အာဝဇ္ဇန်းရွှင်မှုပဲ ဖြစ်ပါတယ်။ အကိုးအကားတွေကို အလ်-အဆိရ်၊ ဆူယူသ္ဂီနဲ့ ဇာကာရှီ စတဲ့ အရဗီရဲ့အာဝဇ္ဇန်းရွှင်မှုအကြောင်း ရေးထားတဲ့ စာအုပ်တွေမှာ တွေ့နိုင်ပါတယ်။

ဒီလိုပြောင်းလဲခြင်းတွေရဲ့ အဓိကလုပ်ဆောင်ချက်ဟာ စာဖတ်သူကို အဓိပ္ပာယ်ထင်ရှားလိုတဲ့စကားလုံး ပြောင်းလဲသွားတဲ့အခါ သိရှိစေဖို့အတွက်၊ ပြီးတော့ စာရဲ့ ရေးဟန်ကို ထိမိစေဖို့အတွက် ဖြစ်ပါတယ်။ ဒါက စာရဲ့ ပြောင်းလဲခြင်းကို ဖန်တီးတဲ့နေရာ၊ စည်းချက်နဲ့ စီးဆင်းမှုဖြစ်စေတဲ့နေရာ၊ ပြီးတော့ နားထောင်သူရဲ့ အာရုံစိုက်မှုကို ထိန်းထားတဲ့နေရာ စတာတွေမှာ အကျိုးသက်ရောက်မှု ရှိပါတယ်။ သဒ္ဒါပြောင်းလဲမှုရဲ့ ဥပမာတွေက လူပုဂ္ဂိုလ်အရ ပြောင်းလဲခြင်း၊ နံပါတ်အရပြောင်းလဲခြင်း၊ ရည်ညွှန်းခံရသူ

ပြောင်းလဲခြင်း၊ ကာလပြပုဒ် ပြောင်းလဲခြင်းနဲ့ နာမ်စားနေရာမှာ နာမ်အသုံးပြုခြင်းတို့ ပါဝင်ပါတယ်။

ကုရ်အာန်ရဲ့ ၁၀၈ ခန်းမြောက် စူရဟ် အလ်-ကောင်ဝ်ဆရ် "ပေါများကြွယ်ဝခြင်း" မှာ သဒ္ဒါပြောင်းလဲမှုတွေရဲ့ ဥပမာကိုတွေ့နိုင်ပါတယ်။

**"ငါအရှင်မြတ်သည် သင့်(မုဟမ္မဒ်)အား ကောင်ဝ်ဆရ် (ပေါများကြွယ်ဝမှု)ကို ပေးလိုက်ပြီ။ သို့ဖြစ်ရာ သင်သည် မိမိအရှင်မြတ်အဖို့ ဆွလားသ် ဝတ်ပြုပါလေ။ ထို့နောက် ကုရ်ဘာနီသားကောင် နဟ်ရ်ကို (ဇဗဟ်) လုပ်စွန့်လှူပါလေ။ အမှန်စင်စစ် သင်၏ ရန်သူသာလျှင် အညွန့်တုံးသူ ဖြစ်သည်။" (အခန်း ၁၀၈)**

ဒီအခန်းမှာ ပြောသူနာမ်စား အများကိန်း "ငါအရှင်" ကနေ နားထောင်သူနာမ်စား "သင်၏အရှင်သခင်" ကိုပြောင်းသွားပါတယ်။ ဒီပြောင်းလဲမှုဟာ ရုတ်ခြည်း ပြောင်းလဲခြင်း မဟုတ်ပါဘူး။ ဒါဟာ တွက်ဆထားပြီးဖြစ်ပြီး ဖန်ဆင်းရှင်နဲ့ တမန်တော်မုဟမ္မဒ်(ﷺ) အကြားက ရင်းနှီးတဲ့ ဆက်သွယ်မှုကို ပြသနေပါတယ်။ "ငါအရှင်"ဆိုတဲ့ အသုံးအနှုန်းဟာ ကြီးကျယ်ခန့်ညားခြင်း၊ တန်ခိုးအာဏာရှိခြင်းနဲ့ ဖန်ဆင်းရှင်ရဲ့ တတ်စွမ်းနိုင်မှုကို အလေးပေးဖို့ အသုံးပြုထားတာ ဖြစ်ပါတယ်။ ဒီလို သီးသန့်နာမ်စား သုံးတာက ဖန်ဆင်းရှင်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ကို ပေါများစွာ ချီးမြှင့်ဖို့အတွက် တန်ခိုးအာဏာနဲ့ တတ်နိုင်စွမ်းရှိတယ်ဆိုတဲ့ အချက်ကို အလေးပေးပြီး သတိထားမိစေပါတယ်။ "သင်၏အရှင်" ဆိုတဲ့အသုံးအနှုန်းကို ရင်းနှီးမှုနီးကပ်မှုနဲ့ ချစ်ခင်မှုကို အလေးပေးဖို့ အသုံးပြုတာ ဖြစ်ပါတယ်။ "သင်၏အရှင်"ဆိုတဲ့ စကားလုံးဟာ အရှင်သခင်၊ ထောက်ပံ့ပေးသူ၊ ဂရုစိုက်သူ ဆိုပြီး အဓိပ္ပာယ်များစွာ ရှိပါတယ်။ ဒါဟာ ဘေးက အကြောင်းအရာတွေက ဝတ်ပြုခြင်း၊ ကိုယ်ကျိုးစွန့်ခြင်းနဲ့ ကိုးကွယ်ဆည်းကပ်ခြင်းတို့ ဖြစ်တာကြောင့် **"သို့ဖြစ်ရာ သင်သည် သင်၏ အရှင်သခင်အဖို့ ဆွလာသ်ဝတ်ပြုပါလေ။ ထို့နောက် ကုရ်ဘာနီသားကာင်(ဇဗဟ်)လုပ် စွန့်လှူပါလေ"။** ထိုသို့ ဘာသာစကားကို ဆီလျော်စွာ အသုံးပြုထားခြင်း ဖြစ်ပါတယ်။

သီအိုဒေါနိုလ်ဒေကီရဲ့ ကုရ်အာန်ကို ဝေဖန်မှုဟာ သူ့ရဲ့ တစ်ဦးတည်းအမြင်နဲ့ ဆုံးဖြတ်ဝေဖန်ထားတာ ဖြစ်တဲ့အပြင် သူ့ရဲ့ ဂန္တဝင်အရဗီစကားကို အပြည့်အဝ နားမလည်နိုင်တာကို ဖော်ပြနေပါတယ်။ ဒီသဒ္ဒါပြောင်းလဲမှုတွေဟာ ကုရ်အာန်ရဲ့ အင်တိုက်အားတိုက် ရှိတဲ့ဟန်ကို အားဖြည့်ပေးပါတယ်။ ကုရ်အာန်က ဒီအင်္ဂါရပ်ကို သူပေးချင်တဲ့ သတင်းစကားကို ပိုပြီးထိရောက်ဖို့ အသုံးပြုထားတာ ဖြစ်ပါတယ်။ ပါမောက္ခ နီးလ်ရော်ဘင်ဆန်က သူ့ရဲ့ “Discovering the Qur’an: A Contemporary Approach to a Veiled Text” ဆိုတဲ့ စာအုပ်ရဲ့ နိဂုံးမှာ ကုရ်အာန်ရဲ့ သဒ္ဒါပြောင်းလဲ အသုံးပြုမှုတွေဟာ **“အင်မတန်ထိရောက်တဲ့ အာဝဇ္ဇနန်းရှင်တဲ့ အဆင်တန်ဆာ”** တွေဖြစ်တယ်လို့ ရေးသား ချီးကျူးခဲ့ပါတယ်။

## နိဂုံး

ကုရ်အာန်ဟာ အရဗီစကားကြွယ်ဝမှုရဲ့ အထွတ်အထိပ် ဖြစ်ပါတယ်။ အစစ်အမှန် ဖန်ဆင်းရှင်ထံမှ ဖြစ်ကြောင်း သက်သေအနေနဲ့ လူတွေကို သူ့ရဲ့အတိုဆုံး အခန်းကိုပဲ တုပဖို့ စိန်ခေါ်ခဲ့ပါတယ်။ ကုရ်အာန်ကို ရေးသားခဲ့သူနဲ့ တူညီတဲ့ သို့မဟုတ် ပိုကောင်းတဲ့ စာပေအရေးအသားတတ်သူဆိုရင် ကုရ်အာန်နဲ့ ဆင်တူတဲ့ အခန်းတစ်ခုကို ရေးသားနိုင်မှာ အသေအချာပါပဲ။ ကုရ်အာန်ကျရောက်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀၀ အရင်တည်းက ယနေ့တိုင် လူအများဟာ ဒီစိန်ခေါ်မှုကို ကြိုးစားခဲ့ကြသလို ကျရှုံးခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ကုရ်အာန်ရဲ့ ဟန်ကို လူသားတွေ တုပလို့မရနိုင်ပါဘူး။ ဒါကြောင့် သူ့ရဲ့ မူလဇာစ်မြစ်ဟာ ဘယ်ကလဲ ကျွန်တော်တို့ ဆင်ခြင်တွေးတောသင့်ပါတယ်။

# တမန်တော်မုဟမ္မဒ်(ﷺ) ၏ ဘဝ

ဒီစာအုပ်မှာ ကုရ်အာန်ဟာ ဖန်ဆင်းရှင်ထံမှ ဖြစ်ကြောင်း ယုံကြည်ဖို့ ကျိုးကြောင်းသင့် တွေးတောဆင်ခြင်နိုင်တဲ့ အထောက်အထားတွေကို ရှာဖွေလေ့လာခဲ့ပြီး ဖြစ်ပါတယ်။ သို့ပေမယ့် ကုရ်အာန်ကျရောက်လာခြင်းရဲ့ အဓိကရည်ရွယ်ချက်က လူသား မျိုးနွယ်အတွက် လမ်းညွှန်ဖို့ဆိုတာကို ကျွန်တော်တို့ မမေ့သင့်ပါဘူး။

**"ဤသည်သင့်ထံသို့ ငါအရှင်ချပေးတော်မူသော ကျမ်းမြတ်ဖြစ်သည်။ ချပေးရခြင်း အကြောင်းမှာ သင်သည် လူသားတို့အား သူတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အရှင်၏ အမိန့်တော်ဖြင့် အမှောင်ထုများမှ အလင်းဆီသို့ ဆောင်ကြဉ်းရန်အတွက် ဖြစ်လေသည်... (ကုရ်အာန် ၁၄:၁)"**

ကုရ်အာန်ရဲ့ လမ်းညွှန်မှုကို ရှာဖွေဖို့ အကောင်းဆုံး ဥပမာကတော့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဘဝကလွဲပြီး အခြားမရှိပါဘူး။ သူဟာ ကုရ်အာန်က သင်ပြတဲ့ ကိုယ်ကျင့်တရားနဲ့ အဆုံးအမတွေကို သရုပ်ဖော် ထင်ဟပ်စေခဲ့ပါတယ်။ ဘယ်လောက်ထိလဲဆိုရင် လူတစ်ယောက်က တမန်တော်ရဲ့ကြင်ယာတော်ကို တမန်တော်ရဲ့နေထိုင်ပြုမူပုံနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"အသင်ကုရ်အာန်ဖတ် တယ်မဟုတ်လား? သူရဲ့အပြုအမူတွေဟာ ကုရ်အာန်ကဲ့သို့ပင် ဖြစ်တယ်"** လို့ ဖြေကြားခဲ့ ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဘာကြောင့် စံပြလူသားတစ်ဦး ဖြစ်ရလဲဆိုတဲ့ ဥပမာအချို့ကို ဖော်ပြလိုက်ပါတယ်။

## ၁။ နှိမ့်ချတတ်မှု

**"အမှန်စင်စစ် အလ္လာဟ်သည် မည်သည့် မာန်မာန ထောင်လွှားသူကိုမျှ၊ ဂုဏ်မောက်သူကိုမျှ နှစ်သက်တော်မမူပေ။" (ကုရ်အာန် ၃၁:၁၈)**

ဘုရင်တွေနဲ့ ခေါင်းဆောင်တွေအကြောင်း စဉ်းစားတဲ့အခါ မိတ်ဆွေတို့စိတ်ထဲ ဘယ်လိုပေါ်လာလဲ? ဂုဏ်ပုဒ်တွေ၊ အာဏာတွေနဲ့အတူ စားကောင်းသောက်ဖွယ်တွေ၊ ဝတ်ကောင်းစားလှတွေနဲ့ ခမ်းနားတဲ့ အဆောက်အဦးတွေ နေရာတွေကို တွဲပြီး မြင်မိတယ် မဟုတ်လား? တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူမကွယ်လွန်ခင်မှာ အာရဗ်တို့ရဲ့ ဘုရင်ကြီးတစ်ပါးလို အုပ်ချုပ်သူဖြစ်ခဲ့ပေမယ့် သူဟာ သာမန်လူတန်းစားတွေနဲ့ မဝေးကွာတဲ့ ပုံရိပ်တစ်ခု ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ တမန်တော်သက်တမ်း ၂၃နှစ်အတွင်းမှာ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ အင်မတန်ရိုးသားပြီး နှိမ့်ချစွာနဲ့ ဘဝကို နေထိုင်ဖြတ်သန်းခဲ့ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ စဟာလ်အိဗ်နေစအဒ်က တမန်တော့်ရဲ့ အစားအသောက်နဲ့ ပတ်သက်ပြီး **"အရှင့်တမန်တော်ဟာ တမန်တော်အဖြစ် စေလွှတ်ခံခဲ့ရတဲ့ အချိန်မှစ၍ ကွယ်လွန်တော်မူတဲ့အထိ ဂျုံနုနဲ့ ပြုလုပ်ထားတဲ့ မုန့်ကို စားတာ ကျွန်တော်မမြင်ဖူးခဲ့ပါ"**လို့ ပြောခဲ့ပါတယ်။ သူဟာဖြုန်းတီးတာကို မနှစ်သက်ပါဘူး။ သူ့ရဲ့အိမ်မှာ အပိုအလျှံစုဆောင်းထားတဲ့ အစားအစာတွေ မရှိခဲ့ပါဘူး။ သူဟာ ဆင်းရဲသားတွေနဲ့ အိမ်နီးချင်းတွေကို ကျွေးမွေးဖို့ ပိုပြီး အလေးထားခဲ့ပါတယ်။ **"အကြင်သူရဲ့အိမ်နီးချင်း ဆာလောင်နေတဲ့အခါမှာ ထိုသူဟာ ဝမ်းဗိုက်ပြည့်နေမယ်ဆိုရင် ထိုသူဟာ ယုံကြည်သူ(မွတ်စလင်မ်)မဟုတ်"** လို့တောင် ပြောခဲ့ပါသေးတယ်။

တမန်တော်ဟာ သူ့ထံယူလာတဲ့ အစားအစာကို ဘယ်တော့မှ အပြစ်တင် မကောင်းပြော မလုပ်ပါဘူး။ ပြီးတော့သူဟာ ဂျုံကြမ်းနဲ့ ရက်ကြာနေပြီဖြစ်လို့ ဆီဂျီးနံ့ရနေတဲ့ဆီနဲ့ ပြုလုပ်ထားတဲ့မုန့်ကို ဖိတ်ကျွေးတဲ့ အခါမှာတောင် လက်ခံခဲ့ပါတယ်။ သူဟာ ဘဝကို သိုသိုသိပ်သိပ်ပဲ နေထိုင်ခဲ့ပါတယ်။ သူ့ရဲ့ မိတ်ဆွေကြီး အုမရ်အိဗ်နေခသ်သွာဗ်က တမန်တော်နေထိုင်တဲ့နေရာကို သွားရောက်ခဲ့ချိန် တမန်တော့်ကို တွေ့ခဲ့ရပုံကို ပြောပြခဲ့ပါတယ်။ တမန်တော်ဟာ စွန်ပလွံရွက်တွေနဲ့ ရက်လုပ်ထားတဲ့ ဖျာပေါ်မှာ လှဲလျောင်းနေခဲ့တာကို သူတွေ့မြင်ခဲ့ပါတယ်။ သားရေနဲ့ ပြုလုပ်ထားပြီး စွံပလွံအခေါက်တွေနဲ့ ဖြည့်ထားတဲ့ ခေါင်းအုံးကို အုံးထားခဲ့ပါတယ်။ တမန်တော်ဟာ သူ့ကို နှုတ်ဆက်ဖို့ ထလာတဲ့အခါမှ သူ့ရဲ့အိပ်ယာခင်းက ကြမ်းတာကြောင့် ခန္ဓာကိုယ်ဘေးဖက်မှာ အရာတွေ ထင်နေခဲ့ပါတယ်။ ဒီမြင်ကွင်းဟာ အဆွေတော်အုမရ်ကို မျက်ရည်ကျစေခဲ့ပါတယ်။

တမန်တော်က အုမရ်ကို ဘာကြောင့်ငိုယိုရသလဲ မေးမြန်းခဲ့ပါတယ်။ အုမရ်က ရောမနိုင်ငံနဲ့ ပါရှားနိုင်ငံက ဘုရင်တွေဟာ စည်းစိမ်အပြည့်နဲ့ နေနေကြတယ်။ တမန်တော်ဟာ ဖန်ဆင်းရှင်ရဲ့ တမန်တော်ဖြစ်တာကြောင့် ၎င်းဘုရင်တွေထက် ပိုပြီး ကောင်းတာတွေကို ထိုက်တန်ပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ ထိုအခါ တမန်တော်က **“ဤလောကမှာ စည်းစိမ်ရှိသူတွေထက် နောင်တမလွန်မှာ စည်းစိမ်ရှိသူတွေက ပိုပြီး ဝမ်းသာသင့်တယ်”** လို့ ဖြေကြားခဲ့ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ရဲ့ တမန်တော်အလုပ်၊ လူတို့အား သင်ကြားပေးခြင်း၊ ခေါင်းဆောင်နှင့် တရားသူကြီးအလုပ်များအပြင် အိမ်မှာ ဆိတ်ကိုကိုယ်တိုင် နို့ညှစ်ခဲ့တယ်။ သူ့ရဲ့အဝတ်အစားတွေကို ကိုယ်တိုင် ဖာထေးခဲ့တယ်။ သူ့ရဲ့ ဖိနပ်တွေကို ကိုယ်တိုင် ပြုပြင်ခဲ့တယ်။ သူ့မိသားစုရဲ့ လုပ်ငန်းတွေကိုလည်း ကူညီပေးတော်မူခဲ့တယ်။ တချို့လူတွေက အခြေအနေအရ အခြားရွေးချယ်စရာမရှိလို့ ရိုးရှင်းပြီး နှိမ့်ချစွာ နေထိုင်ကြတာ ဖြစ်တယ်။ တမန်တော်မုဟမ္မဒ်(ﷺ) ကတော့ သူမကွယ်လွန်မီမှာ အာရေဗျကျွန်းဆွယ်ရဲ့ ကြီးမားတဲ့ အစိတ်အပိုင်းကိုအုပ်ချုပ်နေတဲ့ အုပ်ချုပ်သူ၊ တစ်နည်း ဘုရင်ဖြစ်နေပါပြီ။ မွတ်စလင်မ်တို့ရဲ့ ကြွယ်ဝတဲ့ ဘဏ္ဍာကိုလည်း အလိုရှိသလို အသုံးပြုနိုင်ခဲ့ပေမယ့် သူဟာ ကွယ်လွန်တဲ့အချိန်အထိ ရိုးသားစွာနဲ့ ဘဝကိုဖြတ်သန်းခဲ့ပါတယ်။ သူ့မှာ အင်မတန်နည်းပါးတဲ့ ပိုင်ဆိုင်မှုသာရှိခဲ့ပြီး ကွယ်လွန်တဲ့အခါမှာလည်း သူ့ရဲ့ မိသားစုအတွက် အထူးတလည် စီစဉ်စေခဲ့တာမျိုး မရှိခဲ့ပါဘူး။ သူကွယ်လွန်တဲ့အခါမှာ ပိုင်ဆိုင်မှုအနည်းငယ်လေးသာရှိခဲ့ပြီး ရှိခဲ့တဲ့ဥစ္စာပစ္စည်းတွေအားလုံးကို လှူဒါန်းခဲ့ပါ တယ်။

တမန်တော်ရဲ့ မိတ်ဆွေတစ်ဦးဖြစ်တဲ့ အမရ်အိဗ်နေအလ်-ဟာရိဆ်က ပြောပြခဲ့ပါတယ်။ **“တမန်တော် ကွယ်လွန်သွားတဲ့ အချိန်မှာ သူ့စီးခဲ့တဲ့ မြင်းအဖြူရယ်၊ သူ့ရဲ့ လက်နက်တွေရယ်၊ လှူထားခဲ့တဲ့ မြေတစ်ကွက်ရယ်သာ ထားရစ်ခဲ့ပါတယ်။”**

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဘဝဖြတ်သန်းခဲ့ပုံနဲ့ ကွယ်လွန်မှုဟာ ဥစ္စာပစ္စည်းတွေကို စိတ်မဝင်စားဘဲ နောင်တမလွန်အတွက် ရှေးရှုသူတစ်ယောက်မှာ တွေ့နိုင်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ တမန်တော့်ရဲ့ ဥပမာအရ ကောင်းမွန်တဲ့ အစားအသောက်တွေ စားတာနဲ့

ကောင်းမွန်တဲ့အရာတွေကို ရရှိဖို့ ကြိုးစားတာဟာ မှားယွင်းတယ်လို့ ဆိုလိုတာ မဟုတ်ကြောင်း သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ယုံကြည်သူတွေဟာ သူတို့ဆီ ရောက်လာတဲ့ ဧည့်သည်တွေကို ရက်ရောစွာ ကျွေးမွေးပြုစုရမယ်၊ နေ့ကောင်းနေ့မြတ်တွေမှာ အကောင်းဆုံးအဝတ်အစားတွေကို ဝတ်ဆင်ရမယ်၊ ပြီးတော့ ဘဝရဲ့ အချိုးအကွေ့တိုင်းမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားရမယ်လို့ တမန်တော်မုဟမ္မဒ်(ﷺ)က သင်ပေးခဲ့ပါတယ်။ တမန်တော်ရဲ့ မိတ်ဆွေကြီးများဖြစ်တဲ့ အဘူဘကရ် နဲ့ အဗ်ဒုရ်ရဟ်မာန် အိဗ်နေအောဖ်တို့ဟာ အင်မတန် ချမ်းသာကြွယ်ဝပြီး အောင်မြင်တဲ့ စီးပွားရေးသမားတွေ ဖြစ်ကြပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဘဝကို ရိုးသားနှိမ့်ချစွာ နေထိုင်ခဲ့ပုံကို ကြည့်ပြီး ကျွန်တော်တို့ သင်ယူရမှာက ကျွန်တော်တို့ ယခုနေထိုင်နေတဲ့ ဘဝဟာ ခေတ္တခဏသာ ဖြစ်ပြီး နောင်တမလွန်က အမြဲထာဝရ ဖြစ်တာကြောင့် ကျွန်တော်တို့ဟာ နောင်တမလွန်ကို မေ့လျော့တဲ့အထိ ဥစ္စာပစ္စည်းနောက်ကို မလိုက်ကြဖို့ ဖြစ်ပါတယ်။

တချို့သော ဝေဖန်ရေးသမားတွေက မုဟမ္မဒ်ဟာ ဒီလို ခက်ခဲတဲ့ဘဝကို ကြံ့ကြံ့ခံခဲ့တာဟာ နောက်ဆုံးမှာ အာရေဗျနိုင်ငံတစ်ခုလုံးကို လွှမ်းမိုးပြီး အာဏာရချင်ခဲ့လို့ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒါဟာမဖြစ်နိုင်ပါဘူး၊ တမန်တော့်ရဲ့ လုပ်ငန်းစဉ်အစပိုင်း မွတ်စလင်မ်တွေ အားနည်းနေတဲ့အချိန်မှာ တမန်တော့်ကို ဆန့်ကျင်ခဲ့သူတွေက သူတို့တွေ ရုပ်ထုကိုးကွယ်နေတာကို မတားမြစ်ဖို့၊ တရားမဟောဖို့ တမန်တော့်ကို အာဏာတွေ ဘုရင်ရာထူးတွေနဲ့ မက်လုံးပေးပြီး ဖျားယောင်းခဲ့ကြပါသေးတယ်။

**“အသင်အခု တရားဟောနေတာဟာ ငွေကြေးဥစ္စာ လိုချင်လို့ဆိုရင် ငါတို့ထဲက စုဆောင်းပြီး သင့်ကို လုံလောက်တဲ့ထိ ပေးမယ်။ ငါတို့ထဲမှာ မင်းကို အချမ်းသာဆုံး ဖြစ်အောင် လုပ်ပေးမယ်။ သင် အာဏာလိုချင်တယ် ဆိုရင်လည်း သင်မပါဘဲ ငါတို့ ဘယ်ကိစ္စမှ မဆုံးဖြတ်ဘူး။ သင်ဟာ အုပ်ချုပ်သူ ဖြစ်ချင်တယ်ဆိုရင်လည်း သင့်ကို ငါတို့ရဲ့ အုပ်ချုပ်သူအဖြစ် ထားမယ်။”** စသဖြင့် အာရဗ်ရုပ်ထုကိုးကွယ်သူများက တမန်တော် ဆင်းဆင်းရဲရဲနှင့် အစ္စလာမ်ကို စတင်ဟောပြောနေချိန်မှာ မက်လုံးပေးခဲ့ပါတယ်။ ဒါပေမယ့် တမန်တော်က လက်မခံခဲ့ပါဘူး။ ဒီအဖြစ်အပျက်က တမန်တော်မုဟမ္မဒ်(ﷺ)ဟာ

ငွေကြေး အာဏာတွေအပေါ်မှာ စိတ်ဝင်စားမှုမရှိဘဲ သူ့ဟောပြောနေတဲ့ ဖန်ဆင်းရှင်ရဲ့ သတင်းစကားနဲ့ ပတ်သက်ပြီး စစ်မှန်စွာ ရပ်တည်ခဲ့ကြောင်း ပြသနေပါတယ်။

## ၂။ တန်းတူညီမျှမှု

**“အို-လူသားအပေါင်းတို့၊ ဧကန်စင်စစ် ငါအရှင်သည် သင်တို့အား ယောကျ်ား တစ်ဦးနှင့် မိန်းမတစ်ဦးမှ ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် အသင်တို့ အချင်းချင်း ခွဲခြားသိမြင် မှတ်မိနိုင်ကြစေရန်အတွက် ငါအရှင်သည် သင်တို့အား လူမျိုးစုများ၊ မျိုးနွယ်များအဖြစ် ကွဲပြားသွားစေတော်မူခဲ့သည်။ ဧကန်စင်စစ် အလ္လာဟ်ထံတွင် အသင်တို့အနက် ဂုဏ်သိက္ခာ အရှိဆုံးသောသူမှာ အလ္လာဟ်ကို အကြောက်ဆုံးသူပင် ဖြစ်လေသည်။ ဧကန်စင်စစ် အလ္လာဟ်သည် အကြွင်းမဲ့ သိတော်မူသော၊ အကြွင်းမဲ့ သတင်းရှိတော်မူသော အရှင် ဖြစ်ပေသည်။” (ကုရ်အာန် ၄၉း၁၃)”**

ကုရ်အာန်က ဒီနေရာမှာ လူသားတွေရဲ့ တန်းတူညီမျှမှုကို သေသေချာချာ ပြောသွားပါတယ်။ တချို့လူတွေ၊ တချို့နိုင်ငံတွေကို သူတို့ရဲ့ချမ်းသာကြွယ်ဝမှု၊ အာဏာနှင့် လူမျိုးတို့ကြောင့် ပိုပြီး အရေးပေးတယ်ဆိုတာကို အစ္စလာမ်က ငြင်းဆိုထားပါတယ်။ ဖန်ဆင်းရှင်ဟာ လူသားတွေကို တူညီစွာ ဖန်ဆင်းခဲ့ပါတယ်။ သူတို့ရဲ့ ယုံကြည်မှုနဲ့ ဘာသာတရား ကိုင်းရှိုင်းမှုအပေါ်မှာပဲ မူတည်ပြီး အဆင့်အတန်း ခွဲခြားနိုင်ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဘဝဟာ ကုရ်အာန်မှာ လာရှိတဲ့ အဆင့်အတန်း သတ်မှတ်မှုရဲ့ လှပတဲ့ ဥပမာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ တမန်တော်သက်တမ်း တစ်လျှောက်မှာ သူဟာ လူတွေကို ကုရ်အာန်က သွန်သင်ဆုံးမတဲ့အတိုင်း နေထိုင်ကြဖို့ အကြံပြုခဲ့ပါတယ်။ တမန်တော်ရဲ့ ကျော်ကြားတဲ့ နောက်ဆုံးမိန့်ခွန်းမှာ သူဟာ လူမျိုး၊ နိုင်ငံသား မခွဲခြားဘဲ လူသားထုတစ်ရပ်လုံးကို ဘယ်လောက် ချစ်ခင်ကြောင်း ဖော်ပြနေပါတယ်။

**“အို- လူတို့၊ ကျွန်ုပ်အား အာရုံစိုက်၍ နားစွင့်ပါလေ၊ ဤနှစ်ပြီးနောက် ကျွန်ုပ်အသင်တို့နှင့် ဆုံမည်၊ မဆုံမည်ကို မပြောနိုင်သောကြောင့်ပင်။ သို့ဖြစ်၍**

**ကျွန်ုပ်ပြောသည်ကို အသေအချာနားထောင်ပြီး ယနေ့ ဤနေရာတွင် မရှိနေနိုင်သူများအား လက်ဆင့်ကမ်းပြောကြားပါလေ။ ... လူသားထုတစ်ရပ်လုံးသည် ဖခင်ကြီးအာဒမ်နှင့် မိခင်ကြီးဟောင်ဝါ (ဧဝ)တို့မှ ဆင်းသက်လာသူများဖြစ်၍ အာရဗ်သည် အာရဗ်မဟုတ်သူထက် မသာမြတ်သကဲ့သို အာရဗ်မဟုတ်သူသည်လည်း အာရဗ်ထက် မသာမြတ်ပေ။ ထိုနည်းတူစွာ လူဖြူသည် လူမည်းထက် မသာမြတ်သကဲ့သို လူမည်းသည်လည်း လူဖြူထက် မသာမြတ်ပေ။ အသာမြတ်ဆုံးသူမှာ အသျှင်မြတ်ကို ရိုကျိုး၍ ကောင်းမှုပွားသူ သာလျှင် ဖြစ်သည်။”**

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ မခွဲခြားတဲ့ စိတ်ဓာတ်က သူ့ရဲ့ နောက်လိုက်တွေကို အမျိုးသားရေး၊ လူမျိုးရေး ခွဲခြားခြင်းမှ တန်းတူညီမျှမှု လမ်းကြောင်းပေါ် တင်ပေးခဲ့ပြီး အမှောင်ထဲကနေ အလင်းထဲကို ခေါ်ဆောင်ခဲ့ပါတယ်။ အစ္စလာမ်ဟာ မှားယွင်းတဲ့ ခွဲခြားမှုတွေကို လက်မခံဘူးဆိုတာ ကမ္ဘာမှာရှိတဲ့ လူမျိုးအစုံ၊ အရောင်စုံဆီကို အစ္စလာမ်သာသနာ ပျံ့နှံ့သွားခြင်းက သက်သေပဲ ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာအဝှမ်းက လူသန်းပေါင်းများစွာ လူဖြူ၊ လူမဲ၊ အာရှတိုက်သား၊ အာဖရိကတိုက်သား၊ ဥရောပသား အားလုံးဟာ အစ္စလာမ်ဆိုတဲ့ခေါင်းစဉ်အောက်က ညီအစ်ကို၊မောင်နှမတွေ ဖြစ်နေကြ ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ လူမျိုးရေးမခွဲခြားတဲ့ စိတ်ဓာတ်ဟာ သူ့ရဲ့ တမန်တော် လုပ်ငန်းစဉ် အစမှာကတည်းက ဘိလာလ်အိဗ်နေရဗဟ်နဲ့ ရင်းနှီးမှုကိုကြည့်ပြီး သိသာ ပါတယ်။ အဆွေတော်ဘိလာလ်ဟာ ယခင်က လူမည်းကျွန်တစ်ယောက်ဘဝကနေ ဂုရာစုအာရေဗျ မွတ်စလင်မ် အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ သူဟာ တမန်တော်ရဲ့ တရားဝင် မုအဇ္ဇင်န် (လူတွေကို ဝတ်ပြုဖို့ ဖိတ်ခေါ်သူ)အဖြစ် ခန့်ထားခြင်း ခံရပါတယ်။ ဒီမြင့်မြတ်တဲ့ ရာထူးအတွက် အဆွေတော်ဘိလာလ်ကို ရွေးချယ်ခဲ့တာဟာ အစ္စလာမ့်အသိုင်းအဝိုင်းမှာ အသားအရောင်ကိုလိုက်ပြီး ခွဲခြားတာ၊ ဖယ်ချန်ထားတာ တွေကို ခွင့်မပြုဘူးဆိုတာကို တမန်တော်မုဟမ္မဒ်(ﷺ)က ပြသလိုက်တာပဲ ဖြစ်ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ လူမည်းယုံကြည်သူတွေအတွက် အတားအဆီးတွေကို

ဖယ်ရှားပေးခဲ့ပြီး တစ်ချိန်က လူ့အခွင့်အရေးနဲ့ ပတ်သတ်ပြီး အင်မတန်ညံ့ဖျင်းတဲ့ မှတ်တမ်းတွေကို အနောက်တိုင်း မြို့ပြအခွင့်အရေးလှုပ်ရှားမှုနဲ့ မာတင်လူသာကင်းတို့ မတိုင်ခင် နှစ်ပေါင်း ၁၅၀၀ နီးပါး အရင်ကတည်းက တိုက်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဗြိတိန် သမိုင်းပါမောက္ခ အာနယ်လ်ဂျေတွိုင်န်ဘီး က **"မွတ်စလင်မ်တွေ ကြားမှာလို လူမျိုးရေးခွဲခြားမှု ပပျောက်သွားတာဟာ အစ္စလာမ်ကရရှိတဲ့ အကောင်းဆုံး စာရိတ္တသင်ခန်းစာပဲ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ကမ္ဘာမှာ လူမျိုးရေးခွဲခြားမှုတွေ ဖြစ်နေပုံအရ အစ္စလာမ်ရဲ့ ဒီကောင်းမြတ်တဲ့ အလေ့အထကို ကျင့်သုံးဖို့ အင်မတန် လိုအပ်နေပြီဆိုတာကို အချက်ပြနေပါတယ်"** လို့ပြောခဲ့ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ သက်တမ်းတစ်လျှောက် သူနဲ့ သူ့ရဲ့ နောက်လိုက်တွေဟာ အဖွဲ့အစည်းများစွာနဲ့ တွေ့ကြုံပြီး အတူတကွ နေထိုင်ခဲ့ကြရပါတယ်။ ဆယ်စုနှစ် တစ်ခုလောက်ထိ မဒီနဟ်မြို့တော်မှာ မွတ်စလင်မ်တွေ၊ ဂျူးတွေ၊ ခရစ်ယာန်တွေနဲ့ ဗာဟီရဝါဒီတွေအားလုံး အတူတကွ နေထိုင်ခဲ့ကြပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ယုံကြည်မှု အမျိုးမျိုးရှိတဲ့ လူတွေကို ပေါင်းစည်းစေခဲ့ပြီး ညှိနှိုင်းမှုတွေပြုလုပ်ကာ ညီညွတ်မှုကို ခိုင်မြဲစေခဲ့ပါတယ်။ မဒီနဟ်မှာ နေထိုင်ကြတဲ့ အခြားဘာသာကိုးကွယ်သူ လူနည်းစုများရဲ့ အခွင့်အရေးအပြည့်အဝ ရရှိရေးအတွက် တမန်တော်ဟာ သမိုင်းပဋိညာဉ်စာတမ်းကို စတင်ခဲ့ပြီး ၎င်းစာတမ်းက မတူညီတဲ့အုပ်စုတွေကြား သွေးချောင်းစီးခြင်းကို ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် လူနည်းစုတွေဟာ လူမှုရေးနဲ့ ဘာသာရေး လွတ်လပ်မှုများသာမက သူတို့ရဲ့ အရေးကိစ္စများကို သူတို့ကိုယ်တိုင် စီရင်ဆုံးဖြတ်နိုင်တဲ့ အခွင့်အာဏာလည်း ပေးအပ်ထားခြင်း ခံရပါတယ်။ ပြင်ပ အနှောက်အယှက်တွေကင်းတဲ့ လွတ်လပ်တဲ့ တရားစီရင်စနစ်တွေကို တည်ထောင်ခဲ့တာဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးရာရောက်ပြီး ဘာသာရေးမပါဝင်ဘဲ အားလုံးကို တရားမျှတမှု ရရှိစေပါတယ်။ တမန်တော်ဟာ မွတ်စလင်မ်တွေကို သူတို့နဲ့ အတူတကွ နေထိုင်ကြတဲ့ အခြားဘာသာဝင်တွေကို မစော်ကားဖို့၊ မဖိနှိပ်ဖို့ အခုလို မှာကြားခဲ့ပါတယ်။ **"မှတ်ထားကြပါ၊ မွတ်စလင်မ်မဟုတ်တဲ့ လူနည်းစုပေါ် ရက်စက်သူ၊**

**သူတို့ရဲ့ အခွင့်အရေးကို လျှော့ချသူ၊ သူတို့ခံနိုင်သည်ထက်ပို၍ ဝန်ပိစေသူ၊ သူတို့စိတ်ဆန္ဒမပါဘဲ သူတို့ထံမှ တစ်စုံတစ်ရာကို ရယူသူ၊ ထိုသူကို တရားစီရင်မည့်နေ့မှာ ကျွန်ုပ်တိုင်ကြားမည်”**။ တမန်တော် ချမှတ်ခဲ့တဲ့ အခြေခံစည်းမျဉ်းတွေဟာ မွတ်စလင်မ်တွေကို အခြားဘာသာဝင်တွေနဲ့ ဘယ်လို ဆက်ဆံသင့်သလဲ ရှင်းလင်းစွာ သိမြင်စေခဲ့ပြီး ဒါဟာ ကုရ်အာန်ထဲမှာပါတဲ့ တရားမျှတမှုရဲ့ သဘောတရားပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။

**“အို- အီမာန် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် (မည်သည့်ကိစ္စမျိုး၌မဆို) တရားမျှတမှုကို ထာဝစဉ်တည်တံ့စေသူများ (တနည်း) တရားမျှတမှုအပေါ်၌ မြဲမြံစွာ တည်တံ့သူများ ဖြစ်ကြလေကုန်။ (သက်သေခံရာ၌လည်း) မိမိတို့ကိုယ်ကျိုးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ မိဘနှစ်ပါးနှင့် ဆန့်ကျင်သည်ဖြစ်စေ၊ ဆွေမျိုးနီးစပ်တို့နှင့် ဆန့်ကျင်သည်ဖြစ်စေ၊ (အသင်တို့သည်) အလ္လာဟ်အရှင်မြတ်ကိုသာ ထောက်ထား၍ (တိကျမှန်ကန်စွာ) သက်သေခံသူများပင် ဖြစ်ကြလေကုန်။ အကယ်၍ (အသင်တို့က) ဆန့်ကျင်၍ သက်သေထွက်ဆိုရမည့်သူသည် ချမ်းသာကြွယ်ဝသူပင်ဖြစ်စေ၊ ဆင်းရဲသူပင်ဖြစ်စေ (မည်သို့ပင်ဖြစ်စေကာမူ) အလ္လာဟ်အရှင်မြတ်သည် (အသင်တို့ထက်) ၎င်းတို့နှစ်ဦးလုံးနှင့် (ပို၍)အနီးစပ်ဆုံးသောအရှင် ဖြစ်တော်မူပေ၏။ သို့ဖြစ်ပေရာ အသင်တို့သည် တရားမျှတမှုမှ တိမ်းစောင်းမသွားကြရန် စိတ်၏ အလိုဆန္ဒကို မလိုက်စားကြကုန်လင့်။ ထို့ပြင် အကယ်၍ အသင်တို့သည် (သက်သေခံရာတွင်) ကွေ့ကောက်(လိမ်လည်) ပြောဆိုကြလျှင်၊ သို့မဟုတ် (သက်သေမခံဘဲ)ရှောင်တိမ်းကြလျှင် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသည်များကို အကြွင်းမဲ့ကြားသိတော်မူသောအရှင် ဖြစ်တော်မူသည်။” (ကုရ်အာန် ၄:၁၃၅)**

## ၃။ ကရုဏာထားတတ်ခြင်း နှင့် ခွင့်လွှတ်တတ်ခြင်း

**"ကောင်းမှုနှင့် မကောင်းမှုတို့သည် တူညီသည်မဟုတ်၊ အသင်သည် ပိုကောင်းသောအရာဖြင့် တုံ့ပြန်ပါလေ...။" (ကုရ်အာန် ၄၁:၃၄)**

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ၇ရာစု မှာ အာရေဗျကျွန်းဆွယ်ရဲ့ မြို့တစ်မြို့ဖြစ်တဲ့ မက္ကဟ်မြို့မှာ မွေးဖွား ကြီးပြင်းခဲ့ပါတယ်။ ထိုအချိန်က မက္ကဟ်မြို့ရဲ့ လူဦးရေအများစုက ဘုရားများစွာကို ယုံကြည်ကိုးကွယ်ကြပါတယ်။ စီအီး၆၁၀ခုနှစ်၊ တမန်တော်မုဟမ္မဒ်(ﷺ) သက်တော် ၄၀ ဝန်းကျင်မှာ ဖန်ဆင်းရှင်က သူ့ရဲ့တမန်တော်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ သူဟာ သူ့ရဲ့လူတွေကို ဖန်ဆင်းရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်ရတဲ့ ဘာသာတရားကို ကိုးကွယ်ယုံကြည်ကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အစပိုင်းမှာ၊ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ တစ်ဦးချင်း တရားဟောပြောခဲ့ပြီး သူ့ရဲ့ အစောပိုင်း နောက်လိုက်တွေဟာ တိတ်တဆိတ် စုဝေးကြပါတယ်။ နောက်ဆုံးမှာ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ရဲ့ သတင်းစကားကို လူထုထံ ကြေညာလိုက်တဲ့အခါမှာတော့ သူနဲ့ သူ့ရဲ့ အစောပိုင်းနောက်လိုက်တွေဟာ ရန်လိုတဲ့ တုံ့ပြန်မှုတွေကို ကြုံတွေ့ကြရပါတော့တယ်။ သူ့ရဲ့လူတွေကို ရုပ်တု ကိုးကွယ်ခြင်းကို စွန့်လွှတ်ကြရန် ပြောဆိုဖို့နဲ့ သူဆင်းရဲတို့နဲ့ အားနည်းသူတို့ရဲ့ အခွင့်အရေးများကို ထောက်ခံပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေပါဝင်တဲ့ သူ့ရဲ့ ဆောင်ရွက်ချက်တွေဟာ သူ့ကို မက္ကဟ်ရဲ့ ချမ်းသာပြီး အာဏာရှိတဲ့ အုပ်စုတွေနဲ့ တိုက်ခိုက်ရဖို့ မလွှဲသာမရှောင်သာ အကြောင်းဖန်လာပါတော့တယ်။ မက္ကဟ်မြို့ရဲ့ ခေါင်းဆောင်တွေဟာ သူတို့ရဲ့ ပြိုင်ဖက်ယုံကြည်မှုတစ်ခုက သူတို့ရဲ့ အာဏာစက်ကို ခြိမ်းခြောက်လာတယ်လို့ မြင်ပြီး ထိန်းထားတဲ့ ဆူပူတိုက်ခိုက်မှုတွေကို လှုံ့ဆော်ခဲ့ ပါတယ်။ ဆယ်စုနှစ်တစ်ခုကျော်အထိ မွတ်စလင်မ်တွေဟာ ရိုက်နှက်ခြင်း၊ နှိပ်စက်ခြင်း၊ ထောင်ချခြင်း အချို့မှာသတ်ခံရသည်အထိ ပြင်းထန်တဲ့ နှိပ်စက်မှုတွေကို ခံစားခဲ့ကြရတယ်။ မက္ကဟ်မြို့ရဲ့ ခေါင်းဆောင်တွေဟာ မွတ်စလင်မ်တွေနဲ့ သူတို့ရဲ့ အုပ်စုတွေကို လူမှုရေးအရရော စီးပွားရေးအရပါ လုံးဝ ဖြတ်တောက် သပိတ်မှောက်ဖို့ သဘောတူညီချက် စာချုပ်ပင် ချုပ်ဆိုခဲ့ကြပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)နဲ့ သူ့ရဲ့

နောက်လိုက်တွေဟာ အဲ့ဒီအခြေအနေတွေရဲ့ ဖိအားကြောင့် သူတို့ရဲ့ အိမ်တွေကို စွန့်ခွာပြီး မက္ကဟ်ရဲ့ မြို့အစွန်အဖျားတွေမှာ သွားရောက်အခြေချ နေထိုင်ကြရပါတယ်။ ကြမ်းတမ်းပြီး သီးနှံမဖြစ်ထွန်းတဲ့ သဲကန္တာရ လျှိုမြောင်တွေထဲမှာ အစာရေစာနဲ့ ဆေးဝါးများလည်း ဖြတ်တောက်ခံရပြီး သုံးနှစ်တိုင် ရုန်းကန် ရှင်သန်ခဲ့ကြရတယ်။ ဝမ်းနည်းခြင်းရဲ့နှစ်များလို့ ခေါ်တဲ့နှစ်မှာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဦးရီးတော် အဘူသွာလိဗ် ဆုံးပါးသွားခဲ့ပါတယ်။ အစ္စလာမ်ရဲ့ မဟာရန်သူ၊ တမန်တော်ရဲ့ အခါးသီးဆုံး ရန်သူ အဘူလဟဗ်ဟာ အဘူသွာလိဗ်ရဲ့ ခေါင်းဆောင်ရာထူးကို အစားထိုး ဝင်ရောက်လိုက်ပါတယ်။ အစောပိုင်း မွတ်စလင်မ်အဖွဲ့အစည်းကို နှိပ်စက်မှုတွေဟာ စီအီး၆၂၂ခုနှစ်နောက်ပိုင်းမှာ ပိုပြီး ဆိုးလာခဲ့ပါတယ်။ ဆယ်စုနှစ်တစ်ခုနဲ့ တစ်ဝက်ကြာ လောက် ခံစားရပြီးတဲ့နောက်မှာ တမန်တော်မုဟမ္မဒ်(ﷺ)နဲ့ သူ့ရဲ့ နောက်လိုက်တွေဟာ ရန်သူတို့ရဲ့ နှိပ်စက်မှုတွေကနေ လွတ်ကင်းဖို့ မွေးရပ်မြေမက္ကဟ်မြို့တော်ကို စွန့်ခွာခဲ့ကြရပါတော့တယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေ၊ ဥစ္စာပစ္စည်းတွေကိုလည်း ချန်ရစ်ထားခဲ့ရပြီး ရန်သူတွေက သိမ်းယူလိုက်ကြပါတယ်။

သူတို့ဟာ မဒီနဟ်မြို့တော်ကို ဘေးကင်းစွာ ရောက်ရှိခဲ့ကြပါတယ်။ ထိုမြို့မှာ အစောပိုင်းမွတ်စလင်မ်တို့ ပြန်လည် ပေါင်းစည်းခဲ့ကြပြီး နောက်ဆုံးမှာ ကြီးပွားတိုးတက်လာခဲ့ကြပါတယ်။ ရန်သူတွေရဲ့ နှိပ်စက်မှုကလည်း နောက်ဆုံးမှာ အဆုံးသတ်သွားရပါတယ်။ နောက်ထပ် ဆယ်နှစ်အတွင်းမှာတော့ မက္ကဟ်ရဲ့အုပ်စုတွေက မွတ်စလင်မ်တွေကို စစ်ပွဲများစွာ တိုက်ခိုက်ခဲ့ပါတယ်။ စီအီး ၆၂၉ ခုနှစ်မှာ မက္ကဟ်မြို့သားတွေဟာ မွတ်စလင်မ်တွေနဲ့ နှစ်ဖက်သဘောတူ ငြိမ်းချမ်းရေး စာချုပ်တစ်ခုကို ချိုးဖောက်ခဲ့ပါတယ်။ အဲ့ဒီအခါ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ စစ်သည်တော် တစ်သောင်းပါဝင်တဲ့ မွတ်စလင်မ်တပ်ကို ဦးဆောင်ကာ စွန့်ခွာထားရစ်ခဲ့ရတဲ့ မွေးရပ်မြို့တော် မက္ကဟ်ကို ဆယ်စုနှစ်တစ်ခုအကြာမှာ အောင်မြင်စွာ ပြန်လည်သိမ်းယူနိုင်ခဲ့ပါတယ်။ ဒီသမိုင်းဝင်ဖြစ်ရပ်ဟာ မက္ကဟ်ကို အောင်နိုင်ခြင်းလို့ အမည်ရပါတယ်။ မက္ကဟ်ကို မဝင်ရောက်မီ တမန်တော်မုဟမ္မဒ်(ﷺ)က သူ့ရဲ့တပ်သားတွေကို သူတို့ကိုအရင် ဓားဆွဲတိုက်ခိုက်လာသူကိုပဲ ပြန်လည်တိုက်ခိုက်ဖို့

မှာကြားခဲ့ပါတယ်။ သူတို့ကို မက္ကဟ်မြို့သားတွေရဲ့ ရွှေ့လိုရတဲ့ ပစ္စည်းရော၊ ရွှေ့လို့မရတဲ့ ပစ္စည်းရောကို မထိကြဖို့၊ ဘာကိုမှ မဖျက်ဆီးဖို့လည်း မှာကြားခဲ့ပါတယ်။

မွတ်စလင်မ်တပ်တွေဟာ မြို့ထဲကို ငြိမ်းချမ်းစွာ ဝင်ရောက်ခဲ့ပါတယ်။ ဘယ်အိမ်မှ ခံပြတိုက်ခြင်း မခံခဲ့ရသလို ဘယ်အမျိုးသား၊ အမျိုးသမီးတစ်ယောက်မှလည်း အန္တရာယ် မပြုခံခဲ့ရပါဘူး။ ၎င်းနောက် တမန်တော်ဟာ သူတို့ကိုဘာလုပ်မလဲ ကြောက်ရွံ့ ထိန့်လန့်နေတဲ့ ရှုံးနိမ့်သူတွေရဲ့ အရှေ့ကို သွားခဲ့တယ်။ မက္ကဟ်မြို့သားတွေဟာ ထိန့်လန့်နေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အာရဗ်တွေဟာ လက်တုန့်ပြန်လေ့ ရှိကြတယ်။ သူတို့ရဲ့ဓလေ့က လက်စားချေ သတ်ဖြတ်လေ့ ရှိကြတယ်။ သူတို့ထဲက အများစုဟာ အာရဗ်တို့ရဲ့ ထုံးစံအတိုင်း တမန်တော်ဟာ အပြစ်ပေးမှုတစ်ခုခု လုပ်တော့မယ်လို့ မျှော်လင့်နေကြတယ်။ ပြီးတော့ တမန်တော်မုဟမ္မဒ်(ﷺ)ထံမှာ အပြစ် ပေးနိုင်တဲ့ အခွင့်အာဏာလည်း ရှိနေခဲ့တယ်။ သို့ပေမယ့် အပြစ်ပေးမယ့်အစား တမန်တော်မုဟမ္မဒ်(ﷺ)ဟာ မက္ကဟ်မြို့သူမြို့သား အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တယ်။ သူတို့ကိုပြောခဲ့တယ် **"သင်တို့ကို ကျွန်ုပ် ဘာလုပ်သင့်သလဲ?" အဲဒီအခါသူတို့က "ကောင်းတာသာ လုပ်ပါ၊ သင်ဟာ ရက်ရောတဲ့ ညီအစ်ကိုဖြစ်ပြီး ရက်ရောတဲ့ ညီအစ်ကိုရဲ့ သားတော်ဖြစ်တယ်" လို့ပြောကြပါတယ်။ အဲဒီအခါ ဖန်ဆင်းရှင်ရဲ့ တမန်တော်က သူတို့ကို "သွားကြကုန်၊ သင်တို့ကို လွတ်လပ်ခွင့် ပေးလိုက်ပြီ"**လို့ ပြောခဲ့ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူနဲ့သူ့ရဲ့ အပေါင်းအပါ တွေကို နှစ်ပေါင်းများစွာ နှိပ်စက်ခဲ့တဲ့ သူတွေအားလုံးကို လက်စားခြေလိုက်လို့ ရပါတယ်။ သို့ပေမယ့် သူတို့ကို ခွင့်လွှတ်ပေးခဲ့ပြီး ကုရ်အာန်ရဲ့ ကျမ်းစာပိုဒ်ကို ရွတ်ဖတ်နေခဲ့ပါတယ် **"ယနေ့ သင်တို့အပေါ် မည်သည့် အပြစ်တင်မှုမျှ မရှိတော့ပြီ။ အလ္လာဟ်သည် အသင်တို့အား ခွင့်လွှတ် ချမ်းသာပေးတော်မူပါစေ။ အရှင်မြတ်သည် သနားကြင်နာသူ အပေါင်းတို့တွင် အသနားအကြင်နာဆုံး အရှင်ဖြစ်သည်။"( ကုရ်အာန် ၁၂:၉၂)**

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ မိမိအရေးကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ လက်စားမချေခဲ့ပါဘူး။ ပြီးတော့ သူ့ရဲ့ရန်သူတွေကိုတောင် ခွင့်လွှတ်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အားနည်းနေတဲ့အချိန် တခြားရွေးချယ်စရာမရှိတဲ့ အခြေအနေမှာ ခွင့်လွှတ်နိုင်ပေမယ့် ကျွန်တော်တို့အပေါ် ရက်စက်ခဲ့တဲ့ ရန်သူတွေ၊ ဖိနှိပ်သူတွေထက် အသာစီးရပြီး လက်စားချေ တုန့်ပြန်နိုင်တဲ့အချိန်မှာ ခွင့်လွှတ်ဖို့က အင်မတန် ခက်ခဲပါတယ်။ ဒါဟာ ရန်သူတွေရဲ့ နှလုံးသားထဲက အမုန်းတရားကို ချစ်ခင်မှုအဖြစ် ပြောင်းလဲပေးနိုင်တဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ လှပတဲ့ အရည်အချင်းများစွာထဲက တစ်ခုပဲ ဖြစ်ပါတယ်။

သမိုင်းရှုထောင့်က ကြည့်မယ်ဆိုရင် အဲဒီအချိန်က ဘုရင်တွေနဲ့ စစ်တပ်တွေရဲ့ အပြုအမူအရ သွေးချောင်းစီးတဲ့ အောင်နိုင်မှုတစ်ခု ဖြစ်နေရင်လည်း မထူးဆန်းပါဘူး။ နှစ်ပေါင်းခြောက်ရာ ကြာပြီးနောက် မွန်ဂိုတပ်တွေ မွတ်စလင်မ်တို့ရဲ့မြို့တော် ဘဂ်ဒဒ်မြို့ကို အောင်နိုင်တဲ့အခါ တစ်ပတ်တိတိ လုယက်တိုက်ခိုက်မှုတွေ ဖျက်ဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မွန်ဂိုတွေဟာ နန်းတော်တွေ၊ ဆေးရုံတွေနဲ့ စာကြည့်တိုက်တွေကို ဖျက်ဆီးပစ်ခဲ့ကြတယ်။ ဆေးပညာကအစ နက္ခတ်ပညာရပ်အဆုံး အမျိုးမျိုးသော ဘာသာရပ်တွေရဲ့ အဖိုးတန်လှတဲ့ သမိုင်းဝင် အချက်အလက်တွေ၊ စာအုပ်တွေ မရေမတွက်နိုင်လောက်အောင်ရှိတဲ့ ဘဂ်ဒဒ်မြို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စာကြည့်တိုက်ကြီး ကိုလည်း ဖျက်ဆီးပစ်ခဲ့ကြတယ်။ သမိုင်းမှတ်တမ်းအရ တိုက်ဂရစ်မြစ်ထဲကို ပစ်ချခံရတဲ့ စာအုပ်အရေအတွက်ဟာ အင်မတန် များပြားတာကြောင့် မြစ်ရဲ့ ရေတွေဟာ အနက်ရောင်ကို ပြောင်းလဲသွားခဲ့တယ်။ မြို့သားတွေဟာ ထွက်ပြေးဖို့ကြိုးစားခဲ့ကြပေမယ့် မွန်ဂိုစစ်သားတွေရဲ့ ပိတ်ဆို့မှုကိုခံရပြီး အများအပြား သတ်ဖြတ်ခံခဲ့ကြရပါတယ်။ အမျိုးသမီးနဲ့ ကလေးတွေကိုတောင် ချမ်းသာမပေးခဲ့ကြပါဘူး။ ခန့်မှန်းခြေအရ လူ ၉၀,၀၀၀ခန့် သေဆုံးခဲ့ကြရပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ခွင့်လွှတ်မှုဟာ သွေးချောင်းစီးတဲ့ အောင်နိုင်မှုတွေနဲ့ ပြည့်နေခဲ့တဲ့ လူ့သမိုင်းမှာ ရှားပါးတဲ့ ဥပမာ ဖြစ်ခဲ့တယ်။ သူဟာ ကုရ်အာန်ရဲ့ အဓိက အဆုံးအမတွေဖြစ်တဲ့ ကရုဏာတရားနဲ့ ခွင့်လွှတ်မှုရဲ့ သက်ရှိပြယုဂ်တစ်ခု ဖြစ်တာနဲ့အညီ ဒီလိုပြုမူခဲ့တာဟာ အဆန်းတော့ မဟုတ်ပါဘူး။

## ၄။ စိတ်ရှည်သည်းခံမှု နှင့် နူးညံ့သိမ်မွေ့မှု

**"မုချကေန် အလ္လာဟ်သည် ကြံ့ကြံ့ခံ ရပ်တည်ကြသူများနှင့်အတူ ရှိတော်မူသည်။" (ကုရ်အာန် ၂:၁၅၃)**

ကျွန်တော်တို့ ဒီအထိဖတ်ရှုခဲ့ပြီးတဲ့ တမန်တော်ရဲ့ ကိုယ်ကျင့်တရားတွေက လူအများရှေ့မှာ ဖြစ်ပျက်ခဲ့တာတွေ ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်စရိုက်ကို အကဲခတ်ဖို့ အကောင်းဆုံးနည်းလမ်းက သူ့နဲ့ ရင်းနှီးတဲ့ သူတွေအပေါ် ဆက်ဆံတဲ့ပုံစံကို ကြည့်ခြင်း ဖြစ်ပါတယ်။ လူတွေ စောင့်ကြည့်နေတဲ့ရှေ့မှာ လူကောင်းတစ်ယောက် ဖြစ်ပြရတာ လွယ်ကူပေမယ့် သင့်ရဲ့ ပင်ကိုယ်စရိုက်အမှန်ကို သင့်မိသားစုနဲ့ သင်ထောက်ပံ့နေရတဲ့ လက်အောက်ငယ်သားတွေကို ဆက်ဆံတဲ့ပုံစံက ပြသနေပါတယ်။ အနတ်စ်အိဗ်နေမာလစ်က်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ကိုယ်ကျင့်စရိုက်ကို အနီးကပ် တွေ့မြင်ခဲ့ရသူ ဖြစ်ပါတယ်။ သူဟာ ငယ်စဉ် ကလေးဘဝကတည်းက တမန်တော်ရဲ့ ဝေယျာဝစ္စတွေကို ပြုလုပ်ပေးခဲ့သူ ဖြစ်ပါတယ်။ **"ကျွန်ုပ် တမန်တော်မြတ်ကို ဆယ်နှစ်တိုင် ပြုစုခဲ့ပါတယ်။ ကျွန်ုပ်သူနဲ့အတူ ၁၀နှစ် နေထိုင်ခဲ့တဲ့အတွင်း သူဟာ ကျွန်ုပ်ကို တစ်ကြိမ်တစ်ခါမျှပင် ပြစ်တင်မောင်းမဲခြင်း မပြုခဲ့ပါဘူး။ သူ့ရဲ့ နှုတ်တော်ကနေ "အွဖ်" ဆိုတဲ့ စကားလုံးတောင် မထွက်ခဲ့ပါဘူး။ ကျွန်ုပ်ကို "ဒါကိုဘာကြောင့်လုပ်လဲ?" "ဒါကိုဘာကြောင့်မလုပ်သလဲ?" လို့လည်း ဘယ်တော့မှ မမေးခဲ့ပါဘူး။"** အနတ်စ်က သူဟာ တမန်တော့်ကို ဆယ်နှစ်ကြာပြုစုခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။ သူဟာ တမန်တော့်နားမှာ နေ့အစကနေ နေ့အဆုံးထိ တမန်တော် ခရီးထွက်တဲ့ အခါမှာရော အိမ်မှာ ရှိနေတဲ့အခါမှာပါ အတူရှိနေခဲ့ပါတယ်။ "အွဖ်"ဆိုတဲ့ စကားလုံးက စိတ်တို စိတ်ရှုပ်မှုကို ဖော်ပြတဲ့ အရဗီစကားလုံး ဖြစ်ပါတယ်။ ဒီနေရာမှာ အနတ်စ် ပြောပြပုံအရ ဆယ်နှစ်လုံး တမန်တော်က အွဖ်လို့ ရေရွတ်တာတောင် သူမကြားခဲ့ဖူးဘူးလို့ ဆိုပါတယ်။ ဒီစကားလုံးဟာ ဒေါသထွက်တာတောင် မဟုတ်သေးပါဘူး။ စိတ်မရှည်တဲ့အခါ၊ စိတ်ရှုပ်တဲ့အခါ ဖော်ပြတဲ့ အနိမ့်ဆုံး စကားလုံးလေးပါပဲ။ ဒါဟာမလွယ်ပါဘူး။ အထူးသဖြင့်

ငယ်ရွယ်တဲ့ ကလေးတွေဟာ အားအင်ပြည့်နေတတ်ပြီး ကိုယ်ကိုယ်ကို မထိန်းချုပ်နိုင်တာကြောင့် သူတို့အပေါ် စိတ်ရှည်သည်းခံဖို့ ဘယ်လောက်ခက်ခဲလဲ မိဘတွေ သိမှာပါ။

## နိဂုံး

သမိုင်းဆရာတွေ၊ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ မိတ်ဆွေတွေ တမန်တော်မုဟမ္မဒ်(ﷺ) အကြောင်း ရေးသားထားတဲ့ စာပေတွေဟာ အခြားသမိုင်းထဲက လူတွေအားလုံးရဲ့ အကြောင်းထက် ပိုပြီးတော့ များပါတယ်။ သို့ပေမယ့် သူ့ရဲ့ မွန်မြတ်လှတဲ့ အကျင့်စာရိတ္တကို ဖော်ပြဖို့အတွက် လုံလောက်တဲ့ စကားလုံးမရှိပါဘူး။ ကုရ်အာန်ရဲ့ ထိန်းသိမ်းခံထားရမှု နဲ့ ဟဒီးဆ်တွေရဲ့ ကျေးဇူးကြောင့် ဖန်ဆင်းရှင် ချမှတ်ထားတဲ့ အဖက်ဖက်က ပြည့်စုံပြီး လက်တွေ့ကျတဲ့ ဘဝနေထိုင်နည်းကို လိုက်နာနိုင်တဲ့ ဥပမာကို ကျွန်တော်တို့ သိရှိခွင့်ရတာ ဖြစ်ပါတယ်။ **”အသင်တို့အနက် အလ္လာဟ်နှင့် နောင်တမလွန်ကို မျှော်လင့်၍ အလ္လာဟ်ကို များစွာ သတိရတသသောသူအတွက် အလ္လာဟ့်တမန်တော်တွင် ကောင်းသော စံနမူနာ ရှိပေသည်။” (ကုရ်အာန် ၃၃:၂၁)**

နောက်လာမယ့် အခန်းမှာ ကုရ်အာန်ရဲ့ ပြောင်းလဲနိုင်စွမ်းဟာ တမန်တော်မုဟမ္မဒ် အတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ သူ့ရဲ့ အဆွေတော်တွေကပါ ဒီတန်ဖိုးတွေရဲ့ ပြယုဂ်ဖြစ်ခဲ့ပြီး အာရေဗျသာမက ကမ္ဘာတစ်ခုလုံးကိုပါ ကောင်းမွန်တိုးတက် ပြောင်းလဲလာစေခဲ့တာကို တွေ့နိုင်ပါတယ်။

**“ငါအရှင်သည် သင်(မုဟမ္မဒ်)ကို ကမ္ဘာသူ ကမ္ဘာသားတို့အဖို့ ကရုဏာတော် အဖြစ်နှင့်သာ စေလွှတ်တော် မူခဲ့ပေသည်။” (ကုရ်အာန် ၂၁:၁၀၇)**

# လူ့အသိုင်းအဝိုင်းအပေါ်အကျိုးသက်ရောက်မှု

အစ္စလာမ်မထွန်းကားမီက ကမ္ဘာကြီးဟာ ဖိနှိပ်မှုတွေ၊ မတရားမှုတွေနဲ့ ပြည့်နေခဲ့တယ်။ အစ္စလာမ်မတိုင်မီ အာရေဗျဟာ နေထိုင်ဖို့ ကြောက်မက်ဖွယ်ကောင်းတဲ့နေရာဖြစ်ခဲ့ပါတယ်။ အာရဗ်တွေဟာ စာရိတ္တပျက်ပြား နေခဲ့ကြတယ်။ ကျွန်ပြုခြင်းကို စီးပွားရေးသဖွယ် လုပ်ကိုင်ခဲ့ကြတယ်။ အမျိုးသား၊ အမျိုးသမီး၊ ကျွန်၊ကျွန်မ များကို တိရစ္ဆာန်သဖွယ် အရောင်းအဝယ် ပြုလုပ်ကြတယ်။ သူတို့ဟာ အာရေဗျအသိုင်းအဝိုင်းရဲ့ အနိမ့်ကျဆုံး လူတန်းစားတစ်ရပ် ဖြစ်ခဲ့တယ်။ စာပေမတတ်ခြင်း၊ အရက်သေစာသောက်စားခြင်းနဲ့ ကာမေသုမိစ္ဆာစာရမှုတို့ဟာ အာရဗ်တွေကြားမှာ ပုံမှန်လိုပဲ ဖြစ်ပျက်နေခဲ့ပါတယ်။ ငွေကြေးနဲ့ အာဏာရှိသူများဟာ သူဆင်းရဲများအပေါ် အတိုး၁၀၀ရာခိုင်နှုန်းနဲ့ ငွေချေးပြီး ခေါင်းပုံဖြတ်ကြတယ်။ အာရေဗျဟာ အမျိုးသားတွေ အုပ်စိုးတဲ့ အသိုင်းအဝိုင်းဖြစ်နေခဲ့တယ်။ ယောက်ျားတွေဟာ မိန်းမအကန့်အသတ်မရှိ ယူလို့ရခဲ့တယ်။ ယောက်ျားတစ်ယောက် သေဆုံးသွားတဲ့အခါ သူ့ရဲ့သားက သူ့အမေကလွဲပြီး သူ့အဖေရဲ့ ကျန်တဲ့မိန်းမတွေကို အမွေရပါတယ်။ အမျိုးသမီးတွေဟာ တရားဝင် အဆင့်အတန်း၊ ပြောရေးဆိုခွင့် မရှိသလောက်ပါပဲ။ သူတို့မှာ ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့်လည်း မရှိတဲ့အပြင် အမွေလည်း ရရှိခံစားခွင့် မရှိပါဘူး။ သမီးမိန်းကလေးမွေးလာရင် မွေးမွေးချင်း သတ်ပြစ်တာ၊ အရှင်လတ်လတ် မြေမြှုပ်ပြစ်တာတွေ လုပ်ခဲ့ကြတယ်။ အုပ်စုတစ်စုနဲ့ တစ်စုကြား သွေးချောင်းစီးမှုတွေဟာ ပုံမှန်လိုဖြစ်နေခဲ့ပြီး တစ်ခါရန်ဖြစ်ရင် နောက်မျိုးဆက်တွေအထိ ကြာတတ်ပါတယ်။ ဥပမာ-အုပ်စုတစ်စုက တစ်ခြားတစ်စုရဲ့ ကုလားအုတ်ကို သတ်လိုက်တာကနေ ဆိုးရွားတဲ့စစ်ပွဲတစ်ခု စတင်လာပြီး အဲဒီစစ်ပွဲဟာ နှစ်ဖက်လုံးမှာ လူပေါင်းများစွာ သေဆုံးစေပြီး နှစ်၄၀လောက် ကြာပါတယ်။ အစ္စလာမ် မထွန်းကားမီ အာရဗ်သမိုင်းမှာ အဲဒီခေတ်ကို ဘာကြောင့် အမှောင်ခေတ်လို့ ခေါ်သလဲ မိတ်ဆွေ နားလည်လောက်ပြီ ဖြစ်မှာပါ။

ဒီလို လူ့အသိုင်းအဝိုင်းကို ပြန်လည်ထူထောင်ဖို့ တော်တော် မလွယ်ကူလှပါဘူး။ လူတစ်ယောက်ကိုတောင် ဒီလို လူမှုရေးညံ့ဖျင်းမှုတွေကနေ ပြုပြင်ဖို့ ဘယ်လောက်ကြာမလဲ? တစ်သက်လုံးလား? ဒါမှမဟုတ် မျိုးဆက် လေးငါးခုအထိလား? ဒါဟာ မဖြစ်နိုင်ဘူးလို့တောင် ထင်ရနိုင်ပါတယ်။ ဥပမာအနေနဲ့ ပြဖို့အတွက် သိပ်မကြာသေးတဲ့ အနောက်တိုင်းရဲ့ သမိုင်းမှာ သူတို့လဲ လူမှုရေးအရ မကောင်းတဲ့ အရက်သေစာ သောက်စားမှုကို အဆုံးသတ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ၁၉၂၀ခုနှစ်မှာ အမေရိကန်အစိုးရက စာရိတ္တရေးရာနဲ့ ကျန်းမာရေး အကြောင်းပြချက်များနဲ့ ပြည်နယ်တဝှမ်း အရက်ရောင်းချမှု၊ သယ်ပို့မှု၊ ထုတ်လုပ်မှု၊ တင်သွင်းမှု အားလုံးကို ပိတ်ပင်လိုက်ပါတယ်။ အဲ့ဒီခေတ်ကို တားမြစ်တဲ့ခေတ်လို့ ခေါ်ကြပါတယ်။ အစပိုင်းမှာ အရက်သောက်နှုန်းဟာ ကျသွားခဲ့ပေမယ့် နောက်ဆက်တွဲအနေနဲ့ ပြန်တိုးလာခဲ့ပြီး အကျင့်ပျက်ခြစားခြင်းနဲ့ အုပ်စုဖွဲ့ ရာဇဝတ်မှု ကျူးလွန်ခြင်း စတဲ့ အခြားပြဿနာတွေပါ ဖြစ်လာခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်မှာ အဲ့ဒီဥပဒေကို ရုတ်သိမ်းခဲ့ပါတယ်။ ကမ္ဘာ့အာဏာအရှိဆုံး အစိုးရအဖွဲ့က ဒီလို လူမှုရေးညံ့ဖျင်းမှု တစ်ခုလေးကိုတောင် ပြင်ဆင်ဖို့ မတတ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါဆိုရင် ကုရ်အာန်ရဲ့လွှမ်းမိုးနိုင်မှုကို တွေးကြည့်လို့ရပါတယ်။ ကုရ်အာန်ဟာ အရက်သေစာ သောက်စားခြင်းသာမက အာရေဗျ လူ့အဖွဲ့အစည်းရဲ့ အခြားသော လူမှုရေးညံ့ဖျင်းမှု အားလုံးကို မျိုးဆက်တစ်ခုထဲမှာတင် ပြုပြင်ပြောင်းလဲနိုင်ခဲ့ပါတယ်။ ၂၃နှစ်ပဲ ကြာခဲ့ပါတယ်။ ဒါဟာကမ္ဘာမှာ တစ်ခါမှမဖြစ်ခဲ့ဖူးတဲ့ တိုးတက်ပြောင်းလဲခဲ့မှုပဲ ဖြစ်ပါတယ်။

အာရေဗျရဲ့ လူမှုရေးညံ့ဖျင်းမှုတွေဟာ သူတို့အသိုင်းအဝိုင်းရဲ့ အုပ်စုတွေရဲ့ အကျင့်စရိုက်ကြောင့် ပြီးတော့ အာရဗ်တွေနေထိုင်တဲ့ ကြမ်းတမ်းတဲ့ကန္တာရ ပတ်ဝန်းကျင်ကြောင့် ဖြစ်မယ်လို့ တွေးမိပါလိမ့်မယ်။ သို့ပေမယ့် ထိုအချိန်က အင်အားကြီးနိုင်ငံတွေဖြစ်ကြတဲ့ ဘီဇန်တီးန်နဲ့ ပါရှားအင်ပါယာတွေတောင် မတရားဖိနှိပ်တဲ့ အသိုင်းအဝိုင်းတွေဖြစ်နေခဲ့တာပါပဲ။ တမန်တော်မုဟမ္မဒ်(ﷺ)နဲ့ ခေတ်ပြိုင် ကက်သလစ်ချာ့ချ်ရဲ့ ခေါင်းဆောင် ပုပ်ရဟန်းမင်းကြီး ဂရီဂေါရီ-၁ (Pope Gregory I) က ပြောခဲ့ပါတယ်။

**"ဘာများရှိသေးလဲ? ကျွန်တော်မေးသည်မှာ... ဒီလောကရဲ့ ပျော်ရွှင်ဖွယ်။ ကျွန်တော်တို့ ခိုက်ရန်ဖြစ်ပွားမှုတွေကို နေရာတိုင်းမှာ တွေ့နေရတယ်။ ကွင်းပြင်တွေမှာ လူတွေလျော့နည်းသွားခဲ့ပြီ။ မြေပြင်ဟာ ပြန်လည်ပြီး အထီးကျန် ခြောက်သွေ့သွားခဲ့ပြီ။ သို့တိုင်အောင် တရားမျှတမှုအတွက် ထိုးနှက်ချက်တွေဟာ အဆုံးမရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီထိုးနှက်ချက်တွေထဲမှာ မကောင်းမှုတွေအတွက် အပြစ်ရှိတဲ့ သူတွေဟာ လမ်းမှန်ကို မရောက်လာဘူး။ "**

ပုပ်ရဟန်းမင်းကြီး ဂရီဂေါ်ရီက ဂျာမန်လံဘာတ်တွေရဲ့ ဖိနှပ်မှု၊ နှိပ်စက်မှုတွေကို သူခံနေရတာကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။ သူဟာ သူ့ကမ္ဘာကြီး၊ သူနေထိုင်ရာ ရောမမြို့တော်ကြီးရဲ့ သနားစရာအခြေအနေကို ညည်းတွားနေတာ ဖြစ်ပါတယ်။ ဝမ်းနည်းကြေကွဲနေခဲ့တာ ပုပ်ရဟန်းမင်းကြီး တစ်ယောက်တည်း မဟုတ်ခဲ့ပါဘူး။ ကမ္ဘာကြီးရဲ့ အသိုင်းအဝိုင်းတိုင်းနီးပါးဟာ မတရားမှုတွေ ဖိနှိပ်မှုတွေကို အနည်းနဲ့အများ ခံစားနေခဲ့ကြရပါတယ်။ ဆီရီးယားက အော်သိုဒေါက်စ်ခရစ်ယာန်တွေဟာ သူတို့ကို အုပ်ချုပ်နေတဲ့ ဘီဇန်တီးန်ချာချ်နဲ့ မတူကွဲပြားနေတာကြောင့် အပြင်းအထန် ဖိစီးနှိပ်စက်ခံနေခဲ့ကြရပါတယ်။ အီဂျစ်ကော့ပ်တစ်ချာ့ချ်ဟာလည်း ဘီဇန်တီးန်တွေရဲ့ ဖိနှိပ်မှုကိုခံရပါတယ်။ ဂျူးတွေဟာ စပိန်ကက်သလစ်ချာ့ချ်ရဲ့ လက်ထဲမှာ လူမျိုးတုန်းတော့မယ့် နှုတ်ခမ်းဝကို ရောက်ရှိနေခဲ့ပါတယ်။ ဒီလိုအခြေအနေတွေမှာ ကုရ်အာန်ကျမ်းမြတ်ဟာ ကျရောက်လာခဲ့ပြီး အာရေဗျတင်မက ကမ္ဘာကြီးတစ်ခုလုံးကို ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ ကုရ်အာန်ကျမ်း ကျရောက်လာခဲ့ရတဲ့ အကြောင်းရင်းတွေထဲက တစ်ခုကတော့ လူသားမျိုးနွယ်ကို အကျင့်ပျက်ခြစားနေတဲ့ အခြေအနေကနေ ကယ်တင်ဖို့ပဲ ဖြစ်ပါတယ်။ ကုရ်အာန်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

**"ဤသည် သင့်ထံသို့ ငါအရှင်ချပေးတော်မူသော ကျမ်းမြတ်ဖြစ်သည်။ ချပေးရခြင်း အကြောင်းမှာ သင်သည် လူတို့အား သူတို့၏ ဖန်ဆင်းမွေးမြူရှင်၏ အမိန့်တော်ဖြင့် အမှောင်ထုများမှ အလင်းဆီသို့၊ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော၊ ချီးမွမ်းဖွယ်**

**ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်မြတ်၏လမ်းတော်သို့ ဆောင်ကြဉ်းရန် အတွက် ဖြစ်လေသည်။" (ကုရ်အာန် ၁၄:၁)**

တရားမျှတမှုနဲ့ ငြိမ်းချမ်းခြင်းတွေဟာ အာရဗ်တွေအပေါ်သာ ကျရောက်ခဲ့တာ မဟုတ်ဘဲ ကမ္ဘာကြီးတစ်ခုလုံးဟာ ဖန်ဆင်းရှင်ထံမှ ကောင်းချီးမေတ္တာရဲ့ အသီးအပွင့်တွေကို ခံစားခဲ့ကြရပါတယ်။ အစ္စလာမ်ရဲ့ လူမှုစနစ်ကနေ ထွက်ပေါ်လာတဲ့ တရားမျှတမှုနဲ့ ငြိမ်းချမ်းမှုတွေဟာ လူ့သမိုင်းမှာ အယဉ်ကျေးဆုံး အတိုးတက်ဆုံး အသိုင်းအဝိုင်းအချို့ကို မွေးထုတ်ပေးခဲ့ပါတယ်။

## ကုရ်အာန်က ကမ္ဘာကြီးကို တရားမျှတမှု ဘယ်လိုယူလာခဲ့ပါသလဲ?

ကုရ်အာန်နဲ့ အစောပိုင်းမွတ်စလင်မ်တွေဟာ လူ့အသိုင်းအဝိုင်းကို ဘယ်လိုများ ပြုပြင် ပြောင်းလဲခဲ့ကြသလဲ? ဒါဟာ တမန်တော်မုဟမ္မဒ်(ﷺ)ခေတ်က ဂျအ်ဖရ်ဗင်န်အဘီသွာလစ်ဗ်ရဲ့ လျှောက်လဲချက်ပဲ ဖြစ်ပါတယ်။ ဒီမှာသူဟာ အဘီဆီးနီးယားရဲ့ ဘုရင်ထံကို လူတွေရဲ့ အခြေအနေနဲ့ အစ္စလာမ်ရဲ့ အကောင်းဖက်ကို ဦးတည်တဲ့ ပြောင်းလဲမှုတွေကို အကျိုးအကြောင်း တင်ပြခဲ့တာ ဖြစ်ပါတယ်။

**"အို ဘုရင်မင်းမြတ်၊ ကျွန်တော်တို့ဟာ မယဉ်ကျေးတဲ့ လူတွေ ဖြစ်နေခဲ့ပါတယ်။ ရုပ်တုတွေကိုးကွယ်တယ်။ အသေကောင်တွေကို စားသောက်တယ်။ စက်ဆုပ်ဖွယ်အမှုတွေကို ကျူးလွန်ကြတယ်။ မိသားစု နှောင်ကြိုးတွေကို ဖြတ်ပြစ်ကြတယ်။ ဧည့်သည်တွေကို ဆိုးရွားစွာဆက်ဆံကြတယ်။ ပြီးတော့ ကျွန်တော်တို့ထဲက အင်အားကြီးသူတွေဟာ အားနည်းသူတွေကို ဖျက်ဆီးကြတယ်။ ဒါတွေဟာ ဖန်ဆင်းရှင်က ကျွန်တော်တို့ထံ တမန်တော်တစ်ပါး မစေလွှတ်မီအထိ ဖြစ်ပျက်နေခဲ့တယ်။ ၎င်းတမန်တော်ဟာ မှန်ကန်တဲ့၊ ယုံကြည်ထိုက်တဲ့၊ ကရုဏာထားတဲ့ ကျွန်တော်တို့သိတဲ့ အမျိုးအနွယ်က ဖြစ်တယ်။ သူဟာ ကျွန်တော်တို့ကို ဖန်ဆင်းရှင်တစ်ပါးတည်းသာရှိကြောင်း၊ ကျွန်တော်တို့ ဘိုးဘွားတွေ ကိုးကွယ်လာခဲ့ကြတဲ့ ကျောက်တုံးတွေ၊ ရုပ်တုတွေကို စွန့်လွှတ်ပြီး**

**ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ ကိုးကွယ်သင့်ကြောင်း ဖိတ်ခေါ်ခဲ့ပါတယ်။ သူဟာ အမှန်တရားကိုသာပြောဖို့၊ ဆွေမျိုးတော်စပ်မှု၊ ချည်နှောင်မှုတွေကို အလေးထားပြီး ကြင်နာဆွေးထွေးတတ်ဖို့၊ ရာဇဝတ်မှုတွေ၊ သွေးချောင်းစီးမှုတွေကနေ ရှောင်ကြဉ်ဖို့ မိန့်ကြားခဲ့ပါတယ်။ စက်ဆုပ်ဖွယ်အမှုကိစ္စများကျူးလွန်မှု၊ လိမ်လည်ပြောဆိုမှု၊ မိဘမဲ့ ကလေးများရဲ့ ပစ္စည်းကိုမတရားယူမှု၊ အမျိုးသမီးများကို ဂုဏ်သိက္ခာကျဆင်းစေမှု စတာတွေကနေ ကျွန်တော်တို့ကို တားမြစ်ခဲ့ပါတယ်။ ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ ကိုးကွယ်ပြီး အခြားမည်သူနှင့်မျှ နှိုင်းယှဉ်တုဖက်ခြင်းမပြုဖို့ မိန့်ကြားခဲ့ပါတယ်။ ဝတ်ပြုကြဖို့၊ အလှူဒါနပေးဆောင်ကြဖို့နဲ့ ဥပုသ်သီလစောင့်ထိန်းကြဖို့လည်း မိန့်ကြား ပါတယ်။ ကျွန်တော်တို့ဟာ သူ့ရဲ့အမှန်တရားကို ထောက်ခံပြီး သူ့ကို ယုံကြည်ကြပါတယ်။ ကျွန်တော်တို့ဟာ သူနဲ့ ဖန်ဆင်းရှင်ထံမှ သူဆောင်ယူလာခဲ့တဲ့ ဒေသနာတော်ရဲ့ လမ်းစဉ်ကို လိုက်နာကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ အခြားမည်သည့်အရာနဲ့မှ မနှိုင်းယှဉ်ဘဲ ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြပါတယ်။”**

အာရေဗျတိုင်းသူပြည်သားတွေဟာ ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ ပြောင်းလဲ လာခဲ့ကြပြီး သူတို့ဟာ ကမ္ဘာ့ယဉ်ကျေးမှုရဲ့ မီးရှူးတန်ဆောင်များ ဖြစ်လာခဲ့ကြတယ်။ လူ့သမိုင်းကို ထာဝရပြောင်းလဲပေးနိုင်မယ့် တိုးတက်ယဉ်ကျေးမှု ဖြစ်ခဲ့တယ်။ တမန်တော် မုဟမ္မဒ်(ﷺ)နဲ့ သူ့ရဲ့ နောက်လိုက်တွေဟာ သူတို့ရဲ့ လူတွေကိုသာမက အိမ်နီးချင်း တိုင်းပြည်က လူတွေကိုပါ ဖိနှိပ်ချုပ်ချယ်မှုတွေကနေ လွတ်မြောက်စေခဲ့ပါတယ်။ မွတ်စလင်မ်တွေဟာ ဖိနှိပ်ခံနေရသူတွေကို ဘယ်နေရာ ဘယ်ဒေသက ဘယ်သူ့ကို မဆို ကူညီကြရမယ်လို့ ကုရ်အာန်က ပြဋ္ဌာန်းထားပါတယ်။

**“အသင်တို့သည် အလ္လာဟ်၏ လမ်းတော်တွင်လည်းကောင်း၊ အကူအညီမဲ့နေသော အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များအတွက် လည်းကောင်း စစ်မတိုက်ရန် ဘာအကြောင်းရှိပါသနည်း။ ထိုချည့်နဲ့သူတို့က အို-ကျွန်တော်မျိုးတို့၏အရှင်၊ မတရား နှိပ်စက်သူများ နေထိုင်ကြသည့် ဤမြို့ရွာမှ ကျွန်တော်မျိုးတို့အား ထုတ်ဆောင်တော်မူပါ။**

**ထို့ပြင် ကျွန်တော်မျိုးတို့အဖို့ အရှင့်ထံတော်မှ အကာအကွယ်ပေးမည့်သူ တစ်ဦးဦးကို ဖန်တီးပေးတော်မူပါ။ ထို့နောက် ကျွန်တော်မျိုးတို့အဖို့ အရှင့်ထံတော်မှ ကူညီစောင်မ ပေးမည့်သူ တစ်ဦးဦးကို ဖန်တီးပေးတော်မူပါဟု လျှောက်ထား ပန်ကြားလျှက် ရှိကြပေသည်။"(ကုရ်အာန် ၄:၇၅)**

ဒါကြောင့် မွတ်စလင်မ်တွေဟာ ကမ္ဘာအဝှမ်းက ဖိနှိပ်ခံနေရသူတွေကို ကူညီဖို့ တာဝန်ပေးအပ်ခြင်း ခံရပါတယ်။ အစောပိုင်းမွတ်စလင်မ်တွေဟာ ဆီးရီးယား၊ အီဂျစ်နဲ့ စပိန် တို့မှလူတွေကို ဖိနှိပ်ခံဘဝမှ ကယ်တင်ခဲ့ကြောင်း သမိုင်းအထောက်အထားများစွာ သက်သေရှိပါတယ်။

## ၁။ ဘီဇန်တီးန် အင်ပါယာမှ ဆီးရီးယားကို ကယ်တင်ခြင်း

တမန်တော်မုဟမ္မဒ်(ﷺ) ကွယ်လွန်ပြီးတဲ့နောက် ဒုတိယခလီဖဟ် အုမရ်ဗင်န် ခဿာဗ် ခေတ်မှာ မွတ်စလင်မ်တပ်တွေဟာ ဘီဇန်တီးန်(ရိုမန်) တို့ထံမှ ဆီးရီးယား တိုင်းသူပြည်သားတွေကို စတင်ပြီးတော့ လွတ်မြောက်စေခဲ့ပါတယ်။ ဆီးရီးယားရဲ့ ခရစ်ယာန်တွေဟာမိုနိုဖီဆိုက်၊ ဂျေကော့ဘိုက်၊ နက်စ်တိုရီယန်း စသဖြင့် ဂိုဏ်းဂဏ များစွာကွဲနေခဲ့ကြပါတယ်။ သူတို့အားလုံးဟာ သူတို့ကိုအုပ်ချုပ်နေတဲ့ ဘီဇန်တီးန်ချာ့ချ်ရဲ့ အကြီးအကျယ် ဖိနှိပ်မှုကို ခံနေကြရပါတယ်။ တလ်-မဟ်ရီ (Tel Mah-re) ရဲ့ဂိုဏ်းအုပ်ဘုန်း တော်ကြီး ဒိုင်အိုနီဆီယက်စ် (Dyonisius) က သူ့ရဲ့ရာဇဝင်မှာ ဖော်ပြခဲ့ပါတယ်။ ဘီဇန်တီးန်အင်ပါယာ ဟီရကလပ်စ် (Heraclius)ဟာ မွတ်စလင်မ်တွေကို ဆီးရီးယားက နေ မောင်းထုတ်ပြီး နယ်မြေကိုပြန်သိမ်းဖို့ တပ်တစ်ခုကို စေလွှတ်ခဲ့တယ်။ အဲ့ဒီအခါ မွတ်စလင်မ်တပ်တွေဟာ ဘီဇန်တီးန်နဲ့ ကွင်းဖွင့်တိုက်ပွဲဆင်နွှဲဖို့ ဆီးရီးယားရဲ့ မြို့တော်တွေကနေ တပ်ဆုပ်ခဲ့ပါတယ်။ တပ်ဆုပ်နေစဉ်အတွင်းမှာ၊ မွတ်စလင်မ်တွေဟာ တရားမျှတစေဖို့ ဆီးရီးယား ခရစ်ယာန်တွေဆီက ယူထားတဲ့ အခွန်ငွေတွေကို ပြန်လည် ပေးအပ်ခဲ့ကြတယ်။

အာရဗ်တွေကို ညွှန်ကြားဖို့ ခလီဖဟ်အုမရ်ထည့်ပေးလိုက်တဲ့ အဘူအိုဗိုင်ဒဟ်ဟာ အီမိစီးန်း (ဆီးရီးယားခရစ်ယာန်)တွေထံက ယူထားတဲ့ ငွေတွေကို ပြန်ပေးဖို့ ဟဗီးဗ်ဗင်န်မက်စ်လာမာ ကို ဒီလို မှာကြားခဲ့ပါတယ်။ "ငါတို့နှစ်ယောက်စလုံးဟာ ငါတို့ရဲ့ အချင်းချင်းရဲ့ သစ္စာတရားတွေနဲ့ ပေါင်းစည်းထားတာ ဖြစ်တယ်။ အခုငါတို့ဟာ ရိုမန်တွေနဲ့ စစ်ခင်းရတော့မယ်။ ငါတို့ပြန်လာမယ်ဆိုရင် ဒီဂုဏ်ပြုငွေဟာ ငါတို့အတွက်ပဲ၊ သို့ပေမယ့် ငါတို့ရှုံးနိမ့်ပြီး ပြန်မလာနိုင်ခဲ့ရင် ငါတို့ရဲ့သစ္စာတရား ပျက်ပြယ်သွားလိမ့်မယ်။" ဒါဟာ ရိုးသားမှုနဲ့ တရားမျှတမှုရဲ့ မကြုံစဖူး ပြယုဂ်ဖြစ်ပါတယ်။ မွတ်စလင်မ်မဟုတ်သူတွေဟာ သူတို့ရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်နဲ့ ဘာသာတရားတို့ကို မွတ်စလင်မ်တွေရဲ့ အုပ်ချုပ်မှု အောက်မှာ ကာကွယ်ပေးထားတာဖြစ်လို့ အစ္စလာမ့်နိုင်ငံကို အခွန်ဆောင်ကြရတယ်။ သို့သော်လည်း မွတ်စလင်မ်တွေဟာ နီးကပ်လာတဲ့ ဟီရကလပ်စ်ရဲ့ တိုက်ခိုက်မှုကြောင့် ဆီးရီးယားရဲ့ ခရစ်ယာန်တွေကို မကာကွယ်ပေးနိုင်တော့မှန်း သိရှိခဲ့ပါတယ်။ ဒါကြောင့် သူတို့ဟာ လူထုကို မကာကွယ်ပေးနိုင်ဘဲ ပိုက်ဆံကိုယူထားတာဟာ တရားမျှတမှု မရှိဘူးလို့ ယူဆပါတယ်။ နောက်တစ်ချက် မှတ်သားရမှာက ဒါဟာ လုယက်မှု၊ ခားပြတိုက်မှု၊ မတရားမှုတွေကြီးစိုးနေတဲ့ ၇ရာစု ဆီးရီးယားမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုပါ။ ဆီးရီးယားတွေဟာ မွတ်စလင်မ်တွေရဲ့ သက်ညှာတဲ့ အပြုအမူ ကြောင့် အင်မတန် အံ့အားသင့်သွားခဲ့ကြပါတယ်။ နောက်ထပ် ဖော်ပြသင့်တဲ့အချက် ကတော့ ဒီအကြောင်းကို ၉ရာစုက ခရစ်ယာန်တစ်ယောက်က ပြန်လည် ပြောပြခဲ့တာ ဖြစ်ပါတယ်။ မွတ်စလင်မ်တွေဟာ အာဏာကို အလွဲသုံးစား မလုပ်ခဲ့ကြောင်း၊ ခရစ်ယာန်တွေ သူတို့အပေါ်ထားတဲ့ ယုံကြည်မှုကို သစ္စာမဖောက်ခဲ့ကြောင်း သက်သေပဲ ဖြစ်ပါတယ်။ မွတ်စလင်မ်တွေဟာ ဒီလောက်ကြီးမားတဲ့ ပမာဏရှိတဲ့ ငွေတွေကို ဘာကြောင့် ပြန်ပေးခဲ့တာလဲ? သူတို့ထက် အဆမတန်ကြီးမားတဲ့ ရန်သူ့တပ်နဲ့ ရင်ဆိုင်ရမယ့်အချိန်၊ သူတို့ အလိုအပ်ဆုံးအချိန်မှာ ဘာကြောင့် မယူထားခဲ့ကြတာလဲ? ဒီလိုမေးခွန်းတွေအတွက် အဖြေကတော့ မွတ်စလင်မ်တွေဟာ ဖန်ဆင်းရှင်ရဲ့ အမိန့်ကို နာခံပြီး ဖန်ဆင်းရှင် ကုရ်အာန်ကျမ်းတော်မှာ ပြသထားတဲ့ ပြဋ္ဌာန်းချက်တွေကို လိုက်နာခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

**“အလ္လာဟ်သည် အပ်နှံပစ္စည်းများကို ပိုင်ရှင်များထံ ပြန်လည်ပေးဆပ်ကြဖို့၊ လူတို့စပ်ကြားတွင် စီရင်ဆုံးဖြတ်ပေးသည့်အခါ တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးဖို့ အသင်တို့ကို အမှန်ပင် အမိန့်ပေးတော်မူသည်။ အသင်တို့အား အလ္လာဟ်ဆုံးမတော်မူသော ဆုံးမစကားသည် အလွန် မွန်မြတ်လှပေသည်။ စင်စစ်တွင် အလ္လာဟ်သည် အလွန်ကြားတော်မူသော၊ အလွန်မြင်တော်မူသော အရှင် ဖြစ်တော်မူသည်။” (ကုရ်အာန် ၄:၅၈)**

ဆီးရီးယားရဲ့ ခရစ်ယာန်တွေဟာ ဖိနှိပ်တဲ့ ဘီဇန်တီးန်တွေထက် တရားမျှတပြီး ကောင်းမွန်စွာ အုပ်ချုပ်တဲ့ မွတ်စလင်မ်တွေကို ပိုပြီး အလိုရှိခဲ့ကြပါတယ်။ ဒါ့အပြင် မွတ်စလင်မ်တွေဟာ ဘီဇန်တီးန်ကို အောင်နိုင်ပြီး ဆီးရီးယားကို ပြန်လာတဲ့အခါ သူရဲကောင်းများအဖြစ် သောင်းသောင်းဖျဖျ ကြိုဆိုခြင်း ခံခဲ့ကြပါတယ်။ ဒိုင်အိုနီဆီးယက်စ်က ဒီလို ပြောကြားခဲ့ပါတယ်။

**“အာရဗ်တွေဟာ ဒမက်စ်ကပ်စ်မြို့ကို စွန့်ခွာပြီး ယရ်မုခ်မြစ်ကမ်းမှာ နေရာယူခဲ့ကြတယ်။ အာရဗ်တွေရဲ့ စခန်းကို ရိုမန်တွေချီတက်လာတဲ့ လမ်းတလျှောက် အာရဗ်တို့ကိုလက်ခံတဲ့ မြို့တိုင်းရွာတိုင်းကလူတွေဟာ ရိုမန်တွေကို အော်ဟစ်ခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ လမ်းတစ်လျှောက် ရိုမန်တွေကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေဟာ ပြောပြလို့ မရနိုင်လောက်အောင်၊ အမြင်မတော်လောက်အောင်၊ စိတ်နဲ့တောင် စဉ်းစားလို့ မရလောက်အောင် ဆိုးရွားခဲ့တယ်။ အာရဗ်တွေဟာ ကြီးမားတဲ့ အောင်မြင်မှုနဲ့အတူ ဒမက်စ်ကပ်စ်မြို့တော်ကို ပြန်လာခဲ့ပါတယ်။ ဒမက်စ်ကပ်စ်မြို့သားတွေဟာ သူတို့ကို မြို့အပြင်ထိ ထွက်ကာ သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြတယ်။ ပြီးတော့ သဘောတူညီမှုတွေ၊ အာမခံချက်တွေ အားလုံးကိုလည်း ပြန်လည် အတည်ပြုခဲ့ကြပါတယ်။”**

အနိုင်ယူခံရသူဟာ အနိုင်ရသူကို သောင်းသောင်းဖျဖျ ကြိုဆိုတယ်ဆိုတာ ဘယ်လို ဖြစ်နိုင်ပါ့မလဲ? ဒါပေမယ့် ဒါဟာ တချိန်က ဆီးရီယားမှာ ဖြစ်ခဲ့တဲ့ တကယ့်အဖြစ်အပျက် တစ်ခုပါ။

## ၂။ ဘီဇန်တီးန်းရဲ့ ဖိနှိပ်မှုမှ အီဂျစ်ကို ကယ်တင်ခြင်း

ဆီးရီးယားကဲ့သို့ပင် အီဂျစ်ဟာလည်း ဘီဇန်တီးန်း အုပ်ချုပ်တာကို ခံခဲ့ရပါတယ်။ ဘီဇန်တီးန်ချာ့ချ်ဟာ အယူဝါဒကွဲပြားမှုကို အပြင်းအထန် ဆန့်ကျင်ပါတယ်။ အီဂျစ်ပြည်သားအများစုဟာ ဂျေကော့ဘိုက်များဖြစ်ပြီး ဘီဇန်တီးန်တွေကျင့်သုံးတဲ့ ခရစ်ယာန်နဲ့ မတူညီပါဘူး။ ဒီလို ဝါဒကွဲလွဲမှုကြောင့် အုပ်ချုပ်နေတဲ့ အထက်လွှာတွေရဲ့ အပြင်းအထန် ဖိနှိပ်မှုကို ခံစားခဲ့ကြရပါတယ်။ ထင်ရှားတဲ့ အရှေ့တိုင်းယဉ်ကျေးမှုနှင့် သမိုင်းပညာရှင် သောမက်စ်အာနယ်လ် (Thomas Arnold) က အဲဒီခေတ် အခြေအနေကို အခုလို အတိုချုံး ပြောပြခဲ့ပါတယ်။

**"ခရစ်ယာန်လူဦးရေရဲ့ အများစုဖြစ်တဲ့ ဂျေကော့ဘိုက်တွေဟာ နန်းတော်ရဲ့ အော်သိုဒေါက်စ် နောက်လိုက်တွေရဲ့ ကြမ်းတမ်းစွာ ဆက်ဆံမှုကို ခံခဲ့ရပြီး ယနေ့ခေတ် သူတို့ရဲ့မျိုးနွယ်က ကလေးတွေအထိ မမေ့နိုင်တဲ့ သိက္ခာချမှု စော်ကားမှုတွေကို ခံစားခဲ့ကြရတယ်။ တချို့ဟာ အသတ်ခံရပြီး ပင်လယ်ထဲ ပစ်ချခံရတယ်။ အများစုဟာ တိုင်းပြည်ကို စွန့်ခွာပြီး သူတို့မျိုးနွယ်ရဲ့ အကြီးအကဲတွေနဲ့ ဖိနှိပ်ခံရမှုတွေကနေ လွတ်မြောက်ရာကို လိုက်သွားကြတယ်။ လူအများစုဟာ သူတို့ရဲ့ အယူအဆတွေကို ချယ်ဆီဒွန်ကောင်စီရဲ့ လက်ခံဟန်ဆောင်ပြီး လှည့်စားခြင်းကို ခံနေကြရပါတယ်။"**

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ရင်းနှီးတဲ့ အဆွေတော်တစ်ပါးဖြစ်တဲ့ အမရ်အိဗ်နုအလ်-အာဆ္ဂ် ဦးဆောင်တဲ့ မွတ်စလင်မ်တွေအဖွဲ့ အီဂျစ်ကို ရောက်ရှိလာတဲ့အခါ လွတ်မြောက်စေသူတွေအဖြစ် ကြိုဆိုခြင်းခံကြရပါတယ်။ အီဂျစ်ကော့ပ်တစ် ခရစ်ယာန်တွေတောင် သူတို့ရဲ့ ကြားဝင်မှုကို ထောက်ခံခဲ့ကြပါတယ်။ နီကီယူ (အီဂျစ်) မှ ကောပ်တစ်သင်းအုပ်ဆရာ ဂျော်န်အော့ဖ်နီကီယူ (John od Nikiu) (စီအီး ၆၉၀ခုနှစ်)က အီဂျစ်မှာ မွတ်စလင်မ်တွေ အောင်နိုင်ရတဲ့ အကြောင်းတွေထဲက တစ်ခုက ပြည်သူအများဟာ ဘီဇန်တီးန်ကို မုန်းတီးတာကြောင့် မွတ်စလင်မ်တွေကို မတိုက်ခိုက်တဲ့အပြင် သိမ်းယူမှုကို အမှန်တကယ် ထောက်ခံအားပေးခဲ့ကြတာကြောင့်

လည်း ဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။ **“ရှိမန်တွေရဲ့ အားနည်းချက်နဲ့ အင်ပါယာ ဟီရကလပ်စ်အပေါ် လူတွေရဲ့ မုန်းတီးမှုကို မွတ်စလင်မ်တွေက တွေ့ရတဲ့အခါ... သူတို့ဟာ စစ်ပွဲမှာ ပိုမိုရဲရင့်ပြီး အားကြီးလာခဲ့ကြတယ်... ပြီးတော့ လူတွေကလည်း မွတ်စလင်မ်တွေကို ကူညီလာခဲ့ကြတယ်။”**

မှတ်သားဖွယ်တစ်ခုက အီဂျစ်ကော့ပ်တစ် ခရစ်ယာန်တွေဟာ ဘီဇန်တီးန် ခရစ်ယာန်တွေကို ဆန့်ကျင်ပြီး မွတ်စလင်မ်တွေကို တကယ်ပဲ ထောက်ခံခဲ့တယ်ဆိုတာကို ခေတ်ပြိုင်ခရစ်ယာန်တွေက သက်သေခံနေခဲ့တာပါပဲ။ အကယ်လို့သာ ဘီဇန်တီးန်တွေဟာ ပြည်သူတွေအပေါ် တရားမျှတခဲ့မယ်ဆိုရင် အီဂျစ်ကော့ပ်တစ်တွေဟာ ဘီဇန်တီးန်တွေနဲ့ အတူ မွတ်စလင်မ်တွေကို ပြန်လည်တိုက်ခိုက်မှာ မဟုတ်ဘူးလား? မွတ်စလင်မ်တွေရဲ့ သဘောထားပြည့်ဝမှုနဲ့ ဘီဇန်တီးန်တွေရဲ့ ရက်စက်မှုကြောင့် ဖာရိဘုရင်တွေရဲ့ မြေမှာ ဘီဇန်တီးန်တွေ လျှင်မြန်စွာ ကျဆုံးခဲ့ရတာ ဖြစ်ပါတယ်။

ဘီဇန်တီးန်တွေ ကျင့်သုံးခဲ့တဲ့ ဖိနှိပ်မှုနဲ့ မတရားမှုတွေဟာ အာဏာစိုးမိုးဖို့ စံသတ်မှတ်ချက်တွေ ဖြစ်မယ်ဆိုရင် မွတ်စလင်မ်တွေဟာ အဲ့ဒီအတိုင်း ဘာကြောင့် မပြုမူခဲ့တာလဲ? ဘဝမှာကြုံတွေ့ရတဲ့ ကိစ္စတိုင်းအတွက် မွတ်စလင်မ်တွေဟာ ကုရ်အာန်မှာ ပြသထားတဲ့ ကိုယ်ကျင့်တရားတွေနဲ့အညီ နေထိုင်ကြရမှာဖြစ်ပြီး စစ်ပွဲဟာလည်း ခြွင်းချက်တစ်ခု မဟုတ်ပါဘူး။ စစ်ပွဲမှာ ဖြစ်နေရင်တောင်၊ ပြင်းထန်တဲ့ အတိုက်အခံနဲ့ ကြုံရရင်တောင် မွတ်စလင်မ်တွေဟာ မှန်ကန်ဖြောင့်မတ်ရမှာ ဖြစ်ပါတယ်။ သူတို့ဟာ အစွန်းရောက်တဲ့ အပြုအမူတွေကနေ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်: **“အလ္လာဟ်လမ်းတော်တွင် အသင်တို့ကို တိုက်ခိုက်ကြသူများကို တိုက်ခိုက်ကြပါ။ သို့သော် မတရား မကျူးကျော်ကြလေနှင့်။ စင်စစ်အလ္လာဟ်သည် မတရားကျူးကျော်သူများကို နှစ်သက်တော်မမူပေ။”(ကုရ်အာန် ၂:၁၉၀)**

ဥပမာအနေနဲ့ မွတ်စလင်မ်တွေဟာ အပြစ်မဲ့တဲ့လူတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေကို ဒုက္ခပေးခွင့်မရှိပါဘူး။ ဒီအချက်ကို မွတ်စလင်မ်တပ်ရဲ့ခေါင်းဆောင်ကြီး

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ပထမဆုံး ဆက်ခံသူ အဘူဘကရ် မိန့်ခဲ့တဲ့ ညွှန်ကြားချက်တွေထဲမှာ တွေ့နိုင်ပါတယ်။

**"ကျွန်တော်သင်တို့ကို ဆယ်ခုသောအရာတွေကို အကြံပေးမယ်။ အမျိုးသမီး၊ သို့မဟုတ် ကလေးများ၊ သို့မဟုတ် အိုမင်းမစွမ်းသူတွေကို မသတ်ဖြတ်ကြနှင့်။ သီးနှံဖြစ်ထွန်းနေတဲ့ အပင်တွေကို ခုတ်လှဲခြင်း မပြုကြနှင့်။ လူတွေအခြေချနေထိုင်နေတဲ့ နေရာတွေကို မဖျက်ဆီးကြနှင့်။ အစားအစာအတွက်မှလွဲပြီး သိုးတွေ၊ ကုလားအုတ်တွေကို မသတ်ဖြတ်ကြနှင့်။ ပျားတွေကိုမီးမရှို့နှင့်၊ တကွဲတပြားမဖြစ်စေနှင့်။ စစ်ပွဲတွင်းရရှိတဲ့ ပစ္စည်းတွေမှ ခိုးယူခြင်းမပြုကြနှင့်။ ၎င်းနောက် သူရဲဘောကြောင်မဖြစ်ကြနှင့်။"**

ကုရ်အာန်ဟာ မွတ်စလင်မ်တို့အား မိမိတို့ကို မတိုက်ခိုက်တဲ့ မွတ်စလင်မ်မဟုတ်သူတွေနဲ့ ပတ်သက်ပြီးလည်း မိန့်ကြားထားပါတယ်။ **"သာသနာရေးနှင့် စပ်လျဉ်း၍ အသင်တို့ကို စစ်လည်းမတိုက်၊ အသင်တို့အား သင်တို့၏ အိမ်များမှ နှင်ထုတ်ခြင်းလည်း မပြုကြသောသူများအား ကျေးဇူးပြုခြင်းနှင့် တရားမျှတစွာ ဆက်ဆံခြင်းတို့ မပြုရဟု အလ္လာဟ်က သင်တို့ကို မတားမြစ်ပေ။ ဧကန်စင်စစ် အလ္လာဟ်သည် တရားမျှတသော သူတို့ကို ချစ်ခင်နှစ်သက်တော်မူပေသည်။" (ကုရ်အာန် ၆၀:၈)**

မွတ်စလင်မ်တွေဟာ ငြိမ်းချမ်းရေးကို လိုလားပြီး အတူယှဉ်တွဲ နေထိုင်လိုတဲ့ မည်သူ့ကိုမှ တိုက်ခိုက်ခွင့်မရှိပါဘူး။ အလ်ဖရက်ဒ်ဂျေဘတ်တလာ(Alfred J. Butler) ရဲ့ အာရဗ်တို့ အီဂျစ်ကိုအောင်နိုင်မှု စာအုပ်ဟာ ယနေ့တိုင် ခိုင်လုံတဲ့ အထောက်အထား ဖြစ်နေဆဲပါပဲ။ ဆက်စပ်နေတဲ့ ရာဇဝင်တွေကို လေ့လာကြည့်ရင် အစ္စလာမ့်ခေါင်းဆောင်တွေရဲ့ သဘောထားပြည့်ဝမှုတွေနဲ့ သက်ဆိုင်တဲ့ ဖော်ပြချက်တွေ၊ အီဂျစ်က ခရစ်ယာန်လူထုကို ကာကွယ်ပေးပုံတွေ ပါရှိပါတယ်။

**"ရိုမန်တွေနဲ့ ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဆိုင်ရပ်စ်ရဲ့ လက်အောက်မှာဖိနှိပ် ခံခဲ့ရတဲ့ ကော့ပ်တစ်တွေဟာ မယ်လ်ကိုက်(ရိုမန်) တွေကို လက်တုံ့ပြန်ဖို့ ဆုံးဖြတ်ခဲ့မယ်ဆိုရင်**

**လည်း ဒါဟာ အဆန်းတော့မဟုတ်ပါဘူး။ သို့ပေမယ့် ဒီလို အခြေအနေမျိုးမှာ သူတို့ကို(ဖိနှိပ်တဲ့ရှိမန်တွေကို) ဆက်ပြီး ရင်ဝယ်ပိုက်နေမယ်(သူတို့ရဲ့ ဖိနှိပ်အုပ်ချုပ်မှု လက်အောက်မှာ ဆက်နေနေမယ်) ဆိုရင်တော့ ဘာသာရေးဂိုဏ်းကွဲနှစ်ခုကြား ဘက်မလိုက်ခဲ့တဲ့ သဘောထားပြည့်ဝတဲ့ မွတ်စလင်မ်အစိုးရရဲ့ ခေါင်းဆောင် အမရ်အတွက် စိတ်ပျက်အားလျော့စရာ ဖြစ်သွားမယ်။ ဒီအကြောင်းကို ပြောဖို့ နောက်ထပ်အချက်အလက်တွေ အများကြီး အထောက်အထား ပြရလိမ့်မယ်။ အောင်နိုင်သူမွတ်စလင်မ်တွေရဲ့ တန်းတူကာကွယ်ပေးမှုအောက်မှာ အတူယှဉ်တွဲ နေထိုင်နေတဲ့ ခရစ်ယာန် ဂိုဏ်းနှစ်မျိုးကို သင်မြင်ယောင်ကြည့်ရပါမယ်။”**

ဒါဟာ ကျွန်တော်တို့ရှေ့က အပိုင်းမှာ ဖတ်ရှုခဲ့ကြရသလိုပဲ ဆီးရီးယားမှာ ဖြစ်ပျက်ခဲ့တာတွေနဲ့ တစ်ပုံစံတည်းပါပဲ။ ဆီရီးယားပြည်သူတွေဟာလဲ အီဂျစ်ပြည်သူ တွေလိုပဲ မွတ်စလင်မ်တွေ အုပ်ချုပ်တာကိုပဲ လိုလားခဲ့ကြပါတယ်။ မွတ်စလင်မ်တွေရဲ့ တရားမျှတမှုက ၎င်းလူထုနှစ်ခုလုံးကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကော့ပ်တစ်တွေဟာ မွတ်စလင်မ်တွေကို ကြိုဆိုခဲ့ကြရုံမက အောင်နိုင်သူတွေမွတ်စလင်မ်တွေ စီတန်းလှည့်လည်တဲ့ထဲမှာ ပါဝင်ပြီး အောင်နိုင်ခြင်းကို အတူဆင်နွှဲခဲ့ကြပါသေးတယ်။

## ၃။ စပိန်နိုင်ငံ ဖိနှိပ်ညှင်းပန်းခံရမှုမှ လွတ်မြောက်ခြင်း

စီအီး၇၁၁ခုနှစ်မှာ မွတ်စလင်မ်တွေဟာ စပိန်ကို ခြေချခဲ့ပါတယ်။ သူတို့ရဲ့ ဂုဏ်သတင်းဟာ ရှေ့ရောက်နေခဲ့ပြီး ဖြစ်တာကြောင့် သူတို့ဟာ လူထုရဲ့ ကြိုဆိုခြင်းကို ခံခဲ့ကြရကြောင်း သက်သေအထောက်အထား များစွာရှိပါတယ်။ ဒါဟာလည်း အချို့အဖွဲ့အစည်းတွေဟာ ပြင်းထန်တဲ့ နှိပ်ကွပ်မှုကို ရင်ဆိုင်နေကြရလို့ ဖြစ်ပါတယ်။ ကက်သလစ်ချာ့ချ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ဂျူးလူမျိုးတွေဟာ အပြင်းအထန် ဖိနှိပ်ခံနေကြရပါတယ်။ စပိန်မှ ကက်သလစ် စဉ်ဆက်ဟာ နိုင်ငံရေးနဲ့ ဘာသာရေး အငြင်းပွားမှုများစွာကို ဖြေရှင်းဖို့ ကောင်စီများစွာ ရှိခဲ့ပါတယ်။ အဲ့ဒီကောင်စီတွေထဲမှာ

စပိန်ရဲ့ ဂျူးတွေကို ဆန့်ကျင်ပြီး ပြင်းထန်တဲ့ အမိန့်ပြန်တမ်းများစွာ ထုတ်ပြန်ထားပါတယ်။ တိုလယ်ဒိုရဲ့ ၄ခုမြောက်ကောင်စီ(၆၃၃စီအီး)ရဲ့ မှုခင်းဆောင်ရွက်ခြင်းစာစဉ်ရဲ့ ဝါကျတွေထဲမှာ

**“ဂျူးတွေရဲ့ သားသမီးတွေကို သူတို့ရဲ့ မိဘတွေဆီက ခွဲထားဖို့ ကျွန်တော်တို့က သတ်မှတ်လိုက်သည်။ သူတို့မိဘများ၏ လမ်းလွဲမှုတွင် ထပ်ပြီး မငြိတွယ်စေရန်ဖြစ်သည်။ ၎င်းနောက် ကလေးများကို ခရစ်ယာန် ဘုန်းကြီးကျောင်း သို့မဟုတ် ဘုရားသခင်ကို ကြောက်ရွံ့သော အမျိုးသား အမျိုးသမီးတို့ထံ အပ်နှံကြရမည်။ သို့မှသာ သူတို့ဘဝနေထိုင်နည်းမှ ကြည်ညိုတတ်ရန် သင်ယူနိုင်ပြီး၊ ပို၍ကောင်းသော အရာများကို သင်ယူကာ သူတို့၏ ယုံကြည်မှုနှင့် စာရိတ္တရေးရာတို့ တိုးတက်လာစေရန် ဖြစ်သည်။”**

ဒီလိုနဲ့ ဂျူးတို့ရဲ့ကလေးတွေဟာ ကက်သလစ်ကို အတင်းအဓမ္မ သွတ်သွင်းခံကြရပါတယ်။ ဂျူးတွေဟာ လူနည်းစုဖြစ်ပြီး သူတို့ရဲ့ဘဝနေထိုင်ပုံဟာ ခရစ်ယာန်ဖိနှိပ်သူတွေနဲ့ ကွဲပြားနေတာကြောင့် ဖမ်းရလွယ်ကူတဲ့ သားကောင်တွေ ဖြစ်နေခဲ့ကြပါတယ်။ ဒါကြောင့် မွတ်စလင်မ်တွေ ပထမဆုံး ရောက်ရှိလာကြတဲ့အခါ ကယ်တင်ရှင်တွေအဖြစ် ဂျူးတွေဟာ ပထမဆုံး ကြိုဆိုခဲ့ကြပါတယ်။ ဂျူးအမေရိကန်လူမျိုး ဇီယွန်ဇိုဟာ (Zion Zohar) က မွတ်စလင်မ်တွေ ရောက်ရှိလာတဲ့ အခါမှာ ခံစားခဲ့ကြရတဲ့ ဂျူးတွေရဲ့ပျော်ရွှင်မှုကို ရေးသားခဲ့ပါတယ်။ **“သို့ဖြင့်၊ မွတ်စလင်မ်တို့ဟာ စီအီး၇၁၁ခုနှစ်မှာ မြောက်အာဖရိကမှ ဂစ်ဘ်ရယ်လ်တာ ရေလက်ကြားကို ကူးလာခဲ့ပြီး အိုင်ဘာရီယန်ကျွန်းဆွယ်ကို ကျူးကျော်ဝင်ရောက်လာတဲ့အခါ ဂျူးတွေဟာ သူတို့ကို ခရစ်ယာန်ဖိနှိပ်မှုအောက်မှ ကယ်တင်ရှင်များအဖြစ် ကြိုဆိုခဲ့ကြပါတယ်”**။

ဒါဟာ ဂျူးတွေပါဝင်လာတဲ့အထိ ရွှေရောင်နေ့ရက်တွေရဲ့ အစပဲဖြစ်ပါတယ်။ မွတ်စလင်မ်တွေရဲ့ အပြုအမူဟာ ဆီးရီးယားနဲ့ အီဂျစ်တို့မှာကဲ့သို့ပင် စပိန်မှာလည်း မပြောင်းလဲခဲ့ပါဘူး။ သူတို့ဟာ လူတိုင်းအတွက် ခွဲခြားမှုမရှိ ဘာသာရေးလွတ်လပ်ခွင့်ကို အားပေးခဲ့ကြပါတယ်။ ဂျူးတွေဟာ ဒီလို တိုးတက်ကြီးပွားဖို့ အခွင့်အရေးကို စောင့်နေခဲ့

တာ ကြာပါပြီ။ မွတ်စလင်မ်တွေ မရောက်လာခင်က ဂျူးတွေဟာ ဘာသာရေး လွတ်လပ်ခွင့်ရရှိဖို့ စိတ်ကူးတောင် မယဉ်နိုင်ခဲ့ပါဘူး။ သူတို့ဟာ ကက်သလစ်ချာ့ချ်ရဲ့ လက်အောက်မှာ မျိုးတုန်းတော့မယ့် အခြေအနေမှာ ရှိနေခဲ့ပါတယ်။ ဇီယွန်ဇိုဟာက မွတ်စလင်မ်တွေရဲ့ ကာကွယ်ပေးမှုအောက်မှာ ဂျူးတွေရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေကို အောက်ပါအတိုင်း အတိုချုံး ရေးသားခဲ့ပါတယ်။

**"စပိန်ကဂျူးတွေရဲ့ ရွှေရောင်ခေတ် (စာကာ၉၀၀-၁၂၀၀ခုနှစ်) အစ္စလာမ့် အုပ်ချုပ်ရေးခေတ်မှာ မွေးလာတဲ့ထဲမှ အထင်ကရ ပုဂ္ဂိုလ်များစွာ ပေါ်ထွက်ခဲ့ပါတယ်။ ၎င်းတို့မှာ- သံတမန်နှင့် နိုင်ငံရေးခေါင်းဆောင် ဟက်စ်ဒိုင်အိဗ်နေရှုပရွတ်(Hasdai Ibn Shaprut)၊ အုပ်ချုပ်ရေးနှင့် တပ်ကြပ် ရှမြူရယ်လ်ဟနာဂစ်ဒ်(Shmuel ha-Nagid)၊ ကဗျာဆရာနှင့် အတွေးအခေါ်ပညာရှင်များဖြစ်တဲ့ ဆိုလိုမွန်အိဗ်နေ ဂက်ဘရီရော (Solomon Ibn Gabriol) နှင့် ဂျူဒါဟာလဗီ (Judah Halevi)၊ ၎င်းနောက် သူတို့အားလုံးရဲ့ ထိပ်ဆုံး မိုးဇက်ဘင်န်မိုင်မွန်း (Moses Ben Maimon) စပိန်လူမျိုးတွေအကြား မိုင်မွန် နိုက်ဒ် (Maimonides)လို့လဲ သိကြပါတယ်။"**

၁၉ရာစု ဂျူးလူမျိုးသမိုင်းပညာရှင် ဟိန်ရစ်ချ်ဂရတ်ဇ် (Heinrich Garetz)က အစ္စလာမ့်အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး တူညီတဲ့ အမြင်တွေကို ရေးသားခဲ့ပါတယ်။

**"စပိန်ကဂျူးတွေဟာ မဟော်မီတန်(မွတ်စလင်မ်)တွေရဲ့ လက်အောက်ကို ကောင်းမွန်တဲ့ အခြေအနေတွေမှာ ရောက်ရှိလာခဲ့တာ ဖြစ်တယ်။ သူတို့ဟာ မွတ်စလင်မ်တို့နဲ့ အတူယှဉ်တွဲ နေထိုင်ကြတဲ့ ဘာသာခြား ဘေဘီလုံနီယားနဲ့ ပါရှားတွေ လိုပဲ မဟာမိတ်အဖြစ် သတ်မှတ်ခြင်းခံရတယ်။ သူတို့ဟာ ကောင်းမွန်သိမ်မွေ့စွာ ဆက်ဆံခြင်းခံရတယ်။ သူတို့မှာ ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့တဲ့ ဘာသာရေး လွတ်လပ်ခွင့်ကို ရရှိခဲ့တယ်။ သူတို့ရဲ့ ဘာသာအတိုင်း တရားစီရင်ပိုင်ခွင့် ရှိတယ်။ ပြီးတော့ သူတို့ဟာ အောင်နိုင်တဲ့ ခရစ်ယာန်တွေလိုပဲ အခွန်ပေးဆောင်ရတယ်။"**

ဒါကြောင့် အစ္စလာမ့်အုပ်ချုပ်ရေးဟာ ဂျူးတွေရဲ့သမိုင်းမှာ အကောင်းဆုံး အဖြစ်အပျက်တွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။ စပိန်ရဲ့ ဂျူးတွေဟာ မြင့်မားတဲ့ ပညာရေးနဲ့ တိုးတက်မှုတွေ ရရှိခဲ့တာ ယနေ့ကမ္ဘာမှာ သူတို့ဟာ ဂျူးဝါဒရဲ့ ခေါင်းဆောင်တွေ ဖြစ်လာတဲ့အထိပါပဲ။ ဒါ့အပြင်၊ ပထမဦးဆုံးအနေနဲ့ အေဗရာဟမ်မစ် ယုံကြည်မှု ၃မျိုးဟာ ငြိမ်းချမ်းစွာနဲ့ သဟဇာတတဖြစ်စွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အလယ်ခေတ် ဥရောပစာပေရဲ့ ပြောရေးဆိုခွင့်ရှိသူ မာရီယာရိုဆာမီနိုကယ်လ် (Maria Rosa Menocal)က အလယ်ခေတ်စပိန်မှာ အေဗရာဟမ်မစ် ယုံကြည်မှုသုံးခုရဲ့ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်မှုကို လေးစားတဲ့အနေနဲ့ “Ornament of the World” ဆိုတဲ့စာအုပ်ကို ရေးသားခဲ့ပါတယ်။ ဝမ်းနည်းစရာကောင်းစွာနဲ့ပဲ အလယ်ခေတ်စပိန်ရဲ့ အလှတရားဟာ မွတ်စလင်မ်တွေ ထွက်သွားတာနဲ့အတူ ဖျက်ဆီးခြင်း ခံလိုက်ရပါတယ်။ စပိန်သမိုင်းပညာရှင် အူလစ်ခ်ဘာ့ခ် (Ulick Burke)က ဒီအကြောင်းကို နာကျင်စွာ ဖော်ပြထားပါတယ်။

**“မွတ်စလင်မ်တွေလက်အောက်မှာ တိုးတက်ကြီးပွားခဲ့တဲ့ အဖွဲ့အစည်းတွေဟာ မွတ်စလင်မ်တွေ ထွက်ခွာသွားတာနဲ့အတူ သေဆုံးသွားခဲ့ပါတယ်။ ဆယ်စုနှစ်၄ခုလောက် အလင်းပွင့်ပြီး ပညာသင်ကြားပြီးတဲ့ နောက်မှာ အန်ဒလူစီယာဟာ ခရစ်ယာန်တွေ လက်အောက်ကို ပြန်လည်ကျဆုံးသွားခဲ့ပြီး အနောက်စီရင်စု ကျွန်းဆွယ်တွေလောက် မဟုတ်ပေမယ့် ၎င်းတို့နီးပါး ပညာမဲ့ပြီး ရက်စက်တဲ့ အခြေအနေကို ပြန်လည် ရောက်ရှိသွားခဲ့ပါတော့တယ်။”**

၁၄၉၂ စပိန်လူမျိုးများအား နှင်ထုတ်ခြင်းမှာ အဆိုးဆုံးအခြေအနေကို ရောက်ရှိသွားခဲ့ပါတယ်။ စပိန်ရဲ့ ကက်သလစ်ကေရာဇ်တွေ ထုတ်ပြန်တဲ့ အမိန့်ပြန်တမ်းတစ်ခုမှာ တိုင်းပြည်ထဲကနေ ဂျူးတွေကိုနှင်ထုတ်ဖို့ အမိန့်ပေးထားပါတယ်။ ၁၃ရာစုနဲ့ ၁၆ရာစု ကြားမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် အနည်းဆုံး ၁၅ခုမှာ ဥရောပနိုင်ငံတွေက ဂျူးတွေကို သူတို့ရဲ့ ပိုင်နက်နယ်မြေတွေကနေ မောင်းထုတ်လေ့ရှိခဲ့ကြတာကြောင့် ဒီကိစ္စဟာ အထူးအဆန်းတော့ မဟုတ်ခဲ့ပါဘူး။

စပိန်ကို မွတ်စလင်မ်တွေ အောင်နိုင်ခဲ့တာဟာ လူ့သမိုင်းမှာ အတောက်ပဆုံး အချိန်တွေထဲက တစ်ခုကို စတင်ခဲ့တာဖြစ်ကြောင်း အထက်က အထောက်အထားက ရှင်းလင်းစွာ သက်သေခံနေပါတယ်။ မွတ်စလင်မ်တွေ မရောက်လာမီက စပိန်မှာ အမှောင်ထုနဲ့ မတရားမှုကြီးစိုးနေခဲ့ပါတယ်။ ဂျူးတွေကို လွှတ်ပေးခဲ့တာဟာ မွတ်စလင်မ်တွေရဲ့ သက်ညှာမှုကြောင့် ဖြစ်ပါတယ်။ မွတ်စလင်မ်တွေရဲ့ အပြုအမူဟာ မတော်တဆ မဟုတ်ခဲ့ပါဘူး။ အရှေ့က အီဂျစ်နဲ့ ဆီးရီးယားမှာ ကျင့်သုံးခဲ့တဲ့ အပြုအမူ ရဲ့ ဥပမာတွေဟာ သူတို့ဘယ်နေရာပဲရောက်ရောက် ဘယ်အချိန်ပဲရောက်ရောက် သူတို့ရဲ့ စာရိတ္တက တည်တံ့နေပါတယ်။ ဒါကြောင့် ကုရ်အာန်ရဲ့ ဥပဒေတွေဟာ တစ်နည်းအားဖြင့် ဖန်ဆင်းရှင်ရဲ့ ညွှန်ကြားမှုအတိုင်း၊ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ သင်ကြားမှုအတိုင်း နေထိုင်ကြတဲ့ မွတ်စလင်မ်တွေရော မွတ်စလင်မ်မဟုတ်သူတွေပေါ်မှာပါ တန်းတူညီတူ ကျရောက်တဲ့ ကရုဏာတော်တွေပဲ ဖြစ်ပါတယ်။

**“ငါအရှင်သည် အသင်(မုဟမ္မဒ်)ကို ကမ္ဘာသူ ကမ္ဘာသားတို့အဖို့ ကရုဏာတော် အဖြစ်နှင့်သာ စေလွှတ်တော်မူခဲ့ပေသည်။” (ကုရ်အာန် ၂၁:၁၀၇)**

## တရားမျှတခြင်း၊ သဘောထားပြည့်ဝခြင်းနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ခြင်းရဲ့ အကျိုးဆက်များ

အနောက်တိုင်း အတွေးအခေါ်ပညာနဲ့ သိပ္ပံပညာမှာ ဒီအချက်ရဲ့ အခြေခံတွေကို ရှေးဂရိလူမျိုး ပညာရှင်တွေရဲ့ အတွေးအခေါ်တွေနဲ့ အဆုံးအမတွေမှာ ရှာဖွေလေ့ ရှိကြတယ်။ ဖြရာစုနှစ် ဘီစီအီးမှာ ရှေးဂရိလူမျိုးတွေဟာ ကမ္ဘာကြီးကို နားလည်ဖို့ ဒဏ္ဍာရီဆန်ဆန် ချဉ်းကပ်မှုတွေကနေ ခွဲထွက်ပြီး ယနေ့ “(Rational Thinking) ကျိုးကြောင်းဆက်စပ် စဉ်းစားတွေးခေါ်ခြင်း” လို့ခေါ်တဲ့ အကြောင်းရင်းနဲ့ သက်သေ အထောက်အထားကို အခြေခံတဲ့ ချဉ်းကပ်မှုကို စတင်ခဲ့ကြပါတယ်။ ဒါကို ကြီးကျယ်တဲ့ စဉ်းစားတွေးတောသူသုံးဦးဖြစ်တဲ့ ဆိုကရေးတီးစ်၊ ပလေတိုနဲ့ အရစ်စတိုတယ်တို့က

များစွာ အခိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။ ပလေတိုက အေသင်မြို့မှာ အနောက်တိုင်း လောကရဲ့ ပထမဆုံး အဆင့်မြင့်ပညာရေးတက္ကသိုလ်တစ်ခုဖြစ်တဲ့ အကယ်ဒမီတစ်ခုကို တည်ထောင်ခဲ့ပြီး အနောက်တိုင်းအတွေးအခေါ်နဲ့ သိပ္ပံပညာကို အုတ်မြစ်ချဖို့ ကူညီခဲ့ ပါတယ်။ ၎င်းအကယ်ဒမီဟာ အဆင့်မြင့် ပညာရေးရဲ့ မီးပြတိုက်ကြီးအဖြစ် နှစ်ပေါင်း ၁,၀၀၀ နီးပါး ရပ်တည်ခဲ့ပါတယ်။ စီအီး၅၂၉ခုနှစ်မှာ ဘီဇန်တီးန်အင်ပါယာ ဂျပ်စတင်နီယန် (Justinian)က ကက်သလစ်ချာ့ချ်ရဲ့ မိစ္ဆာဝါဒ ဗာဟီရဝါဒအတွေးအခေါ်တွေကို နှိမ်နှင်း သည့် အားထုတ်မှုတစ်ခုအနေနဲ့ ထိုအကယ်ဒမီကို ပိတ်ပစ်လိုက်ပါတယ်။ ရှေးခေတ်ဂရိ သမိုင်းဆရာ ဂျွန်မလာလာစ် (John Malalas)က ဒီလို မှတ်တမ်းတင်ခဲ့ပါတယ် **"ဒီစီယပ်စ် Decius(၅၂၉စီအီး)ရဲ့ အုပ်ချုပ်မှုသက်တမ်းမှာ အင်ပါယာက ဘယ်သူမှ အတွေးအခေါ် ပညာနဲ့ ဥပဒေပညာတွေ မသင်ရဘူးလို့ အမိန့်ပေးထားတဲ့ အမိန့်ပြန်တမ်းတစ်ခု ထုတ်ပြီး အေသင်မြို့ကို ပို့လိုက်ပါတယ်။ "**

ဂရိအတွေးအခေါ်ပညာကျောင်းတွေ ပိတ်သွားပြီးတဲ့နောက် ဥရောပဟာ နှစ် ၁,၀၀၀ ကာလခန့် ဉာဏ်ရည်ထိုင်းမှိုင်းတဲ့ အခြေအနေကို ကျရောက်သွားပါတော့တယ်။ ဒါကြောင့် ကျိုးကြောင်းဆက်စပ်တွေးခေါ်ခြင်းရဲ့ အလင်းရောင်ဟာ ကွယ်ပျောက်သွားပြီး ဥရောပ ဟာ အမှောင်ထဲကို ကျရောက်သွားပါတော့တယ်။ အမှန်တကယ်ပဲ ဥရောပရဲ့ တီထွင်မှုစွမ်းရည်ဟာ ၁၆ရာစုနဲ့ ၁၇ရာစု သိပ္ပံတော်လှန်ရေးပြီး နောက်ပိုင်းမှသာ အများကြီးပြန်ပြီး တိုးတက်လာခဲ့ပါတယ်။ ဒီခေတ်ရဲ့ ထူးခြားမှုတစ်ခုကတော့ နက္ခတ္တ ပညာရှင် ဂလီလီယို(Galileo)ပဲ ဖြစ်ပါတယ်။ သူဟာ ၁၆၁၀ခုနှစ်မှာ နေအဖွဲ့အစည်းရဲ့ အလယ်မှာ တသမတ်တည်းတည်ရှိနေတဲ့ နေကို ကမ္ဘာနဲ့ဂြိုဟ်တွေက လည်ပတ်နေတယ် ဆိုတဲ့ နေကိုဗဟိုအဖြစ်သတ်မှတ်ထားတဲ့ အယူအဆကို ထောက်ခံတဲ့ စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ပါတယ်။ ယနေ့ သိပ္ပံလောကမှာ ဒါဟာ မှန်ကန်တယ်လို့ ယူဆပေမယ့် အဲ့ဒီခေတ်က ကမ္ဘာမြေကိုဗဟိုပြုတယ်လို့ သီအိုရီအရ ယုံကြည်သူတွေနဲ့ အမြင်ကွဲလွဲမှု များစွာ ရှိခဲ့ပါတယ်။ သမ္မာကျမ်းစာမှာ ဖော်ပြမှုကြောင့် ကက်သလစ်ချာ့ချ်ဟာ ကမ္ဘာကြီးဟာ စကြဝဠာရဲ့အလယ်ဗဟိုဖြစ်ပြီး ကောင်းကင်နဲ့ သက်ဆိုင်တဲ့အရာတွေ အားလုံးဟာ ကမ္ဘာကြီးကို လှည့်ပတ်နေတယ်ဆိုတဲ့ ယုံကြည်မှုကို စွဲကိုင်ထားပါတယ်။

ဂလီလီယိုရဲ့ တွေ့ရှိမှုတွေက ကက်သလစ်ချာ့ချ်ရဲ့ ယုံကြည်မှုနဲ့ ဆန့်ကျင်နေခဲ့ပါတယ်။ ၁၆၁၆ခုနှစ်မှာ ကက်သလစ်ချာ့ချ်ဟာ နေကိုဗဟိုပြုတဲ့ အယူအဆကို မိစ္ဆာအယူအဆ ဖြစ်တယ်လို့ တရားဝင် ကြေညာလိုက်ပါတယ်။ နေကိုဗဟိုပြုတဲ့ အယူအဆနဲ့ ပတ်သက်တဲ့ စာအုပ်တွေကိုပိတ်ပင်ပြီး ဂလီလီယိုကိုလည်း နေကိုဗဟိုပြုတဲ့အယူအဆကို စွဲကိုင်ထားခြင်း၊ သင်ကြားပေးခြင်းနဲ့ ကာကွယ်ခြင်းတို့မှ နောက်ဆုတ်ရန် အမိန့်ထုတ်လိုက်ပါတယ်။ နောက်ပိုင်းမှာ သူ့ကို ချာ့ချ်က "မိစ္ဆာဝါဒရဲ့ စိုးရိမ်ဖွယ် သံသယရှိသူ" အဖြစ်မြင်ပြီး ရက်အတိအကျ သတ်မှတ်မထားပဲ ထောင်ဒဏ် ချမှတ်လိုက်ပါတယ်။ ဂလီလီယိုဟာ သူသေဆုံးခဲ့တဲ့ ၁၆၄၂ခုနှစ်အထိ နေအိမ်အကျယ်ချုပ်ချမှတ်ခြင်း ခံခဲ့ရပါတယ်။

ဒီဥရောပရဲ့ ဉာဏ်ရည်ထိုင်းမှိုင်းနေတဲ့ခေတ်မှာ ဥရောပနဲ့ အစ္စလာမ့်ကမ္ဘာရဲ့ တိုးတက်မှုတွေကြားမှာ ကြီးမားတဲ့ ကွာဟမှု ရှိနေခဲ့ပါတယ်။ ၇ရာစုမှာ ကုရ်အာန်ကျမ်းမြတ် ကျရောက်လာခဲ့ခြင်းဟာ အာရေဗျကိုသာမက မွတ်စလင်မ်တွေအုပ်ချုပ်တဲ့ လက်အောက်မှာ ရှိနေခဲ့တဲ့ တိုင်းပြည်တွေ အားလုံးကို ပြောင်းလဲစေခဲ့ပါတယ်။ အစ္စလာမ့်အုပ်ချုပ်ရေးနဲ့အတူ ယူဆောင်လာတဲ့ ငြိမ်းချမ်းခြင်းနဲ့ လုံခြုံမှု ခံစားရခြင်းဟာ ကမ္ဘာ့သမိုင်းမှာ အအောင်မြင်ဆုံးဖြစ်တဲ့ ယဉ်ကျေးတိုးတက်တဲ့ လူမှုအဖွဲ့အစည်းတွေကို တည်ထောင်နိုင်ခဲ့စေပါတယ်။ ဥရောပဟာ အမှောင်လွှမ်းမိုးနေခဲ့တဲ့ အချိန်မှာ လူသိအများဆုံး ပညာရှင်တွေ မွတ်စလင်မ်တို့ဘက်က ထွက်ပေါ်ခဲ့ပါတယ်။ သိပ္ပံလောကရဲ့ သမိုင်းပညာရှင် ဗစ်တာရော်ဘင်ဆန် (Victor Robinson) က အလယ်ခေတ် ဥရောပနဲ့ အစ္စလာမ်အုပ်ချုပ်တဲ့ စပိန်ရဲ့ ကွာခြားမှုကို စုစည်းတင်ပြထားပါတယ်။

**"ဥရောပဟာ နေဝင်ချိန်မှာ မှောင်မိုက်သွားခဲ့တယ်။ ကော်ဒိုဗာဟာ အများပြည်သူရဲ့ မီးတိုင်တွေနဲ့ တောက်ပနေခဲ့တယ်။ ဥရောပဟာ ညစ်ပေနေခဲ့တယ်။ ကော်ဒိုဗာဟာ ရေချိုးကန်တွေများစွာ ဆောက်လုပ်ခဲ့ပြီးပြီ။ ဥရောပဟာ ပိုးမွှားတွေနဲ့ ဖုံးလွှမ်းနေခဲ့တယ်။ ကော်ဒိုဗာကတော့ အတွင်းဝတ် အဝတ်အစားတွေကို နေ့စဉ်လဲလှယ်ခဲ့တယ်။ ဥရောပဟာ ရွှံ့ထဲမှာလဲနေခဲ့တယ်။ ကော်ဒိုဗာကတော့ သူ့ရဲ့ လမ်းတွေကို ခင်းပြီးသွားပြီ။ ဥရောပရဲ့**

**နန်းတော်တွေဟာ မျက်နှာကျက်တွေမှာ မီးခိုးပေါက်တွေနဲ့။ ကော်ဒိုဗာရဲ့ ကနုတ်ပန်းတွေဟာ အံမခန်း အနုစိတ်လှပတယ်။ ကြီးမြတ်လှတယ်ဆိုတဲ့ ဥရောပသားတွေဟာ သူ့တို့ရဲ့နာမည်ကို လက်မှတ်မထိုးနိုင်ခဲ့ဘူး။ ကော်ဒိုဗာရဲ့ ကလေးတွေဟာ ကျောင်းကို သွားနေကြပြီ။ ဥရောပရဲ့ ဘုန်းတော်ကြီးတွေဟာ ရေနှစ်မင်္ဂလာဆုတောင်းကို မရွတ်ဖတ်နိုင်ကြဘူး။ ကော်ဒိုဗာရဲ့ ဆရာတွေက အလက်ဇန္ဒြီးယား အတိုင်းအတာတွေရဲ့ စာကြည့်တိုက်ကိုတောင် ထူထောင်ခဲ့ကြပြီ။”**

မွတ်စလင်မ်တွေရဲ့ သိပ္ပံပညာ တိုးတက်မှုတွေထဲက အချို့ ဥပမာတွေကတော့ အလ်ဂျီဘရာရဲ့ တိုးတက်မှုမှာ အရေးပါတဲ့ နေရာကနေပါဝင်ခဲ့တဲ့ သင်္ချာပညာရှင် အလ်-ခဝါရစ်ဇ်မီ(Al-Khwarizmi) ဖြစ်ပါတယ်။ သူဟာ အလ်ဂိုရစ်သမ်(algorithms) ကို စတင်မိတ်ဆက်ခဲ့တာကြောင့် သူ့ကို ကွန်ပြူတာသိပ္ပံရဲ့ ဘိုးအေကြီး လို့လဲ တင်စားခေါ်ဝေါ်ကြပါတယ်။ သမားတော် အလ်-ဇာရာဝီ(Az-Zahrawi)ဟာ အလယ်ခေတ်ရဲ့ အကျော်ကြားဆုံး ခွဲစိတ်ဆရာဝန်ဖြစ်ခဲ့ပြီး ခေတ်သစ် ခွဲစိတ်ပညာရဲ့ ဖခင်ကြီးအဖြစ် အများစုက ဖော်ပြကြပါတယ်။ သူဟာ ခွဲစိတ်ခြင်းနဲ့ ခွဲစိတ်ရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေမှာ ရှေးဦးတွေ့ရှိမှုတွေ များစွာပြုလုပ်ခဲ့ပါတယ်။ ဥပမာအနေနဲ့ အတွင်းချုပ်ရိုးအတွက် သူအသုံးပြုခဲ့တဲ့ ပစ္စည်းကို ယနေ့တိုင် ခွဲစိတ်မှုမှာ အသုံးပြုနေဆဲပါပဲ။ နက္ခတ္တဗေဒပညာရှင် အလ်-ဆူဖီ(Al-Sufi)ဟာ အန်ဒရိုမီဒါ ဂလက်စီ (Andromeda Galaxy)ကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့တဲ့ မှတ်တမ်းရှိသူဖြစ်ပါတယ်။ အန်ဒရိုမီဒါ ဂလက်စီဟာ နဂါးငွေ့တန်းဂလက်စီပြီးရင် ကမ္ဘာမှ ပထမဆုံးမြင်ရတဲ့ ဂလက်စီပဲ ဖြစ်ပါတယ်။ အတွေးအခေါ်ပညာရှင် အိဗ်နေဆီနာ (Ibn Sina)ဟာ သမိုင်းမှာ အကြော်ကြားဆုံး အတွေးအခေါ်ပညာရှင်တွေထဲက တစ်ယောက်အဖြစ် သတ်မှတ်ထားခြင်းခံရပါတယ်။ သူဟာ ဘက်တီရီးယားနဲ့ ဗိုင်းရပ်စ်ပိုးမွှားတွေရဲ့ ပုံစံကို ပထမဆုံး သရုပ်ဖော်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ရောဂါတွေရဲ့ ကူးစက်တတ်တဲ့ သဘာဝကို ပထမဆုံး တွေ့ရှိခဲ့ပြီး ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ သီးသန့်ခွဲနေရတဲ့ သဘောတရား(Quarantine)

ကိုလည်း တွေ့ရှိခဲ့သူ ဖြစ်ပါတယ်။ သူဟာ ဆေးပညာမှာ အင်မတန် လွှမ်းမိုးနိုင်ခဲ့သူ ဖြစ်တာကြောင့် သူ့ကို ခေတ်သစ်ဆေးပညာရဲ့ ဖခင်ကြီးလို့ ညွှန်းဆိုကြပါတယ်။

ကျွန်တော်တို့ လက်ရှိအသုံးပြုနေတဲ့ သိပ္ပံစကားလုံးနဲ့ အသုံးအနှုန်းတွေထဲမှာ အတော်များများ အရဗီဘာသာစကားမှ ဆင်းသက်လာတယ်ဆိုတာ သိရင် မိတ်ဆွေ အံ့ဩသွားပါလိမ့်မယ်။ ဒါဟာ မွတ်စလင်မ် သိပ္ပံပညာရှင်တွေရဲ့ ရှာဖွေတွေ့ရှိမှုတွေရဲ့ အမွေတွေ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ အလ်ဂျီဘရာဆိုတဲ့ စကားလုံးဟာ အရဗီစကားလုံး "အလ်-ဂျဘရ်"ကနေ ဆင်းသက်လာတာဖြစ်ပြီး မွတ်စလင်မ် သင်္ချာပညာရှင် အလ်-ခဝါရစ်ဇ်မီရဲ့ စာအုပ်တစ်အုပ်မှ ခေါင်းစဉ်တစ်ခု ဖြစ်တဲ့ပါတယ်။ "အလ်ဂိုရစ်သမ်" ဆိုတဲ့ စကားလုံးဟာ အလ်-ခဝါရစ်ဇ်မီရဲ့ နာမည်ကို တိုက်ရိုက်ယူထားတာ ဖြစ်ပါတယ်။ "အလ်ခမီ"ဆိုတဲ့ စကားလုံးဟာလည်း အရဗီရဲ့ "အလ်-ခင်မ်ယာ"ဆိုတဲ့ စကားလုံးကနေ ဆင်းသက်လာတာ ဖြစ်ပါတယ်။ အာရဗ်ပညာရှင်တွေ ပြုလုပ်ခဲ့တဲ့ အကြီးကျယ်ဆုံး ကိစ္စရပ်ကတော့ သူတို့ရဲ့ သိပ္ပံပညာနဲ့ နက္ခတ္တပညာကို တိုးတက်အောင် ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ ခေတ်သစ် ကြယ်ဇယားကို ကြည့်လိုက်မယ်ဆိုရင် အရဗီက ဆင်းသက်လာတဲ့ နာမည်နဲ့ ကြယ်တွေ ရာချီပြီး သင်မြင်ရပါလိမ့်မယ်။ ဥပမာ- အလ်တဲရ်(Altair)၊ အလ်ဒီဘရန်(Aldebaran)၊ ဘတလ်ဂွတ်စ်(Betelgeuse)၊ ဗီဂါ(Vega)၊ ရီဂယ်လ်(Regal) နဲ့ အလ်ဂိုလ်(Algol)တို့ ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ ရေတွက်ရာမှာ အသုံးပြုနေတဲ့ ဆယ်လီစိတ် ကိန်းစနစ်ကလည်း အာရဗ် သင်္ချာပညာရှင်တွေ တီထွင်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တော့ ယနေ့ကမ္ဘာမှာ အသုံးများဆုံးဂဏန်းတွေရဲ့ ဖော်ပြမှု (1,2,3,စသည်)တို့ဟာလည်း အရဗီကိန်းဂဏန်း (Arabic Numerals)တွေကနေ အခြေခံထားတာ ဖြစ်ပါတယ်။ မိတ်ဆွေမယုံရင် Googleမှာ အထက်ပါ အချက်အလက်တွေကို ရှာကြည့်လို့ရပါတယ်။

မွတ်စလင်မ်တွေကို အစ္စလာမ်မတိုင်မီခေတ် အမှောင်တွင်းထဲက ဆွဲထုတ်ပြီး ကမ္ဘာ့ခေါင်းဆောင်တွေ ဖြစ်လာသည်အထိ အလင်းပွင့်စေခဲ့တဲ ကုရ်အာန်ကျမ်းရဲ့ ထူးခြားချက်ကဘာလဲ? အထက်က သိပ္ပံပညာရှင်တွေထဲက အများစုဟာ အစ္စလာမ်ရဲ့ သီအိုရီတွေကို အထူးကျွမ်းကျင် နားလည်သူတွေ ဖြစ်ပြီး ကုရ်အာန်ကျမ်းမြတ်ကပဲ

သူတို့ကို သဘာဝလောကကြီးကို စူးစမ်းဖို့ စိတ်ကူးရစေကာ အသိတရားရ ဉာဏ်အလင်းပွင့်စေခဲ့တာ ဖြစ်ပါတယ်။

**“ဖန်ဆင်းတော်မူသော အရှင်၏ နာမတော်ဖြင့် အသင်ဖတ်ပါ။ ထိုအရှင်သည် လူသားအား သွေးခဲမှ ဖန်ဆင်းတော်မူခဲ့သည်။ အသင်ဖတ်ပါ။ အသင့်အရှင်မြတ်သည် အရက်ရောဆုံးအရှင် ဖြစ်တော်မူသည်။ ထိုအရှင်သည် ကလောင်ဖြင့် သင်ပေးတော်မူသည်။ လူသားမသိခဲ့သော အရာများကို လူသားအား သင်ပေးတော်မူခဲ့သည်။” (ကုရ်အာန် ၉၆:၁-၅)**

ဒီကျမ်းပိုဒ်တွေဟာ တမန်တော်မုဟမ္မဒ်(ﷺ)ထံ ပထမဆုံး ကျရောက်လာခဲ့တဲ့ ကျမ်းပိုဒ်တွေ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ သူ့ရဲ့ ဗျာဒိတ်တော်ကို စတင်ဖို့အတွက် အခြားအရာတွေ အားလုံးထက် ဖတ်ရွတ်ခြင်း၊ ရေးသားခြင်းတို့ကို ရွေးချယ်ခဲ့တာဟာ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ပထမဆုံး ကျရောက်လာတဲ့ စကားလုံးဟာ “ဖတ်ပါ” လို့ အမိန့်ပေးနေတာကို သတိထားကြည့်ပါ။ ဒါကြောင့် ကုရ်အာန်မှာ ဗဟုသုတနဲ့ ပညာရေးရဲ့ အရေးကြီးမှုကို ဖော်ပြထားပါတယ်။

**“အလ္လာဟ်သည်ပင် အသင်တို့အား အသင်တို့၏ မိခင်များ၏ ဝမ်းမှ ထုတ်ဆောင်တော်မူခဲ့သည်။ ထိုစဉ်အခါက သင်တို့သည် တစ်စုံတစ်ရာကိုမျှ မသိကြပေ။ ထို့ပြင်အရှင်မြတ်သည် အသင်တို့ ကျေးဇူးသိတတ်စေကြရန် အသင်တို့အဖို့ နား၊မျက်စိများနှင့် စိတ်နှလုံးတို့ကို ပြုလုပ်ပေးတော်မူခဲ့သည်။” (ကုရ်အာန် ၁၆:၇၈)**

ဖန်ဆင်းရှင်ဟာ လူသားကို ဖန်ဆင်းခဲ့ပြီး သူကို အသိပညာ ဗဟုသုတရှာဖွေရရှိစေဖို့ လိုအပ်တဲ့ အကြားအာရုံ၊ အမြင်အာရုံနဲ့ စိတ်နှလုံး စတာတွေကို ချီးမြှင့်ထားပါတယ်။ ဒါကြောင့် ကုရ်အာန်က ကျွန်တော်တို့ကို အသိပညာဗဟုသုတရစေတဲ့ ထိုပစ္စည်းတွေ ချီးမြှင့်ထားတဲ့အတွက် ဖန်ဆင်းရှင်ကို ကျေးဇူးတင်သင့်ကြောင်း သတိပေးထားပါတယ်။

**“သိသူနှင့် မသိသူသည် တူနိုင်ပါသလော။ အသိဉာဏ်ရှိသူများသာ အဆုံးအမကို နာယူကြသည်။” (ကုရ်အာန် ၃၉:၉)**

ဒီနေရာမှာ ကုရ်အာန်ကျမ်းမြတ်က ပညာရှိတဲ့သူတစ်ဦးရဲ့ မြင့်မြတ်တဲ့ ဂုဏ်ကို မီးမောင်းထိုးပြထားပါတယ်။ ပညာရှိသူဟာ အရာရာကို ပိုပြီး နားလည်နိုင်စွမ်း ရှိတာကြောင့် ပညာမဲ့သူတွေထက် အဆင့်အတန်း မြင့်မားတယ်လို့ ဆိုထားပါတယ်။ ဒါဟာ စဉ်ဆက်မပျက် ပညာရှာမှီးကြဖို့ တိုက်တွန်းထားတာ ဖြစ်ပါတယ်။

**“သို့ဖြစ်ရာ ကုလားအုတ်သည် အဘယ်ကဲ့သို့ ဖန်ဆင်းခြင်း ခံထားရသည်ကို သူတို့ စဉ်းစားဆင်ခြင်သုံးသပ်မှု မပြုကြလေသလော။ မိုးကောင်းကင်သည် အဘယ်ကဲ့သို့ မြှင့်တင်ခြင်း ခံထားရသည်ကိုရော။ တောင်များသည် အဘယ်ကဲ့သို့ စိုက်ထူခြင်း ခံထားရသည်ကိုရော။ မြေပထဝီသည် အဘယ်ကဲ့သို့ ဖြန့်ခင်းခြင်း ခံထားရသည်ကိုရော။” (ကုရ်အာန် ၈၈:၁၇-၂၀)**

ကုရ်အာန်ဟာ ကျွန်ုပ်တို့ အနီးပတ်ဝန်းကျင်က လောကကြီးကို ကြည့်ရှုဖို့ အားပေးခြင်းဖြင့် သဘာဝဖြစ်ရပ်များစွာကို သတိထားမိစေပါတယ်။

**“မိုးကောင်းကင်များနှင့် ကမ္ဘာမြေကို ဖန်ဆင်းခြင်းတွင် ၊ညနှင့် နေ့၏ အလှည့်ကျ ပြောင်းလဲမှုတွင် အသိဉာဏ်ပညာရှင်တို့အဖို့ အမှန်ပင် မြောက်မြားစွာသော သက်သေ လက္ခဏာများ ရှိ၏။ ထိုအသိဉာဏ်ပညာရှင်တို့သည် မတ်တတ်ရပ်လျှက်ဖြစ်စေ၊ ထိုင်လျှက်ဖြစ်စေ၊ ဘေးတစောင်း လှဲလျှက်ဖြစ်စေ အလ္လာဟ်ကို အောက်မေ့တသ သတိရကြကုန်၏။ ထို့ပြင် မိုးကောင်းကင်များ နှင့် ကမ္ဘာမြေအား ဖန်ဆင်းခံထားရခြင်း အပေါ် စဉ်းစားဆင်ခြင်ကြ၏။” (ကုရ်အာန် ၃:၁၉၀-၁၉၁)**

ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကို ဒီအတိုင်းသက်သက် ကြည့်ရှုတာ မဟုတ်ဘဲ ကျွန်တော်တို့ တွေ့မြင်ကြရတဲ့ အရာတွေအပေါ် လေးနက်စွာ စဉ်းစားတွေးခေါ်ကြဖို့ မိန့်ထားပါတယ်။

**“အသင်တို့သည် ငါအရှင်က မိမိ၏ အစေတော်ထံ ပို့ချပေးခဲ့သော ကုရ်အာန်နှင့် စပ်လျှင်း၍ သံသယဖြစ်ကြလျှင် ယင်းနှင့်တူသော ကဏ္ဍတစ်ခုခုကို ယူဆောင်လာကြကုန်။ ထို့ပြင် အသင်တို့သည် မှန်ကန်သူများဖြစ်ကြလျှင် အလ္လာဟ်မှလွဲ၍ အခြားကူညီမည့်သူများကိုလည်း ခေါ်ဆောင်လာကြကုန်။” (ကုရ်အာန် ၂:၂၃)**

အကြံဉာဏ်တွေကို စမ်းသပ်မှု ပြုလုပ်ဖို့ အသိကိုလည်း ကုရ်အာန်က ထည့်ပေးပါတယ်။ မျက်မြင်သက်သေတွေကို ကြည့်ပြီး ကောက်ချက်တွေ ချနိုင်ဖို့ ဖြစ်ပါတယ်။ အခြားမည်သည့် ဘာသာရေးစာပေကမှ ဖတ်သူကို ဒီလိုနည်းနဲ့ စိန်ခေါ်ထားတာမျိုး မရှိဘူးဆိုတာ မှတ်သားသင့်ပါတယ်။ အတုအပ စစ်ဆေးခြင်းတွေကို အသုံးပြုခြင်းဟာ ကုရ်အာန်ကျမ်းမြတ်ရဲ့ ထူးခြားချက် ဖြစ်ပါတယ်။

ခြုံကြည့်လိုက်မယ်ဆိုရင် ကုရ်အာန်ရဲ့ သဘောတရားတွေက ကျွန်တော်တို့ကို အသိပညာ ဗဟုသုတရစေဖို့ ရည်ရွယ်ပြီး ကျွန်တော်တို့ရဲ့ အာရုံတွေကို အသုံးပြုပြီး ပတ်ဝန်းကျင်ကို လေ့လာကြရန်၊ ကျွန်တော်တို့ မြင်တွေ့ရတဲ့ အရာတွေအပေါ် စဉ်းစားဆင်ခြင်ကြရန်၊ ရရှိတဲ့ အတွေးအခေါ်တွေကို စမ်းသပ်ရန်နဲ့ ကျွန်တော်တို့ရဲ့ နောက်ဆုံးတွေ့ရှိချက်များကို အတည်ပြုဖို့သက်သေများ ထုတ်ပြရန် တိုက်တွန်းထားကြောင်း တွေ့နိုင်ပါတယ်။ ဒီသဘောတရားတွေကို ရင်းနှီးနေတယ် မဟုတ်လား? ဒါဟာ ခေတ်သစ်သိပ္ပံပညာရဲ့ နည်းလမ်းနဲ့ ဆင်တူနေလို့ပါပဲ။ ဘယ်အရာကိုမဆို သက်သေပြရမယ်ဆိုတာ ခေတ်သစ် သိပ္ပံကျောင်းသားတွေအားလုံး သိကြပါတယ်။ သိပ္ပံနည်းကျ သီအိုရီတွေကို စမ်းသပ်မှု မပြုလုပ်ပဲ ခန့်မှန်းယူဆမှုတွေနဲ့ အဆိုပြုလို့ မရနိုင်ဘူးဆိုတာ သိကြပါတယ်။ သိပ္ပံနည်းကျဆိုတာ သိပ္ပံနည်းအရ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ သဘာဝဖြစ်စဉ်တစ်ခုကို လေ့လာခြင်း၊ လေ့လာတွေ့ရှိချက်တွေကို အခြေခံပြီး အယူအဆတစ်ခု ထုတ်ဖော်ခြင်း၊ ၎င်းနောက် အဲ့ဒီအယူအဆ မှန်ကန်ကြောင်း စမ်းသပ်မှုတွေပြုလုပ်ပြီး သက်သေပြခြင်းတို့ ပါဝင်ပါတယ်။ အဲ့ဒီအယူအဆမှန်ကန်ကြောင်း သက်သေပြနိုင်ခဲ့ရင် ဒါဟာ သီအိုရီ (သက်သေပြပြီးတဲ့အယူအဆ)တစ်ခု ဖြစ်လာပါတယ်။ မမှန်ကန်ခဲ့ရင်တော့ နောက်ထပ်

လေ့လာမှုတွေ ထပ်ပြီး ပြုလုပ်ရပါတယ်။ မူလက အယူအဆကို ပြုပြင်မွမ်းမံပြီး အထက်ကလိုပဲ အစအဆုံး ပြန်လုပ်ရမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ ကျောင်းမှာသင်ခဲ့ရတဲ့ သိပ္ပံပညာရှင် ဆာအိုက်ဆက်နျူတန် သစ်ပင်အောက်မှာ အိပ်နေတုန်း သူ့ခေါင်းပေါ် ပန်းသီးတစ်လုံး ပြုတ်ကျလာတဲ့ ပုံပြင်မှာလိုပါပဲ။ ဒီတွေ့ရှိချက်ကို အခြေခံပြီး မြေကြီးပေါ်ကို ဒီပန်းသီး ပြုတ်ကျလာအောင် ဆွဲငင်နိုင်တဲ့ စွမ်းအားတစ်ခုခု ရှိရမယ်ဆိုတဲ့ အယူအဆကို သူယူလာခဲ့ပါတယ်။ ၎င်းနောက်သူဟာ သူ့ရဲ့ အယူအဆကို စမ်းသပ်ခဲ့ပြီး ကမ္ဘာမြေကြီးဆွဲအားရဲ့ နိယာမကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ဆာအိုက်ဆက်နျူတန်ရဲ့ ခေါင်းပေါ်ကို ပန်းသီးပြုတ်ကျတာ မကျတာက အရေးမကြီးပါဘူး။ အရေးကြီးတဲ့အချက်က ကမ္ဘာမြေကြီးဆွဲအားရဲ့ အလုပ်လုပ်ပုံ အကြောင်း သူရခဲ့တဲ့အယူအဆကို အတည်ပြုနိုင်ဖို့ ခွင့်ပြုခဲ့တဲ့ သိပ္ပံနည်းကျ နည်းလမ်းပဲ ဖြစ်ပါတယ်။ ဒီလို သိပ္ပံပညာကို စမ်းသပ်မှုပြုလုပ်ပြီး ချဉ်းကပ်တဲ့ နည်းလမ်းဟာ လူတွေစိတ်ကူးရရှိခဲ့တဲ့ အကြီးကျယ်ဆုံး အကြံဉာဏ်တွေထဲက တစ်ခုဖြစ်တယ် ဆိုတာ သင်နားလည်နိုင်ပြီ ဖြစ်မှာပါ။ ဒါဟာ သိပ္ပံပညာတိုးတက်မှု မှန်သမျှရဲ့ အခြေခံဖြစ်ပြီး ဒီစိတ်ကူးမရှိခဲ့ရင် ကျွန်တော်တို့ဟာ ကမ္ဘာမြေကြီးရဲ့ဆွဲအားလိုမျိုး ရူပဗေဒရဲ့ နိယာမတွေ ကို တွေ့ရှိနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုသီအိုရီတွေက လူသားတွေကို မော်တော်ယာဉ်တွေ၊ ကွန်ပြူတာတွေနဲ့ အာကာသထဲကို ခရီးသွားခြင်းတွေကို တီထွင်ဖို့ လမ်းဖောက်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒီလို အကြံဉာဏ်ကို ဘယ်သူများရခဲ့သလဲ ဆိုပြီး မိတ်ဆွေ တွေးနေပါလိမ့်မယ်။ အစ္စလာမ် မထွန်းကားမီက ရှေးခေတ် ဂရိသိပ္ပံ အတွေးအခေါ်တွေဟာ အနောက်တိုင်း ယဉ်ကျေးမှုနယ်ပယ်ကို လွှမ်းမိုးနေခဲ့ပါတယ်။ အသိပညာဟာ ထုတ်ယူဆင်ခြင် ခြင်းမှတဆင့် ဖွံ့ဖြိုးလာတယ်လို့ ဂရိတွေက ယုံကြည်ခဲ့ပါတယ်။ ဆိုလိုတာက အထောက်အထားကို မစဉ်းစားပဲ အကြောင်းရင်းတစ်ခုတည်းကိုသာ ယုံကြည်ခြင်း ဖြစ်ပါတယ်။ ခေတ်သစ်သိပ္ပံနည်းလမ်းနဲ့ ဆင်တူတဲ့ သိပ္ပံနည်းကျလုပ်ငန်းစဉ်ကို ၁၀ရာစုနှစ်က မွတ်စလင်မ်ပညာရှင် အိဗ်နေအလ်-ဟေရ်ုမ် (Ibn al-Haytham)က စတင် တိုးတက်ပြောင်းလဲခဲ့ပါတယ်။ သူ့ကို သိပ္ပံနည်းကျ သက်သေပြမှုများရဲ့ ဖခင်ကြီးလို့

သတ်မှတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက အရာရာတိုင်းကို ခြုံယူဆင်ခြင်ခြင်း နည်းလမ်းကို အသုံးပြုပြီး သက်သေပြဖို့ တောင်းဆိုခဲ့တဲ့ သမိုင်းရဲ့ ပထမဆုံး သိပ္ပံပညာရှင် ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့တောင်းဆိုချက်ဟာ ရှေ့ကသီအိုရီတွေကို လေ့လာမှုတွေနဲ့ လက်တွေ့ စမ်းသပ်မှုတွေပြုလုပ်ဖို့ စိန်ခေါ်ခဲ့ပါတယ်။ သူ့ရဲ့ လုပ်ငန်းစဉ်မှာ အောက်ပါအဆင့်တွေ ပါဝင်ခဲ့ပါတယ်။

၁. သဘာဝလောကကို ကြည့်ရှုလေ့လာခြင်း။

၂. တိကျတဲ့ ပြဿနာတစ်ခုကို ဖော်ပြခြင်း။

၃. ခိုင်မာတဲ့ အယူအဆတစ်ခုကို ဖော်ထုတ်ခြင်း။

၄. အယူအဆကို စမ်းသပ်ခြင်း။

၅. အဖြေကို ခွဲခြမ်းစိတ်ဖြာခြင်း။

၆. အချက်အလက်ကို သရုပ်ပြခြင်းနှင့် ကောက်ချက်ချခြင်း။

၇. တွေ့ရှိချက်များကို ထုတ်ဝေခြင်း။

အိဗ်နေအလ်-ဟေရှာမ်ဟာ ပထမဆုံး ဘာသာရေးအတတ်ပညာအနေနဲ့ ကုရ်အာန်ကို သင်ယူခဲ့ပါတယ်။ ပြီးတော့ ကုရ်အာန်ဟာ သူ့ကို အတွေးအခေါ်ပညာနဲ့ သိပ္ပံကို လေ့လာဖို့ စိတ်ကူးရစေခဲ့တယ်လို့ ဆိုပါတယ်။ **“ကျွန်တော်တို့ကို ဖန်ဆင်းရှင်နဲ့ နီးကပ်စေတဲ့ အရာတွေ၊ သူ့ကို ကျေနပ်စေတဲ့အရာတွေ၊ သူ့ရဲ့ မငြင်းသာသော အလိုတော်ကို နာခံတတ်စေတဲ့ အရာတွေကို ရှာဖွေဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။”**

ဒီလို ပြောင်းလဲတိုးတက်လာတဲ့ သိပ္ပံနည်းကို အသုံးပြုခြင်းအားဖြင့် အိဗ်နေဟေရှာမ်ဟာ အမြင်အာရုံနဲ့ ပတ်သက်တဲ့ ဘာသာရပ်ကို တိုးတက်ကူးပြောင်း လေ့လာနိုင်ခဲ့ပါတယ်။ သူ့ရဲ့စာအုပ် “အမြင်အာရုံရဲ့ စာအုပ်”(The Book of Optics)ထဲမှာ ရှေးခေတ်ဂရိတွေရဲ့ အလင်းဟာ မျက်လုံးက ထွက်လာတယ်၊ ပြီးတော့ အရာဝတ္ထုတွေကနေ ခုန်ထွက်လာပြီး မျက်လုံးထဲ ပြန်ဝင်လာတယ်ဆိုတဲ့ အယူအဆကို မှားကြောင်း

သက်သေပြခဲ့တဲ့ ပထမဆုံးသောသူ ဖြစ်ပါတယ်။ သူဟာ မျက်လုံးရဲ့ အလုပ်လုပ်ပုံကို အရင် အသေးစိတ် စူးစမ်းခဲ့ပါတယ်။ ခွဲစိတ်လေ့လာမှုတွေ ပြုလုပ်ပြီး မျက်လုံးထဲကို အလင်းဝင်ရောက်လာတာဟာ အလင်းတန်းတွေဆုံပြီး မျက်လုံးရဲ့အနောက်ကို ပုံရိပ်သွား ထင်တယ် ဆိုတာကို စတင်ရှင်းပြနိုင်ခဲ့ပါတယ်။

"အမြင်အာရုံရဲ့ စာအုပ်"ကို ဘာသာပြန်ခဲ့တာဟာ ဥရောပမှာ သက်ရောက်မှုများစွာ ဖြစ်ခဲ့ပါတယ်။ ဒီစာအုပ်ကနေ ဥရောပက ပညာရှင်တွေဟာ အလင်းရဲ့အလုပ်လုပ်ပုံကို သိရှိနားလည်ပြီး မျက်မှန်တွေ၊ ပုံရိပ်ချဲ့မှန်ဘီလူးတွေ၊ အဝေးကြည့်မှန်ပြောင်းနဲ့ ကင်မရာတွေကို တိုးတက် တီထွင်နိုင်ခဲ့ကြပါတယ်။ အိဗ်နေ အလ်-ဟိရျာမ်ရဲ့ သိပ္ပံနည်းကိုသာ မတွေ့ရှိခဲ့ဘူးဆိုရင် ကျွန်တော်တို့ဟာ ထင်မြင်ချက်တွေ၊ အယူသီးခြင်းနဲ့ သက်သေမရှိတဲ့ ယုံတမ်းတွေဟာ သိပ္ပံရဲ့ အခြေခံတွေဖြစ်နေတဲ့ ခေတ်ကြီးမှာ နေနေရတုန်း ဖြစ်နေမှာပါ။ သူ့ရဲ့ အကြံဉာဏ်ကြောင့်သာ မဟုတ်ခဲ့ရင် ယနေ့ ကျွန်တော်တို့သိတဲ့ သိပ္ပံလောကဟာ တည်ရှိမှာ မဟုတ်ဘူးလို့ ပြောရင်တောင် မလွန်ပါဘူး။

## ဥရောပ အလင်းဝင်လာခြင်းနဲ့ တစ်ကျော့ပြန်လာခြင်းရဲ့ မူလဇာတ်မြစ်များ

၁၃ရာစုမှာ မွတ်စလင်မ် လေ့လာမှုရဲ့ အသီးအပွင့်တွေ ဥရောပမှာ စတင် သီးပွင့်လာခဲပါတယ်။ ဒီလိုနဲ့ဥရောပဟာ အမှောင်ခေတ်ကနေ နိုးထလာခဲ့ပြီး တစ်ကျော့ပြန်လာခြင်းလို့ခေါ်တဲ့ အလင်းဝင်လာတဲ့ ခေတ်ကို ပြန်လည် ရောက်ရှိလာခဲ့ ပါတယ်။ ၁၀ရာစုမှ စပြီး ၁၃ရာစုအထိ၊ ရာစုနှစ် ၃ခုတိုင်အောင် အာရဗီ ဘာသာနဲ့ ရေးသားထားတဲ့ သိပ္ပံ ပညာစာပေတွေကို ဘာသာ ပြန်ဆိုခြင်းများပြုလုပ်ခဲ့ပြီး ဥရောပတစ်ခွင် တဖြည်းဖြည်းချင်း ပျံ့နှံ့လာခဲ့ပါတယ်။ ပါမောက္ခ ဂျော့ဂျ် ဆလီဘာ (George Saliba)က ဒီအကြောင်းနဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ် ပြုလုပ်ရေးသား ခဲ့တဲ့ထဲမှာ ယခုလို ဖော်ပြထားပါတယ်။

**"အစ္စလာမ်ရဲ့ ယဉ်ကျေးတိုးတက်မှုနဲ့ ပတ်သက်ပြီး ဒါမှမဟုတ် အထွေထွေသိပ္ပံရဲ့ သမိုင်းနဲ့ ပတ်သက်ပြီး အစ္စလာမ့် ရိုးရာသိပ္ပံရဲ့ အရေးကြီးပုံနဲ့ ဒီရိုးရာက လူသားတွေရဲ့**

**အထွေထွေ ယဉ်ကျေးတိုးတက်ဖွံ့ဖြိုးမှုမှာ အရေးပါပုံအကြောင်း အနည်းဆုံး အသိအမှတ် ပြုဟန်မပါတဲ့ စာအုပ်တစ်အုပ်မှ မရှိခဲ့သလောက်ပါပဲ။"**

ပါမောက္ခ သောမက်စ် အာနယ်လ်ဒ်(Thomas Arnold) က ဥရောပရဲ့ တကျော့ပြန်လာမှုဟာ အစ္စလာမ်အုပ်ချုပ်ခဲ့တဲ့ စပိန်ကနေ စတင်ခဲ့တယ်လို့ သူ့ရဲ့အမြင်ကို ပြောပြခဲ့ပါတယ်။

**"မွတ်စလင်မ်စပိန်ဟာ အလယ်ခေတ် ဥရောပသမိုင်းရဲ့ အတောက်ပဆုံး စာမျက်နှာ တစ်ခုကို ရေးသားခဲ့လိုက်ပြီ။ သူ့ရဲ့လွှမ်းမိုးမှုဟာ အနောက်တိုင်းProvince ရဲ့ တခြား ဥရောပနိုင်ငံတွေကို ပျံ့နှံ့သွားပြီး ကဗျာအသစ်တွေနဲ့ ယဉ်ကျေးမှုအသစ်တွေကို ယူဆောင်လာပါတယ်။ ပြီးတော့ အဲ့ဒီအချိန်ကစပြီး ဂရိအတွေးအခေါ်နဲ့ သိပ္ပံပညာတွေ ရရှိထားတဲ့ ခရစ်ယာန်ပညာရှင်တွေက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာနိုးကြားမှုကို ခေတ်နဲ့ညီအောင် ကြိုးစား အမှီလိုက်ခဲ့ကြရပါတော့တယ်။"**

အထက်က အကိုးအကားမှာ ဖော်ပြထားတဲ့ ဂန္ထဝင်ဂရိစာပေတွေဟာ ဥရောပရဲ့ အမှောင်ခေတ်မှာ ပျောက်ဆုံးသွားခဲ့ရပါတယ်။ ၎င်းစာပေတွေကို မွတ်စလင်မ်ပညာရှင် တွေက အရဗီဘာသာကို ပြန်ဆိုထိန်းသိမ်းထားပြီး ကယ်ယူထားခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီး အရဗီကနေ လက်တင်ဘာသာကို ပြန်ဆိုလိုက်တဲ့အခါမှာတော့ သူတို့ရဲ့ ဥရောပသို့ အပြန်လမ်းကို တွေ့ရှိသွားခဲ့ပါတယ်။ ဒါ့အပြင် မွတ်စလင်မ်တွေဟာ ၎င်းတို့ကို ထိန်းသိမ်းထားရုံမက ရှေးခေတ် ဂရိစာပေတွေကို အသေးစိတ်လေ့လာပြီး ပြန်လည် တည်ဆောက်ခဲ့ကြပါတယ်။ ၎င်းတို့ကို သူတို့ကိုယ်ပိုင် စာပေတွေအဖြစ် စမ်းသပ်မှုတွေ ပြုလုပ်တယ်၊ မှတ်ချက်တွေ ရေးသားတယ်၊ လိုအပ်တဲ့ သီအိုရီတွေကို ပြင်ဆင်ခဲ့ကြပါ တယ်။ အချို့ ဥပမာတွေကတော့ အလ်-ဘီရူနီ(Al-Biruni)ရဲ့ ဝေဖန်အကဲဖြတ်ခြင်း၊ အရစ်စတိုတယ်ရဲ့ အတွေးအခေါ်ကို ပြင်ဆင်ထားတဲ့ "မေးခွန်းများနှင့်အဖြေများ" (Questions and Answers) ဆိုတဲ့ စာအုပ်၊ အလ်-ခဝါရစ်ဇ်မီရဲ့ "ကမ္ဘာကြီးရဲ့မျက်နှာပြင်" (Face of the Earth)စာအုပ်ထဲက တိုလမီ(Ptolemy)ရဲ့ ပထဝီကို ပြင်ဆင်မှု၊ အိဗ်နေ အလ်-

ဟေရှာမ်ရဲ့ လက်တွေ့စမ်းသပ်မှုတွေကို အခြေခံပြီး ဂေလန်(Galen)ရဲ့ အမြင်အာရုံစာအုပ်ကို ပြင်ဆင်ခြင်းနဲ့ မမှန်ကန်ကြောင်း သက်သေပြခြင်း၊ အလ်-ခါဇီနီ(Al-Khazini) ရဲ့ အလေးချိန်အတိုင်းအတာနဲ့ ထုထည်တွေနဲ့ ပတ်သက်တဲ့စာပေက သူ့ရဲ့ အရင်ဂရိစာပေထက် သာလွန်ကောင်းမွန်သွားခြင်းတို့ ဖြစ်ပါတယ်။

တကယ်တော့ ဥရောပဟာ ဒီစာအုပ်မှာ ဖော်ပြထားတာထက် ပိုပြီးတော့ကို ရရှိခဲ့တာ ဖြစ်ပါတယ်။ အခြားအရာတွေထဲမှာဆိုရင် လေရဟတ်များ၊ ဆပ်ပြာ၊ ရေမွှေး၊ သကြား၊ ဆယ်မြောင်းသွယ်ခြင်း၊ မဆလာများ၊ တက္ကသိုလ်များ၊ လမ်းမီးများ၊ စက္ကူစက်ရုံ၊ စာပေများစွာ ထုတ်ဝေခြင်း၊ အတွေးအခေါ်ဆိုင်ရာ လွတ်လပ်ခွင့်၊ ဗိသုကာပညာ၊ ကဗျာ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ စာကြည့်တိုက်များနဲ့ ကြွေထည်အတတ် စတာတွေလည်း ပါဝင်ပါတယ်။ အရဗီဂဏန်းအသစ်များ (1,2,3…) ကလည်း အလယ်ခေတ် ဥရောပရဲ့ သင်္ချာကို တိုးတက်ပြောင်းလဲစေခဲ့ပြီး အကျိုးဆက်အနေနဲ့ ဗိသုကာပညာမှာ ကြာရှည်ခံတဲ့ သက်ရောက်မှု ရှိခဲ့ပါတယ်။ အစ္စလာမ်မစ်စပိန်ရဲ့ ဗိသုကာနည်းပညာတွေရဲ့ အကူအညီနဲ့ ဘုရားရှိခိုးကျောင်းတော်ကြီးများ၊ ရဲတိုက်ကြီးများ၊ နန်းတော်ကြီးများ၊ ဥယျာဉ်ကြီးများနဲ့ အခြားသော အဆောက်အဦးများစွာကိုလည်း အလယ်ခေတ် ဥရောပမှာ ဆောက်လုပ်နိုင်ခဲ့ပါတယ်။

နောက်ဆုံးအနေနဲ့၊ အတွေးနဲ့စမ်းသပ်မှုတစ်ခုလောက် ကျွန်တော်တို့ လုပ်ကြည့်ရအောင်: ကုရ်အာန်ကျမ်းသာ မကျရောက်ခဲ့ဘူးဆိုရင် ယနေ့ကမ္ဘာဟာ ဘယ်လိုဖြစ်နေမယ်လို့ ပြောလိုပါသလဲ? တဆင့်ပြီးတဆင့် စဉ်းစားကြည့်ရအောင်။ ကုရ်အာန်ကျမ်းကနေ အစ္စလာမ့်ဥပဒေရဲ့ တရားမျှတမှု ထွက်ပေါ်လာခဲ့တယ်။ အဲဒီတရားမျှတမှုကနေ ငြိမ်းချမ်းမှုနဲ့ အတူယှဉ်တွဲနေထိုင်မှု ပေါ်ပေါက်လာခဲ့တယ်။ အဲ့ဒီလို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းကနေ မွတ်စလင်မ်တိုင်းပြည်တွေမှာ လွတ်လပ်တဲ့ ဉာဏလှုပ်ရှားမှုတွေ၊ စာပေလွတ်လပ်ခွင့်တွေကနေ ဥရောပကို အမှောင်ခေတ်ကထွက်ပြီး တစ်ကျော့ပြန်လာစေဖို့ လမ်းပြခဲ့တဲ့ အသိပညာတွေကို ရရှိခဲ့ပါတယ်။ ဒါကြောင့် မိုဘိုင်းလ်ဖုန်းတွေ အင်တာနက်တွေ၊ တိုးတက်လာတဲ့ နည်းပညာတွေနဲ့ ယနေ့ကမ္ဘာကြီး

ဟာ ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့ခြင်းရဲ့ တိုက်ရိုက်အကျိုးဆက် ဖြစ်တယ်လို့တောင် ကောက်ချက်ချလို့ ရပါတယ်။

# ကျမ်းတော်မြတ်ကုရ်အာန်ကို ဆင်ခြင်သုံးသပ်ခြင်း

သေဆုံးသွားတဲ့အခါမှ မှားခဲ့ပြီဆိုတာ သိဖို့ ဘဝတစ်ခုလုံးကို ကိုးကွယ်ယုံကြည်မှု တစ်ခုထဲမှာ၊ အတွေးအခေါ် တစ်ခုထဲမှာ သို့မဟုတ် ဘဝနေထိုင်ပုံ တစ်ခုထဲမှာ ဘယ်သူမှ မနှစ်မြှုပ်ထားချင်ပါဘူး။ ကျွန်တော်တို့ တစ်ခါပဲ အခွင့်အရေးရတာပါ။ ဘဝသက်တမ်း တစ်ခုတည်းသာ ရရှိထားတာပါ။ ဒါကြောင့် အင်မတန် အလျော်အစား များပါတယ်။ ဖန်ဆင်းရှင်အကြောင်း အမှန်တရားကို သိရှိဖို့ အရှိကို အရှိအတိုင်း လေ့လာချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ ထူးခြားချက်က ကျွန်တော်တို့ကို စဉ်းစားဆင်ခြင်ပြီး မေးခွန်းတွေထုတ်ရမယ်၊ သို့မှသာ ကျွန်တော်တို့ အမှန်တရားကို သိနိုင်မယ်လို့ ဆိုထားပါတယ်။ ကုရ်အာန်ဟာ ဖတ်ရှုတ်သူကို စဉ်းစားတွေးတောနေဖို့ အမြဲတိုက်တွန်း နေပါတယ်။

**“သူတို့သည် ကုရ်အာန်ကျမ်းမြတ်ကို စဉ်းစားဆင်ခြင်သုံးသပ်ခြင်း မပြုကြလေ သလော။ သို့မဟုတ် သူတို့၏ စိတ်နှလုံးများပေါ်၌ သော့ခလောက်များ ခတ်ထားလျက် ရှိနေကြသလော?” (ကုရ်အာန် ၄၇:၄၂)**

ကျရောက်လာတဲ့ ဗျာဒိတ်တော်ကို ဆင်ခြင်တွေးတောမှသာ ကျွန်တော်တို့အတွက် အကျိုးရှိနိုင်မှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်ဟာ ကျွန်တော်တို့အားလုံးကို ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်း ချီးမြှင့်ထားပါတယ်။ ကျွန်တော်တို့ကို မျက်စိမှိတ် နောက်လိုက်သူတွေ မဖြစ်စေလိုတာ ထင်ရှားပါတယ်။ ကုရ်အာန်မှာ မျက်စိမှိတ် နောက်လိုက်သူတွေကိုလည်း သတိပေး ဆုံးမထားပါတယ်။

**“စင်စစ် အလ္လာဟ်ထံတော်၌ အဆိုးယုတ်ဆုံးသော သတ္တဝါဟူသည် ဦးနှောက်အသိဉာဏ်ကို အသုံးမချကြသော ဆွံ့အနားပင်းသူများပင် ဖြစ်လေသည်။” (ကုရ်အာန် ၈:၂၂)**

ဗျာဒိတ်တော်ရဲ့ သဘောသဘာဝကို ကျွန်တော်တို့ ကျိုးကြောင်းဆင်ခြင်ကြည့်မယ်ဆိုရင် ဖန်ဆင်းရှင်ထံမှ ကျရောက်လာတဲ့ စာအုပ်တစ်အုပ်မှာ ဘယ်လို အရည်အသွေးတွေရှိမယ်လို့ သင်မျှော်လင့်ပါသလဲ? လူသားတွေရဲ့ စာပေတွေထက် သာလွန်နေရမယ်မဟုတ်လား? ဖန်ဆင်းရှင်ရဲ့ ကျမ်းစာဟာ လူသားတွေရဲ့စာပေတွေနဲ့ ခွဲခြားလို့မရဘူးဆိုရင်ကျွန်တော်တို့ဟာ ဘယ်လိုလုပ် အမှားတွေထဲက အမှန်ကိုခွဲခြားပြီး ဖန်ဆင်းရှင်ရဲ့လမ်းညွှန်မှုဖြစ်ကြောင်း သတ်မှတ်နိုင်ပါ့မလဲ?

ကုရ်အာန်ကျမ်းမြတ်ဟာ ဖန်ဆင်းရှင်ထံမှ အမှန်တရားဖြစ်တယ်ဆိုတဲ့ လက္ခဏာရပ်တွေနဲ့ ပြည့်နှက်နေပါတယ်။

**“ငါအရှင်သည် သူတို့အား မိုးကုပ်စက်ဝိုင်းများအတွင်းနှင့် သူတို့ကိုယ်တိုင်အတွင်းတွင် ငါအရှင်၏ သက်သေလက္ခဏာတော်များကို ပြသတော်မူပေမည်။ အဘယ်မျှဟူမူ ဤကုရ်အာန်သည် အမှန်ဖြစ်ကြောင်း သူတို့အတွက် ထင်ရှားသွားပေမည်…။” (ကုရ်အာန် ၄၁:၅၃)**

ကျွန်တော်တို့ လေ့လာခဲ့တဲ့ ရှုထောင့်အမျိုးမျိုးကနေ ပြန်လည်စဉ်းစားသုံးသပ်ကြည့်ကြရအောင်။ ကုရ်အာန်ကျမ်းမြတ်ရဲ့ ဖန်ဆင်းရှင်နဲ့ ပတ်သက်တဲ့အယူအဆ၊ ထိန်းသိမ်းထားရှိမှု၊ အချိန်အကန့်အသတ်မရှိ မှန်ကန်နေမှု၊ စာပေအင်္ဂါရပ်များ၊ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ တိကျတဲ့ အနာဂတ်ကြိုတင်ခန့်မှန်းမှုများ၊ ပျောက်ဆုံးနေတဲ့သမိုင်းများကိုဖော်ထုတ်ခြင်း၊ အတုပြုလုပ်လို့မရနိုင်ခြင်းနဲ့ လူ့အသိုင်းအဝိုင်းအပေါ်အကျိုးသက်ရောက်နိုင်မှုတွေပဲ ဖြစ်ပါတယ်။ စာပေကျမ်းဂန်တစ်ခုဟာ ဖော်ပြထားတဲ့နယ်ပယ်တွေထဲက တစ်ခုမှာ သာလွန်ကောင်းမွန်နေတယ်ဆိုရင်တောင် ၎င်းစာပေကိုထူးချွန်ပြောင်မြောက်တဲ့ လက်ရာတစ်ခုအဖြစ် အထွတ်အမြတ်ထားပြီး ခေတ်အဆက်ဆက် ရိုသေတန်ဖိုးထားတတ်ကြတယ် မဟုတ်လား? လူသားတွေ လိုက်မမှီနိုင်လောက်အောင် နယ်ပယ်တိုင်းမှာ သာလွန်နေတဲ့ ကုရ်အာန်ကျမ်းလို စာအုပ်တစ်အုပ်ကိုကျွန်တော်တို့ ဘာလုပ်ကြမလဲ?

မွတ်စလင်မ်တွေက ကုရ်အာန်ကျမ်းမြတ်ဟာ ဖန်ဆင်းရှင်ထံမှ ဖြစ်ကြောင်းကို ဒီအတိုင်း မျက်စိမှိတ် ယုံကြည်ကြတာမျိုး မဟုတ်ပါဘူး။ ကုရ်အာန်ကျမ်းမြတ်ဟာ ဖွင့်ပြီး ဖတ်ရှုတ်လိုက်ရုံနဲ့ ကျွန်တော်တို့ကိုယ်တိုင် ခံစားတွေ့ကြုံနိုင်တဲ့ ယနေ့တိုင် ရှင်သန်လျက်ရှိနေတဲ့ အံ့ဖွယ်ရာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ့မြင်ပြီးတဲ့အတိုင်း ကုရ်အာန်ကျမ်းမြတ်ဟာ ဖတ်ရှုတ်သူကို စဉ်းစားတွေးတောစေပြီး၊ ဖန်ဆင်းရှင် တည်ရှိနေကြောင်းကို စမ်းသပ်နိုင်၊ အတည်ပြုနိုင်တဲ့ သက်သေအထောက်အထားများ ပေးကာ ကျွန်တော်တို့ရဲ့ ဆင်ခြင်ဉာဏ်ကို နှိုးကြားစေပါတယ်။

ဒါ့အပြင် ကုရ်အာန်ရဲ့ မတူညီတဲ့ သွင်ပြင်အမျိုးမျိုးရဲ့ ရည်ရွယ်ချက်ကို စဉ်းစားဖို့ လိုအပ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် ဖျော်ဖြေရန် သက်သက်ပဲလား? ဒါမှမဟုတ် ခမ်းနားကြီးကျယ်တဲ့ အဓိပ္ပာယ်ရှိတဲ့ ရည်ရွယ်ချက်တွေ ရှိနေပါသလား? ကုရ်အာန်ကျမ်းမြတ်ရဲ့ ကျမ်းပိုဒ်တစ်ခုချင်းစီဟာ လူသားတို့အတွက် အချက်ပြလက္ခဏာ တစ်ခုစီအဖြစ် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ အာရုံစိုက်ပြီးလေ့လာခဲ့တဲ့ မတူညီတဲ့ လက္ခဏာရပ်တွေကို ဆက်စပ်မှုမရှိတဲ့ သီးသန့် အံ့ဖွယ်အရာများအဖြစ်သာ မမြင်ဘဲ သူတို့အားလုံးစုပေါင်းပြီး သက်ရောက်လာတဲ့ အကျိုးရလဒ်ကို ကျွန်တော်တို့ ကြည့်ရှုသင့်ပါတယ်။ ကုရ်အာန်ဟာ ကျွန်တော်တို့အတွက် ကောင်းကင်ဘုံကို လမ်းပြပေးတဲ့ သံလိုက်အိမ်မြှောင်ပဲ ဖြစ်ပါတယ်။ ကုရ်အာန်ဟာ လူသားတိုင်းအတွက် မရှိမဖြစ် ဘဝလမ်းညွှန်ပဲ ဖြစ်ပါတယ်။

**“ဤသည် အလ္လာဟ်၏ ကျမ်းဂန်ဖြစ်သည်။ ယင်း၌ သံသယ အလျင်းမရှိ။ အကြောက်တရား ထားသူတို့ကို တရားလမ်းမှန် ပြသည်။” (ကုရ်အာန် ၂:၂)**

# ကုရ်အာန်ကို ဘယ်သူရေးသားခဲ့ပါသလဲ?

တမန်တော်မုဟမ္မဒ်(ﷺ)(သူ့အပေါ်ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ)ဟာ ကုရ်အာန်ကျမ်းမြတ်ကို လူတွေထံပို့ချဖို့ တာဝန်ရှိသူဆိုတာ သံသယမရှိ မှန်ကန်ပါတယ်။ ဒီအချက်ကို ထောက်ခံနေတဲ့ သမိုင်းမှတ်တမ်းများစွာ ရှိသလို ကုရ်အာန်ကျမ်းမြတ်ကိုယ်တိုင်ကလည်း တမန်တော်မုဟမ္မဒ်(ﷺ)ထံ ကျရောက်ခဲ့ကြောင်း အတည်ပြုထားပါတယ်။

**"ထို့ပြင် သက်ဝင်ယုံကြည်ပြီး ကောင်းမှုသီလများ ကျင့်ဆောင်၍ မုဟမ္မဒ်အပေါ်တွင် ချပေးတော်မူခြင်း ခံခဲ့ရသည်များကို မိမိတို့၏ အရှင့်ထံမှ အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသော သူတို့ကိုမူ အလ္လာဟ်သည် သူတို့၏မကောင်းမှုများကို ချေဖျက်ပေးတော်မူမည့်ပြင် သူတို့၏ အခြေအနေကိုလည်း ကောင်းအောင် လုပ်ပေးတော်မူမည်ဖြစ်သည်။" (ကုရ်အာန် ၄၇:၂)"**

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်ကျမ်းမြတ်ကို ပို့ချဖို့ တာဝန်ရှိပေမယ့်လည်း ကျွန်တော်တို့ ကုရ်အာန်အကြောင်းကို အသေးစိတ်လေ့လာပြီး အံ့ဖွယ်အချက်များကို သိရှိပြီးတဲ့နောက်မှာတော့ သူဟာ ကုရ်အာန်ကို ရေးသားခဲ့သူ ဖြစ်နိုင်ပါ့မလား? ဒီကိစ္စကို ငြင်းခုံဖို့အတွက် အကယ်၍ ရေးသားသူဟာ ဖန်ဆင်းရှင်မဟုတ်ဘဲ လူသားတစ်ဦးဖြစ်နေမယ်ဆိုရင် လူသားတွေရဲ့ ထူးခြားတဲ့ လှည့်ကွက်တွေထဲက ဘယ်လိုမျိုးကို ဒီကျမ်းမြတ်မှာတွေ့ရှိဖို့ သင်မျှော်လင့်ပါသလဲ? လူတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ပင်ကိုယ်အရည်အသွေးတွေကို သူတို့ရဲ့ စာပေထဲမှာ ထည့်ရေးလေ့ ရှိကြတာကြောင့် စာပေတွေကို စာရေးသူတွေရဲ့ မှန်တစ်ချပ်အနေနဲ့ ယူဆလို့ရပါတယ်။ လူသားတွေဟာ ပြိုလဲနိုင်ပါတယ်။ လူသားတွေရဲ့ စာပေတွေဟာ မပြည့်စုံနိုင်ပါဘူး။ ပြီးတော့ လူသားတွေဟာ ချီးကျူးခြင်းနဲ့ အသိအမှတ်ပြုခံရခြင်းကိုလည်း နှစ်သက်ကြပါတယ်။ ဒါကြောင့် လူ့သဘာဝအတိုင်း ကိုယ့်ရဲ့ အားနည်းချက်တွေကို ဖုံးကွယ်ပြီး အောင်မြင်မှုတွေကို အသားပေး ဖော်ပြလေ့ ရှိကြပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ဟာလည်း လူသားတစ်ဦး ဖြစ်တာကြောင့် သူသာ ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့မယ်ဆိုရင် အနည်းဆုံး အထက်ကလှည့်ကွက်တွေထဲက အချို့ကို ကုရ်အာန်ထဲမှာ တွေ့ရမယ်လို့ မထင်ဘူးလား? ကုရ်အာန်ဟာ ဘာကြောင့် ဘယ်လူသား တစ်ဦးတယောက်မှ ရေးထားတာမဟုတ်နိုင်ကြောင်း၊ အထူးသဖြင့် တမန်တော်မုဟမ္မဒ်(ﷺ) ရေးသားထားတာလည်း မဖြစ်နိုင်ကြောင်းကို လေ့လာမှာ ဖြစ်ပါတယ်။

## ၁။ သက်တမ်းတစ်လျှောက်လုံးမှန်ကန်ဖြောင့်မတ်ခဲ့တဲ့ တမန်တော်မုဟမ္မဒ်ရဲ့ ဂုဏ်သိက္ခာ

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ရဲ့ဘဝသက်တမ်း တစ်လျှောက်လုံးမှာ ရိုးသားဖြောင့်မတ်မှုကြောင့် "ယုံကြည်ရသူ"နှင့် "မှန်ကန်သူ" ဆိုတဲ့ ဂုဏ်ပုဒ်တွေ ရရှိခဲ့ပါတယ်။ ဒါဟာ သူတမန်တော်လို့ မကြေငြာမီ နှစ်၄၀ကတည်းက ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေတွေ၊ အိမ်နီးချင်းတွေ၊ သူနဲ့စီးပွားရေးလုပ်ဖူးကြသူတွေ အားလုံးက မုဟမ္မဒ်ဟာ သူတို့ထဲမှာ အရိုးသားဆုံးနဲ့ အမှန်ကန်ဆုံးသူတစ်ဦး ဖြစ်တယ် ဆိုတာ သိရှိကြပါတယ်။

ဒီအချက်ကို သူ့ကိုယ်သူ တမန်တော်ဖြစ်ကြောင်း လူထုအား အသိပေး မကြေညာမီက အဖြစ်အပျက်တစ်ခုနဲ့ ဖော်ပြထားပါတယ်။ တစ်နေ့မှာ မုဟမ္မဒ်ဟာ တောင်ထိပ်တစ်ခုကို တက်သွားခဲ့ပြီး သူ့ရဲ့မြို့မှာရှိတဲ့ အုပ်စုတွေ အားလုံးကို ခေါ်လိုက်ပါတယ်။ ၎င်းအုပ်စုတွေဟာ သူ့နားကို အလျင်အမြန် စုစည်းရောက်ရှိလာခဲ့တဲ့ အခါ သူဟာ ၎င်းတို့ကို မေးမြန်းခဲ့ပါတယ်။ **"အို-ကုရိုက်ရှ်အမျိုးနွယ်ဝင်တို့၊ ဒီတောင်ရဲ့ အနောက်ကနေ သင်တို့ထံကို စစ်တပ်ကြီးတစ်တပ် ချီတက်လာတယ်လို့ ကျွန်ုပ်ပြောလျှင် သင်တို့ ယုံကြည်ကြပါမည်လော?"** အဲ့ဒီအခါ အားလုံးက တစ်ညီတစ်ညွတ်တည်း ပြန်ဖြေကြပါတယ်။ **"သင်ဟာ ဘယ်တုန်းကမှ လိမ်မပြောခဲ့ဖူးတာကြောင့် ကျွန်ုပ်တို့ ယုံကြည်ကြပါမည်"**။ သူဟာ ၎င်းတို့ကြားမှာ နှစ်၄၀တိုင် စစ်မှန်ပြီး ဖြောင့်မတ်စွာ

နေထိုင်ခဲ့တာကြောင့် သူ့ရဲ့မြို့က လူတစ်ယောက်မှမကျန် သူ့ရဲ့ရိုးသားမှုနဲ့ မှန်ကန်မှုကို ထောက်ခံခဲ့ကြပါတယ်။

သူတမန်တော်ဖြစ်ကြောင်း လူထုအားကြေညာပြီး လူတွေအတော်များများ သူနဲ့ ကုရ်အာန်ရဲ့ သတင်းစကားကို ကျောခိုင်းသွားတဲ့ နောက်မှာတောင် သူဟာ ယုံကြည်ရပြီး မှန်ကန်သူ ဖြစ်တယ်ဆိုတဲ့ ဂုဏ်သိက္ခာကို ထိန်းထားနိုင်ခဲ့ပါတယ်။ သူတို့ဟာ မုဟမ္မဒ်ရဲ့ ရန်သူအဖြစ် ပြောင်းလဲသွားခဲ့ပြီး ကုရ်အာန်ကို ဆန့်ကျင်၊ သူနဲ့ သူ့ရဲ့အပေါင်းအပါတွေကို နှိပ်စက်နေခဲ့ပေမယ့်လည်း သူ့ရဲ့ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားအပေါ် ယုံကြည်ဆဲ ဖြစ်ပြီး တန်ဖိုးကြီးပစ္စည်းတွေကို လုံခြုံစေဖို့ သူ့ထံ အပ်နှံကြဆဲပဲ ဖြစ်ပါတယ်။

တစ်ခါက တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ညအချိန်မှာ သူနေထိုင်ရာ မြို့ကို စွန့်ခွာပြီး ပြေးရမယ့် အခြေအနေ ဆိုက်ရောက်လာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ရန်သူတွေက သူအိပ်နေစဉ်မှာ သူ့ကိုသတ်ဖို့ စီစဉ်နေတာကို သိခဲ့ရလို့ ဖြစ်ပါတယ်။ သူဟာ ထွက်ပြေးလွတ်မြောက်ဖို့ စီစဉ်နေတဲ့အချိန် သူ့ထံမှာ သူ့ကို သတ်ဖို့ကြံရွယ်နေတဲ့လူတွေရဲ့ အဖိုးတန်ပစ္စည်းတွေ ရှိနေတုန်းပါပဲ။ တမန်တော်ဟာ သူ့အိမ်နဲ့ အိမ်ထောင်ပစ္စည်းတွေကို ထားခဲ့ရမှာ ဖြစ်တာကြောင့် အဲ့ဒီအစား သူတို့ရဲ့ပစ္စည်းတွေကို ယူသွားခဲ့ရင်တောင် ဒါဟာအသေးအဖွဲ အစားထိုးမှုလေးသာ ဖြစ်မှာပါပဲ။ ဒါပေမယ့်သူဟာ ဘယ်လောက်ထိ ရိုးသားတဲ့ အကျင့်စာရိတ္တ ရှိခဲ့သလဲဆိုရင် သူမထွက်ခွာသွားခင်မှာ သူ့ရဲ့ ဝမ်းကွဲညီအစ်ကို အလီကို သူ့နောက်မှာ နေခဲ့ပြီး အိမ်မှာရှိတဲ့ ပစ္စည်းမှန်သမျှကို သူတို့ရဲ့ ပိုင်ရှင်တွေဆီ ပြန်ပေးလိုက်ဖို့ မှာကြားခဲ့ပါတယ်။

လိမ်ညာသူတွေနဲ့ လှည့်ဖျားသူတွေဟာ တူညီတဲ့ အပြုအမူနဲ့စိတ်ဓာတ်တွေ ရှိကြပါတယ်။ သူတို့ဟာ အသေးအဖွဲ ကိစ္စလေးတွေကိုလိမ်ရင်းနဲ့ တဖြည်းဖြည်း ကြီးမားတဲ့ လိမ်လည်မှုတွေ လုပ်လာပြီး လူလိမ်အမည်တွင်သွားတာ ဖြစ်ပါတယ်။ ဘဝသက်တမ်းမှာ သေးငယ်သည့်ကိစ္စပင်ဖြစ်စေ၊ ကြီးမားသည့်ကိစ္စပင်ဖြစ်စေ တစ်ကြိမ်တစ်ခါမှပင် လိမ်လည်ပြီး မပြောခဲ့ဖူးတဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ကို ဖန်ဆင်းရှင်က တမန်တော်အဖြစ် ရွေးချယ်ခဲ့ပြီး ကုရ်အာန်ကျမ်းမြတ်ကို ချပေးခဲ့တယ်ဆိုတဲ့ အင်မတန်

ကြီးကျယ်တဲ့ ကိစ္စရပ်ကို လိမ်လည်ပြောဆိုတယ်ဆိုတာ အဓိပ္ပာယ်ရှိပါ့မလား? တမန်တော်မုဟမ္မဒ်(ﷺ)ဟာ လူတွေနဲ့ပတ်သက်ပြီးတောင် လိမ်မပြောခဲ့တာ ဖန်ဆင်းရှင်နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် လိမ်ပြောပါလိမ့်မလဲ? အခက်ခဲဆုံး အချိန်တွေမှာတောင် သူ့ရဲ့ ရိုးသားမှုက တည်တံ့ခိုင်မြဲနေခဲ့တယ်ဆိုတာကို သူ့ရဲ့အပြုအမူက ပြသခဲ့ပါတယ်။

## ၂။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ပင်ကိုယ်စကားပြောဟန်ဟာ ကုရ်အာန်ကျမ်းမြတ်နဲ့ မတူပါဘူး

ကုရ်အာန်ကျမ်းမြတ်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ စိတ်ထဲကနေ ထွက်လာတဲ့ အရာဖြစ်ခဲ့မယ်ဆိုရင် သူ့ရဲ့ ပင်ကိုယ်စကားပြောဟန်နဲ့ ဆင်တူလိမ့်မယ်လို့ သင်မထင်ဘူးလား? သိပ်မကြာခင်ကပဲ ကုရ်အာန်ထဲမှာ တွေ့ရတဲ့ စကားပြောပုံနဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ အဆွေတော်တွေ အာဂုံဆောင်ဆင့်ပြန်ကာ ကျမ်းတွေပြုစုခဲ့တဲ့ ဟဒီးဆ်လို့ခေါ်တဲ့ တမန်တော့်ရဲ့ ထောင်ချီတဲ့မိန့်ဆိုချက်တွေကို နှိုင်းယှဉ်တဲ့ ဘာသာစကားဆိုင်ရာ လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ စွဟီးဟ်ဗုခါရီကျမ်းကို ကုရ်အာန်ကျမ်းမြတ်နဲ့ နှိုင်းယှဉ်ဖို့ အသုံးပြုခဲ့ပါတယ်။ ဒီစာအုပ်ဟာ ယခုထိရှိနေတဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ အစစ်မှန်ဆုံး အဆိုအမိန့်ထောင်ချီကို စုစည်းထားတဲ့ ကျမ်းဖြစ်ပါတယ်။ လေ့လာမှုတွေ ပြုလုပ်ပြီး ဘာသာစကားရှုထောင့်မှ ကြည့်ရှုစစ်ဆေးလိုက်တဲ့အခါမှာ ဒီကျမ်းနှစ်အုပ်ဟာ မတူညီတဲ့ ရေးသားသူတွေထံမှ ဖြစ်တယ်လို့ အတည်ပြုနိုင်ခဲ့ပါတယ်။ ဒီလို ကောက်ချက်ချခြင်းရဲ့ အခြေခံမှာပါဝင်တဲ့ ရလဒ်အချို့ ကို ဖော်ပြပါမယ်။

- အက္ခရာတစ်လုံးတည်းနဲ့ ဖွဲ့စည်းထားတဲ့ စကားလုံးတွေဟာ ဟဒီးဆ်ထဲမှာထက် ကုရ်အာန်ထဲမှာ ပိုပြီး အကြိမ်ရေများများ တွေ့ရပါတယ်။

- အက္ခရာ ကိုးလုံးနဲ့ ဆယ်လုံးပါတဲ့ စကားလုံးအရေအတွက်ဟာ ဟဒီးဆ်ထဲမှာထက် ကုရ်အာန်ထဲမှာ ၂ဆခန့် ပိုပြီးပါဝင်တာကို တွေ့ရပါတယ်။ ဒီအချက်က ကုရ်အာန်ရဲ့

ဝေါဟာရဟာ အက္ခရာရှစ်လုံးအထက်ရှိပြီး ဟဒီးဆ်ထက်ရှည်လျားတဲ့ စကားလုံးတွေပါရှိတာကို ပြသနေပါတယ်။

- အရေးအကြီးဆုံး အချက်အနေနဲ့ ဟဒီးဆ်ထဲမှ စကားလုံး ၆၂ရာခိုင်နှုန်းဟာ ကုရ်အာန်မှာ မတွေ့ရပါဘူး။ ပြီးတော့ ကုရ်အာန်ထဲက စကားလုံး ၈၃ ရာခိုင်နှုန်းဟာ ဟဒီးဆ်မှာ မတွေ့ရပါဘူး။ ဒီလို ဝေါဟာရကွဲပြားမှုရဲ့ တွေ့ရှိချက်က အထက်မှာဖော်ပြထားတဲ့ ရလဒ်တွေကို ပိုပြီးတော့ ခိုင်မာစေပါတယ်။

ကုရ်အာန်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရေးသားခဲ့တာ ဖြစ်မယ်ဆိုရင် သူဟာ ၂၃နှစ်တာ ကာလအတွင်းမှာ အင်မတန်ကွာခြားတဲ့ စကားပြောဟန်နှစ်ခုကို ဘယ်တော့မှ မရောနှောဘဲ ထိန်းသိမ်းခဲ့တယ်ဆိုတာ ဘယ်လို ဖြစ်နိုင်ပါ့မလဲ? ကုရ်အာန်ရဲ့ ကျမ်းပိုဒ်တော်တော်များများဟာ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေပေါ် မူတည်ပြီး မဆိုင်းမတွ ကျရောက်ခဲ့ခြင်း ဖြစ်တာကို မှတ်သားသင့်ပါတယ်။ ဒါ့ကြောင့် ပြောလိုက်တဲ့အခါမှာ ကွဲပြားတဲ့ပြောဆိုဟန်ကို ထိန်းသိမ်းဖို့ သေချာအချိန်ယူပြင်ဆင်ဖို့ အခွင့်အရေး မရှိပါဘူး။ ဒါဟာ ဇီဝကမ္မဗေဒအရရော စိတ်ပညာအရပါ မဖြစ်နိုင်တာ အသေအချာပါပဲ။

ဒါ့အပြင် တမန်တော်မုဟမ္မဒ်(ﷺ)ဟာ သူ့ရဲ့ တမန်တော်သက်တမ်းမှာ စမ်းသပ်မှုတွေ ဆင်းရဲဒုက္ခတွေ များစွာကြုံတွေ့ခဲ့ရပါတယ်။ ဥပမာအနေနဲ့ သူ့ရဲ့သားသမီးတွေ သေဆုံးခဲ့ရတယ်။ သူ့ရဲ့ချစ်ရတဲ့ကြင်ယာတော် ခဒီဂျာ ကွယ်လွန်ခဲ့တယ်။ သူ့ကို လူတွေ သပိတ်မှောက်ခဲ့ကြတယ်။ သူ့ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေ နှိပ်စက်ခံရပြီး သတ်ဖြတ်ခံခဲ့ရတယ်။ ဒီစိတ်ခံစားချက်တွေဟာ ဟဒီးဆ်ထဲမှာ ပါဝင်ခဲ့တယ်။ သူရင်ဆိုင်ခဲ့ရတဲ့ ပြင်းထန်တဲ့ အခြေအနေတွေကြောင့် သူ့ရဲ့ ကိုယ်ပိုင်ပြောဆိုမှုတွေထဲမှာ ဝမ်းနည်းမှုနဲ့ ဒေါသတွေကို တွေ့နိုင်ပါတယ်။ သို့ပေမယ့် ကုရ်အာန်ရဲ့ အသံနဲ့သွင်ပြင်ဟာ တည်ငြိမ်ပြီး ဖန်ဆင်းရှင်ထံမှလာကြောင်း သိသာနေပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ) ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေကို ခံစားခဲ့ရပြီး အဲဒီ လူသားဖြစ်တဲ့အလျောက် ခံစားရတဲ့ စိတ်ခံစားချက်တွေကို ကုရ်အာန်မှာ မဖော်ပြဖို့ဟာလည်း လူသားတစ်ယောက်အတွက် ဇီဝကမ္မဗေဒအရရော စိတ်ပညာအရပါ မဖြစ်နိုင်ပါဘူး။

## ၃။ ကုရ်အာန်ထဲမှာ တမန်တော်မုဟမ္မဒ်(ﷺ)ကို သရုပ်ဖော်ပုံ

အချို့သော ဝေဖန်သူတွေက တမန်တော်မုဟမ္မဒ်(ﷺ)ဟာ အာဏာလိုချင်ခဲ့တယ်လို့ ထင်ကြတယ်။ ဖန်ဆင်းရှင်နဲ့ အဆက်အသွယ်ရနေတယ်လို့ ဆိုတာဟာ အာရေဗျကို ကြီးစိုးချင်လို့သာ ကြိုးစားနေတယ်လို့ ထင်ခဲ့ကြတယ်။

ဒီလို ငြင်းခုံဖို့အတွက် တကယ်လို့သာ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်ကို ရေးသားခဲ့ပြီး သူ့ရဲ့ ရည်မှန်းချက်ဟာ အာဏာရပြီး အာရေဗျကို အုပ်စိုးဖို့ ဖြစ်ခဲ့မယ်ဆိုရင် ကုရ်အာန်မှာ သူ့ကိုယ်သူ မကျရှုံးနိုင်သူ အဖြစ် သရုပ်ဖော်ပြီး သူ့ရဲ့အားနည်းချက် တစ်ခုကိုမှ မဖော်ပြလို့ ရတယ်မဟုတ်လား? ဒီနည်းနဲ့ နိုင်ငံရေးသမားတွေ၊ သရုပ်ဆောင်တွေ၊ ကြော်ကြားတဲ့သူတွေက သူတို့အပေါ် လူထုက အကောင်းမြင်ဖို့ ထိန်းသိမ်းခဲ့တာ မဟုတ်လား? သို့တိုင်အောင် ကုရ်အာန်က ဒီလိုမလုပ်ပါဘူး။ ဥပမာတစ်ခုပြပါမယ်။ **"သူသည် မျက်မှောင်ကြုတ်ပြီး မျက်နှာလွှဲ၍ နေခဲ့သည်။ သူ့ထံသို့ မျက်စိမမြင်သူ ရောက်လာခဲ့သောကြောင့်။ အသင်သိပါသလော။ ထိုမျက်စိမမြင်သူသည် မှန်ကန်ကောင်းမွန်သူ ဖြစ်သွားနိုင်ပေသည်။" (ကုရ်အာန် ၈၀:၁-၄)** ဒီကျမ်းပိုဒ်တွေမှာ တစ်ခါက တမန်တော်မုဟမ္မဒ်(ﷺ)ဟာ အုပ်စုခေါင်းဆောင်တချို့နဲ့ အတူထိုင်နေခဲ့ပြီး သူတို့ကို မွတ်စလင်မ်ဖြစ်လာဖို့ ဖိတ်ခေါ်နေခဲ့တယ်။ မျက်မမြင်မွတ်စလင်မ် ပုဂ္ဂိုလ် တစ်ဦးက တမန်တော့်ထံကို အစ္စလာမ်နဲ့ပတ်သက်တဲ့ မေးခွန်းတချို့ မေးဖို့ ရောက်လာခဲ့တယ်။ တမန်တော်က အုပ်စုခေါင်းဆောင်တွေကို သူတို့ရဲ့အုပ်စုတွေမှာ အစ္စလာမ်ကို လက်ခံလာမလားမျှော်လင့်ရင်း အလုပ်ရှုပ်နေခဲ့တာကြောင့် မျက်မမြင်ပုဂ္ဂိုလ်ဘက်ကနေ တခြားဖက်ကို လှည့်သွားခဲ့တယ်။ အဲဒီအပေါ် တမန်တော်ရဲ့ လုပ်ရပ်အကြောင်း ကုရ်အာန်မှာ ဖော်ပြထားပါတယ်။ ကုရ်အာန်ရဲ့ ရေးသားသူဟာ သူ့ရဲ့ပုံရိပ်ကို အသားပေးပြီး အာဏာလိုချင်နေတဲ့သူနဲ့ လုံးဝမတူနေပါဘူး။

## ၄။ ကုရ်အာန်ထဲမှာ အခြားသော တမန်တော်တွေဟာ တမန်တော်မုဟမ္မဒ်(ﷺ) ထက် ပိုပြီးတော့ ဖော်ပြခံရခြင်း

ကုရ်အာန်ထဲမှာ တမန်တော်အိဗ်ရာဟီမ်၊ တမန်တော်မူဆာနှင့် တမန်တော်အီဆာ (သူတို့အားလုံးအပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)တို့ရဲ့ နာမည်တွေဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ နာမည်ထက် အကြိမ်ရေများစွာ ပိုပြီး ဖော်ပြခြင်းခံရပါတယ်။ ကုရ်အာန်က သူတို့အားလုံးကို တူညီတဲ့ လေးစားမှုထားရမယ်လို့ မွတ်စလင်မ်တွေကို မိန့်ထားပါတယ်။

**"အသင်တို့ပြောကြပါ။ ကျွန်ုပ်တို့သည် အလ္လာဟ်ကို ယုံကြည်ကြသည်။ ထို့ပြင် ကျွန်ုပ်တို့ထံ ချပေးခြင်းခံရသော အရာကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် အိဗ်ရာဟီမ်၊ အိစ်မာအီလ်၊ အိစ်ဟာက်၊ ယအ်ကူးဗ်နှင့် သူ၏သားများအပေါ်တွင် ချပေးခြင်း ခံရသော အရာကိုလည်း ယုံကြည်ကြသည်။ ထို့ပြင် မူစာ၊ အီစာနှင့် ကျန်တမန်တော် အားလုံးတို့ထံ သူတို့၏ အရှင်ထံမှရရှိသည့် အရာအားလုံးအပေါ်တွင်လည်း ယုံကြည်ကြသည်။ ထိုတမန်တော်များတွင် ကျွန်ုပ်တို့သည် မည်သူ့ကိုမျှ မခွဲခြားကြပေ။ ထို့ပြင် ကျွန်ုပ်တို့သည် အလ္လာဟ်၏ အမိန့်နာခံသူများ ဖြစ်ကြသည်။" (ကုရ်အာန် ၂:၁၃၆)**

လူသားတွေဟာ သဘာဝအလျှောက် အတ္တကြီးတတ်ကြပါတယ်။ ဒါကြောင့် အကယ်၍သာ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်ကို ရေးသားသူဖြစ်ခဲ့ရင် တခြား တမန်တော်တွေကိုဖယ်ချန်ပြီး သူ့အပေါ်ပဲ အာရုံစိုက်မိဖို့ ရေးသားထားတာကို ကျွန်တော် တို့ မြင်တွေ့ရမှာပေါ့။ ကုရ်အာန်မှာ အခြားသော တမန်တော်တွေရဲ့ နာမည်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ထက်ပိုပြီး ဖော်ပြခြင်းခံရတဲ့အပြင် သူတို့ရဲ့ ကျမ်းစာတွေဖြစ်တဲ့ သောင်ဝ်ရာဟ်နဲ့ အင်ဂျီလ်ကျမ်းတွေမှာထက် ပိုပြီးတော့ ဂုဏ်ပေးဖော်ပြထားခြင်း ခံရပါတယ်။

## ၅။ ကုရ်အာန်ကျမ်းမြတ်ဟာ လူ့အသိုင်းအဝိုင်းရဲ့ ဓလေ့ထုံးတမ်းတွေ စံသတ်မှတ်ချက်တွေနဲ့ ဆန့်ကျင်ဖက်ဖြစ်ပါတယ်

တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ခေတ်က အုပ်စုတွေဟာ သူတို့ အသိုင်းအဝိုင်းထဲမှာ အားနည်းသူလို့ သတ်မှတ်ထားတဲ့သူတွေ၊ အထူးသဖြင့် အမျိုးသမီးတွေကို ဂရုစိုက်မှု ဂုဏ်ပေးမှု မရှိကြပါဘူး။ ကုရ်အာန်ရဲ့ အဆုံးအမသြဝါဒတွေဟာ ဂျရာစုအာရေဗျ အမျိုးသမီးတွေရဲ့ အဆင့်အတန်းကို သိသိသာသာ တိုးတက်မြင့်မားလာစေခဲ့ပါတယ်။ ဥပမာအနေနဲ့ သူတို့ဟာ မိန်းကလေးမွေးလာလို့ မလိုချင်ရင် အရှင်လတ်လတ် မြေမြှုပ်ပြစ်တဲ့ ထုံးစံရှိခဲ့ပါတယ်။ အဲ့ဒီဓလေ့ကို ကုရ်အာန်ကျမ်းမြတ်က တားမြစ်ထားပါတယ်:

**"သူတို့ထဲက တစ်ဦးတစ်ယောက်သည် သမီးမိန်းကလေး (မွေးဖွားကြောင်း)နှင့် သတင်းကောင်းပေးခြင်း ခံရသောအခါ သူ၏မျက်နှာသည် မည်းသွားလေသည်။ ထို့ပြင် စိတ်တွင်းမှ ကြိတ်မနိုင် ခဲမရ ဖြစ်၍နေသည်။ သူသတင်းကောင်းပေးခြင်းခံရသောအရာ၏ မကောင်းမှုကြောင့် သူသည် လူတို့မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး သွားလာလေသည်။ ထို့နောက် သိက္ခာမဲ့မှုကို ကြိတ်ခံပြီး ယင်း(သမီး)ကို မိမိထံတွင် ထားရမည်လော သို့မဟုတ် မြေကြီးတွင် မြှုပ်ပစ်လိုက်ရမည်လော(ဟု တွေး၍နေလေသည်)။ သတိပြုကြလေကုန်၊ သူတို့ စီရင်သတ်မှတ်ထားသော အရာသည် အဘယ်မျှ ဆိုးရွားလိုက်ပါဘိနည်း။" (ကုရ်အာန် ၁၆:၅၈-၅၉)**

အစ္စလာမ်မထွန်းကားမီကာလမှာ အမျိုးသမီးတွေဟာ ကျွန်လိုဆက်ဆံခြင်း ခံခဲ့ရပါတယ်။ သူတို့ရဲ့ ကောင်းစားရေးအတွက် သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဟာ အရေးမပါဘူးလို့ သတ်မှတ်ခံရပါတယ်။ ဘယ်လောက်ထိတောင်လဲဆိုရင် သူတို့ဟာ လက်ထပ်စာချုပ်ရဲ့ အစိတ်အပိုင်းအဖြစ်တောင် ပါဝင်ခွင့် မရခဲ့ပါဘူး။ အမျိုးသမီးတွေဟာ အမျိုးသားတွေရဲ့ ပိုင်ဆိုင်မှုတစ်ခုအဖြစ်သာ ဆက်ဆံခြင်းခံရပါတယ်။ ဒါတွေကို ကုရ်အာန်က အဆုံးသတ်စေခဲ့ပါတယ်။

**“အို-ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိန်းမများကို အမွေအဖြစ် အတင်းအဓမ္မ ရယူသိမ်းပိုက်ခြင်းမပြုပိုင်ပေ။” (ကုရ်အာန် ၄:၁၉)**

အစ္စလာမ်မတိုင်မီမှာ အမျိုးသမီးတွေဟာ လွတ်လပ်ခွင့် မရှိခဲ့ပါဘူး။ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အမွေရပိုင်ခွင့် မရှိခဲ့ပါဘူး။ ဒါကိုလည်း ကုရ်အာန်ကျမ်းမြတ်က အမျိုးသမီးတွေရဲ့ ဥစ္စာပစ္စည်းဝေစုကို မျှတစွာ ပေးဖို့ သေချာ ပြဋ္ဌာန်းထားပါတယ်။ **“မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများက ထားရစ်ခဲ့သော အမွေပစ္စည်းများတွင် အမျိုးသားများအတွက်လည်း ဝေစုရှိသည်။ ထို့ပြင် မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများက ထားရစ်ခဲ့သော အမွေပစ္စည်းများတွင် အမျိုးသမီးများအတွက်လည်း ဝေစုရှိသည်။ အနည်းငယ်ပင်ဖြစ်စေ၊ အများအပြားဖြစ်စေ၊ သတ်မှတ်ထားပြီးသော ဝေစုတစ်ခုရှိသည်။ (ကုရ်အာန် ၄:၇)**

ဘာသာရေးလွှမ်းမိုးမှုကင်းတဲ့ အနောက်တိုင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တောင် အစ္စလာမ်ဟာ အမြဲ ခေတ်ရှေ့ပြေးနေခဲ့ပါတယ်။ စီးပွားရေးအခွင့်အရေး ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ၁၉ရာစုတိုင်အောင် ဥရောပမှာ အမျိုးသမီးတွေ ဥစ္စာပစ္စည်း ပိုင်ဆိုင်ခွင့်မရှိသေးပါဘူး။ သူတို့လက်ထပ်တဲ့အခါ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကို ခင်ပွန်းကို လွှဲအပ်ရပြီး ခင်ပွန်းရဲ့ခွင့်ပြုချက်မရှိပဲ ဥစ္စာပစ္စည်းကို ခြယ်လှယ်ခွင့်မရှိပါဘူး။ အမျိုးသမီးတွေကို ဥစ္စာပစ္စည်းအချို့ ပိုင်ဆိုင်ခွင့် ပေးအပ်ခဲ့တဲ့ ပထမဆုံးနိုင်ငံဖြစ်တဲ့ ဗြိတိန်မှာတောင် ၁၈၇၀ခုနှစ်မှသာ “လက်ထပ်ပြီး အမျိုးသမီးများ၏ ပိုင်ဆိုင်ခွင့်ဥပဒေ”ကို စတင် ကြေညာခဲ့တာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၁,၀၀၀အရင်ကတည်းက အစ္စလာမ့်ဥပဒေမှာ ဒီအခွင့်အရေးက ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

ဘာသာရေးရှုထောင့်ကနေ ကြည့်မယ်ဆိုရင်တောင် ကုရ်အာန်မှာ ဖန်ဆင်းရှင်ဟာ ယုံကြည်သူ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ တူညီတဲ့ အပြုအမူတွေအတွက် ညီတူညီမျှ အကျိုးခံစား ရမှာဖြစ်တယ်လို့ ဖော်ပြထားကာ အမျိုးသမီးတွေရဲ့ အဆင့်အတန်းကို မြှင့်တင်ပေးလိုက်တာ ဖြစ်ပါတယ်။

**“ကေန်စင်စစ် အမိန့်နာခံသူ အမျိုးသား အမျိုးသမီးများ၊ သက်ဝင်ယုံကြည်သူ အမျိုးသား အမျိုးသမီးများ၊ အလ္လာဟ့်အတွက်ရိုကျိုးသူ အမျိုးသား အမျိုးသမီးများ၊ မှန်ကန်သူ အမျိုးသား အမျိုးသမီးများ၊ သည်းခံသူ အမျိုးသား အမျိုးသမီးများ၊ ကျိုးနွံသူ အမျိုးသား အမျိုးသမီးများ၊ အလှူဒါနပြုသူ အမျိုးသား အမျိုးသမီးများ၊ ဥပုသ်စောင့်သူ အမျိုးသား အမျိုးသမီးများ၊ မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြသော အမျိုးသား အမျိုးသမီးများ၊ အလ္လာဟ်ကို များစွာ တသသတိရသူ အမျိုးသား အမျိုးသမီးများ၊ ယင်းသူတို့အားလုံးအတွက် အလ္လာဟ်သည် ခွင့်လွှတ်ချမ်းသာမှုနှင့် ကြီးကျယ်သော အကျိုးကျေးဇူး စီစဉ်ထားတော်မူသည်။” (ကုရ်အာန် ၃၃:၃၅)**

နိုင်းယုဥ်ကြည့်ဖို့အတွက် ကုရ်အာန်ကျမ်းမြတ် ကျရောက်ခဲ့တဲ့အချိန်မှာ ချာ့ချ်မှာက ကောင်စီတွေ့ဆုံပွဲတွေ ပြုလုပ်ပြီး အမျိုးသမီးတွေမှာ စိတ်ဝိညာဉ်ရှိမရှိ ငြင်းခုံနေကြတုန်းပဲ ဖြစ်ပါတယ်။

ကုရ်အာန်ကို တမန်တော်မုဟမ္မဒ်(ﷺ) ရေးသားခဲ့တယ်ဆိုရင် အာရေဗျအုပ်စုတွေကြားမှာ အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ အဆင့်အတန်းကို မြှင့်တင်ပေးလို့ သူ့အတွက် ဘာအကျိုးကျေးဇူးမှ ရရှိမှာ မဟုတ်ပါဘူး။ ဆန့်ကျင်ဖက်အနေနဲ့ အမျိုးသမီးများအပေါ် အာဏာသုံးပြီး ဖြစ်ပျက်နေတဲ့ အနေအထားတွေကို ဆက်လက်ကျင့်သုံးနေဖို့ လိုလားသူများကို ဖယ်ထုတ်ပြီး ရန်သူတွေအဖြစ် သတ်မှတ်ဖို့ ကုရ်အာန်က ပြဌာန်းထားတာ ဖြစ်ပါတယ်။

## ၆။ အာရဗ်တွေရဲ့ အယူသီးမှုများကို ငြင်းပယ်ခြင်း

တမန်တော်မုဟမ္မဒ်(ﷺ)ခေတ်က အာရဗ်အသိုင်းအဝိုင်းမှာ အယူသီးမှု ယုံကြည်မှု အစွဲများစွာ ရှိခဲ့ပါတယ်။ သူတို့ဟာ သူတို့ရဲ့ပတ်ဝန်းကျင်လောကကို စူးစမ်းလေ့လာဖို့ နည်းပညာတွေ မရှိခဲ့တာရယ်၊ စာပေဗဟုသုတ အင်မတန်နည်းပါးခဲ့တာရယ်ကြောင့်

ဒီလိုအစွဲတွေက သဘာဝအလျောက် ဖြစ်လာခဲ့တာပါ။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ နေရပ် အနောက်ဆော်ဒီအာရေဗျမှာ စာပေတတ်မြောက်သူဟာ ဆယ့်ခုနှစ်ယောက် မပြည့်ခဲ့ဘူးလို့ ခန့်မှန်းချက်တွေက ဆိုပါတယ်။ သမိုင်းမှတ်တမ်းရဲ့ ဒဏ္ဍာရီနဲ့ အယူသီးမှုများစွာမှာ အာရဗ်တွေ များစွာ ပါဝင်နေပါတယ်။ ဥပမာ- တချို့ လတွေဟာ ကံမကောင်းခြင်းကို ယူဆောင်လာတတ်တယ်လို့ ယုံကြည်ကြတယ်။ ထိုအချိန်မှာ မှတ်သားဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ မွေးကင်းစသားလေး သေဆုံးသွားတဲ့ တစ်နေ့ထဲမှာပဲ နေကြတ်မှုနဲ့လကြတ်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ အဲ့ဒီဖြစ်ရပ်နှစ်ခုကို ဆက်စပ်ပြီး ဒီကလေးရဲ့ သေဆုံးမှုကြောင့် နေနဲ့ လကပါ ဝမ်းနည်းပူဆွေးကုန်တယ်လို့ လူတွေက ပြောကြပါတယ်။ တမန်တော်မုဟမ္မဒ်(ﷺ)က ဒီလိုအယူအဆတွေဟာ မမှန်ကန်ကြောင်း ငြင်းပယ်ခဲ့ပါတယ်။ **"နေနဲ့လဟာ တစ်စုံတစ်ယောက် သေဆုံးလို့ ကြတ်တာမဟုတ်ဘူး။ တစ်စုံတစ်ယောက် မွေးဖွားလို့လည်း ကြတ်တာမဟုတ်ဘူး။"**လို့ ပြောခဲ့ပါတယ်။

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဘိုးဘေးတွေရဲ့ ရိုးရာဓလေ့နောက်ကို မျက်စိမှိတ်ပြီး လိုက်ကြတဲ့ အုပ်စုတွေရဲ့ ယဉ်ကျေးမှုအောက်မှာ ကြီးပြင်းခဲ့တာ ဖြစ်တာကြောင့် သူ့လူတွေရဲ့ အယူသီးမှုတွေကို ဆန့်ကျင်ဖို့ အကြောင်းရှိပါသလား? တကယ်လို့သူဟာ ဟန်ဆောင်လှည့်စားသူ ဖြစ်ခဲ့မယ်ဆိုရင် ဒီဖြစ်ရပ်ဟာ သူ့အတွက် လူတွေရဲ့ မသိနားမလည်မှုကို အခွင့်ကောင်းယူပြီး လိမ်ဖို့ သိပ်ကောင်းတဲ့ အခွင့်အရေးတစ်ခု ဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် သူက အဲ့ဒီလို မလုပ်ခဲ့ပါဘူး။

ဒါ့အပြင် ကုရ်အာန်ဟာ အယူသီးမှုတွေ ဒဏ္ဍာရီနောက်ခံတွေနဲ့ ဆန့်ကျင်ပြီး ကျရောက်ခဲ့ပါတယ်။ ကုရ်အာန်မှာ အာရဗ်တွေရဲ့ အချို့သော အယူသီးမှုတွေဖြစ်တဲ့ နေနဲ့လကို ကိုးကွယ်ကြတာတွေကိုလည်း ရပ်တန့်ရမည်ဖြစ်ကြောင်း မိန့်ထားပါတယ်။ **"ထိုအရှင်၏ သက်သေ လက္ခဏာတော်များတွင် ညဥ့်၊ နေ့၊ နေ နှင့် လတို့သည်လည်း အပါအဝင် ဖြစ်သည်။ သင်တို့သည် နေကိုလည်း ဦးမချကြနှင့်၊ လကိုလည်း ဦးမချကြနှင့်။ ထိုအရာအားလုံးကို ဖန်ဆင်းထားတော်မူသော အလ္လာဟ်ကိုသာလျှင် ဦးချကြလေကုန်။**

**အကယ်၍ သင်တို့သည် ထိုအရှင့်ကိုသာလျှင် ကိုးကွယ်ကြသည် ဆိုလျှင်ပေါ့။" (ကုရ်အာန် ၄၁:၃၇)**

ကုရ်အာန်ဟာ အဲ့ဒီယုံကြည်မှုတွေကို ပြတ်ပြတ်သားသား ငြင်းဆိုထားပါတယ်။ ကုရ်အာန်မှာ သိပ္ပံပညာနယ်ပယ်တွေဖြစ်တဲ့ နက္ခတ္တဗေဒနဲ့ သန္ဓေသားဗေဒတွေရဲ့ နက်နဲတဲ့ အချက်အလက်တွေလည်း ပါဝင်ခဲ့ပါတယ်။ ဒီအယူအဆတွေဟာ ၇ရာစုအာရဗ်တွေ အတွက် အဓိပ္ပာယ်ရှိခဲ့လို ယခု၂၁ရာစုမှာ နေထိုင်နေတဲ့ ကျွန်တော်တို့လည်း နားလည် စေနိုင်မယ့်နည်းနဲ့ ဖော်ပြထားပါတယ်။ ယနေ့ခေတ် သိပ္ပံပညာရဲ့ တွေ့ရှိချက်တွေနဲ့လည်း ကိုက်ညီနေပါတယ်။ စာပေမရေးတတ် မဖတ်တတ်တဲ့၊ ပတ်ဝန်းကျင်လောကကို စူးစမ်းလေ့လာဖို့ နည်းပညာတွေမရှိခဲ့တဲ့ အသိုင်းအဝိုင်းမှာ နေထိုင်ခဲ့ရတဲ့ တမန်တော် မုဟမ္မဒ်(ﷺ)ဟာ ဒီလိုစာအုပ်ကို ဘယ်လိုလုပ်ပြီး ရေးနိုင်ခဲ့ပါမလဲ?

## ၇။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်နဲ့ ပတ်သက်ပြီး ကိုယ်ရည်သွေးမှု ကြွားဝါမှု မပြုလုပ်ခဲ့ပါဘူး

ကျွန်တော်တို့ဟာ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ဘဝကို အသေးစိတ် သိရှိခွင့် ရပါတယ်။ သူဘယ်လိုအိပ်ခဲ့တယ်၊ ဘယ်လိုစားသောက်ခဲ့တယ်၊ သူပြုံးရယ်တဲ့အခါမှာ သွားတွေကို ဘယ်လို မြင်ရတယ် ဆိုတာကအစ သမိုင်းတစ်လျှောက် အခြားသောသူတွေ အားလုံးထက် ပိုပြီးတော့ အသေးစိတ် သိရှိရပါတယ်။ သို့တိုင်အောင် သူဟာ ကျွန်တော်တို့ ဒီစာအုပ်မှာဖော်ပြထားတဲ့ ကုရ်အာန်ရဲ့ များစွာသော အံ့ဖွယ်ကောင်းလှတဲ့ အင်္ဂါရပ်တွေကို ကြွားဝါပြီး ပြောခဲ့တဲ့ မှတ်တမ်းမရှိခဲ့ပါဘူး။ လူသားတစ်ယောက်သာ ကုရ်အာန်ကဲ့သို့ ထူးခြားပြောင်မြောက်ပြီး မှန်ကန်အသုံးဝင်တဲ့၊ စာပေအင်္ဂါရပ်တွေနဲ့ ဖွဲ့စည်းပုံ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ စာအုပ်ကို ရေးသားနိုင်ခဲ့မယ်ဆိုရင် ကိုယ်ရည်သွေးကြွားဝါမှာ အမှန်ပဲ မဟုတ်လား? ကဗျာဆရာတွေနဲ့ ပြည့်နှက်နေတဲ့ တိုင်းပြည်မှာ၊ ကဗျာလင်္ကာကို အင်မတန်မှ တန်ဖိုးထားတဲ့ တိုင်းပြည်မှာ ဒီအင်္ဂါရပ်တွေထဲက တစ်ခုကိုပဲ ထုတ်ဖော်ပြောရင်တောင် ချီးကျူးခြင်းခံရမှာ ဖြစ်ပါတယ်။ အဲ့ဒီလို အောင်မြင်မှုက ကျော်ကြားဖို့အတွက် အခွင့်ကောင်းပါပဲ။ ဒါဆိုရင် တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဘာကြောင့်

သူရေးတာပါလို့ မကြွေးဝါခဲ့တာလဲ? ကုရ်အာန်ရဲ့ ဒီလိုအင်္ဂါရပ်တွေဟာ ရာစုနှစ်များစွာ ကြာပြီးနောက်မှသာ ကုရ်အာန်ကို လေ့လာတဲ့ ပညာရှင်တွေက ရှာဖွေတွေ့ရှိခဲ့တာဖြစ်ပြီး ယနေ့ထိတိုင်အောင် ထပ်မံတွေ့ရှိနေဆဲ ဖြစ်ပါတယ်။

## ၈။ အတုအယောင်စစ်ဆေးမှု များစွာ ပါဝင်ခြင်း

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့ပြီး သူ့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်က အာရေဗျတစ်လွှားမှာ တတ်နိုင်သလောက် အာဏာစုဆောင်းပြီး ကြီးစိုးဖို့ သက်သက်ပဲဆိုရင် ကုရ်အာန်မှာ အတုအယောင် စစ်ဆေးမှုများစွာ ဘာကြောင့် ပါဝင်နေရတာပါလဲ? အဲ့ဒီစစ်ဆေးမှုတွေကို သူ့ရဲ့ ရန်သူတွေ ဝေဖန်သူတွေက သက်သေပြလိုက်နိုင်ရင် ဒါဟာအစ္စလာမ်ကို ဘာသာရေးတစ်ခုအဖြစ် ကနေ လုံးဝဖျက်ဆီးလိုက်နိုင်မှာ ဖြစ်ပါတယ်။ ဥပမာအချို့ကို ဖော်ပြပါမယ်။

**"ထိုသူတို့သည် ကုရ်အာန်ကျမ်းမြတ်ကို ဘာကြောင့် ဆင်ခြင်သုံးသပ်ခြင်း မပြုကြပါသနည်း။ အကယ်၍ ဤကျမ်းသည် အလ္လာဟ်၏ထံတော်မှ မဟုတ်ဘဲ အခြားသူထံမှ ဖြစ်လျှင် ထိုသူတို့သည် ယင်းကျမ်းထဲတွင် မြောက်မြားစွာသော ကွဲလွဲမှုများကို မုချတွေ့မြင်ရမည် ဖြစ်သည်။" (ကုရ်အာန် ၄:၈၂)**

**"အသင်ပြောလိုက်ပါ။ အကယ်၍ လူသားအားလုံးနှင့် ဂျင်န်အားလုံး ပူးပေါင်းကြပြီး ဤကုရ်အာန်ကျမ်းမြတ်နှင့် တူသော ကျမ်းကို ယူဆောင်လာရန် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြမည် ဆိုလျှင်လည်း ထိုကုရ်အာန်ကျမ်းမြတ်နှင့် တူဆင်သော ကျမ်းကို ယူဆောင်လာနိုင်ကြလိမ့်မည် မဟုတ်ပေ။" (ကုရ်အာန် ၁၇:၈၈)**

အနာဂတ်ကို သိမြင်နိုင်စွမ်းရှိပြီး လူသားတွေရဲ့ လုပ်ဆောင်နိုင်စွမ်းနဲ့ အကန့်အသတ်တွေကို သိရှိတော်မူတဲ့ ဖန်ဆင်းရှင်ကသာ အဲ့ဒီလို ထင်ရှားပြတ်သားတဲ့ အချိန်တိုင်း စမ်းသပ်နိုင်တဲ့ မိန့်ဆိုချက်တွေကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

## ၉။ အတိတ်မှ အကွယ်မှ အရာတွေကို သိရှိနေခြင်း

အရှေ့ကအခန်းမှာ ဖော်ပြခဲ့တဲ့အတိုင်း ကုရ်အာန်ဟာ ပျောက်ကွယ်နေတဲ့ သမိုင်းတွေရဲ့ တိကျတဲ့အချက်အလက်တွေကို ဖော်ပြထားပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ရဲ့ ရှေးခေတ် အီဂျစ်အရုပ်စာကို နားလည်နိုင်စွမ်း တိုးတက်လာတာနဲ့အမျှ အီဂျစ်စကားလုံး "ဖာရို"ကို ကုရ်အာန်မှာ အသုံးပြုထားတာဟာ တိကျမှန်ကန်နေတာကို တွေ့ရှိရပါတယ်။ ပြီးတော့ကုရ်အာန်ကျရောက်ခဲ့တဲ့ အချိန်မှာ ရှေးခေတ်အီဂျစ် အရုပ်စာကို လူတွေ မသိရှိကြသေးပါဘူး။ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကုရ်အာန်ကို ရေးသားခဲ့သူ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကျမ်းရဲ့ ရေးသားသူဟာ မတူညီတဲ့ အချိန်တွေ နေရာတွေမှာ ဖြစ်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေရဲ့ အကွယ်က အကြောင်းအရာတွေကို ဖော်ပြခဲ့ပါတယ်။ လူသားတွေ မတတ်နိုင်တဲ့ ဖန်ဆင်းရှင်ရဲ့ လက္ခဏာတွေပဲ ဖြစ်ပါတယ်။

**"(အိုတမန်တော်) ဤသည် အသင့်ထံသို့ ငါအရှင်မြတ် ထုတ်ပြန်တော်မူသော အကွယ်က သတင်းများ ဖြစ်သည်။ ထိုသတင်းများကို အသင်နှင့် အသင်၏အမျိုးသားများသည် သည့်မတိုင်မီက မသိခဲ့ချေ။" (ကုရ်အာန် ၁၁:၄၉)**

ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး အကျယ်ရေးသားချက်ကို (တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အတိတ်ဖြစ်ရပ်များကို ဖော်ထုတ်ခြင်း) အခန်းမှာ အသေးစိတ် ဖတ်ရှုနိုင်ပါတယ်။

## ၁၀။ အနာဂတ်ကို ကြိုတင်ခန့်မှန်းခြင်း

ကျွန်တော်တို့ အရှေ့မှာ တွေ့ခဲ့ပြီးတဲ့အတိုင်း ကုရ်အာန်ကျမ်းမြတ်မှာ ရှင်းလင်းတဲ့ ကြိုတင်ခန့်မှန်း ပြောဆိုမှုတွေ ပါဝင်ပါတယ်။ ၎င်းတို့ထဲက တချို့ဟာ ဖြစ်ပျက်ခဲ့ပြီးဖြစ်ပြီး တချို့ကို ယနေ့ ကျွန်တော်တို့ မျက်စိရှေ့မှောက်မှာ တွေ့မြင်နေရပါတယ်။ မတူညီတဲ့ အချိန်အပိုင်းအခြားတွေမှာ မွတ်စလင်မ်တွေရဲ့ လွှမ်းမိုးမှုမရှိတဲ့ မတူညီတဲ့ နေရာများစွာရဲ့ အနာဂတ် အဖြစ်အပျက်တွေကို အမှားတစ်ခုမှမပါပဲ ခန့်မှန်းဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား?

ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့သူဟာ အကွယ်မှအရာတွေကို သိရှိနေတယ်ဆိုတာကို ဒီအချက်က သက်သေပြနေပါတယ်။

ကုရ်အာန်ရဲ့ ထိန်းသိမ်းထားရှိမှုကို ကျွန်တော်တို့ ဥပမာ အနေနဲ့ ကြည့်ကြရအောင်။ သမိုင်းမှာ ဘာသာရေးစာပေတွေဟာ သေချာထိန်းသိမ်းထားခြင်း မခံရပါဘူး။ အမှန်တကယ်တော့ ကုရ်အာန်ကျမ်းမြတ် မကျရောက်မီအလျင် ကျရောက်ခဲ့တဲ့ ဘာသာရေးကျမ်းစာတိုင်းဟာ ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားပြီ ဖြစ်ပါတယ်။ ဒီလို နောက်ခံအနေအထားမှာ ကုရ်အာန်ကျမ်းမြတ်ကို ရေးသားခဲ့သူဟာ ဒီကျမ်းမြတ်ကို ထိန်းသိမ်းစောင့်ရှောက်ထားမယ်လို့ ရှင်းရှင်းလင်းလင်း မိန့်ခဲ့ပါတယ်။

**“ငါအရှင်မြတ်သည်သာလျှင် အဆုံးအမ(ကုရ်အာန်)ကို ချပေးသနားတော်မူခဲ့ပြီး ငါအရှင်မြတ်သည် သာလျှင် ယင်း(ကုရ်အာန်)ကို မုချ ထိန်းသိမ်းတော်မူမည့် အရှင်ဖြစ်သည်။” (ကုရ်အာန် ၁၅:၉)**

အကယ်၍ တမန်တော်မုဟမ္မဒ်(ﷺ)သာ ကုရ်အာန်ကို ရေးသားခဲ့သူ ဖြစ်မယ်ဆိုရင် သူဟာ ဒီကျမ်းစာကို ယနေ့တိုင် ကောင်းမွန်ပြည့်စုံစွာ ထိန်းသိမ်းထားနိုင်မယ်လို့ အာမခံခဲ့မှာ မဟုတ်ပါဘူး။ အထူးသဖြင့် ကုရ်အာန်ကျရောက်ပြီး နှစ်ပေါင်း ၁,၄၀၀အတွင်း မွတ်စလင်မ်တွေ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ လူမှုရေးနဲ့နိုင်ငံရေး အပြောင်းအလဲတွေကို သိရှိခဲ့ရင်ပေါ့။ ကုရ်အာန်ရဲ့ ထိန်းသိမ်းထားရှိမှုဟာ သမိုင်းတစ်လျှောက် ကျရောက်ခဲ့တဲ့ ဘာသာရေးစာပေတွေနဲ့ ဆန့်ကျင်ဖက် ဖြစ်နေကြောင်း သမိုင်းခြေရာခံ မှတ်တမ်းများက သက်သေပြနေပါတယ်” နိုင်ငံရေးနဲ့ လူမှုရေးအပြောင်းအလဲတွေ ဖြစ်တဲ့အခါမှာ ဘာသာရေးစာပေတွေ ပျက်စီးပျောက်ဆုံးရတာဟာ ထုံးစံတစ်ခုလို ဖြစ်နေခဲ့ပါတယ်။ ကုရ်အာန်ကျမ်းမြတ်ကတော့ အဲ့ဒီစည်းမျဉ်းကို ကျော်လွှန်နေပါတယ်။

## ၁၁။ အတုပြုလုပ်၍မရခြင်း

ကုရ်အာန်ရဲ့ အထူးခြားဆုံး အံ့ဖွယ်အကောင်းဆုံးအချက်ကတော့ အတုပြုလုပ်လို့ မရခြင်းပဲ ဖြစ်ပါတယ်။ ကုရ်အာန်ရဲ့ ရေးသားသူဟာ ကျွန်ုပ်တို့အားလုံး တစ်ယောက်ကို တစ်ယောက်ကူညီပြီး ရေးသားခဲ့ကြရင်တောင် ကုရ်အာန်နဲ့တူတဲ့ အခန်းတစ်ခန်း ပြုလုပ်ဖို့ မဖြစ်နိုင်ကြောင်း ကြေညာထားပါတယ်။

**"အသင်ပြောလိုက်ပါ။ အကယ်၍ လူသားအားလုံးနှင့် ဂျင်န်အားလုံး ပူးပေါင်းကြပြီး ဤကုရ်အာန်ကျမ်းမြတ်နှင့် တူသော ကျမ်းကို ယူဆောင်လာရန် တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြမည် ဆိုလျှင်လည်း ထိုကုရ်အာန်ကျမ်းမြတ်နှင့် တူဆင်သော ကျမ်းကို ယူဆောင်လာနိုင်ကြလိမ့်မည် မဟုတ်ပေ။" (ကုရ်အာန် ၁၇:၈၈)**

အဲ့ဒီခေတ်က အာရဗ်တွေဟာ သူတို့ကိုယ်သူတို့ အရဗီဘာသာစကားရဲ့ ဆရာသခင်ကြီးတွေလို့ သတ်မှတ်ထားကြပါတယ်။ (ယနေ့ထိ သမိုင်းဆရာ ဘာသာစကား ပညာရှင်တွေရဲ့ သတ်မှတ်ထားခြင်းကိုလဲ ခံရဆဲဖြစ်ပါတယ်)။ သူတို့ရဲ့ အကျွမ်းကျင်ဆုံး ဖြစ်တဲ့ အရဗီဘာသာစကားနဲ့ ကုရ်အာန်ကိုယှဉ်ပြိုင်ဖို့ စိန်ခေါ်ရာမှာ ကျရှုံးခဲ့တာကို ကြည့်ပြီး ဒီကျမ်းမြတ်ရဲ့ မူလဇာတ်မြစ်ကို စဉ်းစားသင့်ပါတယ်။ ကျွန်ုပ်တို့ ဒီနေရာမှာ ကုရ်အာန်ရဲ့ အရင်းအမြစ်ကို အသေးစိတ် ခွဲခြားကြည့်ဖို့ ကုရ်အာန်ကို ရေးသားခဲ့တာ ဘယ်သူဖြစ်နိုင်မလဲ အုပ်စုခွဲ လေ့လာကြည့်ပါမယ်။ တမန်တော်မုဟမ္မဒ်(ﷺ) ဖြစ်နိုင်မလား၊ အာရဗ်တစ်ဦး သို့မဟုတ် အာရဗ်မဟုတ်သူတစ်ဦး ဖြစ်မလား လေ့လာကြည့်ရအောင်။

## တမန်တော်မုဟမ္မဒ်(ﷺ)ဖြစ်နိုင်မလား?

ဒီအခန်းရဲ့ ရှေ့ပိုင်းမှာ ကျွန်တော်တို့ လေ့လာခဲ့တဲ့ သူဟာ ဒီကျမ်းကို ရေးသားခဲ့သူ မဖြစ်နိုင်ဘူးဆိုတဲ့ အချက်တွေအပြင် သူဟာ စာမရေးတတ် မဖတ်တတ်ပါဘူး။ ဒါကိုလည်း ကုရ်အာန်က အတည်ပြုထားပါတယ်။ **"၎င်းတို့သည် စာပေသင်ယူဆည်းပူးခဲ့ခြင်းမရှိသော**

**တမန်တော်နောက်ကို လိုက်ကြသည်။ သူတို့သည် မိမိတို့ထံရှိသော သောင်ဝ်ရသ်၊ အင်ဂျီလ်ကျမ်းများတွင် ယင်းတမန်တော်အကြောင်း ရေးသားပါရှိသည်ကို တွေ့ရှိကြပေသည်...။" (ကုရ်အာန် ၇:၁၅၇)**

ဒါ့အပြင် သူဟာ ကဗျာဆရာတစ်ယောက် မဟုတ်သလို ဘာသာစကားရဲ့ ဆရာကြီးတစ်ပါးလည်း မဟုတ်ပါဘူး။ သူဟာ ကဗျာလင်္ကာရေးသားခြင်းကိုလည်း စိတ်မဝင်စားခဲ့ပါဘူး။ ဒါကြောင့် သူဟာ စာပေရေးရာနဲ့ ဘာသာစကားအရ အင်မတန် ပြောင်မြောက်တဲ့ စာအုပ်တစ်အုပ်ကို ဖန်တီးခဲ့တယ်ဆိုတာ ကျိုးကြောင်းဆီလျော်မှု မရှိပါဘူး။ အစ္စလာမ့် ရေးရာလေ့လာသူ နာဗစ်ကာမာနီ(Navid Kermani)က ဒီလိုရေးသား ခဲ့ပါတယ်။

**"သူဟာ ခက်ခဲတဲ့ ကဗျာရေးနည်းကို မသင်ယူခဲ့ပါဘူး။ ကုရ်အာန်ကျမ်းပိုဒ်တွေကို လူအများရှေ့မှာ သူစတင်ရွတ်ဆိုခဲ့တဲ့ အခါမှာတောင် မုဟမ္မဒ်ရဲ့ ရွတ်ဆိုမှုက ကဗျာတွေ၊ ဟူးရားတွေရဲ့ ကာရန်ညီ လင်္ကာတွေ၊ ထိုအချိန်က အခြားသော သမာရိုးကျမတြာအချိုးတို့နဲ့ စပ်ဆိုထားတဲ့ ကဗျာတွေနဲ့လည်း ကွာခြားခဲ့ပါတယ်။"**

ပညာရှင် သကီးအုစ်မာနီ (Taqi Usmani) ကလည်း အလားတူ ပြောဆိုခဲ့ပါတယ်။

**ဒီလို ကြေညာချက်ဟာ ပုံမှန်မဖြစ်နိုင်ပါဘူး။ တမန်တော်ဟာ အဲဒီခေတ်က ကျော်ကြားခဲ့တဲ့ ကဗျာဆရာတွေ ပညာရှင်တွေ တစ်ယောက်ထံမှာမှ ဘာမှမသင်ခဲ့ဖူးပါ။ သူတို့ရဲ့ ကဗျာရွတ်ပွဲတွေမှာ ကဗျာတစ်ကြောင်းမှ မရွတ်ဆိုခဲ့ဖူးပါ။ ဟူးရားတွေရဲ့ အစုအဝေးတွေကို မရောက်ဖူးခဲ့တဲ့အပြင် သူကိုယ်တိုင် ကဗျာရေးစပ်ဖို့ဝေးစွ၊ အခြားသူတွေရဲ့ ကဗျာကိုပင် သူမမှတ်မိခဲ့ပါ။**

သမိုင်းမှတ်တမ်းအရ ကျွန်တော်တို့ သိရှိခဲ့ရတာ သူဟာ ပုဂ္ဂိုလ်ရေးအရ ကဗျာလင်္ကာတွေကို မနှစ်သက်ခဲ့ပါဘူး။ သူဟာ ကဗျာအချို့နဲ့ ဆက်စပ်ဖို့ ကြိုးစားခဲ့ပေမယ့် စကားလုံးတွေ ရောထွေးသွားတဲ့ ဥပမာအချို့လဲ ရှိခဲ့ပါတယ်။

**“အာအေရှာဟ်သခင်မကို တစ်စုံတစ်ဦးက မေးခဲ့ပါတယ် “တမန်တော်မုဟမ္မဒ်(ﷺ) ဟာ ကဗျာလင်္ကာနဲ့ ပတ်သက်တဲ့ တစ်ခုခုများ စိတ်ဝင်စား ဆက်နွယ်ပါသလား?” ထိုအခါ သူမက ပြောပြခဲ့တယ် “ဒါဟာ သူ့အတွက် မုန်းတီးဖွယ်ကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ တစ်ခါတရံမှာ ဘနူကိုင်စ်ရဲ့ ကဗျာပိုဒ်တချို့ကို ဆက်စပ်လေ့ ရှိသော်လည်း ရောထွေးသွားခဲ့ပါတယ်။ တမန်တော်ရဲ့ မိတ်ဆွေ အဘူဘကရ်က သူ့ကို ကဗျာက ထိုကဲ့သို့ မဟုတ်ကြောင်း ပြောပြတဲ့အခါ “ဖန်ဆင်းရှင်ကို တိုင်တည်ပါတယ်၊ ကျွန်ုပ်ဟာ ကဗျာဆရာတစ်ယောက် မဟုတ်သလို ဒါတွေတစ်ခုကမှ ကျွန်ုပ်နဲ့ မအပ်စပ်ပါဘူး” လို့ ဆိုခဲ့ပါတယ်။**

တမန်တော်မုဟမ္မဒ်(ﷺ)ဟာ စာမရေးတတ် မဖတ်တတ်၊ ပြီးတော့ ကဗျာဆရာ တစ်ယောက်၊ ဘာသာစကား ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ဖို့ လေ့ကျင့်တာ သင်ယူထား တာ မရှိဘဲ အရဗီဘာသာစာပေမှာ အရေးအကြီးဆုံးစာအုပ်ဖြစ်တဲ့ ကုရ်အာန်ကို ဘယ်လိုလုပ် ရေးခဲ့ဖို့ ဖြစ်နိုင်ပါ့မလဲ?

အချို့သူတွေက တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ထူးခြားတဲ့သူ ဖြစ်တာကြောင့် ကဗျာနဲ့ ဘာသာစကားပညာတွေမတတ်လည်း ကုရ်အာန်ကို ရေးသားနိုင်ခဲ့မယ်လို့ ဆိုချင်ကြပါ သေးတယ်။ သို့ပေမယ့် ဒီလိုပြောဆိုချက်တွေဟာ အခြေအမြစ်မရှိပါဘူး။ အရမ်းတော်တဲ့ စာရေးဆရာတွေ ရေးသားခဲ့တဲ့ အထူးပြောင်မြောက်တဲ့ စာပေတွေအားလုံးဟာ စာပေရေးရာ ပြည့်စုံဖို့အတွက် ပြန်လည်စစ်ဆေးပြီး ပြင်ဆင်ရေးသားမှုတွေ ရှိတယ်ဆိုတာ ကျွန်တော်တို့အားလုံး သိပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကျော်ကြားတဲ့ ကဗျာဆရာ အလ်-မုသနက်ဘီရဲ့ ကဗျာစာပေကို ကြည့်ပါ။ သူဟာ အာရဗ်ကဗျာဆရာတွေ အားလုံးထဲမှာ အတော်ဆုံးဖြစ်ပြီး ပြိုင်ဖက်မရှိသူ တစ်ယောက်အဖြစ် သတ်မှတ်ထားခြင်း ခံရပါတယ်။ သို့တိုင်အောင် သူဟာ သူ့ရဲ့ကဗျာတွေကို ပြင်ဆင်မှုတွေ ပြုလုပ်ပြီး သူစိတ်ကျေနပ်သည် အထိ အမျိုးမျိုး တည်းဖြတ်ထုတ်ဝေခဲ့ပါတယ်။ ဆန့်ကျင်ဖက်အနေနဲ့ ကုရ်အာန်ကတော့ တစ်ကြိမ်သာ ကျရောက်ခဲ့ပြီး မပြောင်းလဲပဲ ရှိနေပါတယ်။ ကျမ်းပိုဒ်အများစုဟာ ကျရောက်နေစဉ် ကာလအတွင်း ဖြစ်ပျက်ခဲ့တဲ့ သီးသန့် အခြေအနေနဲ့ ဖြစ်ရပ်တွေ

များစွာအတွက် ကျရောက်ခဲ့တာ ဖြစ်ပါတယ်။ ကျမ်းပိုဒ်တစ်ခုစီတိုင်းဟာ ပြန်လည်ပြင်ဆင်ခြင်းမရှိဘဲ ကျရောက်ခဲ့တာ ဖြစ်ပြီး ဘယ်အရာကမှ မသာလွန်နိုင်အောင် ကောင်းမွန်ပြီး ထူးချွန်ပြောင်မြောက်တဲ့ ကုရ်အာန်ကျမ်းမြတ် ဖြစ်လာဖို့ ပေါင်းစည်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အထက်က အဆိုဟာ မမှန်ကန်နိုင်ပါဘူး။

နောက်ထပ် တစ်ချက်က လူသားတွေရဲ့တီထွင်မှု အားလုံးဟာ အသေးစိတ်ပုံစံငယ်တွေနဲ့ လိုအပ်တဲ့ ပစ္စည်းတွေ ရှိမယ်ဆိုရင် ပုံတူပွားလို့ ရပါတယ်။ ဒါဟာ အနုပညာ၊ စာပေနဲ့ ရှုပ်ထွေးတဲ့ နည်းပညာတို့လို လူသားတွေရဲ့ တီထွင်မှု တော်တော်များများအတွက် မှန်ကန်တယ်လို့ သက်သေပြပြီး ဖြစ်ပါတယ်။ သို့ပေမယ့် ကုရ်အာန်ကျမ်းမြတ်မှာတော့ ကျွန်ုပ်တို့မှာ အသေးစိတ်ပုံစံ ကုရ်အာန်ကျမ်းမြတ် ကိုယ်တိုင်ရှိနေပါတယ်။ ပြီးတော့ လိုအပ်တဲ့ပစ္စည်းဖြစ်တဲ့ ဂန္တဝင်အာရဗီစာပေလည်း လက်တကမ်းမှာ ရှိနေပါတယ်။ သို့တိုင်အောင် မည်သူမှ ဒီကျမ်းမြတ်ရဲ့ စကားလုံးကြွယ်ဝမှု လှပမှုနဲ့ ထူးခြားတဲ့ပုံစံကို ပုံတူမပြုလုပ်နိုင်ပါဘူး။ ဒီအကြောင်းကို ထပ်ပြီးအသေးစိတ်ပြောမယ်ဆိုရင် ရှိတ်စပီးယား (Shakespeare)ကို အင်္ဂလိပ်စာပေရဲ့ စံအဖြစ် ဥပမာ စဉ်းစားကြည့်ရအောင်။ ဒီအင်္ဂလိပ်ပြဇာတ်ဆရာ ကြီးဟာ ပြိုင်စံကင်းတဲ့ ပညာရှင်တစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် သူ့ပြဇာတ်တွေ ရဲ့ အသေးစိတ်ပုံစံတွေကို ရရှိနိုင်ပြီး လူတွေ ကြိုးစားတုပလို့ ရပါတယ်။ သူ့ပြဇာတ်တွေရဲ့ အသေးစိတ်ပုံစံက ရနိုင်တာကြောင့် အင်္ဂလိပ်ဒရာမာဇာတ်လမ်းဆရာ ခရစ်စတိုဖာမာလိုဝီ(Christopher Marlowe) ကလည်း သူနဲ့ဆင်တူတဲ့ ပြဇာတ်တွေရေးတာ မဆန်းပါဘူး။ ပြီးတော့ ရှိတ်စပီးယားဟာ သူနဲ့ခေတ်ပြိုင် ပြဇာတ်ရေးဆရာတွေဖြစ်တဲ့ ဖရန်စစ်ဘာမောင့်န်ထ်(Francis Beaumont)၊ ဂျော်န်ဖလက်ချာ(John Fletcher)အပါအဝင် အခြားပြဇာတ်ဆရာများနဲ့လည်း နှိုင်းယှဉ်ခြင်း ခံခဲ့ရပါသေးတယ်။

## အာရဗ်တစ်ယောက်လား?

ကုရ်အာန်ကျမ်းမြတ်ဟာ တမန်တော်မုဟမ္မဒ်(ﷺ)မဟုတ်ဘဲ အခြား အာရဗ် တစ်ယောက်ယောက် ထံကလည်း မဖြစ်နိုင်ကြောင်း အဓိကကျတဲ့ အကြောင်းရင်းတစ်ချို့ ရှိပါတယ်။ ပထမဆုံးအနေနဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ခေတ်က အာရဗ်တွေရဲ့ ဘာသာစကားနဲ့ စာပေရေးရာမှာ သူမတူတဲ့ ဆရာသခင်ကြီးများအဆင့်မှာ ရှိနေခဲ့တာ မှန်ပေမယ့် သူတို့ဟာ ကုရ်အာန်ကို စိန်ခေါ်ဖို့ကျရှုံးခဲ့ပြီး ထိုအချိန်က ဦးဆောင်နေတဲ့ ကျွမ်းကျင်သူများကလည်း ကုရ်အာန်ရဲ့ တုပလို့မရနိုင်တဲ့ အင်္ဂါရပ်တွေကို လက်ခံခဲ့ပါတယ်။ ဝါလစ်ဒ်အိဗ်နေ အလ်-မုဂီရာက ဒီလို မှတ်ချက်ပြုခဲ့ပါတယ်။

**“ကျွန်တော် ဘာပြောနိုင်မလဲ? ဖန်ဆင်းရှင်ကို တိုင်တည်ကျိန်ဆိုပါတယ်၊ သင်တို့ထဲမှာ ကျွန်ုပ်လောက် ကဗျာစာပေကို ကောင်းမွန်စွာ သိတဲ့သူမရှိပါဘူး။ ရေးဖွဲ့ပုံနဲ့ လင်္ကာမှာလည်း ကျွန်ုပ်ကို ယှဉ်နိုင်သူမရှိဘူး။ ဂျင်န်တွေရဲ့ ကဗျာမှာတောင်မရှိဘူး။ သို့တိုင်အောင် ကျွန်ုပ်ဖန်ဆင်းရှင်ကို တိုင်တည်ပြီး ကျိန်ဆိုတယ်၊ မုဟမ္မဒ်ရဲ့ စကား(ကုရ်အာန်ကို ဆိုလိုသည်)က ကျွန်ုပ်သိတဲ့ တစ်ခုနဲ့မှ မတူဘူး။ ပြီးတော့ ကျွန်ုပ်ဖန်ဆင်းရှင်ကို တိုင်တည်ကျိန်ဆိုပါတယ်၊ သူပြောတဲ့ စကားဟာ အင်မတန် ချိုသာ လှပပြီး နှစ်လိုဖွယ် ကောင်းလှပါတယ်။ “**

ကုရ်အာန်ကိုသာ တုပလို့ ရခဲ့မယ်ဆိုရင် ကဗျာဆရာ၊ ဒါမှမဟုတ် ဘာသာစကား ကျွမ်းကျင်သူ တစ်ယောက်ယောက်ကတော့ သူ့ထက်ကောင်းတာ ဒါမှမဟုတ် အနည်းဆုံး ဆင်တူတာတစ်ခုတော့ ထုတ်လာခဲ့မှာပါပဲ။ အစ္စလာမ့်ရေးရာ လေ့လာကျွမ်းကျင်သူ နာဗစ်ဒ်ခါမာနီက ဒီအချက်ကို ရှင်းလင်းအောင် ပြောထားပါတယ်။ **“သိသာစွာပဲ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကဗျာဆရာတွေနဲ့ ကွဲလွဲမှုမှာ အောင်မြင်ခဲ့ပါတယ်။ ထို့သို့မဟုတ်ရင် အစ္စလာမ်ဟာ တောမီးကဲ့သို့ ပြန့်နှံ့ခဲ့မှာ မဟုတ်ပါဘူး။”**

ယနေ့ခေတ် အာရဗ်တွေရော? ပထမဆုံးအနေနဲ့ ဂရာစုအာရဗ်တွေဟာ သူတို့ရဲ့ ဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုကြောင့် ကုရ်အာန်ကို စိန်ခေါ်ဖို့ ပိုပြီး ဖြစ်နိုင်ခြေ

ရှိခဲ့တာပါ။ သူတို့ဟာ ကျရှုံးခဲ့တဲ့အတွက်၊ ယနေ့ခေတ် အာရဗ်တစ်ယောက်အနေနဲ့ သူ့ရဲ့ ဘိုးဘေးတွေရဲ့ စာပေစွမ်းရည်တွေကို ကျော်နိုင်မယ်လို့ မယူဆနိုင်ပါဘူး။ ဒါဟာ ဘာကြောင့်လဲဆိုရင် ခေတ်သစ်အရဗီဟာ နိုင်ငံခြားစာလုံးတွေ မွေးစားလိုက်တာကြောင့် ဂန္တဝင်အရဗီဘာသာစကားရဲ့ သန့်စင်မှုက ပျောက်ဆုံးသွားရပါတယ်။ ဒါကြောင့် ဘာသာစကား ဆုတ်ယုတ်လာတဲ့ခေတ်မှာ မွေးဖွားလာတဲ့ အာရဗ်တစ်ယောက်က ဘာသာစကား စစ်မှန်တဲ့ခေတ်က မွေးဖွားလာတဲ့ အာရဗ်တစ်ယောက်နဲ့ တူညီဖို့ မဖြစ်နိုင်ပါဘူး။ ဒုတိယတစ်ခုအနေနဲ့ ခေတ်သစ် အာရဗ်တစ်ယောက်က ဂန္တဝင် အရဗီစကားကို သင်ယူထားတယ်ဆိုရင်တောင် သူ့ရဲ့ ဘာသာစကားကျွမ်းကျင်မှုက အဲ့ဒီဘာသာစကားကို ကျွမ်းကျင်ခဲ့တဲ့ ယဉ်ကျေးမှုဓလေ့တွေ အကြားမှာ မွေးဖွားကြီးပြင်းခဲ့တဲ့သူတွေနဲ့ မတူညီနိုင်ပါဘူး။

## အာရဗ်မဟုတ်သူတစ်ဦးလား?

ကုရ်အာန်ရဲ့ ဘာသာစကားဟာ အရဗီဖြစ်တာကြောင့် ကုရ်အာန်ဟာ အာရဗ်မဟုတ်သူ တစ်ဦးထံမှ လုံးဝမဖြစ်နိုင်ပါဘူး။ ကုရ်အာန်ရဲ့ စိန်ခေါ်မှုကို အောင်မြင်ဖို့ အတွက် အာရဗီဘာသာစာပေတတ်မြောက်ဖို့ လိုကိုလိုအပ်ပါတယ်။ အာရဗ်မဟုတ်သူ တစ်ဦးက အရဗီဘာသာစကားကို သင်ယူလိုက်တယ်ဆိုရင်ရော? ဒါဟာ အဲ့ဒီလူကို အရဗီစကား ပြောတတ်သူတစ်ဦးသာ ဖြစ်လာစေမှာဖြစ်ပါတယ်။ အရဗီစကားတတ်သူ အာရဗ်တစ် ယောက်တောင်မှ ကုရ်အာန်ကို ရေးခဲ့နိုင်မှာမဟုတ်ဘူးဆိုတာလည်း ကျွန်တော်တို့ သိရှိပြီးဖြစ်ပါတယ်။ လေ့လာမှုတွေရဲ့ ကောက်ချက်ချပုံအရ မိခင်ဘာသာစကားဖြစ်မှု၊ မဖြစ်မှုမှာလည်း ကွာခြားချက်တွေ အများကြီးရှိနေပါတယ်။ ဥပမာအနေနဲ့ အင်္ဂလိပ်စကား ပြောတဲ့ သူတွေမှာတောင် မိဘတွေထဲက နှစ်ယောက်လုံး မိခင်ဘာသာစကားဖြစ်တဲ့သူနဲ့ တစ်ယောက်က မိခင်ဘာသာစကား မဟုတ်တဲ့သူနဲ့ ကွာခြားမှုတွေ ရှိနေတတ်ပါတယ်။ မိဘတွေထဲကတစ်ယောက်သာ မိခင်ဘာသာစကား ဖြစ်တဲ့သူက နှစ်ယောက်လုံး မိခင်ဘာသာစကား ဖြစ်တဲ့သူထက် တချို့နေရာတွေမှာ ပြောဆိုစွမ်းဆောင်နိုင်မှုစွမ်းရည်

နည်းပါတာတွေ့ရပါတယ်။ ပါမောက္ခကန်းနယ်ဟိုင်တန်စတမ်(Kenneth Hyltenstam)နဲ့ ပါမောက္ခနစ်ကလပ်စ်အဗရာဟမ်ဆန် (Niclas Abrahamsson)တို့ ပြုလုပ်ခဲ့တဲ့ သုတေသနမှာ ကျွမ်းကျင်တဲ့ မိခင်ဘာသာစကားမဟုတ်သူနဲ့ မိခင်ဘာသာစကားဟုတ်သူတွေရဲ့ ကြားမှာတောင် ကွာဟမှုရှိနေတယ်လို့ ကောက်ချက်ချထားပါတယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုရင် အရဗီဘာသာစာပေရဲ့ လှပကြွယ်ဝမှု အထွတ်အထိပ်ကို ဖော်ညွှန်းတဲ့ ကုရ်အာန်ကျမ်းမြတ်လို စာအုပ်တစ်အုပ်ဟာ အာရဗ်မဟုတ်သူ၊ အရဗီက မိခင်ဘာသာစကား မဟုတ်သူတစ်ဦးထံမှ ဖြစ်နိုင်တယ်ဆိုတာဟာ လုံးဝ အခိုပ္ပာယ်မရှိပါဘူး။

## ကုရ်အာန်မှာ အဖြေရှိပါတယ်

ကျွန်တော်တို့ တွေ့မြင်ပြီးတဲ့အတိုင်း တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ကဗျာလင်္ကာတွေကို သင်ယူလေ့ကျင့်ထားသူ ကဗျာဆရာမဟုတ်သလို ကဗျာကိုစိတ်ဝင်စားသူလည်း မဟုတ်ပါဘူး။ ကုရ်အာန်မှာ စာသားထပ်ထည့်တာမျိုး ပိုကောင်းလာအောင် ပြုပြင်တာမျိုး အထူးသဖြင့် ကုရ်အာန်ရဲ့ စကားလုံး အသုံးအနှုန်းလှပမှုနဲ့ ထူးခြားတဲ့ စာပေရေးဟန်တို့ဟာ ယနေ့ခေတ်နဲ့ မကိုက်ညီမှာကြောင့် ပြင်ဆင်တာမျိုး တစ်ခုမှ မကြားဖူးခဲ့ပါဘူး။ ဒီအချက်အပြင် ကျွန်တော်တို့ ဒီအခန်းမှာ ဖတ်ရှုခဲ့ပြီးတဲ့ တမန်တော်မုဟမ္မဒ်(ﷺ)ရဲ့ ရိုးသားမှု၊ သူ့ရဲ့ ပင်ကိုယ်စကားပြောဟန်က ကုရ်အာန်နဲ့ကွာခြားပုံ စတဲ့ အချက်များစွာကို ကြည့်ပြီး သိနိုင်ပါတယ်။ ကုရ်အာန်ဟာ တမန်တော်မုဟမ္မဒ်(ﷺ) သို့မဟုတ် အခြားဘယ်လူသား တစ်ဦးတစ်ယောက်ထံကမှ မဟုတ်ဘူးဆိုတာ ရှင်းလင်းပါတယ်။ ကုရ်အာန်ကို ဘယ်သူ ရေးသားခဲ့တာလဲဆိုတဲ့ မေးခွန်းရဲ့ အကောင်းဆုံး ရှင်းလင်းချက်ကတော့ ကုရ်အာန် ကျမ်းမြတ် ကိုယ်တိုင်ထဲမှာ ပါရှိပါတယ်။

**“ဤကျမ်းသည် အလွန်တန်ခိုးကြီးမားသော၊ အမြော်အမြင်နှင့် ပြည့်စုံသော အလ္လာဟ်ဘက်မှ ချပေးခြင်းခံရသော ကျမ်းဂန်ဖြစ်သည်။ အမှန်စင်စစ်ငါအရှင်မြတ်သည် ဤကျမ်းဂန်ကို အသင့်ထံသို့ မှန်ကန်စွာ ချပေးတော်မူခဲ့သည်…။” (ကုရ်အာန် ၃၉:၁-၂)**

# နောက်ဆုံးအတွေးတချို့

ဒီစာအုပ်တစ်အုပ်လုံးမှာ ကုရ်အာန်ရဲ့ ထူးခြားချက်များစွာကို ရေးသားခဲ့ပြီ ဖြစ်ပါတယ်။ သို့တိုင်အောင် ကျွန်တော်တို့ဟာ ရေခဲတုံးကြီးရဲ့ ရေပေါ်ပေါ်နေတဲ့ ထိပ်ပိုင်းကိုသာ မြင်ရသေးတာပါ။ တခြားဘယ်စာအုပ်ကမှ မယှဉ်နိုင်တဲ့ ကုရ်အာန်ရဲ့ ထူးခြားချက်များစွာ ရှိပါသေးတယ်။ ကုရ်အာန်အကြောင်းကို ဖော်ကြူးရေးသားဖို့ စကားလုံးတွေက ဘယ်တော့မှ လုံလောက်နိုင်မှာ မဟုတ်ပါဘူး။

**“(အို-တမန်တော်) အသင်ပြောလိုက်ပါ- အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏စကားတော်များ(ကို ရေးသားရန်)အတွက် ပင်လယ်များသည် မင်ရည်များ ဖြစ်ခဲ့မည်ဆိုလျှင်လည်း၊ ထို့ပြင် အကယ်၍ ငါတို့သည် ထိုပင်လယ်များကဲ့သို့ (အခြားပင်လယ်များကို) ထပ်ဖြည့်ရန် အကူအညီယူခဲ့ဦးမည်ဆိုလျှင်လည်း ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်များသည် ကုန်ဆုံးခြင်းမရှိဘဲ၊ ထိုပင်လယ်များပင် ကုန်ခန်းသွားလိမ့်မည်။” (ကုရ်အာန် ၁၈:၁၀၉)**

ကုရ်အာန်ကျမ်းမြတ်ဟာ သံသယဖြစ်ဖွယ်မရှိ အနန္တတန်ခိုးတော်ရှင် ဖန်ဆင်းရှင်ထံမှလာတဲ့ အံ့ဖွယ်ရာတစ်ခု ဖြစ်ပါတယ်။ ဒီကျမ်းမြတ်ကို ဖန်ဆင်းရှင်တည်ရှိကြောင်း သက်သေ အထောက်အထားအနေနဲ့ မွတ်စလင်မ်တို့က ယုံကြည်ထားတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖန်ဆင်းရှင်သာ ဒီလိုစာပေမျိုးကို ရေးသားနိုင်မှာ ဖြစ်ပါတယ်။ ကုရ်အာန်ဟာ လူသားတွေအတွက် ဖန်ဆင်းရှင်ထံမှ သတင်းစကားဖြစ်ပြီး တမန်တော်ဟာ သတင်းပေးခြင်းခံရသူ ဖြစ်တာကြောင့် တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဖန်ဆင်းရှင်ရဲ့ တမန်တော်ဖြစ်ကြောင်း သက်သေဖြစ်ပါတယ်။

ဒီစာအုပ်မှာ ကုရ်အာန်ကျမ်းမြတ်ကို ယုံကြည်ဖို့ ဆင်ခြင်သုံးသပ်နိုင်တဲ့ အကြောင်းရင်းတွေ အများကြီးတင်ပြထားပါတယ်။ ဒီ့အပြင် ဘာတွေရှိသေးလဲ? ယနေ့ ကမ္ဘာ့

လူဦးရေရဲ့ ၄ပုံတစ်ပုံနီးပါး၊ လူမျိုးပေါင်းစုံ၊ နိုင်ငံသားပေါင်းစုံ၊ အလွှာပေါင်းစုံမှ မွတ်စလင်မ်
၁.၅ဘီလီယံခန့် ယုံကြည်လက်ခံထားတဲ့ ကုရ်အာန်ရဲ့ သတင်းစကားက ဘာများဖြစ်မလဲ?

**"သို့ဖြစ်ရာ အသင်သည် မိမိ၏မျက်နှာကို ထိုသာသနာဘက်သို့ တစ်စိတ်တစ်လက်တည်း လှည့်ထားပါလေ။ ဤသည် လူတွေကို အလ္လာဟ်ဖန်ဆင်းထားတော်မူသော သဘာဝဓမ္မနှင့် ကိုက်ညီသော သာသနာပင် ဖြစ်လေသည်...။" (၃၀:၃၀)**

ဆိုလိုတာက လူသားအားလုံးဟာ ဖန်ဆင်းရှင်ကို လက်ခံလိုက်နာတတ်တဲ့ ပင်ကိုယ်သဘာဝနဲ့ မွေးဖွားလာခဲ့တာဖြစ်ပါတယ်။ ဒီလို ပင်ကိုယ်သဘာဝကနေ သွေဖည်သွားစေတာက ကလေးဘဝမှာ မိဘတွေ၊ သူငယ်ချင်းတွေနဲ့ နေထိုင်ကြီးပြင်းရာ အသိုင်းအဝိုင်းတွေက ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖန်ဆင်းရှင်ဟာ လူသားရဲ့ မွေးရာပါဗီဇနဲ့ ကိုက်ညီတဲ့၊ ကျွန်တော်တို့ရဲ့ ပင်ကိုစရိုက်သဘာဝကို ပြန်လည်လမ်းညွှန်ပေးတဲ့ ကုရ်အာန်ကျမ်းမြတ်ကို ချပေးခဲ့ပါတယ်။ အစ္စလာမ်ဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့ကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင်ကိုနာခံခြင်းဖြင့် ငြိမ်းချမ်းမှုရယူခြင်းလို့ အဓိပ္ပာယ်ရပြီး မွတ်စလင်မ်ဆိုတာ အစ္စလာမ်သာသနာကို လိုက်နာကျင့်သုံးသူများကို ခေါ်တာဖြစ်ပါတယ်။

ကုရ်အာန်ရဲ့ အဓိကအနှစ်သာရကတော့ အင်မတန် ရိုးရှင်းသည့်တိုင် လေးနက်လှတဲ့ သတင်းစကားဖြစ်ပါတယ်: **"အနန္တတန်ခိုးတော်နှင့် ပြည့်စုံသော ဖန်ဆင်းရှင်မှလွဲပြီး အခြားသော ကိုးကွယ်ခြင်းခံထိုက်သူ မရှိကြောင်းနှင့် တမန်တော်မုဟမ္မဒ်(ﷺ) (သူ့အပေါ် ငြိမ်းချမ်းခြင်း သက်ရောက်ပါစေ)ဟာ ဖန်ဆင်းရှင်ရဲ့ တမန်တော်ဖြစ်ကြောင်း"** ဖြစ်ပါတယ်။ ဒါဟာ မွတ်စလင်မ်တိုင်းရဲ့ အဓိကယုံကြည်ချက် ဖြစ်ပါတယ်။ အစ္စလာမ်ဟာ ထိန်းချုပ်ခံထားရတဲ့ ဘဝနေထိုင်မှုပုံစံ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဖန်ဆင်းရှင်ကို အမှန်တကယ် ချစ်ခင်ရှိသေတယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ရဲ့ အပြုအမူတွေမှာ ပေါ်လွင်နေမှာ ဖြစ်ပါတယ်။ မွတ်စလင်မ်တွေရဲ့ အပြုအမူတွေထဲမှာ အရေးကြီးဆုံးက နေ့စဉ်ဝတ်ပြုမှုတွေပဲ ဖြစ်ပါတယ်။ ဒါဟာ ဘုရားသခင်အတွက် လိုအပ်လို့ မဟုတ်ပါဘူး။ ဖန်ဆင်းရှင်ဟာ လိုအပ်ချက်ကင်းစင်ပြီး ပြည့်စုံကုံလုံတော်မူသော အရှင် ဖြစ်တော်မူ

ပါတယ်။ ကျွန်တော်တို့ဟာ အဖန်ဆင်းခံဖြစ်တာကြောင့် စိတ်နှလုံးငြိမ်းချမ်းမှု ရရှိဖို့ ဝတ်ပြုရတာ ဖြစ်ပါတယ်။

**"မှတ်ထားကြကုန်၊ အလ္လာဟ်ကို သတိရတသခြင်းဖြင့်သာ စိတ်နှလုံးများသည် တည်ငြိမ်အေးချမ်းမှုကို ရရှိပေသည်။" (ကုရ်အာန် ၁၃:၂၈)**

မိတ်ဆွေရဲ့ဘဝမှာ ရရှိခဲ့ဖူးတဲ့ အကြီးမားဆုံးသော အရာတွေကို စဉ်းစားကြည့်လိုက်ပါ။ ဒီစာအုပ်ကို ရေးတဲ့အချိန်မှာ ကျွန်တော့်ဘဝရဲ့ အကြီးမားဆုံး ရရှိမှုတွေကို စာကြောင်းအနည်းငယ်နဲ့ ရေးသားနိုင်တယ်လို့ ကျွန်တော်ပြောပါမယ်။ မိတ်ဆွေကိုယ့်ဘဝကိုယ် တွေးကြည့်ပါ။ ကျွန်တော်တို့ပြုလုပ်နေတဲ့ စားတာ၊ အိပ်တာလို သာမန်အလုပ်တွေကို ဖယ်လိုက်မယ်ဆိုရင် ဘဝသက်တမ်းတစ်ခုလုံးကို စကားလုံး အနည်းငယ်အဖြစ် လျှော့ချလိုက်လို့ ရတာဟာ ကြောက်စရာ မကောင်းဘူးလား? ဘဝသက်တမ်းရဲ့ သုံးပုံတစ်ပုံကို အိပ်ခြင်းနဲ့ ကုန်ဆုံးရတယ်။ ကျွန်တော်ပြောချင်တာက ဒီဘဝဟာ အင်မတန် တိုတောင်းပါတယ်။ ပြီးတော့ မကြာခင်မှာ၊ သိပ်ကိုမကြာခင်မှာပဲ ကျွန်တော်တို့ အားလုံး သေဆုံးကြရမှာ ဖြစ်ပါတယ်။ သို့ပေမယ့် သေခြင်းက အဆုံးမဟုတ်ပါဘူး။ ကမ္ဘာ့တရားခွင်နေ့ဟာ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဖန်ဆင်းရှင်က ကျွန်တော်တို့ အားလုံးကို စုရုံးစေမှာ ဖြစ်ပြီး ကျွန်တော်တို့ ပြုခဲ့သမျှ အရာအားလုံးကို ဖြေရှင်းကြရမှာ ဖြစ်ကြောင်း ကုရ်အာန်မှာ အသိပေးထားပါတယ်။ ဖန်ဆင်းရှင်ရဲ့ အမိန့်တော်များကို နာခံပြီး ဘဝကို ကောင်းမွန်စွာနေထိုင်သွားသူတွေဟာ ကောင်းကင်ဘုံမှာ ထာဝရ ပျော်ရွှင်စွာ နေထိုင်သွားရမှာ ဖြစ်ပါတယ်။ ကောင်းကင်ဘုံမှာ ဒေါသတွေ၊ မနာလိုဝန်တိုမှုတွေမရှိဘဲ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းပျော်ရွှင်မှုအတိနဲ့ နေရမှာဖြစ်ပါတယ်။ ဘယ်လောက်တောင် လှပတဲ့ နေရာဖြစ်မလဲ? ဒီနေရာကို ကျွန်တော်တို့ရဲ့ ဖန်ဆင်းရှင်က ကျွန်တော်တို့ကို ဖိတ်ခေါ်နေပါတယ်။ အဲ့ဒီနေရာကတော့ ကောင်းကင်ဘုံပဲ ဖြစ်ပါတယ်။

တရားလမ်းမှန် ရရှိမှုဟာ ဖန်ဆင်းရှင် တစ်ပါးတည်းထံမှ ဖြစ်ပါတယ်။ သို့ပေမယ့် ဖန်ဆင်းရှင်ကို စိတ်သဘောထားမှန်ကန်စွာ အသိအမှတ်ပြုပြီး ဖန်ဆင်းရှင် တစ်ပါးတည်းကိုသာ ကိုးကွယ်ဖို့ကတော့ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စိတ်ဆန္ဒက လာတာဖြစ်ပါတယ်။

အစ္စလာမ်ကို လက်ခံပြီး ကျွန်တော်တို့ အားလုံးရဲ့ ဖန်ဆင်းရှင်ကို နာခံလိုက်နာဖို့ ကျွန်တော် မိတ်ဆွေကို ဖိတ်ခေါ်ပါတယ်။ မွတ်စလင်မ်တစ်ဦး ဖြစ်လာပြီး အစ္စလာမ်သာသနာထဲကို ဝင်ရောက်ဖို့အတွက် အောက်ပါ ယုံကြည်မှုရဲ့ သက်သေခံချက်ကို ရိုးရှင်းစွာပဲ နှလုံးသားထဲကနေ လက်ခံပြီး နှုတ်ကနေ ရွတ်ဆိုလိုက်ရမှာ ဖြစ်ပါတယ် :

**"အနန္တတန်ခိုးတော်ရှင် ဖန်ဆင်းရှင်(အလ္လာဟ်)မှ လွဲ၍ အခြားကိုးကွယ်ခြင်း ခံထိုက်သူ အလျင်းမရှိ၊ တမန်တော်မုဟမ္မဒ်(ﷺ)ဟာ ဖန်ဆင်းရှင် စေလွှတ်တော်မူခဲ့သည့် တမန်တော်ဖြစ်ကြောင်း ကျွန်တော် သက်သေခံပါသည်။**

အရဗီဘာသာဖြင့်ဆိုလျှင် -

**"အရှ်ဟဒု အန် လာအိလားဟ အိလ္လလ္လာဟ် ဝအက်ရှ်ဟဒု အန်န မုဟမ္မဒန် ရစူလွလ္လာဟ်"**